တကယ့်ဖြစ်ရပ်

www.burmeseclassic.com

# ရှုခင်း

မဂ္ဂဇင်း



BURMESE CLASSIC .com

2013 OCTOBER


…င်းဆိုးနေလို့
…ကိုပျောက်ဆေးကောင်းကောင်း
…ချင်ရင် .....

ရွှေမြန်မာ ®

အမှတ်တံဆိပ်

SHWE MYANMAR

…တင်အမှတ်-၁၀၁၂ YR ၀၀၄၈၄၉
…လုပ်ခွင့်လိုင်စင် - ၈/၂၀၁၀/တဆထလ/တိုး/၀၈၇၂

ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။

…တ်(၁၀၉)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 095010074,0973082461 , 0973082462

www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

BURMESE CLASSIC .com

တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်သည် ပြည်သူလူထုအား မှုခင်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေးအခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘ၀ အတွေ့အကြုံများပြားသော နိုင်ငံ၀န်ထမ်းဟောင်း အငြိမ်းစားများ ပါ၀င်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါ၀င်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါ၀င်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါ၀င်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါ၀င်တာ၀န်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူ့လူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com

2 OCT 2013

စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

# ၂၀၁၃ခုနှစ်
# အောင်တိုဘာလ
# အတွဲ(၁)၊အမှတ်စဉ်(၁)



| | |
|---|---|
| နာယက | လင်းထက်ကျော် |
| | ညိုမြင်းလှိုင် |
| အယ်ဒီတာချုပ် | အောင်ကျော်ဇော |
| | ဒုအရာခံဗိုလ်(ငြိမ်း)တပ်မတော်(ကြည်း) |
| | ရဲအုပ်(ငြိမ်း) |
| တာဝန်ခံအယ်ဒီတာ | ထက်ထက်ဦးဝေ |
| အယ်ဒီတာအဖွဲ့ | အေးအေးခိုင် |
| | ဦးရဲလွင်(ရဲဘိုင်အို) |
| လက်ထောက်အယ်ဒီတာ | နေမျိုးအောင် |
| ရုံးအဖွဲ့ | အေးခိုင်စည်နှင့်အဖွဲ့ |

မျက်နှာဖုံးရှင်
မေစန္ဒီ

**ထုတ်ဝေသူ**
ဦးအောင်လွင်(၀၃၇၈၃)
**ပုံနှိပ်သူ**
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းပွမ်းမံ
Min Group
**ကွန်ပျူတာစာစီ**
နေမျိုးအောင်
**ပန်းချီသရုပ်ဖော်**
မင်းထက်နိုင်၊ရဲသူ(ရန်ကုန်တက္ကသိုလ်)
တန်ဖိုး–၁၀၀၀
အုပ်ရေ–၁၀၀၀

## ဖြန့်ချိရေး

အမှတ်(၉၇)မြေညီထပ်(ဝဲ)
၃၉လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း–၀၁၃၈၅၃၆၉၊ ၀၉၄၉၂၉၄၂၁၈

www.burmeseclassic.com

www.burmeseclassic.com

# 2013 OCTOBER CONTENTS






**ကာတွန်း**

သူရိန်၊
မောင်တင်ယု၊
ရွှေကိုဦး၊
ဖွဲ့နေ၊ မြေရိုင်း၊
ရဲဝင်းနိုင်(တွံတေး)၊
သခွတ်၊ အီကွေတာ

**ကဗျာ**

စိုးကိုကို(လေးမျက်နှာ)၊
လေဒီဒိုင်းမွန်း
မင်းကြယ်စင်သွန်း
မောင်လွမ်းဝေ(အင်ပူ–ညောင်ပင်ရွာ)
လှိုင်ခင်အုန်း(အမရပူရ)
အေးခင်ခင်လှိုင်(အညာမြေ)
မြတ်နိုးဆု(တမာမြေ)
ကျော်လွင်ဦး၊ ပျဉ်းမနား

**ဟာသဝတ္ထု**

| | | |
|---|---|---|
| ချစ်ကိုကိုယု | ရွှေနေကြီး ဦးနက်ကျော်နှင့် ပိတောက်ကြိုင်သင်း | ၁၂၇ |


www.burmeseclassic.com

www.burmeseclassic.com






## ဘာသာပြန်

| | | |
|---|---|---|
| လှမိုး(ပညာရေး) | ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တစ်ဦး၏ အရှုပ်တော်ပုံ | ၆၆ |
| လှမြဲထက် | သွေးချောင်းကလျှံ | ၁၀၄ |

## တစ်မျက်နှာဝတ္ထု

| | | |
|---|---|---|
| အိမ့်(ရှုပဒေ) | ကိုယ်ချင်းစာတတ်ကြပါ | ၈၅ |

## ဆောင်းပါး

| | | |
|---|---|---|
| ကြည်သိန်းဦး | မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးသို့ | ၂၃ |
| ဒုရဲမှူးကြီးဝင်းဦး(ငြိမ်း) | မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းပေးတာဝန် | ၂၉ |

## ရုပ်ရှင်မိတ်ဆက်

| | | |
|---|---|---|
| ဦးဝင်းမြိုင်(သရုပ်ဆောင်) | ပင်လယ်ဖျောက်သူ | ၉၆ |

## တစ်ခန်းရုပ်ဟာသ

| | | |
|---|---|---|
| ထက်ထက်(ဟာသ) | | ၇၂ |

## သတင်း

နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း

## ပေဒင်

ဝေဒသုတေသီတစ်ဦး -











www.burmeseclassic.com

www.burmeseclassic.com





မှုခင်းဝတ္ထုတို


| | |
|---|---|
| **ထက်ထက်ဦးဝေ** | |
| သောကလူသတ်သမား | ၄၀ |
| **မောင်ထွန်းညွန့်(ကွမ်းခြံကုန်း)** | |
| သမက်ခက်၍ သေသောကျား | ၅၅ |
| **ရွှေဘိုတာမထီခင်အောင်** | |
| သခင်စိတ် | ၆၁ |
| **နှင်းစက်(လားရှိုး)** | |
| အလွမ်းမှတ်တမ်း | ၇၆ |
| **တိုးမြင့်** | |
| မလွှကုန်းဘူတာအလွန် | ၈၆ |
| **နွေအလွန်** | |
| သံသယစက်ဝန်း | ၁၁၀ |
| **မောင်သာယန်(ဇီးကုန်း)** | |
| နှင်းဆီရိုင်းည | ၁၃၂ |
| **ဆွေမြင့်** | |
| အကြောင်းအရင်းခံအမုန် | ၁၄၂ |
| **မောင်ယဉ်မှန်(မောဝ်နေခြည်)** | |
| မျက်နှာငယ်မှာစိုးလို့ | ၁၄၈ |
| **ကျွန်းစဥ်မြေစောက်** | |
| တစ်ခဏကို တစ်ဘဝမှတ်လေတော့ | ၁၅၄ |
| **အောင်ရဲကျော်(မှခင်း)** | |
| ကျိန်စေချင် ကျိန်ပါ့မယ် | ၁၆၀ |







www.burmeseclassic.com

www.burmeseclassic.com



# လူသားကျွန်တော်



\+ သုန်မှုန်တဲ့မျက်နှာ
ကြမ်းတမ်းစွာ နှုတ်စကားနဲ့
ဒေါသများသူ မဖြစ်မှုအောင်
သတိဆောင်၍ နေပါလည်း။

\+ ကြည်လင်တဲ့မျက်နှာ
ချိုသာစွာ နှုတ်စကားနဲ့
မြင်ကြားလေသူ ချစ်ကြည်ဖြူအောင်
သတိဆောင်၍ နေပါလည်း။

\+ နိမ့်ရာ လုံ့စိုက်
လူ့စရိုက် ဝက်ပါမှာ
သံသရာ စုန်ဆန်ခရီးသွားဆဲမို့
လှိုင်းပုတ်ဖန်များတဲ့ ကမ်းပါး
မြေသားမခိုင် ပွဲ့တတ်သလို
ခလုတ်တိုက်ဖန်များတဲ့ သစ်ငုတ်
ကျောက်အုတ်မဟုတ် နဲ့တတ်သလို
ပွဲ့ချင် နဲ့ချင် ရွဲ့ချင်စိတ်ရိုင်း
ထင်ရာစိုင်းချင် အမှားဝင်မိ။

\+ "ပုထုဇနော ဥမ္မတ္တကော"
တရားသဘော စိတ်မနောနဲ့
မှားတတ်တဲ့ ဒေါသ မဝင်ရအောင်
သတိဆောင်၍ တားပါလေလည်း ဝင်လာဆဲ
ဝင်ပါလေလည်း တားနေဆဲ။ ။

စိုးကိုကို (လေးမျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



# ဝိပါက်



() ဘယ်ကိုခြေလှမ်းလို့
ဘယ်အတွက် ခရီးနှင်
အမြင်တွေ မကြည်လင်ခြင်းနဲ့
စင်ကြယ်မှု မဲ့နေတုန်းလား။

() ဘာ့အတွက် ရည်ရွယ်
ဘယ်လိုပုံ စေတနာထားလို့
အများအကျိုးအတွက်
ဘာတွေလုပ်ပြီးပြီလဲ။

() အပေါ်ယံ ပကာသနတွေကြား
စိတ်တွေပြား ဝေဝါးလို့
အတ္တာကိုဖက်တွယ်။

() လောဘအမျက်
သည်တစ်သက် မပြင်နိုင်ရင်တော့
ဝိပါက်ဆိုတဲ့ ငါ.....
မင်းနောက်မှာ အမြဲရှိတယ်။ ။

လေဒီခိုင်းမွန်း


www.burmeseclassic.com

www.burmeseclassic.com



# လူရိုင်းမလေးများ ... သို့

\+ ညီမလေးရေ.....
နဂိုအလှလေးတွေ
ပျံ့ကျဈေးလို ဖရိုဖရဲ
ဈေးကွဲချိန်မှာ လျှော့ဈေးရောင်းခံ
လက်ကျန်ကုန်မှ မဟုတ်တာ။
\+ ပေါင်ရင်းထိပေါ် မြင်မတော်
လေပွေနော့သရမ်း အကုန်ပေါ်စမ်း
လမ်းလျှောက်ခက်ခက်
ဖုံးဖိလက်တွေ အလုပ်မရှုပ်လွန်းဘူးလားကွယ်။
\+ တိုင်းတစ်ပါး မီဒီယာစစ်ပွဲအောက်မှာ
အရိုင်းအစိုင်း မသတီစရာ သရုပ်ပျက်ကျည်ထိမှန်
တို့ရိုးရာ ဂုဏ်၊ မာန်တွေ
ဒူးထောက်အညွှံ့ခံလိုက်ရတော့မှာလားကွယ်တို့။
\+ ကမ္ဘာတစ်လွှား
မြန်မာ့သမိုင်းဝေးက ထက်မှထက်
မင်းတို့လက်ထက်ကျမှ ခက်မှ ခက်ကြတော့မလို့လား။
စဉ်းစားပါဦးကွယ်
ရင်ရှား၊ ချက်ဖော်၊ ပေါင်ရင်းဖော်တာ
မြန်မာခေါ်မလား.....။
\+ ပုရိသအများ မျက်လုံးကစားရဲ့
တန်ဖိုးဂုဏ်မထား
မှန်တရားကို
သိစေချင်တယ်.....ညီမလေးရယ်။ ။




မင်းကြွယ်စင်သွန်း

www.burmeseclassic.com

www.burmeseclassic.com





## ဘဝဇာတ်ခုံ

* တီကို မျိုတဲ့ ဖား
ဖားကို ကိုက်တဲ့ မြွေ
မြွေကို ရိုက်တဲ့ လူ
ကြီးနိုင် ငယ်ညှဉ်း
သံသရာစက်ဝန်း
ရှောင်ကွင်းမရ
ဗဟိဒ္ဓ အမြင်များ။

* ကြော်.....
တစ်ကြိမ်တစ်ခါတော့
အစာအိမ်ကို
ဂနာငြိမ်ဖို့အတွက်
ဘီလူးခေါင်းဆောင်းထွက်ခဲ့ရ
ဇာတ်ခုံပေါ်က ညတွေလို
လူ့ဘဝဆိုတာလည်း.....။ ။

မောင်လွမ်းဝေ (အင်္ဂပူ၊ ညောင်ပင်ရွာ)

www.burmeseclassic.com

# မိုးတွေရွာတဲ့နေ့




အိမ်နဲ့ဝေးခဲ့တာ
ကြာခဲ့ပါပြီ
လွမ်းရမှန်း မသိဘူး
ဒီနေ့
မိုးတွေ
သဲကြီးမဲကြီးရွာနေမှ
မိုးမလုံတဲ့
တဲအိမ်ထဲက
အဖေနဲ့အမေ
ဘယ်လိုနေမလဲ
တွေးမိတိုင်းလေ
သောကဝေလို့
အဖေနဲ့အမေရေ
သားပြန်ခဲ့ပြီ။ ။

လှိုင်ခင်အုန်း (အမရပူရ)

www.burmeseclassic.com



# ညှို့သည်ချစ်သော မြို့ကလေး



၌ မုန့်ကြွပ်လက်ဆောင်၊ အညာစောင်နှင့်
ညိုရောင်ထန်းလျက်၊ ရှမ်းလက်ဖက်နှင့်
ကြက်သွန်နှ့်မြေပဲ၊ နွားနို့ခဲနှင့်
လှိုက်လှဲပျူငှာ၊ ညှို့ခံပါမည်
သဒ္ဒါရွှန်းစို၊ လက်ကမ်းကြိုသို့
ဆိုနေသလား စိတ်မှာတွေး။
ညှို့သည်ချစ်သော မြို့ကလေး။

၌ မြို့အဝင်မှာ၊ ဥယျာဉ်သာနှင့်
ညီညာသွယ်တန်း၊ ရထားလမ်းဆုံ
ဘူတာရုံနှင့်၊ ကုန်စည်တင်ချ
ရောင်းဝယ်ကြလျက်
ဒေသဖွံ့ဖြိုး၊ စီးပွားတိုးဟု
ရိုးသားစွာပင် စိတ်မှာတွေး။
ဖွံ့ဖြိုးနေသော မြို့ကလေး။

၌ ဤမြို့မှသည်၊ အခြေတည်၍
ရှမ်းပြည် နတ်မောက်၊ ရထားပေါက်ပြီ
ထွန်းတောက်စီးပွား၊ ပြည့်အင်အားမို့
မနားနှေးညာ၊ ကြိုးစားကြဟု
ညွှန်ပြသလား စိတ်မှာတွေး။
တိုးတက်နေသော မြို့ကလေး။

၌ မိုးနည်းရေရှား၊ ခြောက်သွေ့ငြားလည်း
နိုးကြား ကြိုးစား၊ ပေါင်းစည်းအားဖြင့်
တံတား၊လမ်းဖောက်၊ တမံဆောက်ကာ
မြောင်းဖောက်ရေသွယ်၊ ကန်သင်းဆည်လျက်
ရာသီအလိုက်၊ သီးနှံစိုက်၍
စရိုက်ဘာသာ၊ ရိုင်းပင်းကာဖြင့်
ပြည်ရွာအကျိုး၊ ဆထက်တိုးဟု
ရိုးသားစွာပင် စိတ်မှာတွေး။
တာဝန်ကျေသော မြို့ကလေး။

၌ တန်ဆောင်းပြာသာဒ်၊ ကျောင်း၊ဇရပ်နှင့်
ကောင်းမြတ်ဝေစည်၊ မြစေတီနှင့်
ရွှေရည်ဝင်းပ၊ တင့်တယ်လှပေ
ပျော်ဘွယ်မြေဟု
ဆိုနေသလား စိတ်မှာတွေး။
အေးချမ်းသာသော မြို့ကလေး။

၌ နယ်ချဲ့လက်အောက်၊ ကျရောက်ကျွန်ဖြစ်
နှစ်မှာနစ်လည်း၊ မျိုးချစ်စိတ်သန်
ဇာတိမာန်နှင့်၊ နိုင်ငံလွတ်ရေး
အသက်ပေး၍၊ စတေးတွန်းလှန်
မြန်မာပြည်သား၊ ဇာနည်ဖွားဟု
ခံစားရှုမြင် စိတ်မှာတွေး။
အမျိုးချစ်သော မြို့ကလေး။

၌ စနစ်တွေပြောင်း၊ နှစ်တွေညောင်းလည်း
မဟောင်းမညစ်၊ အားမာန်သစ်နှင့်
ချစ်ကြည်စိတ်ဝမ်း၊ ခေတ်ဝန်ထမ်းလျက်
လက်ကမ်းညီညာ၊ ကမ္ဘာတည်မျှ
သွေးစည်းကြ၍၊ လှပပျိုမျစ်
သမိုင်းသစ်ကို
ရေးခြစ်ခဲ့ပြီ အားမာန်မွေး။
ပျော်ဘွယ်ဆိုသော မြို့ကလေး။

အေးခင်ခင်လှိုင် (အညာမြေ)


www.burmeseclassic.com

www.burmeseclassic.com



# စွမ်းအား

✔ ''နေ''
ပူပြင်းတယ်။
✔ ''မိုး''
လောင်ကျွမ်းတယ်။
✔ ''အချစ်''
ဆယ်ဆပိုကဲ
အသက်သေနိုင်တယ်။




မြတ်နိုးသု (တမာမြေ)

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်နောက်ပါမယ့် ကံနှစ်ကံ



ကျော်လွင်ဦး (ပျဉ်းမနား)

တစ်ရက်ကုန်လို့၊ ကိုယ့်ဖို့ဥစ္စာ
ရှာမှီးတွယ်ဖက်၊ စားဝတ်နေတွက်ကို
ရက်မှလနှစ်၊ သက္ကရာဇ်လွန်
ကံကုန်ကာနီး၊ အသက်ကြီးပြီ
ဖိစီးဇရာ၊ နှိပ်စက်လာတော့
အိုနာသေက၊ နီးလာလေပဲ
မသေခင်က၊ ကြိုတင်ကာပ
ဒါနအမှု၊ ကုသိုလ်ပြုကြ။
လူ့ဘဝကံ၊ ပစ္စုပ္ပန်မှာ
ကိုယ်သာဖန်တီး၊ ကိုယ်ရှာမှီးသည့်
ပစ္စည်းဥစ္စာ၊ ရှာဖွေပါလည်း
သေရွာလားက၊ ထားခဲ့ကြ၏
ဘဝအတွက်၊ မျှော်လင့်ချက်နှင့်
သက္ကရာဇ်ဖြို၊ အိုသည့်တိုင်အောင်
ထမ်းဆောင်သယ်ပိုး၊ ချမ်းသာနိုးပင်
ကံကျိုးကံသက်၊ ကံကျိုးဆက်ကို
ထည့်တွက်သင့်ကြောင်း၊ လူအပေါင်းတို့
အကြောင်းကောင်းလျှင်၊ အကျိုးကောင်းမည်
ကောင်းဆိုးနှစ်ခု၊ ဒွန်တွဲပြုနေ
ကုသိုလ်ကောင်းမှု၊ ပြုသူအဖို့
ကိုယ့်နောက်သေရာ၊ ကံလိုက်ပါမည်
အကုသိုလ် မကောင်းမှု၊ ပြုသူတို့လည်း
ကိုယ့်နောက်သေရာ၊ ကံလိုက်ပါမည်
ကံကိုယုံကြည်ကြပါလော။ ။

www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




ကာတွန်း ဖြေရိုင်း

www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




ဓ အိကျွတာ...

www.burmeseclassic.com

www.burmeseclassic.com



# ကြည်သိန်းဦး

# မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးသို့

ယခုတလော ပမာဏ အတန်အသင့်ရှိသည့်မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသတင်းများကို သတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရသည်။ ကျေနပ်ပီတိဖြစ်မှုနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲသူများရှိနေသောကြောင့်သာ ယခုလို ရောင်းချရန် သယ်ဆောင်မှုမျိုး ရှိနေသည်ဟု တွေးမိ၍ စိတ်မကောင်းလည်း ဖြစ်ရသည်။

မြန်မာနိုင်ငံတွင် ရှေးဘုရင်များ လက်ထက်မှစ၍ ယနေ့ထိတိုင်အောင် ခေတ်အဆက်ဆက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။ သို့သော် ဝိသမလောဘသမားများကြောင့် ကမ္ဘာတွင် ဘိန်းစိုက်ပျိုးမှု ဒုတိယအများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရသည်။ ဘိန်းစိုက်ပျိုးမှု ပထမအများဆုံးနိုင်ငံနှင့် နှိုင်းယှဉ်လျှင် အဆပေါင်းများစွာ ကွာခြားသော်လည်း ဒုတိယအဖြစ် ယနေ့တိုင်သတ်မှတ်ခံနေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုအပါအဝင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာ နှစ်ရပ်၊ နည်းဗျူဟာသုံးရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ နည်းဗျူဟာ သုံးရပ်မှာ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ ဖြစ်သည်။

ဘိန်းစိုက်ပျိုးသည့် နယ်မြေများသည် ယခင်က လုံခြုံမှုကန့်သတ်ချက်အရ တားဆီးနှိမ်နင်းရေးအဖွဲ့များ ထိုးဖောက်ဝင်ရောက်ရန် အခက်အခဲ ရှိခဲ့သည်။ သို့သော် ယခုအချိန်တွင် ကန့်သတ်ချက်များ မရှိတော့သဖြင့် ထဲထဲဝင်ဝင် ထိုးဖောက်ဝင်ရောက်နိုင်ပြီဖြစ်သည်။ သက်ဆိုင်ရာမှလည်း ဘိန်းစိုက်တောင်သူများနှင့် လက်ပွန်းတတီး တွေ့ဆုံဆွေးနွေး ပညာပေးစည်းရုံးကာ ၎င်းတို့၏ စားဝတ်နေရေးကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

မူးယစ်ဆေးဝါးပပျောက်ရေးတွင် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုသာမက ယနေ့ရေပန်းစားနေသော စိတ်ကြွ ရူးသွပ်ဆေးပြား ထုတ်လုပ်မှုပပျောက်ရေးကိုလည်း အရှိန်အဟုန်မြှင့် တားဆီးနှိမ်နင်းလျက်ရှိသည်။ မူးယစ် ဆေးဝါး ပပျောက်ရေးအတွက် ထုတ်လုပ်မှုပပျောက်ရေး တစ်ခု တည်းကို အလေးထားတားဆီး နှိမ်နင်းနေရုံဖြင့် လုံ လောက်မည်မဟုတ်ပါ။ သုံးစွဲမှုပပျောက်ရေးကိုလည်း ဟန်ချက်ညီဆောင်ရွက်ရန် လိုအပ်ပါသည်။ သုံးစွဲမှု ပပျောက်ရေးအတွက် တားဆီးနှိမ်နင်းမှုသက်သက် ဆောင်ရွက်ရုံဖြင့်လည်း ပြီးပြည့်စုံနိုင်မည် မဟုတ်ပါ။ မူးယစ်ဆေးဝါးသုံးစွဲသူများအား အသိပညာပေး ဆွေး နွေးခြင်း၊ နည်းမှန်လမ်းမှန်ဖြင့် မူးယစ်ဆေးဖြတ်ခြင်း များကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုတွင်လူငယ်လူရွယ်ထုအတွင်း ရေပန်းစားနေသောနည်းလမ်းနှင့် ပုံစံအမျိုးမျိုးရှိသည်။ ပရိဘောဂထုတ်လုပ်ရာတွင်သုံးသော ကော်ရှူမှု၊ ဆူဒို အဖက်ဒရင်း အာနိုသင်ပါသော အိမ်သုံးဆေးဝါး အလွဲ သုံးစားမှုများကအစ ဘိန်းဖြူအား သွေးကြောအတွင်း ထိုးသွင်းမှု၊ မက်သအဖက်တမင်းကဲ့သို့ စိတ်ကြွရူးသွပ် ဆေးပြားသုံးစွဲမှု စသည်တို့ဖြစ်သည်။

မူးယစ်ဆေးဝါး သုံးစွဲသူများသည် ယခင်က ဘိန်း မည်းကို စားသုံးခြင်း၊ ရှူရှိုက်ခြင်းနည်းများဖြင့်သာ အသုံး ပြုခဲ့ကြသည်။ ဝိသမလောဘသမားများက ဘိန်းမည်းမှ ဘိန်းဖြူမှုန့်အဖြစ် ပြုပြင်ချက်လုပ်ကာ ဘိန်းသုံးစွဲသူများအား ဘိန်းဖြူကို ရှူရှိုက်ခြင်း၊ သွေး ကြောအတွင်း ထိုးသွင်းခြင်းများကို ဆွဲဆောင်စည်းရုံး သုံးစွဲစေခဲ့ကြသည်။

ဘိန်းဖြူ သွေးကြောအတွင်း ထိုးသွင်းသည့်နည်း ကြောင့် သုံးစွဲသူများအကြား HIV ပိုး ကူးစက်ပျံ့နှံ့ကာ AIDS ဝေဒနာခံစားရသူ များပြားလာခဲ့သည်။ ဘိန်းဖြူ သွေးကြောအတွင်း ထိုးသွင်းသည့် မူးယစ်ဆေးဝါး သုံးစွဲသူများသည် ဘိန်းဖြူရရှိရေးကိုသာ အလေးထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆေးထိုးပြွန်၊ ဆေးထိုးအပ်တစ်ခုတည်းဖြင့် စုပေါင်းမျှဝေသုံးစွဲကြသည်။ ယခင်က ဆေးထိုးပြွန်၊ ဆေးထိုးအပ်ကိုင်ဆောင်မှုကို ကန့်သတ်ထားသည့် ဥပဒေလည်း ပြဋ္ဌာန်းထားပါသည်။ ထိုသို့ ဆေးထိုးပြွန်၊ ဆေးထိုးအပ်တစ်ခုတည်းကို မျှဝေသုံးစွဲခြင်းကြောင့် AIDS ရောဂါကူးစက်ပြန့်ပွားခြင်းဖြစ်ပါသည်။

အနောက်နိုင်ငံ တစ်နိုင်ငံတွင် မူးယစ်ဆေးဝါးအား သွေးကြောအတွင်း ထိုးသွင်းသူများအကြား အန္တရာယ်လျှော့ချရေး (Harm Reduction) စီမံကိန်းဖြင့် ဆေးထိုးပြွန်ဆေးထိုးအပ် အခမဲ့ဝေငှခြင်းကို စမ်းသပ်ဆောင်ရွက်ခဲ့ရာ HIV/AIDS ဖြစ်ပွားမှုနှုန်း ကျဆင်းကြောင်း တွေ့ရှိခဲ့သည်။

၎င်းနိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါး သွေးကြောအတွင်း ထိုးသွင်းသူများပြားသည့် ဒေသအချို့တွင် ဆေးထိုးပြွန်၊ ဆေးထိုးအပ်အခမဲ့ဝေငှခြင်းကို အချိန်ကာလသတ်မှတ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းတွင် မိမိကိုယ်တိုင်လည်း လေ့လာဆန်းစစ် ဆောင်ရွက်ခဲ့ရသည်။ ဘိန်းဖြူအား သွေးကြောအတွင်းထိုးသွင်းသူ အများစုသည် ဆေးထိုးပြွန်၊ ဆေးထိုးအပ်တစ်ခုတည်းကို စုပေါင်းမျှဝေ သုံးစွဲရုံသာမက မသန့်ရှင်းသော ရေအမျိုးမျိုးဖြင့် ဘိန်းဖြူကိုဖျော်၍သုံးစွဲခြင်း၊ ဘိန်းဖြူမရပါက ဘိန်းမည်းကို ရေဖျော်၍ သုံးစွဲခြင်းများ ပြုကြကြောင်း သိရှိရပါသည်။

ထို့ပြင် ဗဟုသုတခေါင်းပါးမှု၊ ဆန္ဒလွန်ကဲမှု၊ အသိပညာ နည်းပါးမှုတို့ကြောင့် အသုံးပြုပြီးသော ဆေးထိုးပြွန်၊ ဆေးထိုးအပ်ကို ကျင်ငယ်ရည်ဖြင့် ဆေးကြောကာ ပြန်လည်သုံးစွဲခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

အိမ်နီးချင်းနိုင်ငံအချို့တွင် ဆောင်ရွက်သော အန္တရာယ်လျှော့ချရေး စီမံကိန်းကိုလည်း လေ့လာခဲ့ရပါသည်။ လက်ရှိ မူးယစ်ဆေးဝါး သုံးစွဲနေသူများ၏ သက်တူတန်းတူ အဖော်များ (Peer Group) ဖြစ်သည့် မူးယစ်ဆေးဖြတ်ပြီးသူများ၊ မူးယစ်ဆေးဝါးကြောင့် သေဆုံးရသူ၏ ညီအစ်ကို၊ မောင်နှမများသည် အန္တရာယ်လျှော့ချရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုတွင်

လူငယ်လူရွယ်ထုအတွင်း

ရေပန်းစားနေသောနည်းလမ်းနှင့်

ပုံစံအမျိုးမျိုးရှိသည်။

ပရိဘောဂထုတ်လုပ်ရာတွင်သုံးသော ကော်ရှူမှု၊

ဆူဒို အဖက်ဒရင်း အာနိသင်ပါသော

အိမ်သုံးဆေးဝါး အလွဲသုံးစားမှုများကအစ

ဘိန်းဖြူအား သွေးကြောအတွင်း ထိုးသွင်းမှု၊

မက်သအဖက်တမင်းကဲ့သို့

စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲမှု

စသည်တို့ဖြစ်သည် . . .

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်လျှော့ချရေး (Harm Reduction) စီမံကိန်းကို ယခင်က လက်မခံကြပေ။ ဘိန်းဖြူ သွေးကြောအတွင်း ထိုးသွင်းသူများကို ပိုင်းဝန်းကူညီ အားပေးသည်ဟု ပြစ်တင်ဝေဖန်ကြသည်။ စီမံကိန်းဆောင်ရွက်ချက်အပေါ် အသေးစိတ် လေ့လာဆန်းစစ်ပြီးမှသာ လက်ခံလာကြသည်။ ဘိန်းဖြူ သွေးကြောအတွင်း ထိုးသွင်းသူများအား သန့်ရှင်းသော ဆေးထိုးပြွန်၊ ဆေးထိုးအပ်အခမဲ့ဝေငှခြင်းကို မော်တော်ယာဉ်စီးနင်းရာတွင် လုံခြုံရေးခါးပတ်ပတ်ခြင်းဖြင့် ဥပမာပေးလာခဲ့ကြသည်။ လုံခြုံရေးခါးပတ် ပတ်ထားခြင်းဖြင့် မော်တော်ယာဉ်မတော်တဆ ဖြစ်ပွားမှုတွင် ထိခိုက်ဒဏ်ရာရမှု သက်သာသကဲ့သို့ ဆေးထိုးပြွန်၊ ဆေးထိုးအပ် အခမဲ့ဝေငှခြင်းကြောင့် ဘိန်းဖြူ သွေးကြောအတွင်း ထိုးသွင်းသူများအကြား HIV/AIDS ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့နည်းသွားမည်ဟု သဘောပေါက် လက်ခံလာကြတော့သည်။

ယခင်က ဘိန်းဖြူရှူရှိုက်သူ၊ ဘိန်းဖြူ သွေးကြောအတွင်း ထိုးသွင်းသုံးစွဲသူ များပြားသော်လည်း ယခုလက်ရှိကာလတွင် မက်သအဖက်တမင်း ဆေးပြားဖြစ်သည့် စိတ်ကြွရူးသွပ်ဆေးပြားများကို သုံးစွဲသူ ပိုမိုများပြားလျက်ရှိသည်။ မက်သအဖက်တမင်းဆေးပြားသည် ဓာတုဗေဒဆေးဝါးများချည်းသက်သက် ပေါင်းစပ်ဖော်ထုတ်ထားသော စိတ်ကြွရူးသွပ်ဆေးပြားဖြစ်သည်။ ၄င်းဆေးပြားတွင် ဘိန်း၊ ဘိန်းဖြူ လုံးဝ မပါဝင်ပါ။ ပါဝင်သော ဓာတုဗေဒဆေးဝါးများ အားလုံးသည်လည်း မြန်မာနိုင်ငံမှ ထုတ်လုပ်ခြင်းမရှိသော ဓာတုဗေဒဆေးဝါးများသာဖြစ်သည်။ ထို့ကြောင့် မက်သအဖက်တမင်းဆေးပြား ထုတ်လုပ်သူများအနေဖြင့် အိမ်နီးချင်းနိုင်ငံများမှ ဓာတုဗေဒဆေးဝါးများကို တရားမဝင် ခိုးသွင်းကာ နယ်စပ်ဒေသများတွင် ဆေးပြားထုတ်လုပ်ပြီး နည်းမျိုးစုံဖြင့် သယ်ဆောင်၊ ရောင်းဝယ်နေကြခြင်း ဖြစ်သည်။

လူငယ်လူရွယ်ထုအတွင်း ရေပန်းစားနေသောစိတ်ကြွရူးသွပ်ဆေးပြားအန္တရာယ်သည် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးဝါးလျက်ရှိသည်။ ပိုမိုခံနိုင်ရည်ရှိသည်၊ ပိုမိုစွမ်းဆောင်နိုင်သည်ဟူသော မှားယွင်းသည့်အသိဖြင့် သုံးစွဲ

www.burmeseclassic.com



ရာမှ လုံးပါးပါးရသော ဘဝမျိုးကို ကိုယ်တိုင်ခံစားရမှ နောင်တရကြတော့သည်။

အထူးသဖြင့် ကာမဆန္ဒကို ပြည့်ဝစွာ ခံစားရသည်ဟူသော အသိဖြင့် အလွဲသုံးစွဲမှုက ပိုမိုများပြားသည်။ စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲမှုသည် ဘိန်းဖြူ သွေးကြောအတွင်း ထိုးသွင်းသုံးစွဲမှုလောက် ကရိကထမများ၊ ငွေကုန်ကြေးကျ မများသဖြင့် လူငယ်လူရွယ်ထုအတွင်း သုံးစွဲမှု ပိုမိုများပြားလာခြင်းဖြစ်သည်။ လူငယ်လူရွယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုသည် စိတ်လွတ်ကိုယ်လွတ်ဖြစ်အောင် သုံးစွဲရာမှ စိတ်ရိုင်းကိုယ်ရိုင်း ဖြစ်ကြရသည့် သာဓကများစွာရှိခဲ့သည်။

မူးယစ်ဆေးဝါး သုံးစွဲသူများသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ဆေးဖြတ်ကုသရေးဌာနတွင် မှတ်ပုံတင်ပြီး ဆေးကုသမှုခံယူရန်နှင့် မှတ်ပုံတင်ရန် ပျက်ကွက်မှု၊ ဆေးကုသခံယူရန် ပျက်ကွက်မှုတို့အတွက် ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ ငါးနှစ်ထိ ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ တွင် ပြဋ္ဌာန်းထားသည်။

ယခုအခါတွင် မူးယစ်ဆေးဝါး သုံးစွဲသူများအား မူးယစ်ဆေးဝါး၏ သားကောင်များအဖြစ် ဖြေလျော့သတ်မှတ်ပြီး မူးယစ်ဆေးဖြတ် ကုသရေးဌာနများတွင် ဆေးကုသမှုခံယူရေးကို အဓိကထား ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာမှ ဥပဒေပြင်ဆင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဘိန်းစိုက်ဒေသများတွင် မူးယစ်ဆေးစွဲသူများအား ဒေသန္တရဆေးဝါးဖြင့် ဆေးဖြတ်ကုသမှုရှိခဲ့သည်ကို လေ့လာသိရှိရပါသည်။ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ဒေသန္တရ တိုင်းရင်းဆေးဝါးဖြင့် ဆေးဖြတ်ကုသပေးမှုရှိပါသည်။ ယခင်က မူးယစ်ဆေးဖြတ်ကုသရာတွင် ဘိန်းအာနိသင်ပါသော ဆေးရည်ကို အသုံးပြုခဲ့ကြသည်။ ယခုအခါတွင် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း မက်သဒုံးဆေးရည် တိုက်ကျွေးနည်းဖြင့် ကုသပေးလျက်ရှိသည်။ မက်သဒုံးဆေးရည် တိုက်ကျွေးနည်းဖြင့် ကုသမှုခံယူနေသူများသည် အလုပ်ခွင်မပျက်

ကာမဆန္ဒကို
ပြည့်ဝစွာခံစားရသည်ဟူသော အသိဖြင့်
အလွဲသုံးစွဲမှုက ပိုမိုများပြားသည်။
စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲမှုသည်
ဘိန်းဖြူ သွေးကြောအတွင်း
ထိုးသွင်းသုံးစွဲမှုလောက် ကရိကထမများ၊
ငွေကုန်ကြေးကျမများသဖြင့်
လူငယ်လူရွယ်ထုအတွင်း သုံးစွဲမှု
ပိုမိုများပြားလာခြင်းဖြစ်သည်။
လူငယ်လူရွယ်ထုအတွင်း
မူးယစ်ဆေးဝါးသုံးစွဲမှုသည်
စိတ်လွတ်ကိုယ်လွတ်ဖြစ်အောင်သုံးစွဲရာမှ
စိတ်ရိုင်းကိုယ်ရိုင်း ဖြစ်ကြရသည့်
သာဓကများစွာရှိခဲ့သည်
...

www.burmeseclassic.com


လုပ်ငန်းခွင်ဝင်နိုင်သဖြင့် နိုင်ငံ၏လုပ်အားဖြုန်းတီးမှုကိုလည်း ကာကွယ်ပါသည်။

မူးယစ်ဆေးစွဲသူများအား အရေးယူ အပြစ်ပေးခြင်းအစား မူးယစ်သားကောင်အဖြစ် သတ်မှတ်ကာ ဘဝမြှင့်တင် ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် မူးယစ်ဆေးစွဲသူများ မှန်ကန်သော ဆေးကုသမှုခံယူပြီး နိုင်ငံ့အကျိုးပြုတာဝန် ထမ်းဆောင်ရေး ကြိုးပမ်းကူညီ ဆောင်ရွက်သင့်ပါသည်။ ဘိန်းရှုသူ၊ ဘိန်းဖြူသွေးကြောအတွင်းထိုးသွင်းသူ၊ စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲသူတို့၏ သွင်ပြင်လက္ခဏာ၊ အလေ့အထ၊ နေထိုင်ပြုမူပုံတို့မှာ သာမန်ထက်ထူးခြားပြီး ဆေးဝါးသုံးစွဲမှုအလိုက်လည်း ကွဲပြားခြားနားပါသည်။

မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ၊ သိုလှောင်သူ၊ သယ်ဆောင်သူများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သက်ဆိုင်ရာသို့ မခြွင်းမချန် အချိန်နှင့်တစ်ပြေးညီ သတင်းပေးခြင်း၊ ပူးပေါင်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။

ထို့အတူ မူးယစ်ဆေးဝါးသုံးစွဲသူများကိုလည်း မိသားစု၊ ညီအစ်ကို၊ မောင်နှမအသိုင်းအဝိုင်းက ထိမ်ချန်ထားခြင်းမရှိဘဲ မူးယစ်ဆေးဖြတ်ကုသရေးဌာနများသို့ ပို့အပ် ဆောင်ရွက်သင့်ပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေး နည်းဗျူဟာသုံးရပ်တွင် ပါဝင်သော သုံးစွဲမှုပပျောက်ရေးကို ရာနှုန်းပြည့်ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုလည်း တစ်စထက်တစ်စ ပပျောက်သွားမည်သာဖြစ်ပါသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်းနှင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် အသိနှင့်ယှဉ်ကာ ဆောင်ရွက်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကြည်သိန်းဦး

---


# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယရဲမှူးကြီး **ဝင်းဦး** (ငြိမ်း)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းပေးတာဝန်

မူးယစ်ဆေးဝါးသည်တစ်ကမ္ဘာလုံးအားခြိမ်းခြောက်နေသော အန္တရာယ်ဖြစ်ပါသည်။ မြန်မာလူမျိုးတို့အနေဖြင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းကို ဘာသာရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ ရှေးယခင်မင်းအဆက်ဆက်ကပင် လုံးဝရှောင်ကြဉ်ကြပါသည်။ ခေတ်အဆက်ဆက် မြန်မာမင်းများကလည်း ဘာသာရေးအရ လက်မခံနိုင်သဖြင့် တင်းကျပ်စွာ ထိန်းချုပ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် ရေမြေတောတောင် သဘာဝများအရ ဆန်စပါးစိုက်ပျိုးခြင်း၊ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများကို မိရိုးဖလာ ရှေးအစဉ်အလာဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သော နိုင်ငံဖြစ်ပါသည်။ သို့သော် အင်္ဂလိပ်တရုတ် ဘိန်းစစ်ပွဲပြီးဆုံးပြီးနောက် တရုတ်နိုင်ငံသို့ ဘိန်းတရားဝင် တင်သွင်းခွင့်ပြုခြင်း၊ ယူနန်ပြည်နယ်တွင် ဘိန်းစိုက်ပျိုးခွင့်ပြုခဲ့ရခြင်းများကြောင့် နယ်မြေချင်း ဆက်စပ်နေသော မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့သို့ ဘိန်းစိုက်ပျိုးမှုများ ပြန့်ပွားလာသည့်အပြင် မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်ပြီးနောက် သံလွင်မြစ်အရှေ့ဘက်ကမ်းတွင် တရားဝင် ဘိန်းစိုက်ပျိုးခွင့်ပြုခြင်း၊ ဘိန်းအက်ဥပဒေများ ပြဋ္ဌာန်းခဲ့သော်လည်း ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်များတွင် အာဏာသက်ရောက်မှုမရှိဘဲ တရားဝင်ဘိန်းခန်းများဖွင့်လှစ်၍ ဘိန်းရောင်းချမှု ပြုခဲ့ခြင်းများကြောင့် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုမှာ တစ်စတစ်စ ပိုမိုကြီးထွားလာခဲ့ရပါသည်။

လွတ်လပ်ရေးရပြီးနောက် တရုတ်ပြည်မကြီးမှ ချန်ကေရှိတ် ဦးစီးသော ကေအမ်တီ တရုတ်ဖြူတပ်များ ဆုတ်ခွာပြီးနောက် ရှမ်းပြည်နယ်အတွင်း အခြေချနေထိုင်ကာ ပြည်မကြီးအား လက်နက်နှင့် လူအင်အားစု ရုံး၍ ပြန်လည်တိုက်ခိုက်ခဲ့ရာတွင် ၎င်းတို့၏ ရပ်တည်ရေးအတွက် ဘိန်းစိုက်ပျိုးထုတ်လုပ်ရောင်းချခဲ့ခြင်း၊ ပြည်တွင်းသောင်းကျန်းသူများကလည်း ၎င်းတို့၏ စားဝတ်နေရေးနှင့် လက်နက်ခဲယမ်းအတွက် ဘိန်းမှောင်ခိုရောင်းဝယ်မှုလုပ်ငန်းကို ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ပိုမိုကြီးထွားခဲ့သည်ကို တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ရောင်းဝယ်သုံးစွဲခြင်း ပပျောက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာအကူအညီ ရယူပြီး ဦးစားပေးတိုက်ဖျက်ခြင်း၊ တပ်မတော်စစ်ဆင်ရေးကြီးများ ဆင်နွှဲခြင်းတို့ဖြင့် တိုက်ဖျက်ခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများအရ လေ့လာမှတ်သားခဲ့ရပါသည်။

ယနေ့မျက်မှောက်ခေတ် မြန်မာနိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုး၊ ရောင်းဝယ်၊ သုံးစွဲခြင်းများကို တိုင်းဒေသကြီး/ပြည်နယ်ဒေသများအလိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများကပါ စွမ်းစွမ်းတမံဖြင့် တားဆီးနှိမ်နင်း ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန် (၄)ရပ်တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုသောအချက်အား ထည့်သွင်းဖော်ပြထားခြင်းကြောင့် တစ်မျိုးသားလုံး၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏လုပ်ငန်းအစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်လာသည့်အပြင် သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်သည်ကိုလည်း တပ်ဖွဲ့ဝင်တိုင်းကောင်းစွာ သဘောပေါက်ကြရမည်ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ၂၀၀၂ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သောအချိန်ကဖြစ်ပါသည်။ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ် သုံးစွဲမှုပပျောက်ရေး စီမံကိန်း၏ ပထမ ၅ နှစ်စီမံကိန်းကာလအတွင်းဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ၄၉ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်ကာလကလည်း နီးကပ်လာပြီဖြစ်သဖြင့် စာရေးသူ တာဝန်ထမ်းဆောင်စဉ်ကာလက မူးယစ်ဆေးဝါးတားဆီးရေး လုပ်ငန်းစဉ်များကို (၁၀)နှစ်ကျော်ခန့် ကြာမြင့်ခဲ့သော်လည်း ပြန်လည်တမ်းတအမှတ်ရစေခဲ့ပါသည်။ ဆောင်ရွက်ချက်မှတ်တမ်းများအား ရှာဖွေ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၄၉ နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြု ဖော်ပြအပ်ပါသည်-

(က) ၂၄-၄-၂၀၀၂ ရက်နေ့

(၁) အဖွဲ့(၁)ခေါင်းဆောင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဦး၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတိုးအောင်ပါ အဖွဲ့ဝင်သုံးဦး၊ မြို့နယ်ပြန်/ဆက်မှ ဦးအေးချို၊ ဒုရဲအုပ် (စခန်းမှူး)တင်မြင့်၊ ဒုရဲအုပ် မြင့်ဟန်ပါ တပ်ဖွဲ့ဝင် လေးဦးတို့သည် နံနက် ၇နာရီ၃၀မိနစ်အချိန် ဟိုပုံးမှထွက်ခွာလာရာ ဟိုပုံးမြို့နယ်၊မဲနယ်တောင်ဒေသ၊ နမ့်ဟူးကျေးရွာ (ခမ-အမ်-၉၄၃၁၄၆)သို့ ၈ နာရီ ၄၅ မိနစ်အချိန် ရောက်ရှိခဲ့ပါသည်။ နမ့်ဟူးကျေးရွာတွင် အသင့်စောင့်ဆိုင်းနေသော (PNA)ငြိမ်းချမ်းရေးအဖွဲ့များနှင့်ပူးပေါင်းပြီး အဖွဲ့(၁)ခေါင်းဆောင် ဒုရဲမှူးဝင်းဦးနှင့်အဖွဲ့မှ အစည်းအဝေးကျင်းပပြုလုပ်မည့် စံဖူးကျေးရွာသို့လည်းကောင်း၊ အဖွဲ့(၂)ခေါင်းဆောင် ဒုရဲအုပ် (စခန်းမှူး) တင်မြင့်နှင့်အဖွဲ့မှ အစည်းအဝေး ပြုလုပ်မည့် စံငေါကျေးရွာအုပ်စု၊ ဒုံကောင်ကျေးရွာသို့လည်းကောင်း (PNA) ငြိမ်းချမ်းရေးအဖွဲ့များနှင့်အတူ လမ်းခွဲ၍ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ စံဖူးကျေးရွာသို့ ၁၀နာရီအချိန် ရောက်ရှိခဲ့ပါသည်။

(၂) စံဖူးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၄ ရွာမှ ဒေသခံတိုင်းရင်းသား(၁၄၆) ဦးအား စံဖူးကျေးရွာ ဘုန်းကြီးကျောင်း၌ စုစည်းစေပြီး ၁၁နာရီအချိန်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းဦးက ၂၀၀၂/၀၃ခုနှစ်အတွင်း ဘိန်းလုံးဝစိုက်ပျိုးမှု မရှိစေရေး၊ ဘိန်းစိုက်ပျိုးမှုကြောင့် ဆိုးကျိုးနှင့် ပြစ်ဒဏ်များ၊ အစားထိုးသီးနှံ စိုက်ပျိုးရေးတို့အား ရှင်းလင်းပြောကြားခဲ့ပါသည်။

(၃) ဆက်လက်၍ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ ရိုက်ကူးထားသည့် "မူးယစ်အန္တရာယ်" ဗီဒီယိုခွေအား ပြသပေးပြသခဲ့ပါသည်။

www.burmeseclassic.com



(၄) ပညာပေးဟောပြောပွဲသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားများ စာရင်းနှင့် ၂၀၀၂/၀၃ ခုနှစ်အတွင်း ဘိန်းလုံးဝစိုက်ပျိုးမှုမရှိစေရေး သိရှိပြီးကြောင်း ဝန်ခံချက်လက်မှတ်များ ရယူခဲ့ပါသည်။

(၅) ထို့အပြင်''ဘိန်းစိုက်ပျိုးလျှင် ထောင်ဒဏ်(၅)နှစ် ကျခံရမည်''စာသားအား မြန်မာ၊ ပအိုဝ်း၊ ရှမ်းဘာသာ သုံးမျိုးဖြင့် ကျေးရွာအုပ်စုအလိုက် သိရှိရန် ပိုစတာ အစောင်(၁၀)၊ မူးယစ်ပညာပေးလက်ကမ်းစာစောင်(၁၀၀)အား ဖြန့်ဝေပေးခဲ့ပါသည်။

(၆) ကျေးရွာအုပ်စုအလိုက် ကျေးရွာများမှအပ်နှံကြသော ဘိန်းမျိုးစေ့ သုံးတင်းခွဲခန့်အား ၁နာရီအချိန်တွင် ဒေသခံတိုင်းရင်းသားများ ရှေ့မှောက်၌ မီးရှို့ဖျက်ဆီးခဲ့ပါသည်။

(၇) အဖွဲ့(၂)ခေါင်းဆောင် ဒုရဲအုပ်(စခန်းမှူး) တင်မြင့်ပါအဖွဲ့သည် စံငေါ်ကျေးရွာအုပ်စု၊ ဒုံကောင်ကျေးရွာ(ခမ-အမ်-၉၈၂၁၃၅)သို့ ၁၁နာရီအချိန် ရောက်ရှိလာပြီး တိုင်းရင်းသား (၂၁၄)ဦးတို့အား ၁၁ နာရီ ၄၅မိနစ်အချိန်တွင် စုစည်းပြီး မူးယစ်ဆေးဝါး ဆိုးကျိုး၊ ပြစ်ဒဏ်များ ဟောပြောပြီး (PNA) အရာခံဗိုလ် ခွန်ကျော်ရဲလွင်မှ ပအိုဝ်ဘာသာဖြင့် ထပ်ဆင့်ရှင်းလင်းခြင်းပြုလုပ်ပြီး ပညာပေးစာစောင် (၁၀၀)တို့အား ဖြန့်ဝေပေးခဲ့ပါသည်။

(ခ) ၂၆-၄-၂၀၀၂ ရက်နေ့

(၁) အဖွဲ့(၁)ခေါင်းဆောင် ဒုရဲမှူးဝင်းဦးနှင့် အဖွဲ့(၂)ခေါင်းဆောင် ဒုရဲအုပ် (စခန်းမှူး) တင်မြင့်ပါအဖွဲ့တို့သည် ဟိုပုံးမြို့မှ ၇နာရီ ၁၅မိနစ်အချိန် ထွက်ခွာပါသည်။ ဟိုပုံးမြို့နယ်၊ ရွာသစ်ကျေးရွာ၊မဲနယ်တောင် ဒေသလမ်းခွဲတွင် အသင့်စောင့်ဆိုင်းနေသော (PNA) ငြိမ်းချမ်းရေးအဖွဲ့နှင့် ပူးပေါင်းပြီး ဆက်လက်ထွက်ခွာလာကြပါသည် နောင်လိုင်ကျေးရွာအုပ်စု၊ ပန်ခက်ကျေးရွာနှင့်ပန်ကုလားကျေးရွာ လမ်းခွဲအရောက်တွင် အဖွဲ့(၂)အဖွဲ့မှ ဖက်ယမ်း ကျေးရွာအုပ်စု၊ ဒုံလိတန်ကျေးရွာ(ခမ-အင်န်-၀၂၂၀၇၂) သို့လည်းကောင်း လမ်းခွဲပြီး (PNA) ငြိမ်းချမ်းရေးအဖွဲ့များနှင့်အတူ ဆက်လက်ထွက်ခွာပါသည်။

(၂) ဒုရဲမှူး ဝင်းဦးနှင့် အဖွဲ့က နောင်လိုင်ကျေးရွာအုပ်စု၊ပန်ခက်ကျေးရွာ(ခမ-အမ်-၉၉၅၀၂)သို့ ၉ နာရီအချိန်ရောက်ပြီး နေ့ ၁၂ နာရီအချိန်တွင် နောင်လိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း (၅)ရွာမှ တိုင်းရင်းသား (၁၅၃)ဦးအား ကျေးရွာဘုန်းကြီးကျောင်းတွင် စုစည်းပြီး မူးယစ်ဆေးဝါး၏ ဆိုးကျိုး၊ပြစ်ဒဏ်များ၊ ၂၀၀၂/၀၃ ခုနှစ် ဘိန်းလုံးဝစိုက်ပျိုးမှုမရှိစေရေး၊ အစားထိုးသီးနှံစိုက်ပျိုးရေးတို့အား ဆွေးနွေးပညာပေး ဟောပြောခဲ့ပါသည်။

(၃) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊လက်ထောက်မန်နေဂျာ ဦးငြိမ်းသန်းမှ ဒေသနှင့်ကိုက်ညီသော သီးနှံစိုက်ပျိုးရေး၊ လိုအပ်သည့် သီးနှံအမျိုးအစား ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများ ရှင်းလင်းပါသည်။

(၄) တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသားများအား မူးယစ်အန္တရာယ် ဗီဒီယိုတိပ်ခွေ ပြသခြင်း၊ သဘာဝမြေဩဇာပြုလုပ်နည်း၊ မူးယစ်ဆေးဝါးဖမ်းဆီးမှုသတင်းစာပါ မှတ်တမ်းဓာတ်ပုံများ ပြသခြင်းများအပြင် တားမြစ်ပိုစတာ အစောင်(၂၀)၊ လက်ကမ်းပညာပေးစာစောင် (၇၅)စောင်တို့အား ဖြန့်ဝေပေးခဲ့ပါသည်။

(၅) ပညာပေးဟောပြောပြီးနောက် ၁နာရီ၃၀ မိနစ်အချိန် ကျေးရွာအသီးသီးမှ အပ်နှံ

www.burmeseclassic.com



သော ဘိန်းမျိုးစေ့ (၄)တင်းခွဲခန့်အား တိုင်းရင်းသားများရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။

(၆) ဒုရဲအုပ်(စခန်းမှူး)တင်မြင့်ပါ အဖွဲ့သည် နောင်လိုင်ကျေးရွာအုပ်စု၊ ပန်ကုလားကျေးရွာ (ခမ-အမ်-၉၉၄၀၄၁) မှတစ်ဆင့် တောင်ပေါ်လမ်းအတိုင်းထွက်ခွာရာ ဒုံလိတန်ကျေးရွာသို့ ၁၁နာရီ၃၀မိနစ်အချိန် ရောက်ရှိသည်။ ကျေးရွာဘုန်းကြီးကျောင်းတွင် ဖက်ယမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း (၆)ရွာမှ တိုင်းရင်းသား (၅၃)ဦးအား စုစည်းပြီး မူးယစ်ပညာပေး ဟောပြောခြင်း၊ တားမြစ်ပိုစတာ ဘာသာသုံးမျိုးဖြင့် (၂၅)စောင်၊ လက်ကမ်းပညာပေးစာစောင် (၅၀)၊ မူးယစ် ဖမ်းဆီးမှု သတင်းစာပါ မှတ်တမ်းဓာတ်ပုံများ ပြသပြီး အပ်နှံသော ဘိန်းမျိုးစေ့ (၂)ပြည်ခန့်အား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ဟိုပုံးမြို့သို့ ညနေ၆နာရီအချိန် ပြန်ရောက်ကြသည်။

(ဂ) ၂၇-၄-၂၀၀၂ ရက်နေ့

(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းဦးပါ တပ်ဖွဲ့ဝင်(၅)ဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်/ထမန်နေဂျာ ဦးငြိမ်းသန်း၊ ကြီးကြပ်ရေးမှူး ဦးလှအောင်၊ မြို့နယ်မြေစာရင်း၊ မြို့နယ်ပြန်/ဆက်မှအဖွဲ့များပူးပေါင်း၍ မနက် ၇နာရီ၅မိနစ်အချိန် ဟိုပုံးမြို့မှ ထွက်ခွာပါသည်။

(၂) ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်ထိ ဘိန်းခင်းဖျက်ဆီးမှုတွင် မပါဝင်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးမှုသတင်းရရှိသည့် ဟိုပုံးမြို့နယ်၊ လုံပေါးကျေးရွာသို့ ၉နာရီ၃၀မိနစ်အချိန် ရောက်ရှိပါသည်။

(၃) လုံပေါးကျေးရွာ ဘုန်းကြီးကျောင်းတွင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း (၁၅)ရွာမှ တိုင်းရင်းသား (၂၅၂)ဦးအား

၁၁နာရီအချိန်တွင် ဒုရဲမှူးဝင်းဦးက မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိမှု၊ နိုင်ငံတကာစွပ်စွဲပြောဆိုမှု၊ ဘိန်းပပျောက်ရေး (၁၅)နှစ်စီမံကိန်းနှင့် ဖျက်ဆီးဆောင်ရွက်မှု၊ ဆိုးကျိုးနှင့် ပြစ်ဒဏ်များ၊ အစားထိုးသီးနှံစိုက်ပျိုးရေးတို့အား ပညာပေး ဆွေးနွေးခဲ့ပါသည်။

(၄) ဆွေးနွေးပွဲတွင် ပညာပေးဗီဒီယိုပြသခြင်း၊ မူးယစ်ပညာပေးစာစောင်များဖြန့်ဝေခြင်း၊ မွန်းလွဲ၂နာရီ၃၀မိနစ်အချိန်တွင် အပ်နှံသည့် ဘိန်းမျိုးစေ့ (၁)တင်းခွဲခန့်အား မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုအခါ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ တတိယ ၅နှစ်စီမံကိန်းကာလ ကုန်ဆုံးရန်(၁)နှစ်ကျော်ခန့်သာ ကျန်ရှိပါတော့သည်။ စာရေးသူအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး နည်းဗျူဟာ(၃)ရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးတို့ကို ပထမ(၅)နှစ်စီမံကိန်းကာလအတွင်း မိမိအစွမ်းရှိသလောက် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့်တတိယ (၅)နှစ်စီမံကိန်းကာလအတွင်း ကျရောက်နေချိန်ဖြစ်ပါသည်။ သို့ဖြစ်၍ ၄၉ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ဆောင်ရွက်ကြပါစို့ဟု အဓိဋ္ဌာန်ပြုလျက် ရေးသားတိုက်တွန်းအပ်ပါသည်။


**(ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပအိုဝ်ငြိမ်းချမ်းရေးအဖွဲ့များအား အမှတ်တရ)**

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com






အပ်နှံသော ဘိန်းမျိုးစေ့များ ဖျက်ဆီးနေပုံ



www.burmeseclassic.com

www.burmeseclassic.com




ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေနေပုံ




www.burmeseclassic.com

www.burmeseclassic.com






မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ပညာပေးဟောပြောနေပုံ



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ပညာပေးဟောပြောနေပုံ



www.burmeseclassic.com


www.burmeseclassic.com








ဘိန်းခင်းဖျက်
မှတ်တမ်းဓာတ်ပုံများ



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ၊ ပအိုဝ်း၊ ရှမ်းဘာသာဖြင့် ဖြန့်ဝေသော မူးယစ်ဆေးဝါးစိုက်ပျိုးခြင်း တားမြစ်ပိုစတာပုံစံများ



ဘိန်းပင်စိုက်ပျိုးလျှင်

ထောင်ဒဏ် ၅ နှစ်

ချမှတ်ခြင်း

ခံရမည်။



မိဥ်းစွို့ဖဲ့ုင်ယှာနေခဝ့်

ထောင်းတဲး ၅ နေင်း

ခံးဗားသွူ



ပေႃးႁူဝ်,သွမ်;ယႃႉလမ်

တေယႃဝ်ၶဝ်ႈၶွၵ်;၅ပီႊ

ယူႇယဝ်ႉ

www.burmeseclassic.com

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ဝုဝုအေးအောင်

TMR. 011758(1215)

## ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေ လူ့လောကကြီးထဲမှ ထွက်ခွာသွားသည်မှာ တစ်လပြည့်ခဲ့ပါပြီ။ သည်နေ့မှာ အဖေ့ကို ထူးထူးခြားခြား သတိရမိနေ၏။ အဖေ့ကိုသတိရတိုင်း ကျွန်တော် မျက်ရည်ဝဲမိသည်။ အဖေ သည် ကျွန်တော်တို့မောင်နှမအတွက် ဖခင်ပီသသော ဖခင်တစ်ဦးဖြစ်၏။ အရင်က ကုန်သည်ပွဲစားတစ်ယောက်အဖြစ် အဖေ ကျင်လည်ခဲ့သည်။ ကျွန်တော့်ကို မွေးချိန်မှစ၍ အဖေသည် ထိုအလုပ်အားစွန့်လွှတ်၍ တက္ကစီမောင်းခဲ့၏။ သားသမီးများအပေါ်တွင်မက အမေ့အပေါ်တွင်လည်း တာဝန်ကျေသော၊ ကြင်နာသနားတတ်သော ခင်ပွန်း ကောင်းတစ်ယောက်ဖြစ်ခဲ့သည်။

ကျွန်တော် အိမ်ထောင်ကျချိန်တွင် အမေမရှိတော့သည့်အတွက် အဖေက ဖခင်နေရာနှင့် မိခင်နေရာတွင်ပါ တာဝန်ယူစီစဉ်ပေးခဲ့သေး၏။ သည်တော့ မင်္ဂလာဆောင်သည့်နေ့တွင် ကျွန်တော်က အမေ့ကို သတိရမိပြန်သည်။ အဖေ့အားပေး နှစ်သိမ့်မှုကြောင့်သာ ကျွန်တော်ကိုယ်တိုင် မိဘ၏ အစားထိုးမရသော ဖြေသိမ့်ခြင်းများဖြင့် မိခင်မဲ့သော မင်္ဂလာပွဲလေးအား ကျင်းပခဲ့ရသည်။

ကျွန်တော်တို့မောင်နှမ သုံးယောက်တွင် မမကြီးကအိမ်ထောင်အရင်စကျခဲ့၏။ မိဘအိမ်နှင့် တစ်ရပ်ကွက်တည်းတွင်ရှိနေ၍ မမကြီးအတွက် မိဘနှစ်ပါးက စိတ်အေးသွားကြသည်။ သို့ပေမယ့် သမက်အား စိတ်တိုင်းမကျသည်က အမှန်ပါ။ သားသမီးအပေါ် မည်မျှပင် အုပ်ထိန်းနိုင်သူဖြစ်ပါစေ မိဘတိုင်းမှာ သားသမီး၏ လိမ်ညာခြင်းအား ခံရသူချည်းပင်။ မမကြီးသည် တက္ကသိုလ် တက်ရောက်နေဆဲတွင် တက္ကစီမောင်းရန်ခေါ်ထားသော ဒရိုင်ဘာနှင့် လိုက်ပြေးသွား၏။

ထိုစဉ်က အမေ့မှာ သမီးမိုက်အတွက် ရူးမတတ်ဖြစ်ခဲ့ရသည်။ အမေ မျှော်လင့်သည့် သမက်မျိုး မဖြစ်ခဲ့၍ စိတ်ဆိုးရုံမှတစ်ပါး မြေးဦးရသည်နှင့် အမေကသမီးမိုက်အပေါ် ခွင့်လွှတ်နိုင်ခဲ့၏။ ယောက်ဖဖြစ်သူမှာ ပညာအရည်အချင်း နိမ့်ပါးသည်မှလွဲ၍ စီးပွားရေးတွင် ကျင်လည်သူဖြစ်သည်။ မိဘအပေါ် အကျိုးမပေးသော သမီးကြီးကအိမ်ထောင်ဖက်အပေါ်တွင် အကျိုးပေးသူဖြစ်ရာ အိမ်ထောင်သက် သုံးနှစ်အကြာတွင် စီးပွားပါ တရိပ်ရိပ်တက်လာ၏။

ကျွန်တော်ကအိမ်ထောင်ကျပြီးနောက် အဖေနှင့်အတူတူနေရင်း စားဝတ်နေရေးအတွက် ရှာဖွေနေရသည်။ ကိုယ်ပိုင်တက္ကစီထောင်၍ တစ်စီးကို အငှားချခဲ့ပြီး တစ်စီးကို ကိုယ်တိုင်မောင်း၏။ ညီမလေးက အိမ်ထောင်မပြုဘဲ အဖေ့ကိစ္စအဝဝကို လုပ်ကိုင်ပြုစုပေးနေသည်။ ကျန်းမာရေးမကောင်းခဲ့သူဖြစ်၍ ဆယ်တန်းနှင့် ကျောင်းဆက်မတက်တော့ချေ။ သည်တော့ တစ်အိမ်လုံး၏ စားဝတ်နေရေးက ကျွန်တော့်ခေါင်းတွင် ပုံကျလာရာ ဝင်ငွေနှင့်ထွက်ငွေ လောက်ရန် ကျွန်တော်က ဖန်တီးပေးနေရသည်။

ကျွန်တော့်ဇနီးက ဝန်ထမ်းတစ်ယောက်ဖြစ်၍ အိမ်မှုကိစ္စအတွက် ညီမလေးပဲ တာဝန်ယူရပြန်သည်။ ကျွန်တော့်အဖို့ သမီးယောက်မနှစ်ယောက် အဆင်ပြေ၍သာ တော်သေး၏။ သည်တော့ နေ့လယ်ခင်းတွင် ညီမလေးက အဖေနှင့် ကျွန်တော့်သားအား ထိန်းကျောင်းရင်း အိမ်စောင့်ဖြစ်သွားရ၏။

ယခုတော့အဖေမရှိတော့သည်မှာ ကျွန်တော့်အတွက် ရင်ထဲတွင် ဟာတာတာဖြစ်သွားရသည်။ အဖေသည် အသက် ၇၅ နှစ်အရွယ်နှင့် ဆုံးခဲ့သည်။ နေမည်ဆိုလျှင် နောက်ထပ် ၁၀ နှစ်ကျော် နေနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com

သေးသည်။ ကျန်းကျန်းမာမာနှင့် သူ့ကိုယ်သူ ဖျတ်လတ်တက်ကြွစွာ နေထိုင်တတ်သူပင်။ သို့ပေမယ့် စိတ်ဓာတ်ကျခြင်းက အဖေ့အတွက် ဆုံးရှုံးခြင်းဟု ဆိုနိုင်ပေသည်။ ထိုသို့ ဆုံးရှုံးစေရန်၊ အဖေ့အား စိတ်မကောင်းစေရန် ကျွန်တော် လုပ်ခဲ့မိ၏။

"သားကိုခွင့်လွှတ်ပါ အဖေရယ်၊ သားမှာအပြစ်ရှိရင် အဖေနားလည် ခွင့်လွှတ်ပေးပါဗျာ"

ကျွန်တော်ကိုယ်တိုင် မျက်ရည်ကျလျက်နှင့် တောင်းပန်နေမိ၏။ ဇနီးဖြစ်သူက ကျွန်တော့်ထံရောက်လာပြီးနောက်.....

"စိတ်မကောင်းစရာတွေ ပြန်တွေးမနေပါနဲ့ ယောက်ျားရယ်၊ အဖေက ကံကုန်ချိန်ရောက်လို့ပါ၊ ရှင့်စိတ်ကိုဖြေမှပေါ့ရှင်၊ ဟော..မိချိုရောက်လာပြီ၊ ရှင့်မျက်ရည်တွေ မတွေ့ပါစေနဲ့နော်"

သို့သော်လည်း ညီမလေး၏ မျက်ဝန်းထဲတွင်လည်း မျက်ရည်များနှင့် ပြည့်လျှံနေတော့သည်။ ညီမလေးသည် ကျွန်တော့်အားမော့ကြည့်၍.....

"ကိုကြီး.....မိချို အဖေ့ကို သတိရနေတယ်၊ ဒီအချိန်ဆိုရင် အဖေ့ကိုထမင်းခူးကျွေးနေကျအချိန် ကိုကြီးရဲ့၊ အီး.....ဟီး...ဟီး၊ အဖေ့အဝတ်တွေ လျှော်ပေးဖို့နဲ့ အဖေ့ကို ရေချိုးဖို့ သတိပေးဖို့ အဖေမရှိတော့ဘူး ကိုကြီး၊ ဟီး.....အီး.....အီး"

"တိတ်ပါ ညီမလေးရယ်၊ အဖေ့အတွက် ကုသိုလ်ကောင်းမှု လုပ်ပေးပြီး အဖေသာဓုခေါ်နိုင်ရင် မိဘကျေးဇူး ဆပ်သလိုပါပဲကွာ၊ အဖေရှိချိန်က တို့မောင်နှမနှစ်ယောက်က အဖေ့ကို အားပါးတရ လုပ်ကျွေးပြုစုခဲ့ရပြီးပြီပဲကွယ်၊ ဖြေသိမ့်လိုက်တော့နော် ညီမလေး"

"ဟုတ်တယ် မိချို၊ အဖေလည်း မိချိုကို ကျေနပ်ခဲ့မှာပါကွယ်၊ မိဘကို လုပ်ကျွေးပြုစုခွင့်ဆိုတာ သားသမီးတိုင်း ရနိုင်တာမှ မဟုတ်ဘဲနော်၊ မမကြီးကိုကြည့်ဦးလေ၊ အဖေ့အတွက် ဟင်းတစ်ခွက်ပဲ ပို့နိုင်တာနော်၊ ပြုစုခွင့် မရခဲ့ဘူး၊ မိချိုက မိဘကျေးဇူးဆပ်နိုင်တဲ့သူပါကွယ်"

သည်တော့မှ ညီမလေးလည်း မျက်ရည်များကိုသုတ်ပြီး မျက်နှာငယ်ငယ်ဖြင့် အနားမှထွက်သွားတော့၏။ ကျွန်တော်က ညီမလေး၏ ခံစားမှုကိုသိပြီး ညီမလေး၏ အားငယ်မှုကိုပါ နားလည်လိုက်၏။

"လှိုင်...ညီမလေးကိုစိတ်ချမ်းသာအောင် ထားပေးပါကွယ်၊ သူ့ခမျာ မိဘတွေမရှိကြတော့ အားငယ်နေမှာပေါ့နော်၊ တို့လင်မယားက ညီမလေးကို မိဘလို ကြင်နာစောင့်ရှောက်ကြရအောင်ကွာ"

"စိတ်ချပါ ယောက်ျားရယ်၊ လှိုင် နားလည်ပါတယ်၊ အခုအချိန်မှာ မိချိုလေး အဖော်မဲ့အောင် လှိုင်က အရင်ကထက် ပိုဂရုစိုက်ရမှာပေါ့၊ ဘာပဲပြောပြော မိချို ယောက်ျားမယူပါစေနဲ့ဦးလို့ ဆုတောင်းနေရတယ်၊ ဘာကြောင့်လဲဆိုရင် သားသားအတွက် စောင့်ရှောက်ဖို့က ရှိသေးတယ်မဟုတ်လား"

"မိချိုလား၊ ဒီတစ်သက် ယူမှာ မဟုတ်တော့ပါဘူးကွာ၊ သူ့တူနဲ့သူ ပျော်နေတာပါ၊ အဖေဆုံးခါနီးမှာ သူ့ သမီးငယ်ကို စိတ်မချဖြစ်နေခဲ့တယ် လှိုင်၊ ဒါကြောင့်မို့ အဖေ့ကို ကတိပေးလာခဲ့ပြီးပြီ၊ မိချိုကို တစ်သက်လုံး စောင့်ရှောက် တာဝန်ယူမယ့်အကြောင်း ပြောလိုက်တယ်"

"အင်းနော် အဖေက သားသမီးတွေ ကြီးနေပြီပဲ၊ သံယောဇဉ်ကကြီးပါ့၊ ဒါပေမဲ့ မမကြီးကိုတော့ အဖေပူပန်ပုံမရပါဘူး ယောက်ျားရယ်"

လှိုင်က ထိုစကားဖြင့် ကျွန်တော့်အနီးမှ အဆုံးသတ်ပြောကာ ထွက်သွားတော့သည်။ ကျွန်တော်တစ်ဦးတည်းသာ အတွေးများစွာဖြင့် ကျန်ရစ်ခဲ့ရပြန်၏။ အဖေရှိစဉ်က အတိတ်အကြောင်းလေးအား ကျွန်တော်က လွမ်းမောစွာဖြင့် ပြန်သတိရနေမိတော့သည်။

"သားရေ အဖေ့အတွက်ကွမ်းတစ်ယာလောက် ဝယ်ခဲ့စမ်းပါကွာ၊ ထမင်းစားပြီးရင် ပါးစပ်ချဉ်တယ်"

"ဟုတ်ကဲ့ အဖေ"

ဧည့်သည်ကိုလိုက်ပို့ရန်အပြင်ထွက်သည်နှင့် အဖေ့အသံကိုကြားရ၏။ အငှားတက္ကစီချထားခြင်းကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



အား ယာဉ်မောင်းနှင့် တိုင်ပင်နေခြင်းဖြစ်ရာ ကိစ္စပြီးသည်နှင့် အဖေမှာ သည့်ကွမ်းယာအား သွားဝယ်ပေးလိုက်သည်။

''ကိုကြီးနော် အဖေ့ကို ကွမ်းတွေသိပ်မကျွေးနဲ့၊ ထမင်းမစားနိုင်ဘဲ နေလိမ့်မယ်၊ ပြီးတော့ ကွမ်းတံတွေးတွေ အကျီမှာပေရင် လျှော်ရခက်တယ်''

''ဩော်.....ညီမလေးရာ၊ တို့အဖေက ဆေးလိပ်နဲ့အရက်ကို သောက်တာမှမဟုတ်ဘဲကွာ၊ ကွမ်းလေးတမြုံ့မြုံ့ ဝါးနေတာ၊ စားပါစေကွယ်၊ အကျီပေလည်း လျှော်လိုက်ရင် ပြောင်သွားတာပါပဲ''

''ကွမ်းတံတွေးအစွန်းကလျှော်ရခက်တယ် ကိုကြီးရဲ့၊ ပြီးတော့ ထွေးခံထဲထွေးမထည့်ဘူး၊ အဖေကတွေ့တဲ့နေရာ ထွေးချလိုက်တာအိမ်ညစ်ပတ်တယ်၊ ကြမ်းတိုက်ရတဲ့သူကို အားနာကြပါဦးနော်၊ ကိုကြီးလည်း အဖေတူသားပဲ၊ ဟင်း.....''

''ညည်းကလည်းနော်ဆိုးမနေလိုက်တာ၊ အဘွားအတိုင်းပဲ၊ ကောင်းပါပြီ ညီမလေးရာ၊ ဆင်ခြင်ပါ့မယ်ဗျာ''

''မဆင်ခြင်ရင်တော့ မလိုင်နဲ့တိုင်လိုက်မှာပဲ၊ မိချိုက အဝတ်လျှော်ရလို့ ပြောတာမဟုတ်ဘူးနော်၊ ကွမ်းစားတာ ကျန်းမာရေးလည်းထိခိုက်တယ်၊ ပြီးတော့.....''

''ကဲ..တော်ပါတော့ အဘွားလေးရယ်နော်၊ နောက်ကိုမစားတော့ပါဘူးကွာ၊ ကဲ.....ကျေနပ်ပြီလား''



သူ့တိုက်ခန်းဘေးမှာ
ကွမ်းယာဆိုင်ဖွင့်တဲ့
မိန်းကလေးက
သူ့ကိုမုဒိမ်းကျင့်ခဲ့ပါတယ်
ပြောလို့
အရှက်တကွဲမဖြစ်အောင်
လျော်ကြေးပေးလိုက်ရတယ်၊
အသက် ၇၀ ကျော်
အဘိုးကြီးက
ဘာလုပ်နိုင်မှာလဲ
...

''ဒီလိုမှပေါ့''

ညီမလေးကိုပြုံးရွှင်သွားစေရန် ကျွန်တော်က ကတိပေးရင်း သူ့ခေါင်းလေးကိုပုတ်လိုက်၏။ တကယ်တော့ ညီမလေးသည် သနားစရာကောင်းသူလေးပါ။ သူ့အသက်အရွယ်နှင့် အပြင်ထွက်အလုပ်လုပ်လျှင် သူ့ကိုယ်ပိုင်ငွေကြေး သုံးစွဲနိုင်၏။ ပြင်ပဗဟုသုတရပြီး အမြင်ကျယ်လာနိုင်ပေမည်။ အခုတော့ တစ်လတစ်ကြိမ်ကျွန်တော်ပေးသည့် မုန့်ဖိုးငွေတစ်သောင်းလေးနှင့် သူ့ဘဝလေးအား ပျော်ပျော်နေခဲ့ရှာ

www.burmeseclassic.com

သည်။ ထိုတစ်သောင်းအား စုဆောင်းထားခဲ့ပြီး သုံးစွဲခြင်းမရှိခဲ့ပေ။ အဖေ့ကိုလည်း တစ်လတစ်သောင်း ပေးခဲ့သည်။ ကျွန်တော်ပေးသည့်ငွေအား နည်းသည်၊ များသည် မပြောခဲ့ကြပေ။ သားအဖနှစ်ယောက်သည် ထိုငွေလေးနှင့် ကျေနပ်နေခဲ့ကြသည်။

"ယောက်ျားရယ် မိချိုက မိန်းကလေးလေ၊ ဝတ်ချင်စားချင်မှာပေါ့၊ ငါးထောင်လောက်ပိုပေးလိုက်ပါရှင်"

"မင်းယောက်မကဘယ်နေရာမှ သွားလာတတ်တာမှ မဟုတ်ဘဲကွာ၊ ငွေလိုရင်ထပ်ပေးမှာပေါ့၊ သွားစရာရှိရင်ဝယ်ပေးလိုက်မှာပေါ့ကွာ"

"ဟင်း...ရှင်က အစ်ကိုရင်းပါနော်၊ မိဘပစ္စည်းနဲ့ လုပ်ကိုင်နေပြီး မိဘကျေနပ်အောင်နေဦး၊ ဒီအိမ်က အဖေ့အိမ်ရှင့်၊အဖေသာမောင်းချရင် မိန်းမတို့ ဒုက္ခရောက်မှာပဲ"

"ဟင်း..အဖေလား မောင်းချမှာ၊ အဖေ့အကြောင်း အသိဆုံးပါကွာ၊ သားသမီးအပေါ် သိတတ်ပြီး နားလည်တဲ့ တို့အဖေမှာ ရက်စက်တဲ့စိတ်ဓာတ်မျိုး မရှိဘူး"

"ကိုယ်က တစ်အိမ်လုံးကို ရှာဖွေလုပ်ကျွေးနေရတယ်ဆိုပေမယ့် မိချိုနေရတာက အိမ်အကူတစ်ယောက်နဲ့ မခြားဘူးနော်၊ သူ့ခမျာ အမြင်မတော်တာမှန်သမျှအကုန်လုံး လျှော်ဖွပ်တိုက်ချွတ်ပေးနေတာပါ၊ မမကြီးသာ သူ့ညီမကို အဲဒီလိုလုပ်နေတာတွေ့ရင် ရှင့်ကို အပြစ်ပြောလိမ့်မယ်"

လှိုင်က ကျွန်တော့်အား သတိပေးခြင်းဖြစ်ရာ ကျွန်တော်လည်းမိချိုနောင်ရေးအတွက်စဉ်းစားမိသွား၏။ သည်တော့ ဘဏ်တွင်ငွေစုစာအုပ်လေး လုပ်ထားရင်း ကျွန်တော်က မိသားစုအတွက် ငွေစုသည့်အခါ မိချိုအတွက်ပါငွေထည့်ပေးလိုက်၏။ ဇနီးဖြစ်သူ၏ စိတ်ထားလေးအား ကျွန်တော်က မချီးကျူးဘဲ မနေနိုင်ပါ။ သည်လိုစိတ်ထားကောင်းသော မိန်းမအား ပိုင်ဆိုင်ရသည့်အတွက် ကျွန်တော် ကံကောင်းခဲ့၏။

"ညီမလေး ညည်း ယောက်ျားယူပါတော့လားကွာ၊ အစ်ကိုတို့ကို ငဲ့မနေနဲ့နော်၊ လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရမယ်၊ ညည်းဥစ္စာက မပွင့်မသီးဘဲနေရင် မကောင်းဘူး"

"ဟာ...ကိုကြီးက ဘာတွေလာပြောနေမှန်းမသိဘူး၊ မိချိုအခုလိုနေတာ မကြိုက်လို့လား၊ ဒါမှမဟုတ်ရင် မကျွေးနိုင်တော့လို့လား၊ အီး.... ဟီး...ဟီး"

ပြောရင်းနှင့်ငိုနေသည့်အတွက် ကျွန်တော့်မှာ ကမန်းကတန်း ပြန်ချော့ရတော့၏။ ကျွန်တော့်၏ ညှာတာမှုကို ညီမလေးက သဘောမပေါက်ခဲ့ပေ။

"ဟဲ့..အို၊ ညည်းကို မကျွေးချင်လို့ ပြောတာမဟုတ်ဘူးနော်၊ ကိုကြီးက စာနာစိတ်နဲ့ပြောနေတာ၊ အိမ်အကူခေါ်ဆိုလည်း ညည်းက လက်မခံဘူး၊ ညည်းတစ်ယောက်တည်း လုပ်နေရတာ မကြည့်ရက်လို့ဟ၊ လှိုင်ကလည်းသူ့ယောက်မကို အားနာနေတယ်"

"အဲဒါ ကိုကြီးတို့လင်မယားက မိချိုအပေါ် တစ်မိမ်းဆန်နေတာပါ၊ မိချိုမှာ မိသားစုစိတ်ဓာတ်ပဲရှိတယ်၊ သာတယ်၊ နာတယ် ဘယ်တော့မှမတွေးဘူး၊ အခုလိုနေရတာပဲ ကိုကြီးနဲ့ မလှိုင်အပေါ် ကျေးဇူးတင်နေတာပါနော်"

"ကဲ...တင်..တင်ကွာ၊ ဆက်သာတင်တော့နော်၊ နေ့လယ်ထမင်း ပြန်မစားတော့ဘူး ညီမလေး၊ ရောက်တဲ့နေရာမှာပဲ စားလိုက်မယ်၊ အိမ်ပြန်လာရင် အချိန်ကုန်တယ်ကွ၊ ခရီးသည်ရရင် အကြောင်းမဟုတ်ဘူး၊ ခရီးသည်မရရင် မကိုက်ဘူးကွဲ့"

"ကောင်းပါပြီ ကိုကြီးရယ်"

ဖ ဖ ဖ

"ကိုကြီး.....အဖေ့ကို ကြည့်ပြောဦးနော်၊ ကွမ်းယာသွားသွားဝယ်တယ်၊ မျက်လုံးက ကောင်းတာမဟုတ်ဘူး၊ ကားတွေနဲ့ ဘတ်စ်ကားတွေက အရမ်းမောင်းကြတာနော်"

နေ့လယ်ပြန်လာချိန်တစ်နေ့တွင် ညီမလေးက ကျွန်တော့်ကို တိုင်တော့၏။ ကျွန်တော့်အတွက် အဖေ့ကို မည်သို့ပြောရမည်ကို မသိတော့ပါ။ ကျွန်တော် မစားသော်လည်း အဖေ့အတွက် ဝယ်ပေးခဲ့၏။

"အေးပါကွာ၊ ကိုကြီး ခြပ်ဝယ်ထားပေးပါ့မယ်၊ ရေခဲသေတ္တာထဲထည့်ထားပေါ့၊ အခုရော ကုန်

www.burmeseclassic.com


သွားလို့လား"

"ဒီအတိုင်းပဲ၊ ရေခဲသေတ္တာထဲကကွမ်းက အေးလို့မကြိုက်ဘူးတဲ့၊ လတ်လတ်ဆတ်ဆတ် ဝယ်စားချင်တယ်ဆိုပြီး ထွက်ထွက်သွားတာ၊ မိချိုတောင် မသိဘူး"

"အဖေက အသက် ၇၀ကျော်ပေမယ့် သွက်ပါသေးတယ်ကွာ၊အိမ်မှာအတိုင်များရင် ချည့်သွားတတ်တယ်၊ အခုလို သွားလာလှုပ်ရှားနေတော့ အဖေ့အတွက် ကျန်းမာရေးကောင်းတာပေါ့"

"ဟင်း.....ဟင်း၊ကျန်းမာရေးကောင်းမကောင်းတော့ မသိဘူး၊ ကွမ်းယာသည်မနဲ့ ညားသွားလို့ ကိုကြီးရော၊ ညီမလေးပါ အဖေ့အိမ်ပေါ်က ဆင်းပြေးနေရမယ်နော်၊ ကြည့်လည်းလုပ်ဦး"

ကျွန်တော်က ညီမလေးစကားကို နားမလည်ပေ။ သည်အသက်အရွယ်ကြီးအား မည်သူကမျှ စိတ်ဝင်စားတော့မည်မဟုတ်ပါ။ ကျွန်တော်က ထိုအတွေးဖြင့် ညီမလေး၏ဒေါသအား ဖြေသိမ့်ပေးလိုက်သည်။

"မဖြစ်နိုင်တာတွေပြောမနေပါနဲ့ကွယ်၊ စိုးရိမ်စိတ်များတာမကောင်းဘူး၊ ရိုးရိုးပဲတွေးတောပါကွာ၊ အတွေးသိပ်နက်ရင် သောကဖြစ်တတ်တယ်"

"ကိုကြီးက အပြင်မှာချည်းထွက်နေရတော့ အဖေ့ကို လေ့လာနိုင်တာ မဟုတ်ဘူး၊ မိချိုပြောတာ မယုံရင်စောင့်ကြည့်၊ အဖေကနေ့လယ်ဆို ကွမ်းမစားဘဲ မနေနိုင်ဘူး၊ အလစ်မှာ ထွက်သွားတယ်၊ ကွမ်းယာဆိုင်မှာ သူ့အသက်အရွယ်ကြီးနဲ့ ထိုင်နေတာ တစ်နာရီလောက် ကြာတယ်၊ ပြီးမှ ကွမ်းယာသည်မက အဖေ့လက်ကိုတွဲပြီး အိမ်ဝအထိ လိုက်ပို့နေတာလေ၊ ကြာရင် ဒုက္ခဖြစ်လိမ့်မယ်၊ အဲဒါကြောင့် ကိုကြီးကိုပြောပြရင်း အဖေ့အတွက် ဘာဆက်လုပ်ရကောင်းမလဲလို့ တိုင်ပင်တာပဲ"

သည်တော့မှ ကျွန်တော်လည်း စိုးစိတ်ဖြစ်သွားမိ၏။ ရပ်ကွက်ထဲတွင် လမ်းထိပ်ကွမ်းယာဆိုင်မှသာ ကျွန်တော်က ဝယ်တတ်သည်။ နောက်မှလာဖွင့်သည့်ဘီယာဆိုင်နှင့် ကပ်လျက်ဖွင့်ထားသော ကွမ်းယာဆိုင်အား ကျွန်တော်က မသိခဲ့ပေ။ အဖေသည် ထိုဆိုင်မှကွမ်းယာကို ဝယ်စားနေသည့်အတွက် တက္ကစီမောင်းသော ကျွန်တော့်အဖို့ ထိတ်လန့်မိ၏။ အထူးသဖြင့် ကွမ်းယာဟူသည် လူတစ်ယောက်၏ ဘဝအား ပြောင်းလဲစေရန် ဖန်တီးလုပ်ဆောင်နိုင်သည်။

"ဒါဆို မဝယ်စေနဲ့တော့ ညီမလေး၊ အဖေ့အခြေအနေကို စောင့်ကြည့်ပြီး ညည်းက ထူးခြားရင် ကိုကြီးကို ပြောပြပေတော့"

"ဟုတ်ကဲ့ ကိုကြီး၊နောက်တစ်ခုပြောဖို့ ကျန်သေးတယ်၊ ကွမ်းယာဆိုင်ကို သွားပြီဆိုတာနဲ့ အဖေ့တစ်ကိုယ်လုံး ပေါင်ဒါတွေရိုက်သွားတာ အနံ့တထောင်းထောင်းနဲ့"

"အေး..အဲဒါဆို သိပ်မရိုးသားဘူး ကိုကြီးတက္ကစီထွက်ဆွဲလိုက်ဦးမယ်ကွာ၊ မှာတာမမေ့နဲ့"

ကျွန်တော်လည်း တက္ကစီမောင်းထွက်သည်နှင့် ဘီယာဆိုင်နှင့် ကပ်လျက်ရှိနေသော ကွမ်းယာဆိုင်အား သတိထားကြည့်မိသည်။

ဆံပင်အရောင်ဆိုးထားသော ကျပ်ကျပ်ထုပ်ထုပ် အဝတ်အစားများနှင့် စကတ်တို၊ ပေါင်တို အမျိုးသမီးနှစ်ယောက်ကို တွေ့ရ၏။ ထိုအပြင်အဆင်ကိုကြည့်ခြင်းဖြင့် လူ့စရိုက်အား ကျွန်တော်က အကဲခတ်တတ်ပါသည်။

"ဩော်...ဒါကြောင့်လည်း ညီမလေးက အဖေ့ကို စိုးရိမ်တာပါလား၊ သူတို့က ဘီယာဆိုင်နားမှာ ဆိုင်ဖွင့်တော့.....အင်း.....အခြေအနေတော့ သိပ်မကောင်းဘူး၊ အဖေ့ကို သတိပေးသင့်ရင် ပေးရမှာပဲ၊ အဖေကရော ဘာကြောင့်များ ဒီလိုဆိုင်မျိုးမှာ သွားထိုင်နေရပါလိမ့်"

ကျွန်တော် မစဉ်းစားတတ်တော့ပေ။ လွန်စွာမှရိုးသားသော အဖေ့ကိုယ်ကျင့်တရားအား ကျွန်တော်က အပျက်စီးမခံနိုင်ပါ။ အမေသည် သေသည်အထိ အဖေ့အား သစ္စာရှိသူဟု လေးစားခဲ့ရသူပင်။ ဘာမဟုတ်သည့် လုပ်ရပ်ကြောင့် အဖေတစ်သက်လုံး စောင့်ထိန်းခဲ့သည့်သိက္ခာအား အပျက်မခံလိုပါ။

တက္ကစီဂိတ်သို့ရောက်သည်နှင့် ကျွန်တော်က ဘဝတူတက္ကစီသမားများအားကွမ်းယာနှင့်ပတ်သက်၍ဖြစ်ပေါ်နိုင်သည့် ပြဿနာများကို မေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ.....ကောင်လေးရ၊ ငါ့မိတ်ဆွေတစ်ယောက်ဆို ဘဝပါပျက်သွားတာကွ၊ တက္ကစီမောင်းရင်း ကွမ်းယာလေးတမြုံ့မြုံ့ ဝါးနေရတာ အရသာလို့ထင်မှတ်ပြီး ယုံယုံကြည်ကြည် ဝယ်စားမိတယ်၊ နောက်တော့ စွဲသွားပြီး ကွမ်းမစားရမနေနိုင်ဖြစ်ပြီး နောက်တော့ ကိုယ့်ရဲ့ရှိသမျှပစ္စည်းနဲ့ငွေတွေ ပါသွားတော့တာပဲ၊ အိမ်ထောင်လည်းပျက်၊ သားသမီးတွေလည်း ဒုက္ခရောက်နဲ့ နောက်ဆုံးတော့ ကွမ်းစားမိခြင်းက တရားခံပေါ့ကွာ၊ မင်း ရော ကွမ်းဖာတ်လမ်းရှိနေပြီလား၊ ရှိရင်တော့ ဖြတ်ကွာ၊ ရှေ့ဆက်တိုးရင် ဒုက္ခရောက်လိမ့်မယ်"

"မရှိပါဘူး ဦးကြီးရာ၊ ကျွန်တော့်ဘော်ဒါတစ်ယောက်ရဲ့ အဖေက ကွမ်းယာဆိုင် သွားထိုင်တတ်တဲ့ အကျင့်ရှိလို့ မေးကြည့်ပေးတာပါ၊ အဲဒါ အန္တရာယ်ရှိတယ်မဟုတ်လား ဦးကြီး"

ကျွန်တော်ကကိုယ့်ထက်အတွေ့အကြုံများသော၊ ဗဟုသုတစုံသော ဦးကြီးလွန်းမောင်ကို မေးကြည့်နေခြင်းဖြစ်သည်။

"အေး...အန္တရာယ်သိပ်ရှိတာပေါ့ကွာ၊ မင်းမသိသေးတဲ့ ကွမ်းစားပုံပြင်တစ်ပုဒ်ကို ပြောပြရဦးမယ်၊ ဒီလိုကွ၊ ဦးကြီးရဲ့အစ်ကိုရင်းတစ်ယောက်အကြောင်းပေါ့၊ မင်း စောစောကပြောသလိုပဲ၊ ကွမ်းဝယ်စားလိုက်၊ ကွမ်းယာဆိုင်ထိုင်လိုက်နဲ့ နောက်ဆုံးတော့ ဟဲ...ဟဲ ဆေးမိသွားတာပေါ့ကွာ၊ လမ်းဘေးက ကွမ်းယာသည်မနဲ့ အကြောင်းပါပြီး အိမ်ပေါ်ခေါ်တင်လာတယ်၊ သူ့မိန်းမက ဆုံးသွားတာမှ မကြာသေးဘူး၊ ဒီလိုလုပ်ရမလားဆို ပြီးတော့ သားသမီးတွေက ရှက်ကြတယ်၊ အဲဒါထက်ဆိုးတာက အစ်ကို ယူလာတဲ့ ကွမ်းယာသည်မက သားသမီးသုံးယောက်ရှိတဲ့ တစ်ခုလပ်တစ်ယောက်၊ ကွမ်းယာဆိုင်မှာ ယောက်ျားတရုန်းရုန်းနဲ့နေလာတော့ စာရိတ္တက မကောင်း၊ ဒီတော့ သားသမီးတွေက အိမ်ကိုရောင်းချပြီး အမွေခွဲဖို့ အရေးဆိုလာကြတယ်၊ နောက်ဆုံးတော့ ကွမ်းယာကြောင့် အစ်ကိုကြီးလည်း ကိုယ်စိတ်ဆင်းရဲပြီး ဆင်းဆင်းရဲရဲ ဆုံးသွားရရှာတယ်ပေါ့ကွာ"



"ဒါဆို ကွမ်းယာသည်အမျိုးသမီးက ပစ္စည်းလည်းရရော ဦးကြီးအစ်ကိုကြီးကို စိတ်ဆင်းရဲအောင် လုပ်ခဲ့တာပေါ့နော်"

"ကောင်လေးရ၊ အဲဒီမိန်းမက တကယ်ချစ်လို့ ယူတာမှ မဟုတ်တာကွာ၊ ဒီတော့ အိမ်ရောင်းချပြီးလို့ အမွေခွဲပြီးတာနဲ့ မကြာဘူး၊ သူလည်း လင်ငယ်နဲ့ လိုက်ပြေးတော့တာပေါ့၊ အစ်ကိုကြီးတစ်ယောက်တည်း အထီးကျန် ကျန်ရစ်ခဲ့တာပေါ့ကွာ"

ကျွန်တော်လည်း ဦးကြီးစကားတွေကြောင့် အဖေ့အတွက် စိုးရိမ်သွားမိ၏။ သည်တော့ ညီမလေးထံ ဖုန်းဆက်ပြောပြီး အဖေ့အား မျက်လုံးဒေါက်ထောက်ကြည့်ထားရန် မှာထားရတော့သည်။

"ယောက်ျား၊ ရှင် အဖေ့ကို ပြောတဲ့စကားတွေက ရင့်သီးလွန်းတယ်နော်၊ ငရဲကြီးနေဦးမယ်၊ သိပ်မပြောပါနဲ့ရှင်"

မိန်းမက ကျွန်တော့်အားသတိပေးပြန်၏။ သူလည်း အဖေ့သတင်းအား ကြားသိပြီးဖြစ်၍ အကောင်းဆုံး ဖြစ်မည့်အကြံမျိုးကို ဝိုင်းပြီး စဉ်းစားပေးကြသည်။

"မင်းစဉ်းစားကြည့်လေကွာ၊ အိမ်မှာ ကွမ်းယာအတွက် ပစ္စည်းအစုံအလင် ဝယ်ပေးထားတာပဲ၊ အိမ်ပြင် ထွက်မစားပါနဲ့ဆိုတာ စားဖြစ်အောင် စားတယ်၊ ခိုးကြောင်ခိုး

www.burmeseclassic.com



ဝှက်သွားတယ်၊ လူမိတော့ ဟိုပြော ဒီပြောနဲ့ ဘယ်လောက် အသည်း ယားဖို့ကောင်းလဲ၊ ကလေးသာဆို ဟင်း..''

''တော်တော့ ယောက်ျား၊ ရှင့် စိတ်ကို လျှော့နော်၊ ဒီကိစ္စက အဖေ့ အပြစ်ချည်းပဲမဟုတ်ဘူး၊ အဖေ့ကို မြှူဆွယ်နေတဲ့ မိန်းကလေးကြောင့် ပဲ''

''မင်းတို့လည်း မိန်းမချင်းပြော ကြဦးကွာ''

သည်တော့ ညီမလေးက ဝင် ပြောလာတော့သည်။

''အစ်ကိုကြီးရယ်မိချိုပြောတာ မှ ပက်ပက်စက်စက်ကို ပြောတာပါ၊ ဒါကို မျက်နှာပြောင်တိုက်ရဲတာ အံ့ ရော၊ တမင်များ မခံချင်အောင် လုပ်နေသလားမသိဘူးနော်''

''သိပ်လည်းမပြောနဲ့ မိချို၊ အဖေ့ကို အသုံးချသွားမှ ဒုက္ခဖြစ် ကြလိမ့်မယ်၊ မလှိုင်တို့ရုံးက စာရေး ကြီးအဖေဆို သူ့တိုက်ခန်းဘေးမှာ ကွမ်းယာဆိုင်ဖွင့်တဲ့ မိန်းကလေးက သူ့ကိုမုဒိမ်းကျင့်ခဲ့ပါတယ်ပြောလို့ အရှက်တကွဲမဖြစ်အောင်လျော်ကြေး ပေးလိုက်ရတယ်၊ အသက် ၈၀ ကျော်အဘိုးကြီးက ဘာလုပ်နိုင်မှာ လဲ၊ သိသိကြီးနဲ့ အသားလွတ် ငွေ ကြေးဆုံးရှုံးခဲ့ရတာ ဘယ်လောက် နှမြောစရာကောင်းသလဲကွယ်''

''အဲဒါမျိုးတွေကြားရလေ မိချို အဖေ့အတွက် စိုးရိမ်လေပဲ မလှိုင်၊ တစ်ခါတစ်ခါများအဖေအပြင်မထွက် နိုင်အောင် အိပ်ဆေးတိုက်ထားရရင် ကောင်းမလားလို့တောင်အတွေးဝင် မိတယ်၊ ခက်ပါတယ် မလှိုင်ရယ်''

ကျွန်တော့်မှာ ညီမလေးထက် ပိုစိုးရိမ်နေရသူပါ။ အခုခေတ် မိန်း ကလေးများက သွက်၏၊ ရဲတင်း၏။ တန်ပြန်သက်ရောက်မှုပြင်းသည်။ ကလဲ့စားချေတတ်၏။ ကျွန်တော်စုံ စမ်း၍ ရသည့်သတင်းက မကောင်း ချေ။

**ဘယ်သူ ကောင်းကောင်း၊ မကောင်းကောင်း ကိုယ်ကောင်းဖို့ပဲ အရေးကြီးတယ် သား၊ ကံတရားကြောင့် လူတွေဟာ ဘဝတွေ ဆင်းရဲနိမ့်ကျရတာပါ၊ တကယ်တော့ လူတိုင်းအတူတူပါပဲကွယ်၊ ဆင်းရဲ၊ ချမ်းသာဆိုတာ ကံတရားနဲ့ပဲ ဆိုင်တာပါ...**

ယောက်ျားတကာအား ပိုင်းလုံး ဆန်ဆန် လုပ်စားနေသည့်သူများဟု သိရ၏။ ကွမ်းယာဆိုင်ကို ဗန်းပြပြီး ပြည့်တန်ဆာခေါင်းလုပ်နေကြောင်းသိ ရသည့်နောက် အဖေ့အတွက် စိုးရိမ် စိတ်က ပိုများသွားတော့သည်။

''မဖြစ်ဘူးကွာ၊ တစ်ခုခုတော့ စီစဉ်ရမှာပဲ''

''ရှင်က ဘယ်လိုစီစဉ်ဦးမှာလဲ ယောက်ျားရယ်''

''ဒီကွမ်းယာဆိုင်ကိုသက်ဆိုင် ရာက ဖယ်ရှားအောင် ဥပဒေနည်း ကျကျ ဖြေရှင်းရမှာပေါ့၊ ပြည့်တန် ဆာခေါင်းလုပ်နေတယ်လို့ သတင်း ရထားတယ်၊ မူးယစ်ဆေးဝါးပါ ရောင်းနေသလားမှ မသိတာကွာ၊ သေချာအောင် စုံစမ်းကြည့်ရမယ်''

''အန္တရာယ်ပေးနေပါဦးမယ် ယောက်ျားရယ်၊ အဖေ့ပြဿနာပဲ ဖြေရှင်းပါဦးရှင်''

''အေး.....သေချာအောင် စုံစမ်းပြီး မကောင်းမှုဒုစရိုက်လုပ်နေ သူတွေကို ဖော်ထုတ်ပစ်ရမယ်၊ တစ်မျိုးသားလုံး အကျင့်စာရိတ္တ ပျက်ပြားစေတဲ့လုပ်ရပ်မျိုးကို အမျိုး သားရေးစိတ်ဓာတ်နဲ့ ကာကွယ်ရမှာ ပေါ့ကွာ''

ကျွန်တော်က ရပ်ကွက်တွင်းရှိ လူငယ်များကိုသတင်းမှန်ရယူနိုင်ရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံစမ်းလိုက် ၏။ တစ်ဖက်တွင်လည်း ကွမ်းယာ ဆိုင်မှ အမျိုးသမီး၏နောက်ကြောင်း ရာဇဝင်ကို စုံစမ်းနိုင်သည်။ သုံးလင် ပြောင်းခဲ့ပြီး နောက်ဆုံးတွဲခဲ့သည့် ယောက်ျားက ပြည့်တန်ဆာခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ရာ သူမက မိန်းကလေးငယ်များကို စည်းရုံးခေါ်ဆောင်ပေးသူဖြစ်၏။

"သူကိုယ်တိုင် အဖေ့ကို မြှူဆွယ်ပြီး ကောင်မလေးတွေနဲ့ ဖြားယောင်းခိုင်းလိုက်ရင် ဒုက္ခပဲကွာ၊ ဒီ ကိစ္စမျိုးက ယောက်ျားတိုင်းရှောင်နိုင်ဖို့ခက်ခက်ပဲ၊ ကွမ်းယာဆေးနဲ့တွေ့ လို့ကတော့ သွားပြီကွာ၊ ဦးကြီးအစ်ကိုလိုဖြစ်သွားမှ တို့မောင်နှမ အိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းရမှာပဲ"

ထိုသို့ပြောနေချိန်မှာပင် အိမ်ရှေ့ဆီမှ ခေါ်သံစူးစူးကို ကြားရတော့သည်။ ညီမလေးက ခေါင်းပြူကြည့်ပြီးနောက် မဲ့ကာရွဲ့ကာဖြင့် ကျွန်တော့်အားပြောပြ၏။

"ဟော..အဲဒီမိန်းမပဲ ကိုကြီး၊ အဖေ့ဆီ ဘာလာပေးပြန်ပြီလဲမသိဘူး"

"နေ..ညည်းမသွားနဲ့၊ ကိုကြီးပဲ သွားမယ်"

ကျွန်တော်လည်းဒေါသဖြစ်ဖြစ်နှင့် ပုဆိုးတိုတိုဝတ်ကာ အိမ်တံခါးမှ ရပ်၍ ခြံဝသို့ လှမ်းမျှော်ကြည့်လိုက်၏။

"ဘယ်သူလဲ၊ ဘာကိစ္စလဲ"

တိုတိုနှင့်ပြတ်ပြတ်မေးလိုက်ရာ ထိုအမျိုးသမီးမှာ အနည်းငယ်တွန့်သွား၏။ ကျွန်တော်မရှိချိန်မှ လာတတ်ရာတကၠစီမတွေ့၍ရောက်လာခြင်းသာ ဖြစ်ပေမည်။ ကျွန်တော်က တက္ကစီကိုပြင်စရာရှိ၍ ဝပ်ရှော့ခ် ပို့ထားခဲ့၏။

"ဩော်...ဘဘကြိုက်တဲ့ ဆိတ်သားဟင်း လာပို့တာပါရှင်၊ ဘဘက စားချင်တယ်ဆိုလို့ပါ"

အဖေနှင့်ချိတ်ဆက်ထားပုံရ၏။ ဆိတ်သားဟင်းကို အိမ်တွင်မချက်၍ အဖေက ပြောပြထားဟန်တူသည်။ အဖေ့လုပ်ရပ်ကို ကျွန်တော် နားမလည်တော့ပါ။

"ကျေးဇူးတင်ပါတယ်၊ ခင်ဗျား ဟင်းကို ပြန်ယူသွားပါဗျာ၊ နောင်ကို အဖေ့ကို အခုလိုစေတနာပိုတာမျိုး ကျွန်တော် လက်မခံနိုင်ပါဘူး၊ အဖေ့ ကိုကျွေးမွေးဖို့ ကျွန်တော်တို့ မောင်နှမတွေ ရှိပါတယ်ဗျာ"

အမျိုးသမီးက မျက်နှာပျက်သွားသော်လည်း အပြုံးမပျက်ပေ။ ကျွန်တော့်အား မထိတထိအမူအရာဖြင့်...

"ဟုတ်ပါတယ်၊ရှင်ပြောတာကို လက်ခံပါတယ်၊ ဒါပေမဲ့ တစ်ခုသိထားရမှာက မိဘအကြိုက်ကို မသိတဲ့ သားသမီးမျိုး လောကကြီးမှာ ရှိတတ်ကြပါတယ်၊ ဒီတော့ ဘဘရဲ့ အာသီသရှိနေတဲ့အရာကို ဖြည့်ဆည်းပေးဖို့ ရှင်တို့ကိုယ်တိုင် နားလည်အောင် လုပ်ကြပါဦးနော်၊ ကျွန်မကို ခွင့်ပြုပါဦးရှင်"

သူမ၏ဆိုလိုရင်းကို ကျွန်တော်က ချက်ချင်းသိလိုက်၏။ သူမက ပညာသားပါပါ စကားထည့်သွားပြီး အဖေ့အား ဒုက္ခပေးရန် ကြံစည်ထားပြီးသား ဖြစ်နေပါလိမ့်မည်။ ကျွန်တော် ပို၍ အစိုးရိမ်ဆုံးအခြေအနေသို့ ရောက်သွားတော့သည်။

* * *

"မင်းက နွယ်လေးဟင်းလာပို့တာကို လက်မခံဘူးဆို၊ အဖေက သူ့ကို ဆိတ်သားဟင်းချက်ရင် လာပို့ဖို့ ပြောထားတာကွ၊ နွယ်လေးလက်ရာက မဆိုးဘူး"

အဖေ့အား ထောင်းခနဲ ဒေါပွသွားမိ၏။ အဖေသည် တကယ်ပဲ ထိုအမျိုးသမီးနှင့် ပတ်သက်နေပြီလား မသိပေ။ အဖေ့ကို ကျွန်တော် မေးလိုက်ချင်၏။ သို့သော် နှုတ်ကမထွက်ရက်ပေ။

"ဘယ်လောက်အားနာစရာကောင်းသလဲကွယ်၊ နွယ်လေးက အဖေ့ကို စေတနာနဲ့ ချက်ကျွေးရှာတာပါကွာ"

ကျွန်တော် နားခါးလာ၏။ အဖေသည် ဘာကြောင့်များ ထိုမိန်းမအပေါ် ဂရုစိုက်နေပါလိမ့်။ ကျွန်တော် အမေ့ကိုသတိရသွား၏။ သည်အချိန်တွင် အမေရှိနေလျှင် အဖေ ထိုသို့ပြောနေမည်မဟုတ်ပါ။

"ကွမ်းဆိုလည်း ငွေမယူဘူး၊ ဟင်းဆိုလည်း စားချင်တာ ချက်ကျွေးလိုက်တာပဲ၊ အိမ်နီးချင်းဆိုတာ ဒီလိုပေါ့ သားရာ၊ အဆင်ပြေအောင် နေကြရတာပဲပေါ့"

"အဖေ...ဒီမိန်းမအကြောင်း ဒီလောက်တောင် ဦးကာချဲ့ပြောနေစရာ မလိုပါဘူးဗျာ၊ အဖေ့မှာ သူ့အကြောင်း ပြောစရာပဲရှိသလား၊ အမေ့နှစ်ပတ်လည်နေ့ကို ဘာကျွေးမလဲ၊ ဘယ်တော့ ဖိတ်ရမလဲ၊ ဘာတွေလှူပေးမလဲဆိုတာ မတွေးတော့ဘူးလားဗျာ"

ကျွန်တော့်စကားအား အဖေ

လည်း နားလည်နေပါလိမ့်မည်။ နွယ် လေးဟု ရင်းရင်းနှီးနှီး သုံးနှုန်း နေသည်ကို မကြားလိုပါ။ အဖေ့နှုတ် ဖျားတွင် အမေ့နာမည် မရှိတော့ ဘူးလားဟု သတိပေးလိုက်ချင်၏။

"မင်းတို့အမေနှစ်လည်က နှစ် စဉ်လုပ်ပေးနေကျပဲကွယ်၊ သားတို့ပဲ စီစဉ်နေတာလေ၊ အဖေ ဘာပြော စရာ လိုသေးလဲ သားရယ်"

ကျွန်တော်စိတ်ကွက်သွားမိ၏။ အဖေ့အားဆက်ပြောနေလျှင် ပေါက် ကွဲတော့မည်မှာ သေချာနေသည်။ ညီမလေးလည်း ကျွန်တော့်အနားသို့ ရောက်လာ၏။ အဖေနှင့်ပဋိပက္ခဖြစ် မည်ကို စိုးရိမ်နေပုံပါ။

"အဖေ..အဖေစားချင်တာရှိရင် ညီမလေးကို ပြောပါဗျာ၊ တစ်မိန်းကို ပြောလိုက်တာ ကျွန်တော်တို့သား သမီးတွေ သိက္ခာကျပါတယ်၊ ဘယ် ကောင်းပါ့မလဲဗျာ"

"ဟေ.....အဖေက စကား စပ်မိလို့ ပြောတာပါ သားရာ၊ တခြား ဘာရည်ရွယ်ချက်မှ မရှိပါ ဘူး၊ ပြီးတော့လည်း ဒီမိန်းကလေး က သဘောထားပြည့်တယ်၊ စိတ် ဓာတ်လေး မဆိုးဘူးကွဲ့၊ ဒါကြောင့် မို့ အဖေလည်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပြောမိတာပါကွယ်"

အဖေ့စကားများက ကုန်နေ ပေပြီ။ ကျွန်တော့်မှာ ဆက်စရာ စကား မရှိတော့ပေ။ အဖေသည် ထိုမိန်းမအပေါ် အကောင်းပြောနေမှ တော့ ကျွန်တော့်စကားများက တိုး တော့မည် မဟုတ်ပါ။

"လူတိုင်းအပေါ် ယုံကြည်စိတ် မထားပါနဲ့ အဖေ၊ မာယာများတဲ့ မိန်းမတွေ လောကမှာ အများကြီး ပါဗျာ၊ အဲဒီ နွယ်လေးဆိုတဲ့ အဖေ အထင်ကြီးတဲ့ မိန်းမအကြောင်း အဖေ သေသေချာချာ လေ့လာ ကြည့်လို့လား၊ သူ့အကြောင်းတွေ အဖေဘယ်လောက်သိလို့လဲဗျာ"

"ဘယ်သူကောင်းကောင်း၊ မကောင်းကောင်း ကိုယ်ကောင်းဖို့ပဲ အရေးကြီးတယ် သား၊ ကံတရား ကြောင့် လူတွေဟာ ဘဝတွေဆင်း ရဲ နိမ့်ကျရတာပါ၊ တကယ်တော့ လူတိုင်း အတူတူပါပဲကွယ်၊ ဆင်းရဲ ချမ်းသာဆိုတာ ကံတရားနဲ့ပဲ ဆိုင် တာပါ သားရယ်"

အဖေက ကျွန်တော့်အား ပြန် နားချနေသေးသည်။ သည်လို ကံ တရားအကြောင်းကိုသိနေမှ အဖေ က ဂုဏ်သိက္ခာကျမည့်လုပ်ရပ်မျိုး ဘာကြောင့်လုပ်ချင်နေပါလိမ့်ဟု ကျွန်တော် တွေးမရခဲ့ပါ။ မိဘဟူ သည် အစားထိုးမရမှန်း ကျွန်တော် နားလည်ပါ၏။ သို့ပေမယ့်ကိုယ့်မိဘ အား လက်ညှိုးထိုးပြောလာမည့် စကားများအတွက် ကျွန်တော့်မှာ ခံနိုင်ရည်မရှိပေ။

"အဖေ ကွမ်းယာဆိုင်မှာသွား ထိုင်နေတာ မကောင်းပါဘူးဗျာ၊ ပတ်ဝန်းကျင်က အဖေ့ကို အပြစ် ပြောလာကြလိမ့်မယ်၊ပြီးတော့....."

"ကိုယ်မှန်ရင် ပြီးတာပဲ သား ရာ၊ အဖေတော့ ဘယ်သူ့မှ ဂရု မစိုက်ပါဘူး"

ဖွတ်တရွတ်နိုင်သည်ပဲလား၊ ပတ်ဝန်းကျင်ကိုဂရုမစိုက်သည်လား တော့ ကာယကံရှင်အဖေသာ အသိ ဆုံးဖြစ်ပါလိမ့်မည်။ ကျွန်တော့်အား မိန်းမဖြစ်သူက သတိပေးလိုက်မှ ကျွန်တော်လည်း စကားပြောခြင်းကို ရပ်လိုက်ရတော့၏။ အဖေ့အား မည်သို့ပင် ပြောနေပါစေ အဖေက သူ့လုပ်ရပ်အား ပြုပြင်မည် မဟုတ် ပါ။ ကွမ်းယာသည်မအား နွယ်လေး ဟု ခေါ်သည်ကိုက အဖေ အခြေ အနေမကောင်းမှန်း ကျွန်တော်က ရိပ်မိလိုက်သည်။

သည်တော့ ယောက်ျားချင်း ကိစ္စကို ကျွန်တော်တို့ယောက်ျားများ သာ ပိုနားလည်၏။ တစ်ကိုယ်တည်း အနေကြာလာသည့်အဖေ့အတွက် ဆေးပေးမီးယူ လိုအပ်မည်ဟု ကျွန် တော်က စာနာစိတ်ဖြင့်.....

"အဖေ့ကို သင့်တော်တဲ့ မိန်း ကလေးတစ်ယောက်ယောက်နဲ့ အိမ် ထောင်ချပေးလိုက်ရအောင်လားကွာ၊ ညီမလေးရော ဘယ်လိုသဘောရ လဲ"

"ဟင့်အင်း.....ဟင့်အင်း၊ ကျားကြောက်လို့ ရှင်ကြီးကို၊ ရှင် ကြီးကျားထက်ဆိုးဖြစ်နေဦးမယ် ကို ကြီးရယ်၊ အဖေ့ကိုယူမယ့် မိန်း ကလေးကရော စိတ်ရှည်ပါ့မလား၊ ပြီးတော့ မိဘကို အိမ်ထောင်ချ ပေးလိုက်ရင် ကိုကြီးနဲ့ ညီမလေးကို အပြစ်တင်ကြတော့မှာပေါ့၊ အရင် ဆုံး အပြစ်ပြောလာမယ့်သူက မမ ကြီးနော်"

"ဟုတ်တယ် ယောက်ျား တော်ကြာ အဖေ့ကိုတောင် နိုင်တို့ က မထိန်းနိုင်ကြဘူးလားလို့ ပြော

www.burmeseclassic.com

မှာပေါ့၊ စဉ်းစဉ်းစားစားလုပ်ဦးနော်''

ကျွန်တော်မည်သို့ဆုံးဖြတ်ချက် ချရပါမည်နည်း။ အဖေ့အတွက်နှင့် ကျွန်တော့်မှာ မအိပ်နိုင်၊ မစားနိုင် ဖြစ်နေပြီး မမကြီးနှင့်တိုင်ပင်ရန် ကျွန်တော် စဉ်းစားရပါဦးမည်။ သည်တော့ သက်ပြင်းမောကို အခါခါ ချမိတော့သည်။

ဒွ ဒွ ဒွ

''ငါ့မောင် အိမ်ရောင်းတော့မ လို့ဆို၊ အဖေခွင့်ပြုလို့လားဟယ်''

''အဖေ့ကိုတိုင်ပင်နေရင် ဖျက် မှာပဲ၊ ဖျက်လောက်အောင်လည်း အဖေ့မှာ အကြောင်းပြချက်ရှိနေ တယ် မမကြီး''

ကျွန်တော်က အိမ်ရောင်းမည့် ကိစ္စအား မမကြီးနှင့်တိုင်ပင်လိုက် ၏။ ညီမလေးက ကျွန်တော်နှင့်အတူ နေမည့်သူဖြစ်၍ ကျွန်တော်စီမံရာကို လိုက်နာမည့်သူပါ။

''ဘာအကြောင်းပြချက်လဲ ငါ့ မောင်''

''မမကြီးသိအောင် ပြောပြရ ရင်.....''

ဤသို့အစချီလျက် ကျွန်တော် က အဖေ့အကြောင်းကို ပြောပြ လိုက်မိ၏။ နားထောင်ပြီးနောက် မမကြီးမှာ မယုံချင်ပေ။ ကျွန်တော် က အဖေ့အခြေအနေအား ဆက် ရှင်းပြလိုက်မှ မမကြီးလည်း အံ့ဩ သွားတော့၏။

''ဟယ်.....ဟုတ်ရဲ့လား ငါ့ မောင်ရယ်၊ သေရောသေချာလို့ လား။ မင်းပြောတာ ဟိုးက ကွမ်း ယာဆိုင်မှာ ထိုင်ရောင်းနေတဲ့ ကောင်မ မဟုတ်လား''

မမကြီးသည် ပြောရင်းနှင့် ဒေါသဖြစ်လာပုံရ၏။ ကျွန်တော့် အား မေးရင်းနှင့် ကွမ်းယာဆိုင်ရှိရာ သို့ ခေါင်းထောင်ကြည့်လိုက်သည်။

''အဲဒါ ဇယားတွေပဲကွ၊ အဖေ တစ်ယောက်တော့ခက်ပြီ၊ ဒါတွေနဲ့မှ သွားပတ်သက်နေရသလား၊ ဟင်း''

''ဟုတ်တယ် မမကြီး၊ အဲဒီ ကိစ္စကြောင့် အဖေ့အတွက် ဒီနေရာ ကနေ ပြောင်းပြေးချင်တာပဲ၊ ဝေး ဝေးမှာဆို မကောင်းဘူးလား''

''သိပ်လည်း မဝေးပါနဲ့ဟယ်၊ ကိုယ့်ဆွေမျိုးသားချင်းမရှိတော့ရင် ငါလည်း အားငယ်တာပေါ့၊ ဩော်...ငါ့မောင်က ဒါကြောင့် ပြောင်းချင်နေတာကိုး''

''ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် တို့လည်း ကိုယ်ကြီးပြင်းလာတဲ့ နေရာလေးပါပဲ၊ သံယောဇဉ်ဖြစ်မိ တာပေါ့၊ ဟိုမိန်းမကြောင့်သာ ပြောင်းရမှာပါဗျာ၊ တော်ကြာအဖေ့ ကိုဆုံးရှုံးခံရလိမ့်မယ်''

''အေး.....မမကြီး သဘော ပေါက်ပါတယ် ငါ့မောင်၊ ဒီတော့ မမ ကြီး မတားတော့ပါဘူးကွယ်၊ မင်း ဘာသာ ကြည့်လုပ်ပေတော့''

မောင်နှမသုံးယောက် တိုင်ပင် ကြပြီးနောက် မကြာမီတွင် ကျွန် တော်က အိမ်ပွဲစားများထံ စုံစမ်း လိုက်၏။ ကျွန်တော့်မိတ်ဆွေတစ် ယောက်၏ဆက်သွယ်ပေးမှုကြောင့် ဈေးကောင်းရလိုက်သည်။ မိတ် ဆွေသက်သေကောင်းမှုဖြင့် အဖေ မပါဘဲ လက်မှတ်ထိုးရောင်းချနိုင်ခဲ့ ၏။

''ကျွန်တော့်အဖေက အသက် ကြီးတော့ မှတ်ဉာဏ်တွေ ချို့ယွင်း သွားပြီဗျာ၊ ဒါကြောင့်မို့ သားသမီး တွေက တာဝန်ခံပြီး ရောင်းရမှာပါ၊ စိတ်ချ၊ သားသမီးသုံးယောက်စလုံး လက်မှတ်ထိုးပေးမှာပါဗျာ''

သည်တော့ အရောင်းအဝယ် တည့်သွားရသည်။ တစ်ဖက်က အရောင်းထွက်သည်နှင့် အိမ်သန့် သန့်နှင့် နေရာကောင်းကို ပြန်ရှာရ ပြန်၏။ မမကြီး၏ရသင့်ရထိုက်သည် ကို ခွဲဝေပေးပြီးမှ ကျွန်တော်တို့က ထိုရပ်ကွက်ထဲမှ အပြီးပြောင်းခဲ့ကြ တော့၏။

''ဟော့...သားရေဒီပစ္စည်းတွေ ရောင်းပစ်မလို့လားကွ၊ မလုပ်ပါနဲ့ ကွာ၊ ဒီဗီရိုကြီးက ရှေးဟောင်း ပစ္စည်းကွ၊ တန်ဖိုးကြီးတယ်''

''အဖေ...ပြီးတော့ရှင်းပြပါ့မယ် ဗျာ၊ သယ်သွားကြ ကောင်လေးတွေ ရေ''

အဖေက နားမလည်သည့် မျက်လုံးများဖြင့် နှမြောစွာ ကြည့် နေရာ ကျွန်တော်လည်း အဖေ့အား မည်သို့ပြောပြရမည်ကို စဉ်းစား လိုက်၏။

''ဟော..ငါ့ခုတင်ကြီးကိုဘယ် ရွှေ့ဦးမှာလဲကွ၊ ဘာကြောင့်ဖျက် နေကြတာလဲ''

''အဖေ.....ထိုင်နေပါနော်၊ နောက်မှ သားပြောပြပါ့မယ်''

''မင်းက နောက်မှပြောမယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောမယ်နဲ့ အိမ်ပေါ်က ငါ့ပစ္စည်းတွေကုန်တော့မယ်၊ဘာတွေလုပ်နေတာလဲ ငါ့သား''

''ဟိုလေ...ဟိုဟာ အဖေရာ၊ ဩော်.....အေး....အေး၊ ငါလာပြီ..လာပြီ''

ကျွန်တော်က အဖေ့အနားမှ ထွက်ရန် ဟန်ဆောင်ပြောပြီးနောက် ပြေးထွက်သွားလိုက်၏။ မိန်းမနှင့် ညီမက ရင်တမမဖြင့် ဘုရားစာများကို ရွတ်ဖတ်နေတော့သည်။

''ဖြစ်ပုံမလားယောကျ်ားရယ်၊ အဖေက ဖွတ်တရွတ်ကြီးနော်၊တော်ကြာ ကျော်မကောင်းကြားမကောင်းတွေ ဖြစ်ကုန်ဦးမယ်''

''မမကြီးကိုပါလှမ်းခေါ်လိုက်ရမလား ကိုကြီး''

ကားကြီးပေါ်သို့ ပစ္စည်းများနောက်ဆုံးအကြိမ် အကုန်ရောက်ပြီးမှ ကျွန်တော်က တက္ကစီပေါ်သို့ တက်ရန် အဖေ့အား ခေါ်ဆောင်ရတော့သည်။

''အဖေ ကျွန်တော် ဒီအိမ်ကို ရောင်းလိုက်ပါပြီ၊ နောက်အိမ်ကို ပြောင်းဖို့ အဖေ ကားပေါ်တက်တော့နော်၊ ပစ္စည်းတွေဟိုကိုအကုန်ရောက်နေကြပါပြီဗျာ''

''ဘာ....မင်းက ဘယ်သူ့ကို တိုင်ပင်ပြီး ရောင်းလိုက်တာလဲ''

''မမကြီးနဲ့တိုင်ပင်ပြီးမှ ရောင်းလိုက်တာပါ အဖေ၊ အဖေ့ကို မပြောရက်လို့ပါဗျာ''

အဖေ့မျက်နှာတွင် ဝမ်းနည်းခြင်းအရိပ်အငွေ့က ချက်ချင်းပြလာ၏။ အဖေ့မျက်လုံးအိမ်တွင် မျက်ရည်ကြည်လေးများကပြည့်လျှံဝန်းရံသွား၏။ သို့သော် အဖေက မငိုပေ။ တည်ငြိမ်သောစကားဖြင့် ကျွန်တော့်အား ဆုံးမနေသည်။

''မိဘ မသေသေးပါဘူးကွာ၊ မင်းတို့လုပ်ရပ်ကို ဘယ်မိဘမှ ခွင့်မလွှတ်နိုင်ဘူး ငါ့သား၊ မခံနိုင်တဲ့ မိဘဆို မင်းတို့ကို တရားပြန်စွဲကြလိမ့်မယ်၊ ဒီအိမ်က အဖေ့အိမ်ပါကွာ''

''အိမ်က ချုံးချုံးကျတော့မယ် အဖေ၊ အဲဒီအချိန်မှ ပြန်ပြင်ရင် ကျွန် တော်လည်း မတတ်နိုင်ဘူး၊ အဲဒါ ကြောင့် ရောင်းလိုက်တာပါ အဖေ''

အဖေသည် မခို့တရို့အပြုံးမျိုးဖြင့် ကျွန်တော့်အား ခနဲ့လိုက်သည်။ ကျွန်တော်တို့မောင်နှမ တိုင်ပင်ပြီး ရောင်းလိုက်သည့်အကြောင်းပြချက်အား အဖေလည်း သိနေမည်ပင်။

''မင်းတို့ကိုအဖေမွေးထားတာပါကွယ်၊ ကိုယ့်သားသမီးမှာဘယ်လိုစိတ်ဓာတ်မျိုးရှိသလဲဆိုတာ မိဘတိုင်းက သိကြပါတယ်ကွာ၊ အဖေစိတ်မကောင်းဖြစ်ရတာက ဒီအိမ်၊ ဒီနေရာလေးဟာ အဖေ့ရဲ့မိဘနဲ့ဇနီး ခေါင်းချခဲ့တဲ့နေရာလေးမို့ အဖေဝမ်းနည်းမိတာပါ၊ ပြီးတော့ သမီးကြီးကို ထားခဲ့ရမှာလည်း အဖေ စိတ်မချဘူး''

ကျွန်တော်က အဖေ့အား မေးလိုက်ချင်နေ၏။ အဖေ့တွင်ထိုအသိ၊ ထိုအတွေး ရှိခဲ့သည်ကိုပဲ ကျေးဇူးတင်ရပေမည်။ အဖေ့အကြောင်းပြချက်က ဒါအကုန်ပဲလားဟု ပြောလိုက်ချင်၏။

''ဒီနေရာကနေ မင်းတို့ ဘာကြောင့်ပြောင်းသလဲဆိုတာအဖေသိပါတယ်ကွာ၊ မင်းတို့ကအဖေ့ကိုမယုံကြည်ကြသူတွေပဲကိုး၊ အေးလေ၊ ရောင်းချပြီးမှတော့ အဖေလည်း မပြောတော့ပါဘူး၊ မင်းတို့က အဖေ တစ်ယောက်လုံး ရှိပါသေးလားလို့ သဘောမှမထားချင်ကြတော့ အဖေ့ ကံပဲပေါ့ကွာ''

''အဲဒီလိုမထင်ပါနဲ့ အဖေရယ်၊ သားတောင်းပန်ပါတယ်၊ တစ်ရွာမပြောင်းသူကောင်းမဖြစ်တဲ့၊ အိမ်ကိုတွေ့ရင် အဖေကြိုက်မှာပါဗျာ၊ ရှယ်ပဲ''

''အေးပေါ့ကွာ၊ မင်းတို့က အဖေ့ကို ချည်ပြီးတုပ်ပြီး ခေါ်လာမှ တော့ အဖေ သေရဲရတော့မှာပေါ့''

အဖေသည် ထိုစကားဖြင့် စကားနာထိုးပြီးနောက် တက္ကစီရှေ့ခန်းတံခါးကို ဆွဲဖွင့်၍ ထိုင်လိုက်သည်။ ကျွန်တော်လည်း အိမ်တံခါးကိုသော့ခတ်ပြီး မြန်မြန်ဆန်ဆန်ပင် ကားမောင်းထွက်သွားလိုက်ရတော့သည်။ အဖေ စိတ်ပြောင်းသွားမည်ကို စိုးရိမ်နေမိပြန်၏။

✤ ✤ ✤

''ယောကျ်ား...အဖေ့ကိုကြည့်ရတာ တမှိုင်မှိုင်နဲ့ရှင်၊ ထမင်းလည်း သိပ်မစားဘူး၊ အားဆေးတိုက်ဦးနော်၊ ရှင်ကိုယ်တိုင်တိုက်မှ သောက်လိမ့်မယ်''

မလှိုင်ကကျွန်တော့်ကိုပြောပြ

www.burmeseclassic.com

www.burmeseclassic.com


၏။ ကျွန်တော်လည်း အဖေ့အတွက် အားဆေးမျိုးစုံကို ဝယ်ယူပေးခဲ့သည်။ အဖေက သူ့ဘာသာသူ သောက်မည်ဆိုပြီး ငြင်းဆန်၏။

"အားဆေးကူမှ အားပြည့်နိုင်တာ အဖေ၊ အားဆေးတွေ မနေမြောနဲ့နော်၊ ကုန်တာနဲ့ သားဝယ်ပေးပါ့မယ်"

"အေးပါကွာ"

အဖေသည်တစ်စုံတစ်ယောက်အား သတိရနေပုံဖြင့် အပြင်သို့ငေးကြည့်ပြီး တွေးနေတတ်သည်။ ညီမလေးက အဖေ့အခြေအနေကို ချောင်းကြည့်ပြီး ကျွန်တော့်ထံ သတင်းပို့ခဲ့၏။

"မိချိုကိုတောင် အဖေက စကားသိပ်မပြောတော့ဘူး ကိုကြီး၊ ထမင်းတောင် ကောင်းကောင်းမစားဘူး၊ အိပ်ရာပေါ်လှဲနေတာပဲ"

"လမ်းတွေဘာတွေလျှောက်ဖို့ သတိပေးလေကွာ၊ မဖြစ်သေးပါဘူး၊ အဖေ့ကို အပြင်ခေါ်ထုတ်ဦးမှပဲ"

ကျွန်တော်က အဖေ့ကို အပြင်ခေါ်ရန် တက္ကစီပေါ်ခေါ်လိုက်သည်။ အဖေကမလိုက်ပေ။ငြင်းဆန်နေ၏။

"အဖေဘယ်မှမသွားချင်တော့ပါဘူးကွယ်၊ အိမ်ထဲမှာပဲတရားထိုင်၊ တရားမှတ်လုပ်ချင်တယ်"

"အပြင်မှာ လေကောင်းလေသန့် ရှုရအောင်လို့ပါ အဖေရယ်"

"အဖေတို့ဗုဒ္ဓဘာသာမှာ တရားရှုမှတ်တာက ထွက်သက်၊ ဝင်သက် မှတ်တာပါပဲကွယ်၊ အထူးတလည် လေကောင်းလေသန့် ရှုစရာမလိုပါဘူးကွယ်"



ကျွန်တော်လည်း အဖေ့ကို လက်လျှော့လိုက်ရ၏။

၅ ၅ ၅

"အဖေစားဖို့ ကွမ်းဝယ်လာတယ်"

"အဖေ ကွမ်းဖြတ်လိုက်ပါပြီကွာ"

ကျွန်တော် အံ့ဩသွား၏။ အဖေ့ကို ချက်ချင်းဖြတ်နိုင်မည်ဟု ကျွန်တော်က လုံးဝထင်မထားပါ။

အဖေက
သူ့သိက္ခာကိုအသက်ပေးပြီး
သက်သေပြခဲ့တာပဲ ကိုကြီး၊
ညီမလေးတို့ မှားခဲ့ပြီရှင်၊
အဖေ ဒီလိုသာ
ဖြစ်မယ်ဆိုရင်
သူ့အိမ်ကိုမရောင်းခဲ့ပါဘူး၊
အဖေ့ကို
ဒီအိမ်ခေါ်ပြီး
သတ်လိုက်သလို
ဖြစ်နေပြီ . . .

www.burmeseclassic.com

www.burmeseclassic.com



အဖေသည် နာကြည်းခြင်းကြောင့်လား၊ သို့မဟုတ်ပါက သူကိုယ်တိုင်ကပင် သတိရစိတ်အား ဖြေသိမ့်လိုက်ခြင်းပဲလား၊ တစ်ခုခုပင်ဖြစ်ပေမည်။

အဖေသည် ကျွန်တော်တို့နှင့် တဖြည်းဖြည်းဆန့်ကျင်ဘက်အသွင်ကို ဆောင်လာ၏။ တစ်စတစ်စသိလာချိန်တွင် အဖေသည် ကျွန်တော်တို့အား စိတ်ကောက်နေမှန်းသိသွားရသည်။

§ § §

"ကိုကြီး...လုပ်ပါဦး၊ အဖေ့ကို ခေါ်လို့မရတော့ဘူး"

အိပ်ရာမှ စောစောထတတ်သည့်အဖေသည် နံနက် ၈ နာရီထိုးသည့်တိုင် အိပ်နေ၍ ညီမလေးက အနားကပ်၍ အခြေအနေသွားကြည့်ခဲ့၏။ နောက်တော့အဖေ့လက်လေးကိုစမ်းကာ ခေါ်လိုက်ချိန်တွင် အဖေက မလှုပ်မယှက်ဖြစ်နေသည်။သည်တော့ ကျွန်တော်ရှိရာ ကားပြင်နေသည့်နေရာသို့ လာပြောခဲ့ခြင်းဖြစ်၏။ ကျွန်တော်လည်း ပူပန်ခြင်းများစွာဖြင့် အဖေ့ထံသို့ အပြေးသွားကြည့်မိသည်။

"ဟင်...တစ်ကိုယ်လုံး တောင့်နေပြီပဲ၊ အဖေညကတည်းက ဆုံးသွားပုံပဲ ညီမလေး"

"ရှင်..အဖေသေပြီ၊ ဟုတ်လား၊ အဖေ...အဖေ့၊ ဟီး...အီး..အီး၊ သမီးကို ထားခဲ့ပြီလား အဖေရယ်"

"အဖေ တို့မောင်နှမကို ထားသွားခဲ့ပြီကွာ၊ မမကြီးဆီ အကြောင်းကြားရမယ်"

ကျွန်တော်က ဖုန်းဖြင့် မမကြီးထံ အကြောင်းကြားချိန်တွင် မလှိုင်နှင့်ညီမလေးက အဖေ့ကို မျက်တောင်မခတ်ဘဲကြည့်နေပြီးငိုနေကြတော့သည်။

"အဖေက စိတ်ဆိုးနေတာ ကိုကြီး၊ဒီအိမ်ကိုပြောင်းလာကတည်းက မိချိုကို စကားမပြောတော့ဘူး၊အဖေ့အိပ်ရာအောက်ကို တံမြက်စည်းလှည်းတိုင်း ကိုကြီးတိုက်တဲ့ အားဆေးတွေ လွှင့်ပစ်ထားတာ နေ့တိုင်းတွေ့ရတယ်၊ ကိုကြီးစိတ်မကောင်းဖြစ်မှာစိုးလို့ မိချို မပြောဘဲ ထားခဲ့တာပါ၊ အီး..... ဟီး....ဟီး"

ကျွန်တော် မှင်တက်သွားတော့၏။ အဖေသည် တကယ့်ကို ကျွန်တော်တို့မောင်နှမအပေါ် မုန်းတီးစိတ်နာသွားခဲ့သည်မှာ စဉ်းစားစရာမလိုတော့ပေ။ ကျွန်တော်က အဖေ့ကိုပေးခဲ့သော ငွေငါးသိန်းမှာလည်း အဖေ့ဗီရိုထဲတွင် သည်အတိုင်းရှိနေ၏။

"အဖေရယ် သားသမီးအပေါ် အမုန်းစိတ်တွေကို နောက်ဆုံးထွက်သက်ထိ ပါသွားလေရော့သလား ဗျာ၊ အဖေ့ကို သားက တကယ်ခွင့်လွှတ်တယ်ပဲ ထင်မိတာပါ အဖေရယ်၊ သားတို့မိုက်ပြစ်တွေကို ခွင့်လွှတ်ပေးပါတော့ဗျာ"

ကျွန်တော်လည်း မျက်ရည်များဖြင့် ငိုမိ၏။ အဖေ၏အသက်ဝိညာဉ်ကင်းမဲ့နေသော ခန္ဓာကိုယ်လေးအား ဖက်၍ ယူကျုံးမရစိတ်ဖြင့်တမ်းတမ်းတတ ဝမ်းနည်းနေမိသည်။ ညီမလေးဆိုလျှင် ပိုခံစားနေရပေပြီ။

"အဖေကသူ့သိက္ခာကိုအသက်ပေးပြီး သက်သေပြခဲ့တာပဲ ကိုကြီး၊ ညီမလေးတို့ မှားခဲ့ပြီရှင်၊ အဖေ ဒီလိုသာဖြစ်မယ်ဆိုရင် သူ့အိမ်ကို မရောင်းခဲ့ပါဘူး၊ အဖေ့ကို ဒီအိမ်ခေါ်ပြီး သတ်လိုက်သလို ဖြစ်နေပြီ၊ အီး.....ဟီး.....ဟီး"

"မိချို...အဲဒီလိုမထင်ပါနဲ့ ညီမရယ်၊ တို့အားလုံးက အဖေ့အတွက် စိုးရိမ်ပြီး စီစဉ်ခဲ့ကြရတာပါပဲ၊ တကယ်တော့ သောက,က တို့အားလုံးကို သတ်လိုက်တာပါကွယ်၊ ဒါကြောင့်မို့ လောကကြီးမှာသောက စိတ်တွေ မထားကြနဲ့လို့ ဆုံးမခဲ့ကြတာပါလား၊ ကဲပါလေ.....အဖေ့နာရေးကို စီစဉ်ကြပါစို့ ယောကျ်ားရယ်"

လှိုင်သည် ကျွန်တော့်အား ကလေးတစ်ဦးသဖွယ် ရင်ခွင်ထဲထွေးဖက်ပြီး နှစ်သိမ့်စကားဆို၏။ အပြစ်ရှိခဲ့သူ ကျွန်တော်ကဖြင့် မိဘဂိုဏ်းသင့်မည်ကို သိနေသည်။

§ § §

ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက အဖေ့ကျွေးမွေးမှုကျေးဇူးအား အခုတော့ ကျွန်တော့်မှာ ကျေးဇူးဆပ်ခွင့် မကြုံတော့ပေ။ အဖေသာ အသက်ရှင်နေဦးမည်ဆိုပါလျှင် အဖေ့အား တစ်ဝကြီးလုပ်ကျွေးပြီး စိတ်ချမ်းသာအောင် ထား

မိမည်ပင်။ ယခုအချိန်ကျမှ ကျေးဇူးရှင်ဖခင်ကြီး၏ ကျေးဇူးတရားကို ကျွန်တော်ပို၍သိနားလည်သွားရသည်။

"ဖေဖေကြီး..ဘိုးက ဘယ်သွားတာလဲဟင်၊ ဘိုး ပြန်မလာသေးဘူးလား"

သားလေးက ကျွန်တော့်အား သူ့အဘိုးကိုမတွေ့၍ မေးခဲ့ချေပြီ။ ကျွန်တော်မည်သို့ပြောရပါမည်နည်း။ သားလေးကိုဖက်၍ ကျွန်တော် မျက်ရည်ဝဲမိ၏။

"သားသား ဘိုးဘိုးက နတ်ပြည်ရောက်သွားပြီ သား၊ ဖေဖေကြီးတို့နဲ့ ပြန်မဆုံနိုင်တဲ့နေရာကို ရောက်သွားပါပြီကွယ်"

"ဒါဆို ဖေဖေကြီးလည်း နတ်ပြည်ရောက်သွားရင် သားသားနဲ့ ပြန် မဆုံတော့ဘူးလားဟင်"

"သားရယ် အဲဒီစကားမျိုး မမေးပါနဲ့ကွယ်၊ ဖေဖေ့ရင်မှာ ခံစားရလွန်းလို့ပါ၊ အန်တီလေးရော သားသား"

"အန်တီလေးလည်း ငိုနေတာပဲ၊ သားသားချော့လို့လည်း မရဘူး"

"ကဲ..လာ၊ အန်တီလေးကိုမငိုနဲ့လို့ သွားပြောကြရအောင်နော်၊ သားက မျက်ရည်သုတ်ပေးလိုက်နော်"

"ဟုတ်ကဲ့"

ကျွန်တော်လည်း သားသားကို ချီ၍ ညီမလေးရှိရာသို့ခေါ်သွားလိုက်တော့သည်။ ညီမလေး၏ မိဘအတွက်ကျသော မျက်ရည်များမှာ ဘယ်သောအခါမှ ခန်းနိုင်မည်မဟုတ်ကြောင်း ကျွန်တော် သိနေ၏။ သို့ပေမယ့် မိဘအပေါ် ပြုစုခဲ့ခြင်းကုသိုလ်က ကျွန်တော့်ထက်ပိုနေပြီး ထိုကုသိုလ်ကံကြောင့် ကျွန်တော်နှင့် ခံစားမှုချင်းကွာခြားနေမည်ကို ကျွန်တော်သာလျှင် အသိဆုံးဖြစ်ပါတော့သည်။

လေးစားစွာဖြင့်
ထက်ထက်ဦးဝေ


**အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်**

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-

ဆရာကြီး၏သား **ဆရာဦးရဲဝင်း**

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ကျင်နာ ၊

ခြေသေလက်ကပ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**

၇/၁၂၀၊ ဗိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

အမှတ် (၄၃) ဒေဟာသိကားစီး၍ဗွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။

ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်။ ။ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)

အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)

# သမင်ခတ်၍သေသောကျား



www.burmeseclassic.com

www.burmeseclassic.com

ကံတရားသည် ဆန်းကြယ်သည်။ လှည့်စားတတ်သောသဘောလည်းရှိသည်။ ကံတရား၏ဖေးမမှုကို ရစဉ်ကာလတွင် လုပ်သမျှတင့်တယ်ပြီးမြောက်နေသည်ကို ဆင်ခြင်ဉာဏ်ခေါင်းပါးစွာ အမှုမဲ့နေခဲ့လျှင် ဘဝနှင့်ရင်းရသော သင်ခန်းစာကို ရတတ်သည်။

လောကတွင် မိုးလည်း အစဉ်သဖြင့်မကောင်းနိုင်၊ နေလည်းအစဉ်သဖြင့် မပူနိုင်၊ နှင်းလည်း ထာဝရမကျနိုင်။ ဤသည်တို့ကိုသာ ဖော်ထက် ဟိုတုန်းက စဉ်းစားခဲ့မိလျှင် ယခုလိုဘဝမျိုးသို့ ရောက်မည်မဟုတ်။ ခုတော့ သူ့ဘဝက သူဘယ်တုန်းကမှမမျှော်လင့်ခဲ့သောနေရာ။ သူနေရရာ ဝန်းကျင်လေးဘက်စလုံးတွင် မြင့်မားလှသော အုတ်တံတိုင်းကြီးများ ကာဆီးနေသည်။

တွေးမိတိုင်း မျက်ရည်လည်သည်။

\+ + +

ရန်ကုန်မြို့လယ်ရှိတစ်ခုသော လမ်းကျယ်ကြီးထဲတွင် ဖော်ထက်တို့မိသားစုနေသည်။ မိသားစုက လေးယောက်သာရှိသည်။ မိသားစုလေးယောက်ဆိုသော်လည်းသုံးယောက်သာအနေများသည်။ ဖော်ထက်တို့အဖေက မြန်မာပြည်မှာ သင်္ဘောသားရောဂါမထမီ လွန်ခဲ့သော အနှစ် ၂၀ လောက်တည်းက သင်္ဘောအရာရှိဘဝနှင့် နိုင်ငံတကာကိုလှည့်လည်သွားလာနေခဲ့သူ။ သူတို့အဖေ အိမ်ပြန်လာခိုက်မှာသာ မိသားစုလေးယောက် ပြည့်စုံ၏။ သင်္ဘောအရာရှိအိမ်ဆိုတော့လည်း အစစအရာရာ ပြည့်စုံသည်။ နောက်ဆုံးပေါ်ပစ္စည်းတွေကိုသာ သုံးသည်။ အိမ်မှာ ကားလည်းရှိသည်၊ ဆိုင်ကယ်လည်းရှိသည်။ ဖော်ထက်တို့ကြီးပြင်းလာသည့်ကာလတွင် သင်္ဘောသားရောဂါလည်း တဖြည်းဖြည်းသည်းလာသည့်ကာလဖြစ်ရာ လမ်းထဲတွင်သင်္ဘောအရာရှိအိမ်ဖြစ်သောဖော်ထက်တို့အိမ်သည် စတားဖြစ်လာသည်။ မပူမပင်ရသောဘဝတွင် ဆိုင်ကယ်နှင့် ကျောင်းတက်နေသော ဖော်ထက်အတွက် မိန်းမလှလှလေးတိုင်းကို ချစ်တတ်ဖို့ သဘာဝက သင်ပေးလိုက်ပြီလားမသိ။ ရုပ်ရည်ကလေးကလည်း အသင့်အတင့်ရှိထားပြန်တော့ သူသုံးနိုင်ပုံ၊ ဝတ်နိုင်ပုံနှင့်ပေါင်းပြီး တော်ရုံမိန်းကလေးတစ်ယောက်၏ အချစ်ကို သိပ်မကြိုးစားရဘဲနှင့် ရရနေတတ်သည်။ သူ လိုက်ပြောသမျှတွေက ခေါင်းညိတ် အဖြေပေးနေသောကြောင့် ဖော်ထက် ကိုယ့်ကိုယ်ကိုယ် အထင်အတော်ကြီးသွားသည်။ အချစ်ဆိုတာကို အထင်မကြီး၊ မိန်းမတွေကိုလည်း သိမ်းကျုံးပြီး အထင်သေးသည့်စိတ်က ဝင်လာသည်။ ကမ္ဘာကျော် အဆိုတော်၊ ရုပ်ရှင်မင်းသား ပရက်စလေပြောသလို 'နွားနို့သောက်ချင်ရင် နွားမွေးစရာ မလိုပါဘူး၊ ဘယ်ဆိုင်မှာ ဝယ်သောက်သောက် ရပါတယ်' ဆိုသည့် ခံယူချက်နှင့်အညီ ကျင့်ကြံနေထိုင်ခဲ့သည်။

\+ + +

သူဇာ.....

ဖော်ထက်၏ ဘယ်နှယောက်မြောက်ရည်းစားလဲ သူ့ကိုယ်သူပင် မမှတ်မိတော့။ တက္ကသိုလ်စရောက်ရောက်ချင်းမှာပင် ဖော်ထက်က သူဇာကို ချစ်လိုက်သည်။ စိုးသူတို့၊ ကျော်သူတို့ဝတ်သလိုမျိုး လိုက်ဝတ်နိုင်ပြီး ဆိုင်ကယ်တစ်စီးနှင့် တဝီဝီသွားလာနေသော ဖော်ထက်ကိုလည်း သူဇာက နည်းနည်းစိတ်ဝင်စားနေသည်။ ၁၆ နှစ်သားကတည်းက မိန်းကလေးတွေနှင့် ဘာညာဘာညာ စခဲ့သည့် သူကောင်းသားက သူဇာ့အမူအရာကို ရိပ်မိသည်။ ဒီတော့ တောက်တဲ့ကပ်ကပ်သည်။ သူဇာ၏အရိပ်ကလေးလိုနေသည်။ သိပ်မကြာလိုက်၊ ဖော်ထက်နှင့်သူဇာတို့ ချစ်သွားကြသည်။ ချစ်ကြပြီဆိုတော့ ဆိုင်ကယ်တစ်စီးနှင့် လျှောက်လည်ကြသည်။

www.burmeseclassic.com

ကားကြိုကားကြားထဲမှာ မြွေလိမ်မြွေကောက် ဝူးခနဲ ဝူးခနဲ မောင်းမောင်းထွက်တော့ သူဇာက ကြောက်ကြောက်နှင့် ဇော်ထက်ခါးကို တစ်အားဖက်ထားသည်။ ဇော်ထက်တို့ ပီတိတွေဖြစ်နေသည်။ ဒါပေမဲ့ ကြာကြာမဖြစ်နိုင်။ ပြီးခဲ့သည့် လတုန်းက ရှုံးထားသည့် ဖဲကြွေး ကျပ် ၅၀၀၀ ကိစ္စက ခေါင်းထဲဝင်လာသည်။ မနက်ဖြန် ညနေ ၅ နာရီ နောက်ဆုံးထားပြီး ပေးရမည်တဲ့။ ကြံစမ်း...ဖိုးဇော်၊ ကြံစမ်း။ ဟုတ်ပြီ၊ ဆိုင်ကယ်ကို မြို့ထဲသို့ဦးတည်လိုက် သည်။

"ဘယ်ကိုသွားမလို့လဲ ကိုကို"

"ရုပ်ရှင်ကြည့်မလို့"

"ဘာကားကြည့်မှာလဲ"

"ကျော်ဟိန်း (မောင်မစ္စက) ဖြစ်တဲ့ကား"

"ဘာ.."

"ဟိုလေ..ကျော်ဟိန်း မိန်းမဖြစ်သွားတဲ့ကား"

"ဩော်...ကြည့်လေ၊ သူဇာလည်းကြည့်ချင်နေတာနဲ့အတော်ပဲ"

သူတို့ ရုံရှေ့ရောက်တော့ လူအုပ်ကြီးက ကားလမ်းပေါ်ထိ လျှံထွက်နေသည်။ ၂ ကျပ် ၅၀ပြားတို့၊ ၁ ကျပ် ၅၀ ပြားတန်းတို့ဘက်မှာ ညာသံပေးပြီး ဝိုင်းတိုးနေကြသည်။ (ယခင် ခေတ်ကာလမှစျေးနှုန်းများ ဖြစ်ပါသည်) ပြည်သူ့ရဲ (ယခု မြန်မာ နိုင်ငံရဲတပ်ဖွဲ့) တွေလည်း အလုပ်ရှုပ်နေကြ၏။

"သူဇာ ဒီမှာ ခဏနေဦး၊ ကိုယ့်အပေါင်းအသင်းတွေ လိုက်ရှာလိုက်ဦးမယ်"

ခဏကြာတော့ ဇော်ထက်နှင့်အတူ လူတစ်ယောက်ပါလာသည်။

"မိသူ သူ့ကိုကျပ်တန်နှစ်ရွက်ပေးလိုက်ပါ၊ ကိုကို့မှာ မရှိလို့"

"လက်မှတ်ရလားဟင်"

"ဒီစီကို ၃၀ ကျပ်နဲ့ရခဲ့တယ်"

ထိုအခါ ဇော်ထက်နှင့်ပါလာ သူက ဝင်၍.....

"စိတ်ချပါ အစ်မ၊ ကျွန်တော် ဈေးမှန်နဲ့ ဝယ်ပေးတာပါ၊ သူများတွေ ၃၅ ကျပ်၊ ကျပ် ၄၀အော်နေပါတယ်၊ လိုက်မေးကြည့်ပါ၊ ဩော်... ဒါနဲ့ အစ်မ ဆွဲကြိုးတို့၊ နာရီတို့ကို သတိထားနော်၊ ဒီမှာ 'ခါး'တွေ သောင်းကျန်းနေတယ်၊ မနက်ကပွဲမှာလည်း နာရီဖြုတ်ပြေးလို့"

ပြောပြီးသည်နှင့် ထိုသူက လှည့်ထွက်သွားသည်။

ရုံထဲဝင်ကာနီးကျတော့ သူဇာက သူ့ဆွဲကြိုးနှင့်နာရီကိုဖြုတ်ပြီး ဇော်ထက်ကို ပေးထားသည်။ ဖြစ်ချင်တော့ သူ့စိန်လက်စွပ်လေးနှင့် လွယ်အိတ်က သိုးမွေးစနှင့်ငြိပြီး ကျွတ်မလိုလိုဖြစ်သွားသည်။ မထူးပါဘူးဆိုပြီး လက်စွပ်ပါ ကိုကို သိမ်းထားဟုဆိုကာ ချွတ်ပေးသည်။ ဒီလိုနှင့် သူတို့ရုပ်ရှင်ကြည့်ကြသည်။ ကျော်ဟိန်းကလေးမွေးသည့် ကောင်းခန်းအရောက်မှာ ဇော်ထက်က 'ကိုကို ဆိုင်ကယ်ကို ခဏထွက်ကြည့်လိုက်ဦးမယ်' ဆိုပြီး ထွက်သွားသည်။ ခါတိုင်းလည်း ဒီလိုထွက်ကြည့်နေကျမို့ ဘယ်လိုမှ မထင်မိ။ ထိုနေ့ကတော့ ရုပ်ရှင်သာ ပြီးသွားသည်။ ဇော်ထက် ရုံထဲ ပြန်ဝင်မလာ။ ရုပ်ရှင်ပြီးသွားလို့ ရုံပြင်ရောက်တော့ဆိုင်ကယ်လည်းမရှိတော့။ ဒီနောက်မှာတော့ ဇော်ထက်ကို ဘယ်မှာမှ ရှာမတွေ့တော့။

သူဇာနှင့်တစ်ခန်းရပ်ပြီးနောက်မှာ ဇော်ထက် ခဏတော့ ငြိမ်နေလိုက်သေးသည်။ သို့သော်ကြာကြာ ငြိမ်နေလို့မရ၊ အချစ်ကို အလေးအနက်မထားတတ်ပေမယ့် အချစ်မရှိရင်တော့ မနေနိုင်။ အခုလည်း ကြည့်၊ နောက်တစ်ယောက်နှင့် တွဲနေပြန်ပြီ။ ခိုင်ဇာလင်း တဲ့။ ဇော်ထက်,ထက် သုံးလေးနှစ်ကြီးသည်။ ကျောင်းပြီးသွားပြီးနောက် ဝန်ထမ်းအလုပ်ကိုမလုပ်ဘဲ မိဘ၏ ပုံနှိပ်လုပ်ငန်းတွင် စာရင်းကိုင်လုပ်နေသူ။

ဇော်ထက်၏ သူငယ်ချင်းတစ်ယောက်ဖြစ်သည့် မြင့်ဝေက ဝတ္ထုလေး၊ ကာတွန်းလေးထုတ်သည်။ တစ်နေ့ သူနှင့်ကြုံသဖြင့် သူ့ဝတ္ထုစာအုပ် ရိုက်နေသည့် ခိုင်ဇာလင်းတို့ပုံနှိပ်တိုက်ကို လိုက်ပို့ပေးရာမှ ခိုင်ဇာလင်းနှင့်ဆုံမိကြခြင်းဖြစ်သည်။ အသားဝင်းဝင်း၊ နှာတံပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းလှလှနှင့် ခိုင်ဇာလင်းကို ထုံးစံအတိုင်း ဇော်ထက်က ချစ်လိုက်သည်။ အခုမှ မြင့်ဝေက သူ့အမှားကို သတိပြုမိသည်။ နောက်ပိုင်းမှာ ခိုင်ဇာလင်းတို့တိုက်မှာ ရိုက်နေသည့် ဝတ္ထုစာအုပ်ကို ကာယကံရှင် မြင့်ဝေထက် ဇော်ထက်က ပိုလို့စိတ်ဝင်စားနေသည်။ မြင့်ဝေက တစ်ပတ်မှာ သုံး

www.burmeseclassic.com

www.burmeseclassic.com



ခါရောက်သော်လည်း ဇော်ထက်ကတော့ နေ့တိုင်းရောက်သည်။

ရောက်တိုင်းလည်း စာရေးဆရာတွေအကြောင်း၊ စကၠူအကြောင်း၊ စက်အကြောင်းတွေ ပြောသည်၊ မေးသည်၊ ဆွေးနွေးသည်။ ဒီလိုနှင့် ခိုင်ဇာလင်းနှင့် အကျွမ်းတဝင်ရှိလာသည်။ ပိုမိုရင်းနှီးဖို့လည်း အကြောင်းကဖန်လာသည်။ ခိုင်ဇာလင်းတို့အဖေကတိုက်



မှာ အလုပ်မပြတ်ဖို့ စာပေးစာယူ (ယခုအဝေးသင်)ပြဌာန်းချက်တွေကို ရိုက်ဖို့စီစဉ်သည်။ ထိုအခါ စည်းကမ်းအတိုင်းစာမျက်နှာအသစ်တိုင်း မရိုက်မီ နောက်ဆုံးအဆင့်၌ ကျောင်းမှ တာဝန်ခံ ဆရာ/ဆရာမ ထံမှစစ်ဆေးပြီး သဘောတူညီချက်ကိုယူရသည်။ ထုံးစံအတိုင်း လိုင်းကားများက ကျပ်တည်းသည်၊ ကြာသည်။ ဒီတော့ ထိုကိစ္စကို ဇော်ထက်က လိုလိုလားလား ဝင်ဆောင်ရွက်ပေးသည်။ တစ်ခါတစ်ရံ ခိုင်ဇာလင်းပါ အပြင်ထွက်စရာရှိ လျှင်ဟိုဘက်လမ်းထိပ်မှာစောင့်နေ၊ ကျွန်တော်လိုက်ပို့မယ်ဟုမှာထားပြီး နောက်မှလိုက်သွားသည်။ တွေ့လျှင် ဆိုင်ကယ်စီးဖို့ကိုစည်းရုံးသည်။

ကလေးတစ်ယောက်၊ မောင်ဆိုးတစ်ယောက်လို နွဲ့ပြ၊ ဆိုးပြသည်။ ဒီလိုနှင့် ခိုင်ဇာလင်း ဇော်ထက်၏ ဆိုင်ကယ်ကို စီးဖြစ်သွားသည်။ တစ်ခါ၊ နှစ်ခါ လမ်းကြုံစီးပြီးသည့်နောက်ပိုင်းမှ သူသွားလိုရာကိုပင် လိုက်ပို့ခိုင်းတတ်ခဲ့ပြီ။ အချိန်ကုန်သက်သာ၊ လူတိုးခံရ သက်သာမို့ ဆိုင်ကယ်နှင့် သွားလာရခြင်းကို ခိုင်ဇာလင်း မွေ့လျော်ခဲ့ပြီ။ ဆိုင်ကယ်စီးရင်းနှင့်ပင် သူတို့နှစ်ယောက် ချစ်သွားကြပါသည်။ ဝါရင့်ပုဂ္ဂိုလ်ဇော်ထက်ကတော့ သူ့ကို ခိုင်ဇာလင်း တကယ်ချစ်ကြောင်းသိသည်။ တိုက်မှာတော့ သူတို့သည် အရင်ကလိုပင်နေသည်။ အပြင်ရောက်မှ မောင်မောင်တွေ၊ မမတွေ ဖြစ်ကြသည်။

''ချစ်ရက်ဆက်ဆက် မျှော်နေမည်''

''ဘယ်တော့ချစ်မှာလဲ''ဆိုသည့် မြင့်ဝေ၏စာအုပ်တွေကို ရိုက်နေတုန်းကတော့ တိုက်မှာ ဝင်လို့ထွက်လို့ကောင်းသည်။ အခုလောလောဆယ်မှာ မြင့်ဝေ၏ စာအုပ်ကလည်း ရိုက်ခွင့်မကျသေး။ ထို့ကြောင့် သူတို့နှစ်ယောက် အရင်ကလို သိပ်မတွေ့ကြရ။ တွေ့သည့်အခါများမှာလည်း ဟိုးယခင်ကလို စကားတွေမဖောင် ငိုင်တိုင်တိုင်၊ မှိုင်တွေတွေနှင့်မို့ ကြာတော့ မမက မေးရသည်။

''မောင်မောင့်မှာ ဘာတွေပြဿနာရှိလဲဟင်''

''ဘာဖြစ်လို့လဲ မမ''

''ဩော် .....အရင်ကလို ရွှင်ရွှင် လန်းလန်း မရှိလို့ပေါ့၊ ဘာကိစ္စပဲဖြစ် ဖြစ် ပြောစရာရှိရင် ဖွင့်ပြောပါ''

''ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်သာ ရှိပါစေ မမရယ်၊ ဒုက္ခမပေးချင်ပါဘူး''

ဇော်ထက်အိုက်တင်က တော်တော်ကောင်းသည်။ မျက်နှာကို မအေသေလို့ သပိတ်သွတ်သည့် အမူအရာမျိုးဖမ်းထားတော့ မမက မရမကမေးသည်။ ဒီတော့မှ မပြောချင်ပြောချင် ပုံစံမျိုးဖြင့်.....

''ကျွန်တော့်မှာ ငွေ ၃၀၀၀ လောက် အရေးပေါ်လိုနေတယ်''

''ဟင်.....များလှချည်လား၊ မင်း မဟုတ်မဟတ်တွေ လျှောက်လုပ်နေတာလား''

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင် ဘာမှမလုပ်ပါဘူး မမရယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့အမေ ဆေးရုံတင်ရတုန်းက တခြားတစ်ယောက်ဆီက ကျွန်တော် အာမခံပြီး လှည့်ပေးထားတာ၊ အခု ဟိုကလည်းပြန်တောင်းနေပြီ၊ ကျွန်တော့်ဆွဲကြိုးနဲ့ လက်စွပ်ကိုလည်း ရောင်းဖို့ ပြောထားပြီးပြီ၊ မြင့်ဝေဆီမှာ ဆိုင်ကယ်ပေါင်တော့လည်း ငွေမပြည့်ဘူးတဲ့၊ အဲဒီကိစ္စပါ မမရယ်"

"အင်း...အိမ်ကမသိအောင် မမဘဏ်စာရင်းထဲက ထုတ်ရင်တော့ ရတယ်၊ ဒါနဲ့ မောင်မောင်က ဘယ်လိုပြန်ဆပ်မှာလဲ၊ ဒီလောက်အများကြီးတော့ မမလည်း မတတ်နိုင်ဘူး"

"ကျွန်တော့်ဆိုင်ကယ်ကို မမဆီမှာ အပ်ထားတဲ့သဘော စာချုပ်ချုပ်လေ"

"ဆိုင်ကယ်ပေါင်တာတွေ၊ ဘာတွေ လုပ်မနေနဲ့တော့၊ ငွေသာမြန်မြန်ပြန်ထည့်နိုင်အောင် ကြိုးစား၊ မမချက်ရေးပေးလိုက်မယ်"

"သိပ်ချစ်တယ် မမရယ်"

နောက်တစ်နေ့မှာ ဘဏ်က ငွေကျပ် ၃၀၀၀ ဇော်ထက်ထုတ်သည်။ ကေသီမိုးကို ဗိုလ်ချုပ်ဈေးမှာ ကျပ် ၇၅၀ တန် အနွေးထည် ဝယ်ပေးသည်။ မမဆီကိုတော့ သူဘယ်တော့မှ ပြန်မသွားတော့။ ဇော်ထက်တို့က အဲဒီလောက်အထိ မေတ္တာထားချင်စရာ ကောင်းသည်။

ကေသီမိုးကတော့ သူတွဲဖူးခဲ့သမျှတွေထဲမှာ အလှဆုံး၊ အသွက်ဆုံး၊ သူ့အထာကို အသိဆုံး။ ကိုဇော်...ကိုဇော်ဆိုသည့်စကားက ပါးစပ်မှာမပြတ်။ တွတ်တီးတွတ်တာလည်း ပြောတတ်လွန်းသည်။ ကိုဇော့်ကို အလွမ်းပြေကြည့်ဖို့ဆိုပြီး ဓာတ်ပုံကို အတင်းယူသွားသည်။ ပြီးတော့ ဗလာစာအုပ်မှာလည်း တစ်ရက်ခြား စာတွေ အပြန်အလှန်ရေးရသည်။ ကုန်သွားတော့ ကေသီက အမှတ်တရဆိုပြီး သိမ်းထားလိုက်သည်။ ဇော်ထက်ကတော့ အေးအေးဆေးဆေးပင်။

အခုအချိန်အထိ သူအနိုင်နှင့်ပိုင်းလာသမျှတွေမှာ ဘယ်သူကမှ သူ့ကို ပြဿနာလိုက်မရှာ။ အခုလည်း သူက ကေသီ့ဆီက ဘာကို အမြတ်ထုတ်ရမလဲဆိုသည်ကို ကြိုးစားပမ်းစား တွက်ဆနေ၏။

ဒီလိုနှင့် တစ်နေ့ မြို့ထဲက အပြန် လမ်းမှာ ဆိုင်ကယ်က ဖွတ်ချက်၊ ဖွတ်ချက်ဖြစ်ပြီး ရပ်သွားသည်။

"ဘာဖြစ်သွားတာလဲကိုဇော်"

"ကိုယ်လည်းမသိဘူး"

"ဟိုရှေ့တစ်လမ်းကျော်မှာတော့ ကေသီနဲ့ခင်တဲ့ ဆိုင်ကယ်ဝပ်ရှော့ တစ်ခုရှိတယ်၊ အဲဒီမှာသွားပြကြည့်ရအောင်"

"သွားလေ ကောင်းသားပဲ"

ဝပ်ရှော့မှာ ဆိုင်ကယ်ကိုပြတော့ အမြန်ဆုံး မနက်ဖြန်ညနေမှရမည်ဟုဆိုသည်။ ထို့ကြောင့် သေသေချာချာမှာပြီး တက္ကစီနှင့် ပြန်ခဲ့သည်။ နောက်နေ့ညနေမှာ ဇော်ထက် ဆိုင်ကယ်ကိုသွားယူသောအခါ ဇော်ထက်ကို ကျော်တက်သွားပုံများကတော့ အောက်ပါအတိုင်း ပါပဲခင်ဗျား.....

"အစ်ကိုနဲ့ပါလာတဲ့အစ်မ နေ့လယ်ကပဲ လာယူသွားပါတယ်"

"ဘာ....."

"ပစ္စည်းလဲခ လက်ခ ကျပ် ၃၀၀ ကိုလည်း ရှင်းသွားပါတယ်"

"ဘာဆိုင်လို့ သူကလာယူသွားတာလဲ၊ ခင်ဗျားတို့ကကော ဘာလို့ပေးလိုက်ရတာလဲ"

"ဒါတော့မသိဘူးလေ၊ လာတုန်းက အတူတူလာကြပြီး အစ်ကို

**ကျားဆိုသည်မှာ အဆင်မသင့်သည့်အခါ**
**သမင်ခတ်ခြင်းခံရတတ်ကြောင်း။**
**ယခုတော့ ဇော်ထက်ဘဝသည်**
**သမင်ခတ်၍ သေရသောကျားပမာ...**

www.burmeseclassic.com

www.burmeseclassic.com

ဖျားနေလို့ သူလာယူတာဆိုပြီး ယူသွားတာပဲ''

အဖြေကတော့ ရှင်းနေပါပြီ။ လူပါးပုလင်းထိပြီ။ လည်လွန်းသည့် ဘီး ခုတော့ ဟိုဟာနင်းမိပြီ။ ဆက် စကားများနေလို့ အကြောင်းထူးပုံ မပေါ်။ ထို့ကြောင့်ကေသီ့အဆောင် သို့ လိုက်သွားသည်။ မနက်ကတင် ပြောင်းသွားသည်တဲ့။ သူများအပေါ် ကလိမ်ကကျစ်လုပ်ခဲ့တုန်းက ကြည် နူးရသလောက် ကိုယ်ခံရသည့် အလှည့်မှာတော့ ဖျပ်ဖျပ်လူးနေ သည်။ ဇော်ထက်က ကေသီအလုပ် ဆင်းသည်ဆိုသည့် ရုံးသို့လိုက်ပြန် သည်။ သူမေးသမျှလူတိုင်းက 'ကေသီဆိုတာ မရှိပါဘူး'ဆိုသည့် စကားကိုသာ တညီတညွတ်တည်း ဆိုကြသည်။ ဇော်ထက် တစ်ပတ် လုံးလုံးလိုက်ရှာသည်။ ကေသီ့ကို မတွေ့။ အိမ်ကလည်း ဆိုင်ကယ်ကို မေးလုပြီ။ အဖြစ်မှန်သာသိလျှင် တော့ မိုးမီးလောင်တော့မည်။ ဆိုင်ကယ်ပွဲစားတွေဆီမှာ စနည်း နာကြည့်တော့လည်း အကြောင်းက မထူး။ အခုမှ ဇော်ထက်တို့ ဝဋ်ရှ လည် နေသည်။ သူ့ဆိုင်ကယ်ကို သူ သိပ်သံယောဇဉ်ရှိသည်။ ကျောင်းလည်း မတက်နိုင်။

စိတ်ညစ်ညစ်နှင့် လျှောက် သွားနေရာမှ မမျှော်လင့်ဘဲ မိုလ် တထောင်ဘက်မှာ ကေသီ့ကိုတွေ့ လိုက်ရသည်။ ဇော်ထက် မှားမှန် ခွဲခြားမနေနိုင်။ ကေသီ့ကို ထိုး ကြိတ်ရိုက်နှက်မိသည်။ ထို့ကြောင့် လက်ရောက်မှုဖြင့် အချုပ်ခံရသည်။

အချုပ်ထဲမှာ သူ့ထက်ဝါရင့်ပုံ ရသော တင်မော်က ပြောပြသည်။

''ဟား...ဟား၊ သူ့နာမည်က ကေသီမဟုတ်ပါဘူး၊ သူက အဲဒီ လိုပဲ အချဉ်တစ်ယောက်တွေ့ရင် နာမည်တစ်မျိုးပြောလိုက်တာပဲ၊ နာမည်အရင်းက ထက်ထက် အောင်တဲ့''

အရင့်အရင်လူတွေအပေါ် သူ ကျောခဲ့တာထက် သူ့အပေါ် ပြန် ကျောသွားတာက အချီကြီးမို့ စပ်ဖျဉ်းဖျဉ်းဖြစ်နေသည်။ ခုတော့ ဆိုင်ကယ်လည်းဆုံးပြီ။ သူလည်း အချုပ်ထဲမှာ။ ကျားဆိုသည်မှာ အဆင်မသင့်သည့်အခါ သမင်ခတ် ခြင်းခံရတတ်ကြောင်း။ ယခုတော့ ဇော်ထက်ဘဝသည် သမင်ခတ်၍ သေရသောကျားပမာ.....

+ + +

ဤဇာတ်လမ်းပါ ဇော်ထက် လို လူသားအသည်းနှလုံးမရှိတဲ့ လူစားမျိုးတွေနဲ့ တွေ့မှာစိုးလို့ လုံမယ်တို့ ရှောင်သင့်တာရှောင် နိုင်ရန် ဒီဇာတ်လမ်းကို တင်ပြရ ခြင်းဖြစ်ပါတယ်။ မေတ္တာကိုအရှုံး ပေး ဝေးဝေးသို့ပြေးရမှာ စိုးရိမ်မိ တာကြောင့် 'သမင်ခတ်၍သေသော ကျား'ဝတ္ထုဇာတ်လမ်းကို တကယ့် ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းမှတစ်ဆင့် တင် ပြလိုက်ရပါကြောင်း။

မောင်ထွန်းညွှန့်(ကွမ်းခြံကုန်း)



www.burmeseclassic.com

www.burmeseclassic.com



# ရွှေဘိုအာမဏီခင်အောင်

## သခင်စိတ်

''သခင်မျိုးဟေ့.....တို့ဗမာ''

''သခင်မျိုးဟေ့.....တို့ဗမာ''

''သခင်မျိုးဟေ့.....တို့ဗမာ''

''သခင်မျိုးဟေ့.....တို့ဗမာ''

ရွှေဘိုစက်ရှင်တရားသူကြီးရုံး အဆောက်အအုံအတွင်းမှ တစ်ခဲနက် တစ်ပြိုင်နက်တည်း ဟိန်းထွက်လာသော ''သခင်မျိုးဟေ့...တို့ဗမာ'' ဟူသော ဟစ်ကြွေးလိုက်သံကြီး သည်တစ်လောကလုံး တုန်ခါသွားမတတ် ကြောက်မက် ဖွယ်အသွင်သို့ ဆောင်နေချေသည်။

စက်ရှင်တရားရုံးအတွင်းနှင့် အပြင်ရှိ ဗမာပရိသတ် ငါးထောင်ကျော်သည် လက်သီးလက်မောင်းတန်းရင်း ''သခင်မျိုးဟေ့..တို့ဗမာ'' ဟူသော ဟစ်ကြွေးသံကြီးကို အဆက်မပြတ် တစ်ပြိုင်နက်တည်း ဟစ်အော်လျက် ရှိနေသည်။



www.burmeseclassic.com


www.burmeseclassic.com

သခင်ဗကြည်နှင့် သခင်စံမြကေ ခေါင်းဆောင်၍ ဟစ်ကြွေးနေသည်။ မြန်မာ့အလင်းသတင်းထောက်ဖြစ်သူ သခင်ဗကြည်သည် ပင်နီတိုက်ပုံ၊ ချည်ကြမ်းလုံချည်အညိုကွက်ကို ဝတ်ဆင်ထား၏။ သူ့လက်ထဲမှာ ကင်မရာတစ်လုံးနှင့်။ သူရိယ သတင်းစာ သတင်းထောက် သခင်စံမြကေ တိုက်ပုံအနက်၊ လုံချည်အနီရင့်ကွက်ကြီးကို ဝတ်ထားလျက် ရဲရဲတောက်ရင်ကော့၍ လက်သီးဆုပ်ကာ ကြွေးကြော်ချက်ကို ရှေ့စည်းမှရပ်ပြီးတိုင်ပေးနေသည်။

စက်ရှင်တရားသူကြီး မစ္စတာအင်ဒရူး (Mr.Indrew)က ခရိုင်ရဲဝန်ထောက် မစ္စတာ ဟန်းတား (Mr.Hunter)အား တီးတိုးမှာကြားနေသည်။ တရားသူကြီး အင်ဒရူး၏ နဖူးတွင် ချွေးသီးချွေးပေါက်များ ထွက်နေသည်။

စက်ရှင်တရားရုံးပြင်ပတွင် ရဲအရာရှိငါးဦးနှင့်အတူ ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်ကျော်ကို လုံခြုံရေးချထားသော်လည်း စက်ရှင်တရားသူကြီးမင်းက သူ့အသက်အန္တရာယ်အတွက်စိုးရိမ်သောကဖြစ်နေသဖြင့် ရဲဝန်ထောက်အား အထူးမြင်းစီးတပ်ဖွဲ့ကို အမြန်ခေါ်လိုက်တော့ရန် ပြောကြားနေ၏။

လူသတ်မှုဖြင့် တရားစွဲခံထားရသူ ချီပါရွာသား ''မင်းခေါင်''အား (သေစားသေစေ၊ မသေမချင်း ကြိုးဆွဲချ၍သတ်စေ)ဟူသော အမိန့်ကို စက်ရှင်တရားသူကြီး မစ္စတာအင်ဒရူးက အမိန့်ချမှတ်လိုက်ပြီဖြစ်



သော်လည်း သေရမှာကို လုံးဝမထီသော မင်းခေါင်က သူ့သျှောင်ထွေးကြီးကို လက်နှင့်သပ်ရင်း မထီပြုံးလေးပြုံးကာ အော်ပြောနေခဲ့၏။

''မျက်နှာဖြူနှစ်ကောင်ကို အသေသတ်ပြီးပြီပဲ၊ ငါ့အလှည့်ကျမှ ငါဘာမှုရမှာလဲ၊ ဆယ်ခါသေရဲသဟေ့''

မောင်ဗမာတမျှထွားကျိုင်းသန်မာတောင့်တင်းသည့်မင်းခေါင်အား ရဲအရာရှိနှစ်ယောက်နှင့် ရဲတပ်ဖွဲ့ဝင်ငါးယောက်က သေနတ်ကျည်အပြည့်အစုံနှင့် တရားခွင်ဝက်ခြံတွင် တင်းကျပ်စွာ စောင့်ကြပ်လျက်ရှိနေ၏။

ရဲအရာရှိနှစ်ယောက်စလုံး၏ လက်ထဲတွင် ၄၅ (ဗို)ခြောက်လုံးပြူး သေနတ်ကိုယ်စီနှင့်။

မိုးသည် သည်းထန်စွာ ရွာချနေသည်။ အင်္ဂလိပ်အစိုးရအား ရန်စောင်သည့်မိုး။

မိုးကြိုးသည် တဒိန်းဒိန်းနှင့် အားပါးတရကြီးပစ်ခွင်းနေပုံရသည်။ စက်ရှင်တရားသူကြီးမစ္စတာအင်ဒရူး၏ အသည်းတစ်နေရာ တည့်တည့်ကို ပစ်လိုက်စေချင်စမ်းပါဘိ။

တစ်လောကလုံးသည် မှောင်လို့ မည်းလို့။

သည်လောက် သဲကြီးမဲကြီး မိုးရွာ၊ လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်နေလင့်ကစား ချီပါသား၊ ချီပါသူအပေါင်းနှင့် ရွှေဘိုသား၊ ရွှေဘိုသူ ငါးထောင်ကျော်ကျော်က မိုးရွာကြီးထဲတွင်မတ်တတ်ရပ်ကာ ''သခင်မျိုးဟေ့ တို့ဗမာ''ဟစ်ကြွေးမှုကို တွန့်ဆုတ်ခြင်းမရှိ။ ကျရောက်လာမည့် အန္တရာယ်ကို ခါးစည်းခံမည့်ပမာနှယ်။ လူအုပ်ကြီးကြားမှ အသံကျယ်ကျယ်ဖြင့် ဟစ်အော်လိုက်

သည့်အသံတစ်ချက်က တကယ်အားရစရာကောင်းလှပေတော့သည်။

"ဟိတ်လူတွေ..မကြောက်ကြနဲ့နော်၊ တို့အလောင်းဘုရား ခါးထောက်ပြီးကြည့်နေသဟ"

အလောင်းဘုရားဦးအောင်ဇေယျ၏ အလောင်းဘုရားပြာသာဒ်နှင့် စက်ရှင်တရားရုံးသည် ကပ်လျက်တည်း။

ထိုအလောင်းဘုရား ဦးအောင်ဇေယျ၏ ပြာသာဒ်ကြီး၏ အနောက်ဘက် မနီးမဝေးတွင် ထောင်မည်းကြီးထီးထီးကြီးတည်ရှိ၏။ ထိုထောင်ကြီးသည် ရွှေဘိုမြို့၏အလယ်ကောင်တွင် တည်ရှိခဲ့သည်။

အင်္ဂလိပ်အစိုးရက ၁၈၈၈ ခုနှစ်က တည်ဆောက်ခဲ့သော ထောင်ကြီး၏ တည်နေရာသည် ကျွန်တော်တို့ ရွှေဘိုသူ၊ ရွှေဘိုသားတွေ အလွန်တန်ဖိုးထားပြီး မြတ်နိုးမှုအပြည့်ရှိကြလေသော အလောင်းဘုရားဦးအောင်ဇေယျ၏ နန်းတော်တည်နေရာပင် ဖြစ်တော့သည်။

ရွှေဘိုသူ၊ ရွှေဘိုသားတွေ၏ ဇာတိမာန်ကို ရိုက်ချိုး၊ ချိုးနှိမ်လင့်ကစား သားစဉ်မြေးဆက် အသည်းအတွင်းမှ သန္ဓေတည်လာခဲ့ကြသည့် အမျိုးကိုချစ်သော ဇာတိသွေး၊ ဇာတိမာန်နှင့် တော်လှန်ရေးသွေးကိုမူ ဘယ်သောအခါ၊ ဘယ်ခေတ်အခါမျှ ချိုးနှိမ်၍မရပေ။

ရွှေဘိုသူ၊ ရွှေဘိုသားအပေါင်း၏ လည်ချောင်းထဲတွင် အလောင်းဘုရား၏သွေးသည် မွေးကတည်းက (သန္ဓေတည်စကတည်းက) မွေးရာပါ ပါလာသည်ကို နယ်ချဲ့အရင်းရှင် အင်္ဂလိပ်လူမျိုးတို့ သိမှသိပါလေစ။

+++

လူသတ်မှု ဖြစ်ပေါ်လာရသည့် သမိုင်းနောက်ခံအကြောင်းအရာက ရှိ နေသည်။

"လေဘာတီရေ.....မင်းအပျို(လုပ်တယ်)[၂]...ပြောစမ်းပါ...ဦးသဝန်ကြောင်ရယ်၊ အခုတို့ပတ်(ရိုက်မယ်)[၂] သနပ်ခါးလေးလိမ်းမှုဖြင့်...(လိမ်းလိုက်ဗျာ)[၂].....ပျိုမချဉ်ပေါင်.....ကိုသဝန်ကြောင်ရယ်.....မြရင်အလိမ္မာလေးကိုတော့.....သနပ်ခါးလေးဖွေးမှ.....ဘေးကလူတွေ.....ကြည့်ဖြူပေမယ်...မစန်းစန်းလိမ်းမှ...အဝေးကလူတွေ...ကြည့်ဖြူပေမယ်..မကာစေချင်ရင်..ရက်သတ်လို့...လက်ထပ်စို့ (မောင်ရယ်)[၂]....ခုလိုများ သဘောမကြီးရင်....."

လေဘာတီမမြရင် သီဆိုနေသော ဦးသဝန်ကြောင်သီချင်း တစ်ပုဒ်ဆုံးသည်နှင့်တစ်ပြိုင်နက်.....

"ဓားနဲ့ခုတ်ကုန်ပြီ....."

"ဓားနဲ့ခုတ်ကုန်ပြီ....."

ပွဲခင်းထဲမှ အသံနက်ကြီးနှင့် အော်ဟစ်လိုက်သံကြောင့် ပွဲကြည့်ပရိသတ် မြောက်မြားစွာသည် ကသောင်းကနင်း အတင်းပြေးလွှားကြတော့၏။

ပွဲခင်းတစ်ခုလုံး ပွက်လောရိုက်ကုန်သည်။

လူကြီး၊ လူငယ်၊ ကလေး၊ မိန်းမတို့သည် တစ်ဦးနှင့်တစ်ဦး တိုးကြ၊ ဝှေ့ကြ၊ ရုန်းကြ၊ ကန်ကြနှင့် ကြောက်လန့်စွာဖြင့် ထင်ရာစွတ်၍ အပြေး.....

"သေပေတော့....."

ဟူသောအသံနှင့်အတူ ပါးလွှာထက်မြက်လှသော ဓားသွားတစ်ချက်က ရဲအရာရှိ မစ္စတာအယ်(လ်)ဘတ် (Mr.Albert)၏ လည်ပင်းသို့ ဖြတ်ပိုင်းချလိုက်တော့သည်။ ပြီး မြင်းနက်ကြီးပေါ်သို့ လွှားခနဲခုန်တက်ကာ မှောင်ထဲတွင် ပျောက်ကွယ်သွားလေသည်။

ထိုညက ဂေါ်ရာပုလိပ်(ရဲ)တစ်ယောက်နှင့် ပုလိပ်ရာဇဝတ်အုပ် (ရဲအရာရှိ)တစ်ယောက် ပေါင်းနှစ်ယောက်၏ လည်ပင်းနှင့်ကိုယ်ခန္ဓာ အိုးစားကွဲခဲ့ရ၏။

အလောင်းမင်းတရားဦးအောင်ဇေယျ၏ ချက်မြှုပ်ရာ ရွှေချက်သို ဘုရားပွဲကျင်းပသည့် တော်သလင်းလပြည့်ည.....

၁၉၃၈ ခုနှစ်က ဘုရားပွဲတွင် လေဘာတီမမြရင်အငြိမ့်ဖြင့် မြို့လူထုအားဧည့်ခံဖျော်ဖြေစဉ်အတောအတွင်း ချိပါရွာသား မင်းခေါင်က အင်္ဂလိပ်လူမျိုးနှစ်ဦးအား ပွဲခင်းအလယ်ဝယ် လည်ဖြတ်သတ်ကာ မြင်းစီး၍ လက်လွတ်ထွက်ပြေး လွတ်မြောက်သွားခြင်းဖြစ်သည်။

+++

ရေနံမြေတွင် နယ်ချဲ့အရင်းရှင် မျက်နှာဖြူအင်္ဂလိပ်အစိုးရအား ရေနံ

www.burmeseclassic.com

www.burmeseclassic.com

ချောင်း၊ ချောက်၊ မြေကွေးသားတွေက ရေနံမြေသပိတ်ကြီးဆင်နွှဲခဲ့ကြသော ကာလ။ တို့ဗမာတွေ နယ်ချဲ့ကို ရဲရဲတောက် တော်လှန်ပုန်ကန်နေသည့် နှစ်အတွင်း.....

ဗမာ့သွေး၊ ဗမာ့ဇာတိမာန်ကို ကမ္ဘာ့လူထု သိသွားရသည်အထိ လယ်ပြင်မှာ ဆင်ကောင်ဖြတ်သွားသည့်ပမာနယ် ထင်ရှားစွာ ပြလိုက်ကြသဖြင့် မျက်နှာဖြူတို့ မျက်ဖြူဆိုက်နေရလေပြီ။

နယ်ချဲ့အင်္ဂလိပ်အစိုးရအား တော်လှန်သမှုပြုကြလေတိုင်း လက်သီးလက်မောင်းတန်းကာ ရှေ့ဆုံးမှ ရပ်တည်ပါဝင်ခဲ့ကြလေသော ချီပါရွာသားသခင်ဘကောင်းအား လွန်ခဲ့သည့် ကိုးရက်ခန့်က ရဲဝန်ထောက် မစ္စတာအင်ဒရူးကနိုင်ငံရေးပုဒ်မဖြင့် ရွှေဘိုအကျဉ်းထောင်တွင် ဖမ်းချုပ်ထားခဲ့သည်။ ထောင်ဆူရာမှာခေါင်းဆောင်သည်ဟုဆိုကာ ထောင်ဘာရာတို့ ဝိုင်းဝန်းရိုက်နှက်ကြသဖြင့် သခင်ဘကောင်း သေဆုံးခဲ့ရသည်။

"မင်းတို့အင်္ဂလိပ်တွေ နှိပ်စက်လို့ ငါ့အဖေသေရတာ၊ မင်းတို့ကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်ရမဟေ့"

ကြိမ်းမောင်းသံကြီးသည် မင်းခေါင်၏ အသည်းတွင်းမှ ထွက်ပေါ်လာသော ကြုံးဝါးသံကြီးပင်ဖြစ်တော့သည်။

အဖေ့အတွက်၊ မြန်မာလူမျိုးအားလုံးအတွက် နယ်ချဲ့မျက်နှာဖြူနှစ်ဦးကိုတော့ဖြင့် မရဏာနိုင်ငံသို့ ပို့လိုက်နိုင်သဖြင့် ကျေနပ်၍မဆုံးဖြစ်နေပါသည်ဟု တရားခွင်အရောက်တွင် ရဲဝံ့စွာ ဟစ်ကြွေးခဲ့လေသော မင်းခေါင်ကို မသေမချင်း ကြိုးကွင်းစွပ်၍သတ်စေဟု အမိန့်ချလိုက်လျှင် ချလိုက်ချင်း စက်ရှင်တရားသူကြီးရုံးသို့ အမှုနှင့်ပတ်သက်၍ နားစွင့်စောင့်စားရန် စုဝေးရောက်ရှိနေကြသည့် ပရိသတ် ငါးထောင်ကျော်ကျော်က တစ်ခဲနက်၊ တစ်ပြိုင်တည်း ဆူပူကြတော့သည်။

ဘယ်လိုမှ ထိန်းမရတော့သည့်အဆုံး မြင်းစီးပုလိပ်တပ်ဖွဲ့ကို ချက်ချင်းခေါ်၍ လူငါးထောင်ကျော်အား ခြေလျင်ပုလိပ်(ရဲ)တပ်ဖွဲ့နှင့် ပူးပေါင်းကာ နံပါတ်တုတ်နှင့်ရိုက်၍ လူစုခွဲတော့၏။ ရွှေဘိုလူထုက မခံမရပ်နိုင်ဖြစ်ကာ တွေ့ရာအုတ်ခဲ၊ တုတ်၊ ဝါးလုံးတို့ဖြင့် တုံ့ပြန်ကာ ရိုက်ကြတော့သည်။

"ဒိုင်း.....ဒိုင်း.....ဒိုင်း"

ရိုင်ဖယ်သေနတ်သံများအဆက်မပြတ် ထွက်ပေါ်လာသည်။ ဤသည်တွင် လူအုပ်ကွဲသွားတော့သည်။ ပုလိပ် (ရဲ)တပ်ဖွဲ့က လူကိုမပစ်ဘဲ မိုးပေါ်သို့ထောင်ကာ ပစ်ဖောက်ခြောက်လှန့်လိုက်ခြင်းသာဖြစ်သဖြင့် လူထုသေဆုံးမှုမရှိ။

သို့တစေ နံပါတ်တုတ်နှင့် အရိုက်ခံရ၍ မူးပြီးလဲသူ၊ ကွဲသူများရှိနေသည်။

ပုလိပ်(ရဲ)တပ်ဖွဲ့သည်လည်း ခေါင်း ကွဲ၊ ထိပ်ပြဲသူတွေ မနည်းလှ။



www.burmeseclassic.com

www.burmeseclassic.com



လူထုနှင့်ပုလိပ်(ရဲ)ရိုက်ပွဲသည် ကြီးကျယ်မှုမရှိသော်ငြားတစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့ရသည်။ သတင်းထောက်နှစ်ယောက်ဖြစ်သော သခင် ဗကြည်နှင့် သခင်စံမြကို ပုလိပ်(ရဲ) က ဖမ်းသွားသည်။

"ခင်မို့.....ငါ့သား တောက်ထွန်းကိုပြောလိုက်၊ အင်္ဂလိပ်ကို ဆက်လက် တော်လှန်ရမယ်လို့"

မင်းခေါင်က ကြိုးမကျမီ သုံးရက်အလိုတွင် သူ့ဇနီး မခင်မို့အား မှာကြားလိုက်သည့်စကားဖြစ်သည်။

ဗမာ့သတ္တိ ပြောင်ပါဘိ။

တကယ်တော့ ကျွန်တော်တို့ ရွှေဘိုသူ၊ ရွှေဘိုသားအပေါင်းသည် မြန်မာပြည်သားတို့သာစိုးပိုင်သော အမိမြန်မာပြည်ကြီးကို မတရားသိမ်းပိုက်၍ လာရောက်အုပ်ချုပ်စိုးမိုးနေခဲ့သည့် နယ်ချဲ့အရင်းရှင် မျက်နှာဖြူအစိုးရအား အလွန်စက်ဆုပ် ရွံရှာမုန်းတီးနေကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ နာကြည်းရွံရှာ မုန်းတီးနေမှုကြောင့် အင်္ဂလိပ်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်ကြရာတွင် အလျှော့မပေးတတ်ကြ။

ကမ္ဘာမကြေ အသည်းစွဲရွံ့မုန်းမှုသည် ဘယ်တော့မှ ပျက်ပြယ်လျော့ပါးသွားတော့မည် မဟုတ်ပါချေ။

မှတ်ချက်။ ။ ခရိုင်ရဲဝန်ထောက်ဘဝဖြင့် အငြိမ်းစားယူခဲ့သူ သူရဲကောင်းဘွဲ့ရ ဖေဖေ ဦးဖေခင်ပြောပြခဲ့မှု မှတ်တမ်း။

ရွှေဘိုဘာမထီခင်အောင်


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရုသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၀၇)

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရင်ကချိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။


**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



လှမိုး (ပညာရေး)

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တစ်ဦး၏ အရှုပ်တော်ပုံ

www.burmeseclassic.com

www.burmeseclassic.com



◇

၁၉၈၆ ခု၊ မေလ (၁၇)ရက်နေ့တွင် ဂျာမနီနိုင်ငံမှ စောင်ရေအများဆုံး ထုတ်ဝေရသော "Die-Welt"သတင်းစာကြီး၏ မျက်နှာဖုံးတွင် ခြောက်လိုင်းစာလုံးမည်းကြီးများဖြင့် အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ရာ ထိုသတင်းကို ဖတ်ရှုခဲ့ကြရသော သတင်းစာဖတ်ပရိသတ်မှာ တအံ့တသြ ဖြစ်သွားကြသည်–

**"ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒေါက်တာ ကွတ်ဝါး(လ်)ဟိုင်းသည် နာဇီဝရမ်းပြေး စစ်တရားခံ တစ်ဦး ဖြစ်သည်ဆိုခြင်း"**

ဘာလင်

၁၉၈၆ ခု၊ မေလ (၁၅)ရက်

"ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒုတိယသက်တမ်းငါးနှစ် ရွေးချယ်ရန် လျာထားသတ်မှတ်ခြင်းခံရသော ဩစတြေးလျနိုင်ငံသား၊ ဒေါက်တာ ကွတ်ဝါး(လ်)ဟိုင်း [Kurt-Waldheim]သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ယူဂိုစလားဗီးယားနိုင်ငံတွင် နာမည်ဆိုးဖြင့် ဟိုးဟိုးကျော်ခဲ့သော နာဇီအက်(စ်)အက်(စ်)ခေါင်းဆောင် အာသာဖိလက်(စ်)ဆိုသူ၏ လက်ထောက်အဖြစ် အမှုထမ်းခဲ့သူဖြစ်သည်ဟု အတည်မပြုနိုင်သေးသော ယူဂိုစလား ဗီးယားနိုင်ငံနှင့် ချက်ကိုစလိုဗေးကီးယားနိုင်ငံ သတင်းမီဒီယာများက ဖော်ပြခဲ့သည်ဟု သိရ၏။

ထိုစဉ်ကာလက ဒေါက်တာ ကွတ်ဝါး(လ်)ဟိုင်းမှာ ဒုတိယနှစ် ဥပဒေသင်တန်း တက်ရောက်နေသူဖြစ်၏။ ထိုသင်တန်းမှ နုတ်ထွက်၍ နာဇီအက်(စ်)အက်(စ်)တပ်အတွင်း ဝင်ရောက်အမှုထမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းများကို ဆောင်ရွက်ပေးရန် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တွင် အတွင်းရေးမှူးချုပ်ရုံး ထားရှိသည်။ အတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂ စီမံခန့်ခွဲရေးမှူးချုပ်ဖြစ်ပြီး လုံခြုံရေးကောင်စီ၏ ထောက်ခံချက်အရ ငါးနှစ်သက်တမ်းအတွက် အထွေထွေညီလာခံကြီးက ခန့်အပ်သည်ဟု သိရ၏။ ပထမငါးနှစ်သက်တမ်းရှိခဲ့ပြီဖြစ်သောဒေါက်တာ ကွတ်ဝါး(လ်)ဟိုင်းအား ဒုတိယသက်တမ်းတာဝန် ဆက်လက်ပေးအပ်ရန် စီမံဆောင်ရွက်နေစဉ် ဤကဲ့သို့သတင်းများ ထွက်ပေါ်လာခြင်းအတွက် ကုလသမဂ္ဂတွင် တာဝန်ယူနေရသူများနှင့် နိုင်ငံတကာ သံတမန်[illegible]အား ထူးထူးခြားခြား ဂယက်ရိုက်ခတ်ခဲ့သည်ဆိုကြောင်း....

ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်များကို ပဋိညာဉ်စာတမ်းကြီးတွင် အောက်ပါအတိုင်း ဖော်ပြထားခဲ့ကြောင်း....

(၁) နောင်လာနောက်သား မျိုးဆက်သစ်တို့အား စစ်ဟူသော အန္တရာယ်မှ ကင်းဝေးစေရန်။


www.burmeseclassic.com

(၂) လူ့အခွင့်အရေး အခြေခံများကို လက်ခံကျင့်သုံးရန်။

(၃) ကျား၊ မ တန်းတူအခွင့်အရေး ရှိနေစေရန်နှင့် နိုင်ငံကြီးငယ်မဟူ တန်းတူအခွင့်အရေးရှိနေစေရန်။

(၄) အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ စာချုပ်များကို လိုက်နာရန်။

(၅) လူသားအားလုံး စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာယန္တရားကြီးကို အသုံးပြုသွားရန်တို့ ပါဝင်ကြောင်း ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၆ နိုင်ငံရှိလာခဲ့ပြီဖြစ်ရာ ဤကဲ့သို့သော အဖွဲ့အစည်းကြီးတစ်ခုတွင် အရေးပါ အရာရောက်သော အတွင်းရေးမှူးချုပ်တာဝန် ယူထားရသည့် သူတစ်ဦးသည် တစ်ချိန်က အပြစ်မဲ့ပြည်သူများဂျူးအမျိုးသားများအား အစုလိုက်၊ အပြုံလိုက် လူမဆန်စွာနှိပ်စက်ညှဉ်းဆဲသတ်ဖြတ်ခဲ့သည့်နာဇီဂက်စတာပိုအဖွဲ့ဝင်တစ်ဦးဖြစ်နေသည်မှာ အံ့ဖွယ်သရဲဖြစ်ရပါကြောင်း၊ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ နာဇီဝရမ်းပြေး စစ်တရားခံများအား စုံစမ်းဖော်ထုတ် အရေးယူနေသည့် အဖွဲ့အစည်းများအနေဖြင့် ယင်းကိစ္စကိုစစ်ဆေးစုံစမ်းသင့်ပါကြောင်း"




အထက်ဖော်ပြပါ ဂျာမနီသတင်းစာ "Die-Welt" သတင်းအား အေပီသတင်းကိုယ်စားလှယ်နှင့် ရိုက်တာသတင်းကိုယ်စားလှယ်များက ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဖြန့်ဝေခဲ့ရာ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရသည်။ အင်္ဂလန်နိုင်ငံမှ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်နှင့် အမေရိကန်ပြည်ထောင်စုမှ စီအင်န်အင်န်ရုပ်သံလွှင့် အစီအစဉ်များကလည်း ယင်းသတင်းကို ထုတ်လွှင့်ပေးခဲ့သဖြင့်နိုင်ငံတကာသို့ ဂယက်ရိုက်ခဲ့သည်။



ကုလသမဂ္ဂအတွင်းရေး

www.burmeseclassic.com



မှူးချုပ်တာဝန်ကို လက်ရှိထမ်းဆောင်နေပြီး ဒုတိယသက်တမ်းငါးနှစ်ဆက်လက် တာဝန်ယူရန် ကြိုးစားနေသော ဒေါက်တာကွတ်ဝါး (လ်)ဟိုင်းအဖို့လည်း အရှက်ရစေသည်သာမက ဩဇာအရှိန်အဝါကြီးမားသော ကုလသမဂ္ဂအဖွဲ့အစည်းအဖို့ ဗုံးတစ်လုံး ဖောက်ခံရသကဲ့သို့ တုန်လှုပ်ခဲ့ရသည်။ ဂျာမနီနိုင်ငံမှ ထုတ်ဝေသော "Der-Spiegel" မဂ္ဂဇင်းကြီးတွင်လည်း အမည်မဖော်လိုသူ ဆောင်းပါးရှင်တစ်ဦးက အထက်ဖော်ပြပါသတင်းကို အခြေခံ၍ ဆောင်းပါးတစ်စောင်ရေးသားခဲ့၏။ ထိုဆောင်းပါးတွင် ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာက မော့ကြည့်ရပြီး အားထားရသော အဖွဲ့အစည်းကြီးတစ်ခု၏ နေလိုလလို ထင်ရှားသူတစ်ဦးသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးက အလိုရှိနေသော ဝရမ်းပြေး ရာဇဝတ်သားဖြစ်နေသည်ဟု စွပ်စွဲချက်နှင့်ပတ်သက်၍ အစွပ်စွဲခံရသူကလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း တတ်နိုင်သလောက် ဖြေရှင်းပေးသင့်သည် ဝေဖန်ရေးသားခဲ့သည်။

ဤသတင်းကိုပင် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု (ယခု ရုရှားနိုင်ငံ)မှ အစိုးရအာဘော်ဖြစ်သော ပရာဗဒါသတင်းစာနှင့် ဆိုဗီယက် (ယနေ့ရုရှား) တပ်နီတော်မှ ထုတ်ဝေသော အက်(စ်)ဗက်ရှား သတင်းစာကြီး များတွင်လည်း ယင်းသတင်းကိုပင် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သော်လည်း ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ (ယခု ရုရှား)အစိုးရသည် တစ်စုံတစ်ရာ ဝေဖန်ပြောဆိုခြင်း မပြုခဲ့။ အနောက်တိုင်းသတင်းစာကြီးများကမူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သူ ဒေါက်တာကွတ်ဝါး(လ်)ဟိုင်းသည် အရှေ့အလယ်ပိုင်းရှိ အာရပ်အမျိုးသားနိုင်ငံများနှင့်လည်းကောင်း၊ ယင်းနိုင်ငံများမှ အစိုးရများနှင့်လည်းကောင်း ရင်းနှီးလွန်းသည်ဟု ဝေဖန်ရေးသားခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ကမ္ဘာတစ်ဝန်းလုံး အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရသည်။ ဒေါက်တာကွတ်ဝါး(လ်)ဟိုင်းသည် အမှန်တကယ် နာဇီအက်(စ်)အက်(စ်)ဗိုလ်ကြီးဟောင်း (နောင်အခါ ဂက်စတာပိုတပ်ဖွဲ့ဟု နာမည်ပြောင်းခဲ့သည်) တစ်ယောက်ဖြစ်ခဲ့သလော။ ကာယကံရှင်ဖြစ်သူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သူ ဒေါက်တာကွတ်ဝါး(လ်)ဟိုင်းကမူ သူသည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကပင် ရှေ့တန်းစစ်မျက်နှာတွင် ထိခိုက်ဒဏ်ရာရခဲ့သဖြင့် နောက်တမ်းတွင်သာ တာဝန်ယူခဲ့ကြောင်း၊ သို့ဖြစ်၍ ဂျူးလူမျိုးများ၊ မဟာမိတ်စစ်သုံ့ပန်းများ၊ နာဇီဝါဒဆန့်ကျင်သော အပြစ်မဲ့ပြည်သူအများအား အစုလိုက်အပြုံလိုက် နှိပ်စက်ညှဉ်းပန်းသော တာဝန်ကို မယူခဲ့ရဟု ငြင်းဆိုခဲ့သည်ဟူသော သတင်းများလည်း အနောက်တိုင်းသံတမန်အဖွဲ့ဝင်များအတွင်းမှ ထွက်ပေါ်လာခဲ့သည်။

သို့သော် ၁၉၈၆ ခုနှစ်တွင် ဂျေရုဆလင်မြို့တွင် ကျင်းပသော ကမ္ဘာ့ဂျူးလူမျိုးများ ကွန်ဂရက် [World Jewish Congress]ကမူ ဒေါက်တာကွတ်ဝါး(လ်)ဟိုင်းသည် ဒုတိယကမ္ဘာစစ်အတွင်း စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်မှာ မှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့ကြသဖြင့် ပွဲဆူသော ဖြစ်ရပ် ဖြစ်လာခဲ့သည်။ ယူဂိုဆလားဗီးယားနိုင်ငံမှ ထုတ်ဝေသော ဒေသခံသတင်းစာများတွင် ၁၉၄၂ ခုနှစ်အတွင်းက ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့သည်။ ယင်းဓာတ်ပုံတွင် ဒေါက်တာ ကွတ်ဝါး(လ်)ဟိုင်းသည် ဂက်စတာပို ဗိုလ်ကြီးတစ်ယောက်၏ဝတ်စုံကို ဝတ်ဆင်ထားသည်။ သို့သော် ယင်းဓာတ်ပုံမှာ အနည်းငယ် မှုန်ဝါးနေသဖြင့် ဒေါက်တာ ကွတ်ဝါး(လ်)ဟိုင်း အမှန်ဖြစ်သည်ကိုမူ သေသေချာချာ ပြောနိုင်ခြင်းမရှိဟု ဆိုကြသည်။

သမိုင်းမှတ်တမ်းများအရ ၁၉၄၂ ခုနှစ် နှောင်းပိုင်းကာလကပင် နာဇီထိပ်သီးခေါင်းဆောင် ဟင်းမလား (ထိုစဉ်က နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏ လျှို့ဝှက်ထောက်လှမ်းရေး ဂက်စတာပို ဦးစီးချုပ်ဖြစ်သည်)၏ အထူးတာဝန်မှာ ဂျူးလူမျိုးများကို အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်းရန်ဖြစ်သည်။ ဤသို့ သုတ်သင်ရှင်းလင်းရာတွင် အများပြည်သူများ မရိပ်မိစေရန် ထိုစဉ်က ချွေးတပ်စခန်းများဟု နာမည်ပေးထားသော စခန်းများတွင် ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် ဓာတ်ငွေ့လွှတ် သတ်ဖြတ်ခဲ့သည်။ ဥရောပတိုက် နိုင်ငံအသီးသီးရှိ ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် ဖမ်းဆီး၍

www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ ချွေးတပ်စခန်းများသို့ မီးရထား၊ မော်တော်ကား၊ ခြေကျင်ဖြင့် ပို့ဆောင်ပေးခဲ့ကြသည်။

ဥရောပတိုက် အရှေ့ဖျားနိုင်ငံများဖြစ်သော ယူကို စလားဗီးယား၊ ဟန်ဂေရီ၊ ဘူ(လ်)ဂေးရီးယားနှင့် ချက်ကို စလိုဗေးကီးယားနိုင်ငံများမှ ဂျူးအမျိုးသားများ၊ နာဇီဝါဒ ကို ဆန့်ကျင်ကြသော အပြစ်မဲ့ပြည်သူအများကို အထက် ဖော်ပြပါ ချွေးတပ်စခန်းများတွင် ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြ၏။ ထိုလောကငရဲ၊ သို့မဟုတ် ချွေးတပ်စခန်းများတွင် ပိုလန်နိုင်ငံရှိ အောဇဝစ်ငရဲခန်း မှာ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည်။

နာဇီတို့ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ခေတ်တစ်ခေတ်လုံး ထိုငရဲခန်းမှာ ရက်စက်ညှဉ်းပန်း သတ်ဖြတ်သည့်နေရာတွင် စံချိန်တင်ခြင်းခံရသော ငရဲ ခန်းဖြစ်သည်။ ထို့အတူ ဒါချောင်၊ ထရီဘလင်ကာ၊ ဆိုဘီနာ၊ မေဒါနက်၊ မော်သော်ဆင် စသော အကျဉ်း စခန်းများတွင်လည်း ဂျူးလူမျိုးများ၊ မဟာမိတ်စစ်သုံ့ပန်း များ နာဇီဝါဒကိုဆန့်ကျင်ကြသော အပြစ်မဲ့ပြည်သူအများ ကို ရက်ရက်စက်စက် ညှဉ်းဆဲသတ်ဖြတ်ခဲ့ကြသည်။

ထိုစဉ်က နာဇီလူသတ် ယမမင်းကြီးဟု ဟိုးဟိုး ကျော်သော ဂက်စတာပိုဌာနချုပ်မှ တာဝန်ရှိသူ ဟေး ဒရစ်(ချ်)၏ ထုတ်ပြန်ကြေညာချက်အရ နာဇီချွေးတပ် စခန်းများတွင် ဂျူးလူမျိုးပေါင်းတစ်ဆယ့်တစ်သန်း (၁၁– သန်း)ကျော် သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။

ဟန်ဂေရီနိုင်ငံမှ အတည်မပြုနိုင်သေးသောသတင်း များအရ ၁၉၄၃ ခုနှစ်တွင် ကွတ်ဝါး(လ်)ဟိုင်းသည် နာဇီ ဆန့်ကျင်ရေးသမားများနှင့် ဂျူးလူမျိုးများဖမ်းဆီး ရေးစစ်ဆင်ရေးတွင် အဓိကကျသော တာဝန်ကို ယူခဲ့ရ ပြီး ဟန်ဂေရီနှင့် ဘောဟီးမီးယားနိုင်ငံများမှ ဂျူး အမျိုးသား ပေါင်း ၅၄၀၀၀ ကို နာဇီငရဲခန်းများသို့ ပို့ဆောင်ပေးရန် အဖွဲ့တွင် အဖွဲ့မှူးအဖြစ် တာဝန်ယူ ခဲ့ရသည်ဟု ဆိုသည်။

ထိုစဉ်က ဟန်ဂေရီနှင့် ဥရောပအရှေ့ဖျားနိုင်ငံများမှ ဂျူးလူမျိုးများနှင့် နာဇီဝါဒဆန့်ကျင်သော အပြစ်မဲ့ပြည် သူအများအား ထိုစဉ်က နာဇီခေါင်းဆောင်ကြီး ဟစ် တလာ၏ သက်ဆိုးအရှည်ဆုံး၊ အဆိုးရွားဆုံးနှင့် အဆန်း



ကြယ်ဆုံးသော ငရဲခန်းဟူသော ''ဆိုး''သုံးခုနှင့် ဟိုးဟိုး ကျော်သော မော်သော်ဆင်ငရဲခန်းသို့ ပို့ဆောင်ပေးရန် တာဝန်ယူသောအဖွဲ့တွင် ဒေါက်တာ ကွတ်ဝါး(လ်)ဟိုင်း ပါဝင်ခဲ့သည်။ ထိုငရဲခန်းမှာ ဒုတိယကမ္ဘာစစ်ကြီး စစ်ရိပ်၊ စစ်ငွေ့များ လွှမ်းခြုံစပြုစကပင် နာဇီအက်(စ်)အက်(စ်) (နောင်အခါ ဂက်စတာပို) ဗိုလ်ချုပ်ဟင်းမလားကိုယ်တိုင် ဩစတြေးလျနိုင်ငံသို့ လာရောက်၍ လူအသွားအလာ ခက်ခဲ၍ ကျောက်တွင်းများတည်ရှိရာ မော်သော်ဆင် ကျေးရွာအနီးတွင် တည်ဆောက်စေခဲ့သော စခန်းဖြစ် သည်။

ထိုစခန်းမှာ လုံခြုံခိုင်ခံ့သော အကျဉ်းစခန်းဖြစ်ပြီး တတိယ မဟာဂျာမနီနိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား ကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်မည့်စခန်းဟု ဆိုသည်။

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ထိုစခန်းမှ အသက်မသေ လွတ်မြောက်လာသူ သေရှာပြန် ဂျူးအမျိုးသား အချို့ကလည်း သူတို့အား မော်သော်ဆင်စခန်းသို့ ပို့ဆောင်သည့်အဖွဲ့အား ခေါင်းဆောင်သူမှာ ကွတ်ဝါး(လ်)ဟိုင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။

မှန်ပါသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်နှင့် စစ်ရှုံးသူ နာဇီ ဂျာမန် စစ်တရားခံများသည် နည်းလမ်းအမျိုးမျိုးနှင့် ကိုယ်ရောင်ကိုယ်ဝါဖျောက်၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ နာမည်ကြီးစစ်တရားခံများကမူ ဂျာမနီနိုင်ငံမှ တောင်အမေရိကတိုက်ရှိ ဘရာဇီးလ်၊ အာဂျင်တီးနား၊ အီကွေဒါ၊ ဘိုလီးဗီးယား၊ ကိုလံဗီယာ၊ ပီရူးစသော နိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် စစ်ကြီးအပြီးတွင် နာဇီစစ်တရားခံများနောက်သို့ နိုင်ငံတကာမှ တာဝန်ရှိသူများသည် တကောက်ကောက် အနံ့ခံရှာဖွေ၍ ထိုသူတို့အား စစ်ကြီးအတွင်းက ကျူးလွန်ခဲ့ကြသော ပြစ်မှုများကို စနစ်တကျစစ်ဆေး၍ အပြစ်ပေးနိုင်ရန် တိုင်းပြည်အသီးသီးတွင် စစ်ခုံရုံးများဖွဲ့စည်း၍ တရားစွဲဆိုခဲ့ကြသည်။

ဂက်စတာပို ဗိုလ်ကြီးဟောင်း ကွတ်ဝါး(လ်)ဟိုင်းမှာမူ ကိုယ်ရောင်ကိုယ်ဝါဖျောက်၍ ဩစတြေးလျနိုင်ငံတွင်ပင် နေထိုင်ခဲ့ပြီး ဗီယင်နာတက္ကသိုလ်၊ ဥပဒေမဟာဌာနတွင် ပညာဆက်လက်သင်ယူခဲ့ရာ ဥပဒေပါရဂူဘွဲ့ ရရှိခဲ့သည်ဟု သိရ၏။

သို့သော် သူကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများအား အထောက်အထား ခိုင်မာစွာ တင်ပြနိုင်ခြင်းမရှိသဖြင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တာဝန်သက်တမ်းကို တိုးမြှင့်၍ ခန့်ထားခြင်းခံရသည်ဟု ဆိုကြပါကြောင်း။

ကျမ်းကိုး – *Hunting Evil.*

လုမိုး(ပညာရေး)

---


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရွိုက်၊ ရေယုန်၊ ရိုဖြူ-ရိုနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com

# ထက်ထက် ဟာသများ



## ပြန်ပါတော့မယ်

တစ်ခါက 'ပဲ'အလွန်ကြိုက်တတ်သော အမျိုးသား တစ်ယောက်ရှိ၏။ သည်တော့ ဇနီးဖြစ်သူက ပဲပါသော ဟင်းမျိုးသာ ချက်ကျွေးတတ်သည်။ တစ်နေ့တော့ ဧည့်သည်တစ်ယောက် အိမ်သို့ပါလာ၏။

**ခင်ပွန်း။** ။ မိန်းမရေ.....ဒီနေ့ဘာချက်လဲကွာ။

**ဇနီး။** ။ ပဲကြီးဟင်းနဲ့ ပဲသီးကြော်။

ဟင်းမကောင်းသဖြင့် ဧည့်သည်က ထမင်းမစားသွားတော့ချေ။ နောက်တစ်ခါလည်း ထိုဧည့်သည်က အိမ်သို့ပါလာပြန်သည်။ အမျိုးသားက သူ့ဇနီးအား မေး လိုက်ပြန်၏။

**ခင်ပွန်း။** ။ ငါ့မိန်းမလက်ရာကို စားသွားဦးကွ၊ မိန်းမ.....ဒီနေ့ဘာဟင်းချက်လဲ။

**ဇနီး။** ။ ကုလားပဲဟင်းနဲ့ ပဲပင်ပေါက်ကြော် လေ ယောက်ျား။

**ခင်ပွန်း။** ။ ကောင်းကွာ၊ ဧည့်သည်ပါလာတယ် ကွ၊ ပုန်းရည်ကြီးလေးပါ သုပ်လိုက် ပါဦး။

ထိုစကားကြောင့် ဧည့်သည်လည်း မျက်နှာကြီးရှုံ့ မဲ့မဲ့ဖြင့်.....

**ဧည့်သည်။** ။ နေပါစေတော့ ကိုပဲရယ်၊ အဲ...သူ ငယ်ချင်းရယ်၊ ငါမစားတော့ပါဘူး၊ ပြန်ပါတော့မယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



# တူသွားလို့ပါ



**ဈေးဝယ်သူ**။ ။ အစ်မ ပါဝါရှိလား

ဈေးဝယ်သူစကားကြောင့် ဈေးရောင်းသူ အမျိုးသမီးက မော့ကြည့်၍ ဖြေလိုက်သည်။

**ဈေးရောင်းသူ**။ ။ ရှိတာပေါ့၊ ခဏလေးနော်။

အမျိုးသမီးက စောင့်ခိုင်းပြီးနောက် တခြားဈေးဝယ်လာသူကို တစ်ဆက်တည်းရောင်းလိုက်၏။ ပြီးမှ စောင့်ခိုင်းထားသူဘက်လှည့်ပြီး.....

**ဈေးရောင်းသူ**။ ။ ဘယ်နှလုံးလဲကွယ်။

**ဈေးဝယ်သူ**။ ။ ၂လုံးပါဗျာ၊ မြန်မြန်လုပ်နော်။

**ဈေးရောင်းသူ**။ ။ အေးပါဟယ်။

ရောင်းသူအမျိုးသမီးလည်း အလျင်အမြန်သွားယူပြီး ဈေးဝယ်သူအား ဓာတ်ခဲနှစ်လုံးပေးလိုက်ရာ ဈေးဝယ်သူမှာ မျက်နှာအမူအရာ ပြောင်းလဲသွားပြီး မကျေမနပ်ဖြင့်.....

**ဈေးဝယ်သူ**။ ။ ဓာတ်ခဲပါဝါမဟုတ်ဘူးဗျ၊ အချိုရည်ဘူး ပါဝါကိုပြောတာ။

**ဈေးရောင်းသူ**။ ။ ဟဲ.....ဟဲ ဆောရီးနော်။

ဈေးရောင်းသူလည်း အလျင်အမြန် တောင်းပန်လိုက်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



# လာမပြောနဲ့

လွန်စွာစကားကတ်ဖွဲ့ပြောတတ်သော ခင်ပွန်းတစ်ဦးသည် ဇနီးဖြစ်သူက အိမ်အတွက်ကုန်ကျစရိတ်တောင်းလိုက်သည်နှင့်.....

**ခင်ပွန်း။** ။ မင်းတို့ကွာ ငါ့ကိုလည်း သနားကြပါဦး၊ တောင်းလိုက်တဲ့ပိုက်ဆံ၊ ကုန်ကျစရိတ်တွေက များလှပါလား။

**ဇနီး။** ။ ရှင်မွေးထားတဲ့ သားသမီးတွေလေ၊ ဟိုဟာ မစားချင်ဘူး၊ ဒီဟာမစားချင်ဘူးနဲ့ ချေးများကြတယ်။

သားသမီးများနှင့် အကြောင်းပြလိုက်သည့်နောက် ပါးစပ်ပိတ်သွား၏။ သို့ပေမယ့် တအောင့်အကြာတွင်....

**ခင်ပွန်း။** ။ ငါလည်း စရိတ်သက်သာအောင် မင်းလည်း အိမ်စရိတ်မျှခံပါလား မိန်းမရာ။

ဇနီးဖြစ်သူအား မရဲတရဲ ပြောလိုက်သည့်အခါတွင်တော့ .....

**ဇနီး။** ။ ရှင်.....ဘာစကားပြောတာလဲ၊ ရှင့်သမီးတွေလစာတောင် ရှင်မြင်ဖူးလို့လား၊ ဟင်း.....။



www.burmeseclassic.com

www.burmeseclassic.com



# ပြောမထွက်လို့ပါ



စကားများလွန်းသူ အမျိုးသားကြီးတစ်ဦးသည် အိမ် သို့အလည်ရောက်လာသည်နှင့် ရေပက်မဝင်အောင် စကားများပြောနေတတ်သည်။ သူရောက်လာသည်ကို မြင်သည်နှင့် အိမ်ရှေ့တွင် ကစားနေသည့် ကလေးများ က.....

**ကလေး။** ။ ဖေကြီးရေ...စကားများကြီးရောက်လာပြီ။

ဧည့်သည်ကြီးမှာ မျက်နှာကြီးရှုံ့မဲ့သွားတော့၏။ အိမ်ပေါ်ရောက်ပြန်တော့ အိမ်ရှင်အမျိုးသားနှင့် စကားထိုင်ပြောနေပြန်ရာ စာကျက်နေသောသမီးက စိတ်ညစ်ရပြန်၏။ ဧည့်သည်ကြီးမှာလည်း အာပေါင်အာရင်းသန်သန်ပြောနေ၏။ သည်တော့ စာကျက်မရသော သမီးက အနားသို့ရောက်လာပြီး.....

**သမီး။** ။ ဖေကြီး...ဂွမ်းနဲ့ပလာစတာ ရှိလားဟင်။

**ဖခင်။** ။ ဘာဖြစ်လို့လဲ သမီး။

ဖခင်ဖြစ်သူက ထိတ်ထိတ်ပျာပျာဖြစ်နေသလောက် သမီးဖြစ်သူက ရယ်ကျဲကျဲနှင့် ပြောလိုက်သည်။

**သမီး။** ။ ဩော်.....ဖေကြီးနားပူရင် ဂွမ်းဆို့ပေးမလို့ပါ၊ ပလာစတာက ဧည့်သည်ဦးလေးကြီးပါးစပ်ကို ပိတ်ပေးဖို့ပါရှင်။

ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com



# နှင်းစက် (လားရှိုး)

## အလွမ်းမှတ်တမ်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုလို့ မင်္ဂလာဆောင်မယ့် အသံတွေလည်းကြားရော သီတင်းကျွတ်မိုးက အိမ်ခေါင်ကျိုးအောင် ရွာချလိုက်တာများ သတို့သား၊ သတို့သမီးတွေခမျာ မောင်တစ်ရွာ၊ မယ်တစ်မြို့။"

သူတို့နှစ်ယောက်ပြောတာလည်း အလွန်မရှိပါ။ ချင်းတွင်းမြစ်ရေတွေ တစ်နှစ်ထက်တစ်နှစ် ပိုပိုတိုးလာတာ ကျွန်တော့်ကိုယ်တွေ့။ ကျွန်တော် ဒီမြို့ကိုရောက်ပြီး ဘာကြာလို့လဲ။ အိုး.....မန္တလေးသား *ဖြစ်တဲ့ ကျွန်တော့်ဆီကို အငြိုး*အမာန်တေးပြီး ရွာလေသလားရယ်လို့မှတ်ယူရတဲ့အထိ။ ချင်းတွင်းမြစ်ရေ အတက်ကြမ်းပြီး စိုးရိမ်ရေမှတ်ရောက်ခဲ့ပြီဆိုရင် ညောင်ပင်ကြီးတစ်ရွာလုံးကလူတွေ ကျွန်တော်တို့ တုံရွာဘက်ဆီ ရောက်ခဲ့ကြရပြီ။

အဲဒီလိုနဲ့ နှစ်ရွာတစ်ရွာ၊ သုံးရွာတစ်ရွာ ရှိသမျှ ကာလသား လုပျိုတွေနဲ့ အရွယ်ရောက်ပြီးသား လုံမေပျိုတို့ အကြောင်းပါကုန်ကြရော။ ဒီနှစ်သီတင်းကျွတ်မှာ ဘယ်သူ့မင်္ဂလာဆောင်ဆိုလားပဲဟဲ့ဆိုတာတွေ ကြားရပြီ။ အဲဒီအခါ ကျွန်တော်က ကန့်လန့်ကန့်လန့်။ သူ့ဘာသာသူ ဆယ်အိမ်မှူးရွေးတာကအစ ရပ်မိရပ်ဖထဲ ကျွန်တော်ကအခမ်းအနားမှူး။ ဘယ်သူရန်ဖြစ်လဲ၊ ရွာထဲမှာ ဘာပြဿနာတွေဖြစ်လဲဟေ့ဆိုရင် ကျွန်တော့်ကိုလာပြေးခေါ်ကြပြီ။

ကျွန်တော်က အလယ်တန်းကျောင်းဝင်းထဲမှာပဲ မနေထိုင်သူမို့

"ဝါဆိုတစ်ကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်းတဲ့"

ကျွန်တော့်စာရွတ်သံအဆုံးမှာ မနွဲ့တစ်ယောက် မျက်လုံးပင့်ကြည့်လာပါသည်။ ဘာပြောမလို့လဲ ဆိုသောအကြည့်ဖြင့် မနွဲ့ကို ကြည့်လိုက်ပါသည်။

"အဲဒီ ဝါဆိုတစ်ကြောင်းကိုလေ ဝါခေါင်နဲ့ ပေါင်းလိုက်လို့ကတော့ အိုး..ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုတဲ့အတိုင်း ဟောဒီမြို့လေးတွေမှာ မြုပ်မတတ်၊ ပျောက်မတတ်ပါပဲလား ဆရာလေးရယ်"

မနွဲ့၏အပြောကြောင့် ကျွန်တော့်မှာ တသောသောရယ်ချင်ပါတော့သည်။ မဆန်းကလည်း အားကျမခံပါ။

"ဟုတ်ပါ့၊ ဝါဆိုဝါခေါင်ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်တဲ့၊ တကယ့်တကယ် ရေကြီးရင် ခရာဆူးချုံကော၊ မျှော့နက်မည်းကြီးတွေကော အားလုံးရေထဲမျောလိုက်သမှလေ၊ ဟိုတုန်းကတော့ တော်သလင်းနေ ပုစွန်သေတဲ့၊ ဟုတ်မှာပေါ့၊ အဲဒီပုစွန်သေတဲ့နေမင်းကြီးရဲ့အောက်မှာပဲ ရွာချလိုက်တာများ တော်သလင်းမိုး ကန်သင်းကျိုးတဲ့"

မနွဲ့နဲ့ မဆန်းတို့က ကျွန်တော့်ကို အရှုံးမပေးစတမ်းလို့ တိုင်ပင်ထားကြလေသလားမသိ။ အတိုင်အဖောက်ညီလှပါသည်။

"ဒါတင်ဘယ်ကပဲ့မလဲ ဆရာလေးရဲ့၊ မိုးလေကင်းလွတ် သီတင်းကျွတ်ဆိုပြီး ဟော.....မိုးလေကင်း

www.burmeseclassic.com

ရွာထဲသို့ အရောက်အပေါက် နည်းလှပါသည်။ မုံရွာ၏ ဓလေ့ထုံးစံက ညှော်သည်ဟေ့ဆိုလျှင် နီးစပ်ရာ ဆွေမျိုးသားချင်းမှန်သမျှက ဟင်းတစ်ခွက်ပို့တတ်တာပင်။ ကျွန်တော့်မှာ တစ်ခါ တစ်ခါစားရတာ အရမ်းအားနာရပါသည်။ ရောက်ကာစက တောထမင်း၊ တောဟင်းဆိုပြီး စားချင့်စဖွယ်မရှိခဲ့ပေမယ့် ခုချိန်ခါမှာတော့ ညော်..သူတို့ခမျာ မရှိ ရှိတာလေး ချက်ပြီး ပို့ပေးရှာတဲ့ စေတနာလေးကို လေးစားသမှုနဲ့ တန်ဖိုးထားပြီး စားသောက်ပေးရမယ်ဆိုတဲ့အသိလေးတွေ ဝင်လာခဲ့ပါသည်။

ကျွန်တော့်စိတ်တွေကို ပြောင်းလဲပေးခဲ့သူများက မန္တဲ့၊ မဆန်းတို့ ညီအစ်မတစ်တွေကြောင့် ဖြစ်ပါသည်။ မန္တဲ့က အကြီးဆုံး၊ နောက် မဆန်း၊ မသန်း၊ ပြီးတော့ အငယ်ဆုံး ခိုင်။

ခိုင့်ကိုစတွေ့ကတည်းက ကျွန်တော် မြင်ယောင်နေမိတာက ဆရာတက္ကသိုလ်ဘုန်းနိုင်၏ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်။ ကျွန်တော့်ကိစ္စ ကြီးကြီးငယ်ငယ်ရှိလို့ ကျောင်းအုပ် ဆရာကြီးဖြစ်သော သူတို့၏ ဖခင်ကြီး ဦးမင်းခိုင်ဆီ ရောက်ရလေတိုင်း မန္တဲ့၊ မဆန်းတို့နဲ့အဖွဲ့ကျတတ်ပါသည်။ မသန်းကိုတော့ထားပါတော့။ မသန်းက အိမ်ထောင်သည်၊ ကလေးနှစ်ယောက်အမေမို့ ရွာထဲမှာပဲ သူ့ဘာသာသူ တစ်အိုးတစ်အိမ်နဲ့ နေထိုင်သူ။

ခိုင်ကတော့ အသက်လေး နှစ်ဆယ်ကျော်နဲ့ မျက်နှာတချိုချို၊ မာနတဝင့်ဝင့်နေတတ်သူမို့ ကျွန်တော့်မှာ ပြုံးပြရုံကလွဲ၍ ဒီ့ထက် ဘာမှပိုလာခဲ့သော အခြေအနေမရှိ။ အဲဒီလို ကျွန်တော် ပြုံးပြလိုက်ပေမယ့်လည်း ခိုင်က ပြန်လည်ပြုံးပြမယ်လို့ ထင်ပါသလား။ ဝေးသေး။ ဖြစ်နိုင်ပါက ကျွန်တော်ရောက်လာတိုင်း ခိုင် အိမ်တွင်းပုန်းနေတတ်ပါသည်။ ထို့ကြောင့် ခိုင့်ကိုပင် ကျွန်တော် သနားမိပါသေးသည်။

BURMESE CLASSIC .com

မန္တလေးမြို့ဆိုရင်တော့ရွက်ပုန်းသီးက ပိုချိုတယ်လို့ အစအနောက်ခံရမှာမလွဲ။ ခိုင်က ဆွံ့အနေသူမဟုတ်တာတော့ သေချာပါသည်။ ဘာဖြစ်လို့လဲဆိုတော့ မန္တဲ့၊ မဆန်းတို့နဲ့ ခိုင် စကားပြော ရယ်ပွဲဖွဲ့နေချိန်များမှာ မထင်မှတ်ဘဲ ကျွန်တော်ရောက်လာတာမြင်လျှင်ဖြင့် အပေါ်ထပ်သို့ ပြေးတက်သွားပါတော့သည်။ အိမ်အောက်ထပ်မှာက ကြက်သွန်ဖြူစည်းတွေ လှန်းထားတာ၊ ပဲတွေလှပ်ထားတာတွေ၊ ပဲထားဖို့ ခြေတံရှည်အိမ်မြင့် ဆောက်ထားတာကိုး။

မန္တဲ့၊ မဆန်းတို့က အလယ်တန်းပြ ကျောင်းဆရာမများပါပဲ။ ကျွန်တော်နဲ့ မန္တဲ့က တုံရွာက အလယ်တန်းကျောင်းမှာပဲ အတူတာဝန် ထမ်းဆောင်ရပေမယ့် မဆန်းကတော့ ရွှေလှေရွာသို့ သွားသင်ရသူဖြစ်ပါသည်။

စာမတတ်သူများပပျောက်ရေး ခရီးစဉ်မှာ မန္တဲ့တို့နဲ့ကျွန်တော် ကြုံဆုံခဲ့ရပါသည်။ နွေရာသီ လုပ်အားဒါန ပေးလှူပွဲမို့ ပျော်ပျော်ပါးပါး။ သူတို့ညီအစ်မတစ်တွေက အခြားအပျိုကြီးများလို အံ့ပုန်းတွေမဟုတ်။ စာကောင်းကောင်းဖတ်နိုင်ကြတာမို့ အတွေးအခေါ် ကောင်းသလားမသိ။ ကားတစ်စီးလုံးမှာ သူတို့ညီအစ်မနှစ်ယောက်က ပွဲထိန်း။ ထိုင်ခုံကိုတောင်မှ နေရာမရလို့ ဘာလို့ဆိုပြီး မြည်တွန်တောက်တီးမနေဘဲ ကိုယ့်အိတ်ထဲကငွေ ကိုယ်ထုတ်ပြီးပလတ်စတစ်ထိုင်ခုံ ဝယ်ထိုင်ခဲ့ကြသူတွေ။ မန္တဲ့က ကျွန်တော့်ထက် ရှစ်နှစ်ပိုကြီးပြီး မဆန်းက ခြောက်နှစ်ပိုကြီးပါသည်။

မန္တလေးတိုင်းဒေသကြီးက စုစုပေါင်း ကားခြောက်စီးထွက်သည်။ အဲဒီအထဲမှာ ကျွန်တော်ကလုပ်အားဒါနပရဟိတကူရသည်။ ယောကျ်ားသား ကျောင်းဆရာများက လူဦးရေနည်းတာမို့ ဘယ်ကားမှာ ဘယ်သူဆိုပြီး တာဝန်ခွဲဝေယူကြသည်။ ကျွန်တော်က E မေဂျာနဲ့ကျောင်းပြီးခဲ့ပေမယ့် အိမ်ကစတိုးဆိုင်မှာပဲ ဝိုင်းကူရောင်းပေးလိုက်၊ ဟိုသင်တန်း၊ ဒီသင်တန်း ပြေးတက်လိုက်။

မေမေက မြို့နယ်ပညာရေးမှူးရုံးမှာ စာရင်းပိုင်းကိုင်ရတာမို့ ယခုလို စာမတတ်သူများ ပပျောက်ရေးနွေ လုပ်အားဒါန ပညာပေးလှူပွဲလည်း ဖြစ်လာတော့ ‘ငါ့သား လိုက်ကူပေးလိုက်ဦး’ တဲ့။ ကျွန်တော့်မှာ ခရီးထွက်ရတာမို့ ခေါင်းစဉ်ကောင်းလေးနဲ့ ပျော်ရတာမျိုးမဟုတ်ပါ။ ထမင်းချက်ကူဖို့၊ ထင်းကောက်ဖို့

www.burmeseclassic.com

လောက်ကဏ္ဍကနေ ထည့်လိုက်သော မေမေ့ကို ချီးကျူးမဆုံး။ သားလိမ္မာလေးလို့ အပြောခံချင်သော ကျွန်တော့်မှာ မေမေပေးသောမုန့်ဖိုးကို အချိုကြီးရပါလေ၏။

“ဝေး ၁၉၇၁ ခုနှစ်က မြန်မာနိုင်ငံမှာ စာမတတ်သူများ ပပျောက်ရေးလုပ်ဆောင်ခဲ့တဲ့ မြို့နယ်အချို့ရဲ့ ဆောင်ပုဒ်တွေကို သိကြလားဟေ့”

မနွဲ့၏အသံကြောင့် ကျွန်တော့်စိတ်ကူး ဘယ်လွင့်သွားသည်မသိ။ ကျွန်တော့်ဘေးမှာငိုက်မျဉ်းနေသော ကျောင်းဆရာမှာ ဖျတ်ခနဲ လန့်နိုးသွားလေသည်။ ပုတီးစိပ်နေသော ကျောင်းဆရာမတစ်ယောက်က ခေါင်းထောင်ကြည့်သည်။ ကားပေါ်ပါလာသူအားလုံး၏အကြည့်က မနွဲ့ဆီရောက်သွားကြရတော့သည်။ ကားမောင်းနေသူပင် နားရွက်များ တဆတ်ဆတ်နဲ့ နားစွင့်လိုက်ဟန်ရှိသည်။ မနွဲ့နဲ့ မဆန်းတို့၏ နာမည်များကို ကျွန်တော်သိနေရတာက စကားပြောတိုင်း သူတို့နာမည်များ ထည့်၍ပြောတတ်တာကြောင့်ပင်။

“ကဲ...ပြောပါဦး သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးရယ်၊ ၁၉၇၁ ခုက နင်မွေးပြီးမှဟုတ်လား”

မနွဲ့တို့နဲ့သူငယ်ချင်းဖြစ်ဟန်တူသော ကျောင်းဆရာမတစ်ယောက်က အငေါ်တူးရင်း လှမ်းပြောသည်။ မုံရွာ၏ တစ်ဖက်ကမ်းရွာတွေဆီမှ ပညာတတ်ကြီးတွေ ပေါ်ထွက်လာခဲ့ရပါလားရယ်လို့ ကျွန်တော့်မှာ အံ့သြမဆုံး။

“ထန်းတောညိုညို တို့နယ်ခွင် ထန်းလျက်ချက်ရင်း စာကိုသင်၊ အမြင်ကျယ်တဲ့ ထန်းလုပ်သားခေတ် နဲ့ယှဉ်စို့လား”

မနွဲ့၏ဆောင်ပုဒ်ရွတ်သံအဆုံးမှာ လက်ခုပ်သံတွေညံညံစီ။ မဆန်းက.....

“ဝါကောက်ပဲဆွတ်၊ စာပေရွတ် ဝါကောက်မိုင်းငင်၊ စာကိုသင်”

“ကောင်းတယ်ဟေ့၊ တို့သွားရမှာကလည်း ပခုက္ကူရဲ့ဟိုဘက်ကမ်းကို၊ အခုရွတ်လိုက်တာနဲ့ အံကိုက်ပဲဟေ့”

အခြားသောကားတွေထဲမှာ ချင်းပြည်နယ်သွားမည့် ကားတစ်စီးလည်းပါသည်ဟု သိရပါသည်။ အမှန် ကျွန်တော်သွားချင်တာက ချင်းပြည်နယ်ကို။ ပါးရဲထိုးတတ်ခဲ့သော ရိုးရာဓလေ့ကို ကျွန်တော် စိတ်ဝင်စားသည်။ စပ်စုချင်သည်။ ချင်းပြည်နယ်ခရီးစဉ် သွားဖြစ်ခဲ့လျှင် အကောင်းသား။ ခုတော့ နိုင်နဲ့ဆိုရလေပြီ။

“ဟိတ်..ဟိုမောင်လေးက သိုက်မင်းဝေမဟုတ်လား”

ကျွန်တော်လန့်ပြီးလှည့်ကြည့်မိတော့ မဆန်း။

“မြို့နယ်ရုံးကို လာရတဲ့အခါတွေတိုင်း မောင်လေးရဲ့အမေနဲ့ တွေ့ရတဲ့အခါမောင်လေးအကြောင်း ပြောပြဖူးလို့ သိနေတာကြာပါပြီ၊ ခင်မင်ရင်းစွဲ ရှိနေတာမို့ မောင်လေးကို တို့ကားပေါ်လိုက်ခိုင်းပေးဖို့ ရုံးမှာပြောပြခဲ့တာမို့လေ”

အလိုလေးလေး.....အပျိုကြီး မမတွေက လာလာချည်သေး။ သူတို့ ကြောင့်ပဲ ကျွန်တော်က ဒီခရီးစဉ်မှာ လိုက်ရသလိုလို။

“ကျွန်တော့်နာမည်က ထိုက်မင်းဝေပါ”

“အိုး...ဟုတ်လား၊ ဆောရီး၊ ဟုတ်ပြီ....မောင်လေး မမတို့ရွာကို ပညာရေးဝန်ထမ်းအဖြစ်တင်လိုက်၊ တို့ကျောင်းမှာ မူလတန်းပြအင်အား လိုနေတယ်၊ ကြာပါတယ်ကွာ၊ တို့တွေလည်း စာတင်ထားပြီးသားမို့ မြို့ပေါ်ပြန်ရောက်ရင် မောင်လေးရဲ့အမေကို ပြောလိုက်မယ်”

ဗုဒ္ဓေါ..။ ကျွန်တော့်မှာ ငြင်းခွင့်မရ၊ ငြင်းချိန်မရှိ။ ခေါင်းမခါရပါဘဲနဲ့ တုံ့ရွာသို့ ရောက်လာရပါသည်။ အစပိုင်းတုန်းကတော့ အသံကောင်းဟစ်ချင်လို့ရယ်၊ မေမေတို့က ကျွန်တော့်လစာကို အပြည့်အဝ သုံးခွင့်ပေးတာရယ်ကြောင့် လူကြားကောင်းအောင်၊ တစ်နှစ်လောက် ကျောင်းဆရာလုပ်ဖူးတယ်ရှိအောင်ပေါ့လေ။ လက်တွေ့မှာ မနွဲ့နဲ့ မဆန်းတို့က သူတို့၏မောင်လေး အသက်နှစ်နှစ်အရွယ်မှာ အပူဝက်သက်ကြီးပြီး ကွယ်လွန်ခဲ့ရတာမို့ သူတို့မောင်လေးနဲ့ သက်တူရွယ်တူဖြစ်မည့် ကျွန်တော့်အပေါ် မိသားစုမောင်နှမအရင်းသဖွယ် ဆက်ဆံကူညီစောင့်ရှောက်ပေးခဲ့ကြသော မိတ်ဆွေအရင်းများပါလားလို့ သိလိုက်ရတဲ့အခါမှာတော့.....

“သမီးသုံးယောက်မွေးပြီးမှ ရတဲ့သားဆိုတော့ ရဟန်းအမ ဖြစ်ပဟဲ့ဆိုပြီး အဖေနဲ့အမေ့မှာ ပျော်ရွှင်ခဲ့ရတာ၊ ဖြူဖြူဖွေးဖွေးနဲ့ မောင်လေး

www.burmeseclassic.com

www.burmeseclassic.com

အဖိတ်အစဉ်ဖြစ်တော့ အမေ့မှာ ကျန်းမာရေး ချူချာလာခဲ့ရတာ၊ နောက် မောင်လေးက အိပ်မက်ပေးတယ်၊ အမေတို့ဆီ မိန်းကလေးဘဝနဲ့ပြန်လာမှ သား အသက်ရှင်ပြီးနေနိုင်မှာ၊ ဘာဖြစ်လို့လဲဆိုတော့ သားအတိတ်ဘဝက မကောင်းခဲ့လို့ အရင်ယောကျ်ားလေးဘဝက အသက်မရှည်ခဲ့တာတဲ့လေ၊ အဲဒီနောက် ခိုင့်ကိုမွေးခဲ့တာတဲ့လေ၊ ယုံပါ့မလား ဆရာလေးရယ်၊ မောင်လေးနဲ့ ခိုင်က ဟို...မရှိသေ့စကားအဖို၊ အမ ဆိုတာကလွဲရင်လေ မောင်လေးမှ မောင်လေးပဲတဲ့၊ မန္တွဲ့ တကယ်ပြောတာပါ''

မန္တွဲ့နဲ့မဆန်းတို့မှာ အစပိုင်းက ကျွန်တော့်ကို မောင်လေး၊ မောင်လေးနဲ့ခေါ်ခဲ့ကြသေးပေမယ့် နောက်ပိုင်း ကလေးများနဲ့အတူ ရောယောင်ကာ ဆရာ၊ ဆရာလေးလို့ ခေါ်ဝေါ်ခဲ့ကြပါတော့သည်။

''မဆန်းပြောပြဦးမယ်နော်၊ မောင်လေးပြန်ဝင်စားလာတဲ့ကလေးက မဆန်းတို့နဲ့ဆိုရင် အသက်ဆယ်နှစ်လောက် ကွာနေပေမယ့် သူက အလိုလိုက်ခံထားရတော့ အိမ်မှာဗိုလ်ပဲ၊ ခိုင်လို့မှည့်ထားတာကလည်း အရင်လို အဖိတ်အစဉ်၊ အလေအလွင့်မရှိဘဲ ခိုင်မြဲနေအောင်လို့လေ''

''ဒါနဲ့ သူက ကျွန်တော့်ကို ဘာဖြစ်လို့ အရောမဝင်ချင်တာလဲ''

ကျွန်တော့်အမေးကြောင့် မန္တွဲ့နဲ့မဆန်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငေးငိုင်ကျသွားကြသလိုပင်။ သို့သော်လည်း အတွေးအမြင်ကောင်းသူများပီပီ ကျွန်တော့်ကို ချက်ချင်းပြုံးပြနိုင်ကြပါသည်။

''သူက ဖက်စိမ်းကွမ်းတောင်ကိုင်ခဲ့ရတာကိုး၊ မာနတော့ကြီးတာပေါ့၊ ဒါပေမဲ့ ဆရာ့ကိုတော့အဆင့်အတန်း ခွဲခြားလိုစိတ်ရှိတာမျိုး မဟုတ်ရပါဘူး၊ ခိုင်က ဆရာ့ကိုမှ မဟုတ်ပါဘူး၊ တစ်ရွာလုံး ဘယ်သူ့ကိုမှ အရောတဝင် မနေလှဘူးမို့ပါ''

ပြောပြီး မန္တွဲ့က ရေနွေးတစ်ခွက်ငှဲ့သောက်ကာ အပေါ်ထပ်သို့ မော့ကြည့်ပါသည်။ အပေါ်ထပ်ပြတင်းဆီ ကျွန်တော်က နောက်ကျောပေးထိုင်နေတာမို့ ဘာမှမတွေ့မြင်ရ။

ခိုင်က
သိုက်ကလာတာမို့
ရည်းစားသန်ထားတာ
မကြိုက်ဘူးလေ၊
ဒါကြောင့်
ခိုင်နဲ့ပတ်သက်သမျှ
ယောကျ်ားမှန်သမျှကို
သိုက်ချုပ်က
ရှင်းပစ်တာပေါ့
...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မန္တဲ့နဲ့မဆန်းတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အသံတိတ်စကားပြောနေကြသလိုပင်။

"ခိုင်က ကျောင်းမပြီးခဲ့ဘူးလား"

ကျွန်တော် ဤသို့မေးလိုက်လျှင် ရိုင်းမည်လား။ ခိုင်ကျောင်းပြီးခဲ့တာ၊ ကျောင်းမပြီးခဲ့တာက ကျွန်တော့်ကိစ္စလည်းမဟုတ်။ ကဲ.....ခိုင် ကျောင်းပြီးခဲ့ပြီဆိုပါစို့။ ကျွန်တော်နဲ့ ဘာဆိုင်တာမို့လဲ။

"အား...မမကြီးနဲ့ မမလေးတို့ရေ ကယ်ကြပါဦး၊ ဒီမှာ ခိုင့်သေတ္တာနောက်ဘက်ထဲ ကြွက်သိုက်ဖြစ်နေလို့၊ ကြွက်နီတာရဲလေးတွေကို ကြောက်လို့ ကယ်ကြပါဦး၊ လာကြပါဦး....."

✦ ✦ ✦

"ဆရာလေး၊ ဟိုလေ....."

ကျွန်တော်နှစ်သက်သော ရွှေဖရုံသီးနှပ်တစ်ခွက်ကို လာပို့ပေးရှာသော ကျောင်းနားက ထန်းရွက်မိုးနဲ့အိမ်မှ ဒေါ်ယဉ်ရွှေကို ကျွန်တော်မော့ကြည့်လိုက်ပါသည်။ လပတ်စာမေးပွဲအမှတ်စာရင်းများကို ပြန်လည်စစ်ဆေးနေသော ကျွန်တော့်မှာ ဒေါ်ယဉ်ရွှေကို ယဉ်ကျေးစွာ ပြန် လည်ကြည့်လိုက်ပါသည်။

ကျွန်တော့်လိုင်းခန်းအိမ်လေးက ထမင်းစားပွဲပေါ်သို့ နေ့စဉ်နေ့တိုင်း ဟင်းလေးငါးမျိုးတော့ ရောက်လာတာပင်။ ကျွန်တော့်မီးဖိုချောင်မှ ပန်းကန်လေးတွေကိုယူပြီး လဲလှယ်ထည့်ပေးကြပြီး အုပ်ဆောင်းဆန်ခါဖြင့် ပြန်လည်အုပ်မိုးပေးခဲ့ကြတာကို ကျေးဇူးတင်ရပါသည်။ တစ်ခါကဆိုလျှင် ခိုင်ချက်ပို့ပေးသော ငါးနဲ့ချဉ်ပေါင် ရောချက်ထားတာကို ငရုတ်သီးစိမ်းလေးချိုးထည့်ပြီး ပင်စိမ်းရွက်လေးအုပ်လိုက်တာများ စားကောင်းလွန်းလို့ ထမင်းစားချိန်ရောက်တိုင်း တမ်းတမ်းတတ။ အဲဒီလိုခိုင့်လက်ရာဟင်းတစ်ခွက်ရောက်လာခဲ့ပြီဆိုလို့ကတော့ ကျန်ဟင်းခွက်များမှာ မျက်နှာလေးတွေငယ်။ နောက် ရွှေဖရုံသီးနှပ်ကိုလည်း ကြိုက်ပါသည်။

"ပြောပါ ဒေါ်ယဉ်ရွှေ"

"ဟို...ဟိုလေ တို့များက အဲလေ.....အဒေါ်ကလေ ဒီကဆရာလေးကို ဆရာမ မန္တဲ့၊ မဆန်းတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ပဲ အကြောင်းပါစေချင်တာပါ၊ အဲဒီကလေးတွေက အဒေါ်တို့မျက်စိအောက်တင် ကြီးခဲ့တာပေါ့"

ဒေါ်ယဉ်ရွှေ စကားပြောရှည်တာကို နှစ်နှစ်ကြာနေထိုင်ခဲ့ပြီးသော အခါမှပင် သိရပါတော့သည်။ ဒေါ်ယဉ်ရွှေ အောင်သွယ်ပေးနေတာများလား။

"မဟုတ်လို့ကတော့ ခိုင့်ကို ရှောင်ပါဆရာလေးရယ်၊ ဆရာလေးနဲ့ခိုင်က အသက်အရွယ် မတိမ်းမယိမ်းတွေဆိုတော့ တစ်နေ့နေ့မှာ ငြိစွန်းသွားမလားရယ်လို့ တစ်ရွာလုံးက စိုးရိမ်နေခဲ့ကြတာ ကြာပါပြီ၊ ခုလို သီတင်းကျွတ်ကာနီး ရောက်ပြီဆိုရင် ခိုင့်စိတ်တွေက မငြိမ်သက်တတ်ဘူးလေ"

"ခင်ဗျာ....."

ကျွန်တော့်အသံ အတော်လေး ကျယ်သွားဟန်တူပါသည်။ ဒေါ်ယဉ်ရွှေက သူ့နှုတ်ခမ်းနားမှာ လက်ညှိုးလေးထိုးကပ်ပြီး ရှူးတိုးတိုးဟု ပြောဟန်ပြုသည်။ ကျောင်းဝင်းထဲမှာနေထိုင်သူ အခြားဆရာမများလည်း ရှိသေးတာကိုး။

"ပြောရရင်တော့ ခိုင်က သိုက်ကလာတာမို့ ရည်းစားသနံထားတာ မကြိုက်ဘူးလေ၊ ဒါကြောင့် ခိုင်နဲ့ ပတ်သက်သမျှ ယောကျ်ားမှန်သမျှကို သိုက်ချုပ်က ရှင်းပစ်တာပေါ့"

ကျွန်တော့်ခေါင်းတွေ ချာချာလည်သွားရပါပြီ။ ဒေါ်ယဉ်ရွှေက ဟိုကကန်တော့ပွဲရွက်ခိုင်း၊ ဒီကနတ်တင်ခိုင်းတာ စသဖြင့်တော့ ကျွန်တော် မြင်နေ၊ သိနေပါသည်။ အခုကော နတ်စကားလား၊ သိုက်စကားလား လာပြောနေပြန်ပါပြီ။

"အရာတော်မြို့က ခြေတော်ရာဘုရားပွဲကို ပွဲလည်လာကြရင်း ခိုင့်ကိုတွေ့ခဲ့ရတဲ့ အရာတော်မြို့မျက်နှာဖုံးရဲ့သားက ခိုင့်ကိုတောင်းရမ်းဖို့အလာ လမ်းမှာ ဆိုင်ကယ်လဲတာ ပွဲချင်းပြီးပဲ"

မြတ်စွာဘုရား.....။ အသက်သုံးဆယ် ပြည့်တော့မည့် ကျွန်တော့်မှာ ရင်ဘတ်ကို လက်နဲ့ဖိထားလိုက်ရပါသည်။ ဒေါ်ယဉ်ရွှေကို ဘာနတ်ဝင်ပူးနေပါသလဲ။ ဒီနေ့ ကျွန်တော့်ကို ထူးထူးဆန်းဆန်း။

"ဆရာလေးရယ် မန္တဲ့တို့၊

www.burmeseclassic.com



မဆန်းတို့မိသားစုကဒီရွာမှာ သိက္ခာရှိရှိနဲ့ ရပ်တည်နေကြတာပါ၊ အခုနောက် ကျောင်းအုပ်ကြီး ရောက်မလာသေးချိန်အထိ အနစ်နာခံပြီး ကျောင်းမှာဆက်ပြီး အုပ်ချုပ်ပေးနေရှာတာ၊ ဆရာကြီး ပင်စင်စားခဲ့ပြီဆိုပေမယ့် အဒေါ်နဲ့က ကျောင်းနေဖက်တွေ ဖြစ်ခဲ့ဖူးတာ၊ သိပ်ရိုးတာ၊ ဟိုစဉ်တုန်းက သူဆယ်တန်းအောင်ခဲ့ပြီးနောက် နှစ်နှစ်ဆယ်လောက် ဒီရွာမှာ ဆယ်တန်းအောင်သူ မရှိတော့ဘူး''

ထိုစကားကိုတော့ ကျွန်တော် လက်ခံပါသည်။ ထိုစဉ်အခါတွေက ရွာတစ်ရွာမှာ ခုနစ်တန်း၊ ရှစ်တန်းအောင်မြင်သူဆိုလျှင် မြူနီစီပယ်ကျောင်းဆရာ၊ ကျောင်းဆရာမ ဖြစ်နိုင်သည်ပဲလေ။ ကျွန်တော်ပင်ဆယ်တန်းကို သုံးနှစ်ဖြေခဲ့ရတာ။ အစ်မတွေနားကပ်ချွဲပြီး အိမ်ကစတိုးဆိုင်မှာပဲ လူလည်လုပ်ကာ ဈေးကူရောင်းရင်း စာမေးပွဲ နှစ်နှစ်ကျခဲ့လို့ဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ စာမေးပွဲပြန်မဖြေခဲ့ရင်တော့လား။ ယခုလိုနေရာမှာ ထိုင်နေရမယ်လို့ ရှိမှာမဟုတ်တဲ့ ကံကြမ္မာမျိုး။ ဗုဒ္ဓဘာသာဝင်ပီပီ ကံ၊ ကံ၏အကျိုးကို ကျွန်တော် ယုံကြည်သည်။ ကံဆိုတာအလုပ်။ ကောင်းတဲ့အလုပ် လုပ်ရင် ကောင်းတဲ့အကျိုး ခံစားရမှာပဲ မဟုတ်လား။

''အတင်းစကား၊ အဖျင်းစကားတော့ မဟုတ်ပါဘူးလေ၊ ဆရာလေးကို မပျက်စီးစေချင်လို့ပါ၊ အဒေါ်တို့တစ်ရွာလုံးကလည်း တစ်နေ့မနွဲ့နဲ့နီးစပ်နိုးနိုး၊ တစ်ရက် မဆန်းနဲ့အကြောင်းပါနိုးနိုး စောင့်ကြည့်နေကြတာပါ၊ နောက်ထပ်တစ်ယောက်ရှိသေးတယ် ဆရာလေးရဲ့''

ဟော..နောက်ထပ်တစ်ယောက်ရှိသေးတယ်တဲ့။ ခုနကတော့ တစ်ယောက် ဆိုင်ကယ် Accident ဖြစ်ပြီးပြီ။ အဲဒီလိုဖြစ်ရတဲ့ အကြောင်းပြချက်တွေက အများကြီး ရှိနိုင်ပါသည်။ သတို့သားလောင်းက နောက်ကထိုင်ပေမယ့် ရှေ့မှဆိုင်ကယ်မောင်းသူက အရက်သေစာသောက်ထားခဲ့ရင်၊ ဒါမှမဟုတ် ကန်သင်းရိုးပင်ကျိုးသော တော်သလင်းမိုးကြောင့် လမ်းချော်နိုင်သည်။ သို့မဟုတ်လျှင်လည်း အရှိန်မထိန်းနိုင်လို့ဆိုတာမျိုး အမျိုးမျိုးဖြစ်နိုင်ပါသည်။

''သူက ခိုင်နဲ့ မုံရွာတက္ကသိုလ်မှာ တွေ့ကြတာ၊ ခိုင်က အရမ်းလှတယ်လေ၊ ရွာသူဆိုပေမယ့် ပြောဟန်၊ ဆိုဟန်၊ နေထိုင်ပုံက အဒေါ်တို့ရွာပေါက်တွေနဲ့ တခြားစီ၊ မတ္တရာဘက်ကနေ ကျောင်းလာတက်တဲ့ ငါးကန်ပိုင်ရှင်ရဲ့သားပေါ့၊ ငါးကန်တွေမှ အများကြီးပိုင်တာ၊ ရေးကအခေါ်ဆို အင်းသူကြီးပေါ့၊ ခိုင့်ကိုတင်တောင်းတဲ့ ပစ္စည်းတွေကလည်း အများကြီးပဲ၊ ဒီတစ်ခါတော့ ခိုင်လည်း မလွဲတော့ဘူးလို့ ထင်ရှာမှာပေါ့''

ကျွန်တော့်နားတွေ ပင်းသွား၊ ထိုင်းသွားစေချင်လိုက်တာ။

''သီတင်းကျွတ်မင်္ဂလာဆောင်အတွက် မန္တလေးမြို့ပေါ် မင်္ဂလာဝတ်စုံတက်အပ်တာ၊ မြို့ပေါ်မရောက်ခင် ကားက လမ်းဘေးသင်ပင်ဝင်တိုက်မိတာ၊ သတို့သားလောင်းက သူ အသက်မထွက်ခင် စက္ကန့်ပိုင်းလေးအတွင်းမှာ ပြောခဲ့တာရှိတယ်၊ ခိုင့်ဘေးမှာ အဖော်လိုက်ပေးခဲ့တဲ့ အပျိုခေါင်းမ ချောချောပေါ့၊ သတို့သားလောင်းက သူမကောင်းဆိုးဝါးတစ်ကောင် ကားရှေ့မှာ ဘွားခနဲပေါ်လာလို့ လမ်းဘေးကိုထိုးရှောင်ရင်း သစ်ပင်နဲ့တိုက်မိတာတဲ့၊ မချောချောနဲ့ ခိုင်လည်း ဆေးရုံ တစ်လလောက်စီတက်လိုက်ရတာ၊ ခိုင် ဒုတိယနှစ်မဖြေလိုက်ရဘူး''

ဒါလည်းဖြစ်နိုင်သည်ဟု ကျွန်တော် ထင်ပါသည်။ မင်္ဂလာပွဲအတွက်ဖိတ်စာရိုက်ဖို့၊ နှစ်ဖက်မိဘများ ဆွေးနွေးနေကြရတာတွေကဟာကွက်မရှိကြရအောင်။ နှစ်ဦးနှစ်ဖက်ဆွေမျိုးသားချင်းတွေ ပြေလည်အောင် ဆွေးနွေးရတာမျိုးက 'စိတ်ဖိစီးနိုင်ပါသည်။ အိပ်ရေးပျက်နေသူအတွက် စိတ်ကယောင်ချောက်ချားဖြစ်နိုင်တာမို့ မြင်မိမြင်ရာကို ထင်မိထင်ရာ ပြောခဲ့တာလည်း ဖြစ်နိုင်ပါသည်။ နောက် ဒဏ်ရာများနဲ့မချောချောကလည်း ကြားမိကြားရာကို ကြားနိုင်ပါသည်။

ဒေါ်ယဉ်ရွှေ နားလည်အောင် ကျွန်တော်မည်သို့ရှင်းပြရမည်နည်း။ မနွဲ့နဲ့မဆန်းတို့မှာ ရှိသမျှစာအုပ်မျိုးစုံကို ကျွန်တော် ငှားဖတ်ဖူးပွန်းလို့ ကုန်နေပါပြီ။ ကျွန်တော်က သဘာဝကို ဆန့်ကျင်သူတော့ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နှစ်ဖက်အတွေးကိုတော့ တွေးယူကြည့်တတ်တာက ဝါသနာ။ ဒါဆိုလျှင် အစွန်းနှစ်ဖက်မရောက်နိုင်ဘူးလို့ ကျွန်တော်စဉ်းစားမိသလို လိုက်နာကျင့်သုံးသည်။

စာဆိုလျှင်လည်း ဖတ်ပြီးသမျှကို ဘက်ညီသော မနွဲ့၊ မဆန်းတို့နဲ့ အပြန်အလှန် ငြင်းခုံဆွေးနွေးကြခြင်းဖြင့် ဖတ်ထားပြီးသော စာမှန်သမျှ ပြန်လည်မှတ်မိသွားသည်။



သဘောပေါက်တာမြန်သွားရသည်။ ထိုသို့ငြင်းခုံမှုမျိုးမရှိဘဲ ကိုယ်ပြောသမျှကို တစ်ဖက်လူက ငြိမ်ပြီး နားထောင်နေလျှင် တစ်ဖက်သတ်ဆန်နေရတော့သည်။ ယခုကော ဒေါ်ယဉ်ရွှေအတွက် မည်သည့်စကားလုံး သုံးနှုန်း၍ ရှင်းပြရမည်နည်း။ ထိုကြားထဲ ကျွန်တော်နဲ့ မနွဲ့၊ မဆန်း တို့ တစ်ယောက်ယောက်နဲ့ ခုံဖက်တာကို မြင်လိုကြဟန် တူပါသေးသည်။

"နောက်ဆုံးတစ်ယောက်ကတော့ ဒီရွာမှာနေခဲ့တဲ့ မြို့နယ်ဆေးရုံက လက်ထောက်ဆရာဝန်လေးပဲ၊ အဲဒီကိစ္စဖြစ်ပြီးတဲ့နောက် ခိုင့်အမေလည်း အဲဒီစိတ်နဲ့ ဆုံးတာပဲ၊ တိုက်ဆိုင်မှုကလေဖြစ်လိုက်သမျှ သီတင်းကျွတ်ခါနီးတွေချည်းပဲ၊ ဖြစ်ချင်တော့ ခိုင့်စိတ်က ပုံမှန်မဟုတ်တော့ဘူး၊ ဆရာဝန်လေးရယ်၊ နှစ်နှစ်ယောက်ရယ်၊ အပြာတစ်ယောက်ရယ်ပဲ ဆေးရုံမှာရှိတာ၊ ဆရာဝန်လေးက ခိုင့်ကို တစ်ရက်ခြားဆိုသလို လာစမ်းသပ်ကုသ စောင့်ရှောက်ပေးတယ်၊ ဆေးတိုက်တယ်၊ အဲဒီလိုနဲ့ အနေနီးစပ်ပြီး သံယောဇဉ်ဖြစ်သွားမှာပေါ့၊ ဒီတစ်ခါတော့ ခိုင့်အနာဂတ်သေချာအောင်လို့ သတို့သားလောင်း ဆရာဝန်လေးကို ဘယ်မှ မသွားနိုင်းကြတော့ဘူး၊ ဆရာဝန်လေးရဲ့မိဘတွေကလည်း ခိုင့်အပေါ် ကြည်ကြည်ဖြူဖြူနဲ့ နောက်လ သီတင်းကျွတ်တာနဲ့ မင်္ဂလာဆောင်မယ်ပေါ့၊ လိုအပ်သမျှကို မြို့ကနေ သယ်ခဲ့ပေးမယ်၊ မင်္ဂလာဝတ်စုံလည်း ချုပ်ခဲ့မယ်၊ ဘာညာအစုံစီစဉ်ခဲ့မယ်ပေါ့၊ ဒီလိုနဲ့ ဆရာလေးရယ်"

ဒေါ်ယဉ်ရွှေ မရိပ်မိအောင် ကျွန်တော် ခပ်တိုးတိုးသက်ပြင်းချလိုက်မိပါသည်။ ခိုင့်ရှေ့ရေးကို ကျွန်တော်လှမ်းဖတ်နိုင်ခဲ့ရင် သိပ်ကောင်းမှာပဲလေ။ ဒေါ်ယဉ်ရွှေ့စကားတွေကို ဘယ်လိုနားနဲ့ ကျွန်တော်နားထောင်ရက်ပါ့မလဲ ခိုင်ရယ်။

"အဲဒီနှစ် ရေကြီးတာများ ဆရာလေးရယ်၊ တာတွေမံထားတာတောင်မှ ပွင့်ထွက်ကုန်တာလေ၊ ချင်းတွင်းမြစ်ရေတက်ခဲ့တာများ အဲဒီတုန်းကရေသံတွေ အခုထိနားထဲ ခုထက်ထိ ကြားနေရတုန်းပါပဲကွယ်"

ပြောရင်း ဒေါ်ယဉ်ရွှေမျက်ရည်စများကို သူ့ပခုံးပေါ်မှပေါင်းတဘက်ဖြင့် သုတ်လိုက်တာကိုမြင်ရတော့ ကျွန်တော့်ရင်ထဲမှာနင့်ခနဲ။ ဩော်.. ဖက်စိမ်းကွမ်းတောင်ကိုင်ခဲ့ရတဲ့ အလှပဂေးရဲ့ဂုဏ်သတင်းကျော်စောမှုက ဒီလိုအကြောင်းဆိုးတွေလွှမ်းခြုံရတယ်လို့ ခိုင်ရယ်။

"အရင်ဆုံးမြုပ်တာညောင်ပင်ကြီးပဲ၊ မိုးလေဝသသတင်းကို အချိန်မီသိခဲ့ရပေမယ့် မြစ်ရေက စိုးရိမ်ရေမှတ်မှာမို့ ရေကာဖို့ လုပ်ရမှာလား၊ မှန်တိုင်းအတွက် ရှောင်တိမ်းရမှာလားဆိုတာကို ရွာမှာရှိတဲ့ လူငယ်အားနဲ့မလုံလောက်ခဲ့ဘူးလေ ဆရာဝန်လေးကိုဆိုရင်လေ ဒီနေ့ထိ

www.burmeseclassic.com

www.burmeseclassic.com

အဒေါ်တို့တစ်ရွာလုံး မေ့မရနိုင်အောင် အမှတ်ထင်နေကြတုန်းပါပဲ၊ မြစ်ရေတွေတိုးလာတော့ ညောင်ပင်ကြီးနဲ့ ရွှေလှေဘက်က ကလေးတွေနဲ့ အဘိုးအဘွားတွေကို လှေတွေနဲ့ကယ်ယူပြီး တုံရွာဆီပို့ခဲ့ကြတာ၊ ယောက်ျား ဘသားမှန်သမျှ တရုန်းရုန်း၊ ကုန်းပေါ်က ဘုရားတွေဆီရောက်မလာ့းစိုးရိမ်ခဲ့ရတဲ့ မိုးလေ သဲသဲမဲမဲကွယ်၊ အဲဒီနောက်မှာ အဟီးဟီး.....မိုးကာအင်္ကျီဝတ်ပြီးတော့ ကလေးတွေကို မြန်မြန်လေး ဘုရားကုန်းပေါ်ပို့ပေးမယ်၊ မြန်မြန်..မြန်မြန်တက်ကြနဲ့ တကြော်ကြော် ဟစ်အော်ကယ်ဆယ်ပေးခဲ့တဲ့ ဆရာဝန်လေးကိုလေ ဘယ်အချိန်ကတည်းက ပျောက်သွားခဲ့မှန်း..အဟီးဟီးအီး.....''

+ + +

သီတင်းကျွတ်ပြီးလို့ တန်ဆောင်တိုင်ထဲ ရောက်ခဲ့ပြီ။

မိုးညှင်းသမ္ဗုဒ္ဓေဘုရားဖူးပြီး အပြန် ကျွန်တော့်စိတ်တွေက ဟိုး..ဗောဓိတစ်ထောင်ဆီ။ မန္တဲ့၊ မဆန်း၊ ခိုင်တို့ ညီအစ်မတွေက ထနောင်းရွက်ကို ငါးပိနဲ့တို့စားရတဲ့အကြောင်းဆီ စကားရောက်နေကြပြန်သလို တမာပင်ကို စိုက်ထားရင်ရမယ့် ကောင်းကျိုးတွေအကြောင်း အလုအယက် ပြောနေကြပြန်ပါသည်။ ခိုင်ပျော်ရွှင်နေတာမြင်ရတော့ စိတ်ချမ်းသာရပါသည်။

ခိုင့်ကို ကျောင်းပြီးအောင်ဆက်တက်စေချင်လိုက်တာ။ ဘဝသစ်တစ်ခုမှာ ခိုင့်ကို စိတ်သစ်တစ်ခုနဲ့ ရှင်သန်စေချင်ပါသည်။ ခိုင်ရယ်...ခိုင့်ဘဝ ဖြစ်လာရတဲ့ အကုသိုလ်တွေက ကြီးမားလိုက်တာ။ အရင်လူဝင်စားဘဝက ဝက်သက်အပူရှိန်ပြင်းပြီး မပျက်စီးခဲ့ရရင် သိပ်ကောင်းမှာပဲနော်။ ဒါဆိုရင် ခိုင့်အနာဂတ်က ယောက်ျားလေးဘဝနဲ့ တစ်မျိုးတစ်မည် ရှင်သန်နေမှာပေါ့။

ဒါပေမဲ့ ခိုင်ရယ်..ခိုင်က လူပြန်ဝင်စားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားကွယ်။ အိပ်မက်ဆိုတာ စိတ်ကြောင့်မက်နိုင်သလို နတ်တို့လှည့်စားမှုနဲ့လည်း မက်နိုင်တယ်လေ။ ဒီရွာမှာ လူလာဖြစ်ရတဲ့ ခိုင့်ရဲ့အတိတ်ကံ အကြွေးပေါ့လေ။

"ကြွက်တွေ၊ ကြွက်ပေါက်စနီတာရဲလေးတွေ၊ ကယ်ကြပါဦး''လို့ ခိုင်အော်တော့ ကျွန်တော်နဲ့ မန္တဲ့၊ မဆန်းတို့ အပြေးအလွှား အပေါ်ထပ်ကိုတက်သွားလိုက်ကြတာ လှေကားပေါ်က ခြေချော်မကျခဲ့တာ ကံကောင်း။

''ဟင်..ဘယ်မှာလဲ၊ ဘယ်မှာလဲ''

မန္တဲ့မှာ ခိုင်လက်ညှိုးထိုးပြနေတဲ့ သေတ္တာနောက်ကို ကြည့်လိုက်တော့ ဘာမှမတွေ့။ သေချာသွားရအောင် ကျွန်တော်တို့ ခေါင်းချင်းဆိုင်ကြည့်ပေမယ့်လည်း ဘာမှမတွေ့ရ။ ကျွန်တော် ခိုင့်ကိုကြည့်လိုက်တော့ ခိုင့်မှာ တုန်တုန်ယင်ယင်။ ကြောက်စိတ်နဲ့ ခိုင့်သွားလေးတွေ စေ့လို့၊ မျက်လုံးလေးတွေက ကလယ်ကလယ်။

"မရှိပါဘူး ညီမလေးရဲ့၊ ရှိရင်လည်း ကြွက်သိုက်တော့ရှိနေမှာပေါ့၊ အခုက ရှင်းလင်းနေတာပဲဟာကို၊ ဘာမှမရှိပါဘူး၊ မကြောက်နဲ့နော်''

မန္တဲ့မှာ ခိုင့်ကိုရင်ဘတ်ထဲထည့် ပွေ့ဖက်ထားရှာပါသည်။ မဆန်းက သောက်ရေတစ်ခွက် အပြေးယူလာပြီး ခိုင့်ကိုတိုက်သည်။

"မ...မသိပါဘူး မမကြီးရယ်၊ ခိုင်လေ..ခိုင်လေ ကြွက်လေးကို မြင်လိုက်ရတယ်လို့ပဲ ထင်..ထင်လို့ပါ''

ပြောပြီး ခိုင့်မှာ ကျွန်တော့်ကို မလုံမလဲဖြင့် လှမ်းကြည့်ခဲ့တဲ့ မျက်လုံးလေးတွေက တစ်ခုခုကို တောင်းပန်နေခဲ့တာလား ခိုင်ရယ်။ ခိုင့်အကြောင်းတွေကိုကျွန်တော်သိသွားမှာစိုးတာလား၊ ဒါမှမဟုတ် မန္တဲ့၊ မဆန်းတို့က ခိုင့်အကြောင်းကို ပြောပြလိုက်မှာစိုးလို့လား၊ ဒါမှမဟုတ်...ဒါမှမဟုတ်.....။

ခိုင်ရယ်.....ဆရာဝန်လေးကို ကျွန်တော်လည်း မြင်ဖူးခဲ့ရရင် တစ်ရွာလုံး ခံစားခဲ့ရသလို ကျွန်တော်လည်း ထပ်တူခံစားပေးနိုင်မှာ သေချာတာပေါ့။

ကျွန်တော် နေ့တိုင်း နေ့တိုင်း မြစ်ဆိပ်ဘက်သွားပြီး မျှော်ကြည့်မိတယ်သိလား ခိုင်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ပျောက်သွားခဲ့တယ်ဆိုတဲ့ ဆရာဝန်လေးများ ဒီရေနဲ့အတူ ပြန်ပါလာဦးမလားရယ်လို့လေ..။ ။

နှင်းစက် (လားရှိုး)

www.burmeseclassic.com

www.burmeseclassic.com







# ကိုယ်ချင်းစာတတ်ကြပါ

အိမ့် (ရှုပဗေဒ)

"မချို..ဘယ်ကပြန်လာတာလဲ"

ကျွန်မက အပြုံးနဲ့မေးလိုက်ပေမယ့် မချိုက ကျွန်မကို လှည့်ကြည့်ပြီး မဖြေဘဲ တစ်ဖက်ကို လှည့်သွားပါတော့တယ်။ ကျွန်မလည်း စိတ်မဆိုးနိုင်ပါဘူး။ မချိုကို နားလည်မှုများစွာနဲ့ ခွင့်လွှတ်လိုက်တယ်။ မချိုဆိုတာက တစ်ချိန်က ညီအစ်မလို နေကြတဲ့သူတွေပါ။ အခုတော့ ကျွန်မအပေါ် စိမ်းကားသွားတာတော့ စိတ်မကောင်းဖြစ်ရပါတယ်။

"အမေ.....မချိုက ကျွန်မကို မခေါ်ဘူး၊ သူတို့အမြင်မှာ ကျွန်မဟာ လူကုန်ကူးသူတွေလက်ထဲက လွတ်မြောက်လာသူဖြစ်ခဲ့ပေမယ့် အဲဒီအရိပ်မည်းကြီးကြောင့် အရေးမလုပ်ချင်ကြတာလားမသိဘူးနော်"

"စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်၊ သူတို့က သမီးဘဝကို နားမလည်နိုင်ကြသေးတာပါ၊ လူကုန်ကူးသူတွေလက်ထဲရောက်ရတာ ကံမကောင်းလို့ပါကွယ်၊ ဘယ်သူက ရောက်ချင်ကြမှာလဲ"

ကျွန်မက လူကုန်ကူးသူတွေရဲ့ ဒုက္ခပေးမှုကြောင့် ဘုမသိ ဘမသိနဲ့ တရုတ်နိုင်ငံဘက်ကို ရောက်သွားခဲ့တယ်။ တရုတ်အမျိုးသားကြီးနဲ့ လက်ထပ်ပေးမယ်ဆိုတာသိရတော့မှ ကျွန်မကို ခေါ်သွားတဲ့ပွဲစားက ရောင်းစားသွားမှန်း သိလိုက်ရတယ်။ ကျွန်မလေ...အံ့ဩသွားမိတယ်။

တရုတ်မယားဘဝနဲ့ တိုင်းတစ်ပါးမှာ မနေနိုင်တော့ သူတို့အလစ်မှာ ကျွန်မ ထွက်ပြေးလာခဲ့တယ်။ ကံကောင်းချင်တော့ ကျွန်မကိုကယ်တင်ပေးတဲ့သူတွေကြောင့် ကိုယ့်နိုင်ငံကို ပြန်ရောက်ပြီး မိဘအရိပ်ကို ပြန်ရောက်လာရတာပါ။

"ကျွန်မက ဒုက္ခရောက်ခဲ့ရုံပါ အမေရယ်၊ ဘဝပျက်ခဲ့သူမဟုတ်တာ သူတို့မှ မသိကြတာဘဲလေ၊ ဒါပေမဲ့ ကျွန်မဘဝကိုတော့ အားငယ်စိတ်ဖြစ်မိတာ အမှန်ပါပဲ"

"အမေတစ်ယောက်လုံး ရှိနေတာပဲကွယ်၊ အားငယ်မနေပါနဲ့"

ဟုတ်ပါတယ်။ အမေကကျွန်မအပေါ် ထာဝရ နှစ်သိမ့်ပေးသူတစ်ယောက်ပါပဲ။ ကျွန်မလည်း အမေ့ကို ကျေးဇူးတင်မိပါတော့တယ်။

+++

"သမီးရေ.....မချိုတူမလေး ပျောက်သွားလို့တဲ့၊ ခုချိန်ထိ ရှာမတွေ့ဘူးတဲ့ကွယ်"

"ဟုတ်လား၊ ရဲစခန်းမတိုင်ဘူးလား အမေ"

"ရည်းစားနောက်လိုက်သွားလားမှ မသိတာကွယ်၊ မချိုလည်း ဘာလုပ်ရမှန်းမသိလို့ ထိုင်ငိုနေတယ်၊ သူကခေါ်ထားတော့ သူ့တာဝန်ပေါ့ကွယ်"

ကျွန်မက မချိုတူမလေးအတွက် စိုးရိမ်သွားမိတယ်။ ကောင်မလေး ကနုံနုံအအနဲ့။ မချိုပဲ ပညာသင်ပေးထားသူပါ။ ဒီတော့ ကျွန်မက မချိုရှိရာကို ရောက်သွားတော့တယ်။ မချိုလည်း ကျွန်မကိုတွေ့တာနဲ့.....

"ကယ်ပါဦး ညီမရယ်၊ နွေးနွေးပျောက်သွားလို့၊ ဒုက္ခဖြစ်နေပါပြီကွယ်"

"နွေးနွေးချစ်သူအိမ်ကို သွားမေးပြီးပြီလား မချို"

"မေးပြီးပါပြီကွယ်၊ ကောင်လေးလည်း မသိဘူးဖြစ်နေတယ်"

"ဟုတ်ပါပြီ၊ ဒါဆိုရင် သက်ဆိုင်ရာကို အကြောင်းကြားရမယ်၊ ကျွန်မနဲ့လိုက်ခဲ့ မချို"

"အေး.....အေး"

ကျွန်မက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ဆီ မချိုကို ခေါ်သွားလိုက်ပါတယ်။ ကျွန်မတုန်းက ကူညီထားတဲ့အတွက် တိုက်ရိုက်ကို ခေါ်သွားပြီး အဖြစ်အပျက်ကို ပြောပြလိုက်ပါတော့တယ်။

"အကြောင်းထူးရင် ဆက်သွယ်ပါ့မယ်၊ အေးအေးဆေးဆေးသာ ပြန်ကြပါဗျာ"

"ဟုတ်ကဲ့ရှင့်"

ကျွန်မက မချိုကိုခေါ်ပြီး အိမ်ကိုပြန်သွားလိုက်ပါတော့တယ်။

နောက်တစ်နေ့မှာတော့ မချိုက ကျွန်မဆီကို အပြေးအလွှား ရောက်လာတော့တယ်။

"ညီမရေ.....နွေးနွေးကို မူဆယ်ဂိတ်မှာ လူကုန်ကူးသူတွေနဲ့အတူ ဖမ်းမိလိုက်ပြီတဲ့၊ အခုပဲ ဖုန်းဆက်တယ်ကွယ်၊ အမယ်လေး.....အခုမှပဲ ရင်ထဲကအလုံးကြီးကျသွားတော့တယ်"

ကျွန်မက ကြိုတင်သိမြင်ထားတဲ့အတိုင်း နွေးနွေးရှိနိုင်မယ့်နေရာကို သိလိုက်ပါတယ်။ ဒီတော့ သက်ဆိုင်ရာကို အချိန်မီ အကြောင်းကြားနိုင်တဲ့အတွက် နွေးနွေးလေး ဒုက္ခမရောက်ခဲ့တာပါ။

"ကျေးဇူးတင်ပါတယ် ညီမရယ်"

မချိုရဲ့ ကျေးဇူးတင်စကားက ကျွန်မရင်မှာ ပီတိများစွာ ဖြစ်နေစေပါတော့တယ်ရှင်။

အိမ့် (ရှုပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com

## တိုးမြင့်

# မလှကုန်းဘူတာအလွန်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းတွင် အရာရှိများများပြားလင့်ကစား အလှည့်ကျတာဝန်မှူးတာဝန်ကိုကျပြန်တော့ မကြာသေးဘူးဟု ကျွန်တော် တွေးမိပါသည်။ ဂျူတီဇယားမြန်နေသည်ဟု ထင်နေသည်။ တာဝန်မဝင်ခင် ဘုရားပန်း မပျက်မကွက်လဲသည်။ ပန်းအနီတော့ မဟုတ်ပါ။

စခန်းမှူး ရဲအုပ် ဝင်းသောင်လက်ထက်တုန်းက စခန်းမှူးကိုယ်တိုင် စခန်းထဲတွင် ပုတီးစိပ်နေသည်ကို တွေ့ဘူးသည်။ ကျွန်တော်က အန္တရာယ်ကင်း ဂါထာလေးဘာလေးတော့ ရွတ်လေ့ရှိပါ၏။ သတိထားတာတစ်ခုက ဂါတ်စာရေးစားပွဲကို ညော်သည်တွေ လက်နှင့်မခေါက်မိအောင် ကြည့်နေရသည်။ နောက်ပြီး စခန်းထဲကို စိတ်မကျန်းမာသူအဝင်မခံပေ။ အမှုကြီးမတက်စေရန်ဖြစ်၏။

တစ်နေ့ကုန် မိုးလေဝသ ကောင်းနေပါသည်။ သာမန်နာကျင်မှု၊ ခိုးမှုစသည့် အမှုလောက်သာတက်ပါသည်။ ထုံးစံအတိုင်း ညနေပိုင်းမှာတော့ အမူးသမား၊ အရှုံးသမားတွေ ရှင်းရသည်။ ညစာကို စောစောစားလိုက်သည်။

အချုပ်ခန်းကင်းစစ်ဆေးပြီး စခန်း ရှေ့ခုံတန်းပေါ် ထိုင်နေသည်။ လထိန်ထိန်သာနေ၏။ ရတောင့်ရခဲ ကြည်နူးဖွယ် တာဝန်မှူးညကို ကျွန်တော် အမိအရ ခံစားနေမိပါသည်။ နွေညချမ်း၏ အဇ္ဈာကောင်းကင်၌ ကြယ်လတွေစုံနေပါလား။

ညအလှကို အကြိမ်ကြိမ် တွေ့ကြုံခဲ့သော မွေးရပ်ရွာအညာဆီကို ပြေး၍ အောက်မေ့မိပြန်ပါသည်။ "ကောင်းကင်ပြာမှ အပျိုမ'လ'၊ ချိုမြမျက်ဝန်း တောက်ပရွှန်းသို့၊ ကောင်းကင်ပြာမှ အပျိုမ'လ'၊ လှပဆံပင် ရွှေရောင်လွင်ကို ပြေးလျှင်ဖားလျားကျသည့်လားသို့၊ ကောင်းကင်ပြာမှ ကြယ်တာရာများ ရုံရွေလားသို့ ပျော်ပါးလင်းလက် စီနပ်ပွင့်ပက်၏ လွှမ်းမက်အေးမြ ဖမ်းစားသူ"

ရွတ်ဖူးသော ကဗျာလေးကို ကျွန်တော် သတိရမိ၏။

ကျွန်တော့်ကိုဖမ်းစားသောည ပါလေ။ သို့သော် ကျွန်တော့်ခံစားမှုမှာ တစ်ခဏသာလျှင် ဖြစ်သွားပါသည်။ ဂါတ်စာရေးကြီး တပ်ကြပ်ကြီး အောင်တုက.....

"တာဝန်မှူးနဲ့ စကားပြောချင်လို့တဲ့ ဆရာတိုး"

ထိုသို့လှမ်းပြောသောကြောင့် ကျွန်တော် တယ်လီဖုန်းသွားနားထောင်သည်။

"ကိုကြည်သိန်းရေ ဒီည ထိပေါက်ပြန်ပြီဗျို့၊ ရထားကြိတ်သွားတဲ့ လူသေအလောင်းတစ်လောင်း သွားသယ်ရမယ်၊ တိုင်းရုံးဖုန်းဆက်ဗျာ၊ ဓာတ်ပုံဆရာလည်းခေါ် ဟုတ်လား"

တာဝန်ကြပ်ကြီးလည်းဖြစ်၊ အမှုစစ်အကူလည်းဖြစ်သူ ရဲတပ်ကြပ်ကြီး ကြည်သိန်းကို ကျွန်တော် ပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်က အလောင်းလေးပုံစံ၊ အလောင်းကြီးပုံစံတွေကို ဂါတ်စာရေးကြီး တပ်ကြပ်ကြီး အောင်တုထံမှ တောင်းယူခဲ့၏။

မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှူး ရဲအုပ် ကျော်မြတ်သူထံ ကျွန်တော် သတင်းပို့ပြီး အချင်းဖြစ်အရပ်ကို လာခဲ့ပါသည်။ ဆရာကျော်က ကားသမား ကိုလှသိန်းကို ကားမောင်းပို့ခိုင်းသည်။ တာမွေမြို့နယ်ကို ဖြတ်သွားရ၏။ ကိုကြည်သိန်းက ဓာတ်ပုံဆရာ မလိုက်နိုင်သဖြင့် နယ်ထိန်းအဖွဲ့ပိုင် Packet Fugica Flash AW ကင်မရာယူလာသည်ကို တွေ့ရသည်။

မလွှကုန်းဘူတာအလွန်ဆိုသော်လည်း အသောက ရထားသံလမ်းခုံးကျော်တံတားအနီး ပွင့်ကောင်းငါးပိ၊ ငံပြာရည်စက်ရုံနှင့် မလှမ်းမကမ်းတွင်ဖြစ်သည်။ သေသူမှာ အသက် ၃၀ ခန့် ယောကျ်ားတစ်ဦးဖြစ်သည်။ စက်ရုံကားလမ်းဘက်ခြမ်းတွင် အနောက်ဘက်သို့ခေါင်းပြု၍

www.burmeseclassic.com

www.burmeseclassic.com

မှောက် လျက်သေနေခြင်းဖြစ်သည်။

လက်ယာဘက် ပခုံးစွန်းပါ လက်နှင့် လက်ယာဘက် တင်ပါးဆုံ တစ်ခြမ်းအပါအဝင် လက်ယာဘက် ခြေတစ်ချောင်းလုံးပြတ်လျက် သံလမ်းအတွင်းဘက်ရောက်နေသည်။ ကိုကြည်သိန်းကို လက်ရှိအနေအထားအတိုင်း ဓာတ်ပုံရိုက်ဖို့ ကျွန်တော်ပြောပြသည်။ မြေဖြူနှင့်လည်း ပုံဖော်သည်။

သစ်ပင်ရိပ်ကြောင့် ဓာတ်တိုင်မှ မီးအလင်းရောင် သိပ်မရပါ။ ပါလာသော လက်နှိပ်ဓာတ်မီးကို အသုံးပြုပြီး အချင်းဖြစ်အရပ်တွင် သဲလွန်စကိုရှာရသည်။ ဆိုင်လား၊ မဆိုင်လား မသိပါ။ အလောင်းဘေးတွင် ပတ်ကားဖောင်တိန်အဖုံး တစ်ခုတွေ့သည်။ 'ဝေဝေ'ဟု ချွန်ထက်သည့် အရာဖြင့် ရေးထားသည်။ အခြား သဲလွန်စမတွေ့ရပါ။

ကျွန်တော် ငံပြာရည်စက်ရုံထဲသို့ဝင်သွားပြီး ဦးအေးမောင်ထံ ဖုန်းဆက်သည်။ ဦးပန်ချာ၏နိဗ္ဗာန်ယာဉ်ကိုခေတ္တငှားရမ်းရန်၊ ရန်ကုန်ဆေးရုံကြီး ရင်ခွဲတိုက်သို့ အလောင်းပို့ရန် ပြောဆိုသည်။ ဦးအေးမောင်နှင့် ရင်းနှီးပြီးသားမို့ ချက်ချင်းလွှတ်လိုက်မည်ဆိုသောသတင်းရပါသည်။

အလောင်းကို အသေးစိတ်စစ်ဆေးပြန်သည်။ ရထားကြိတ်သည့် စုတ်ပြဲဒဏ်ရာသာ တွေ့ရသည်။ ပြတ်ရှဒဏ်ရာမတွေ့သလို ထိုးဖောက်ဒဏ်ရာလည်း မတွေ့ပါ။ ရထားကြိတ်ထားသည့် ဒဏ်ရာများသာ ထင်ရှားနေသည်။



**အမှုမှန်ဖော်ထုတ်ကာ သေမှုသေခင်းမှ လူသတ်မှု ပြောင်းလဲ စစ်ဆေးနိုင်မည်ဆိုလျှင် အမှုကြီးတက်သည့်သဘော ဖြစ်သွားလျှင်လည်း မတတ်နိုင်။ ကျွန်တော်တို့ အမှုစစ်တစ်ယောက် အနေဖြင့် အဖျားတက် အမှည့်ရနိုင်းနိုင်းဖြင့် စဉ်းစားရမြဲဖြစ်သည်**
...

မလွှကုန်းမီးရထားရပ်ကွက်မှ ရပ်ကွက်လူကြီး ဦးတင့်လွင်တို့ ရောက်လာပါသည်။ ကျွန်တော်တို့ ဝိုင်းမ,ပြီး အလောင်းကို ပက်လက်လှန်၍ နေရာရွှေ့စစ်ဆေးပါသည်။ မျက်နှာမပျက်ပါ။ သေသူ အရက်သောက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးသည်။ ပါးစပ်မှ အနံ့မရသဖြင့် မသေမီ အရက်သောက်ထားဟန်မတူပါ။

အနံ့တစ်ခုခုရသလိုမို့ ကြည့်ရှုပါသည်။ ခေါင်းတွင် ကပ်စေးစေးဖြစ်နေပြီး ဆေးနံ့လိုလို၊ သွေးနံ့လိုလို အနံ့ရနေခြင်းပါ။ တစ်ခေါင်းလုံး လက်နှင့်စမ်းကြည့်ရာ ဒဏ်ရာတော့ မတွေ့ရပါ။ ရဲလုပ်ငန်းပြည့်စုံအောင် ဆောင်ရွက်လိုက်သည်။ ဆံပင်ကို ဖြတ်၍ ရှာဖွေပုံစံဖြင့် သိမ်းယူခဲ့၏။

နိဗ္ဗာန်ယာဉ်ရောက်လာသည်။ ရထားချိန်ကုန်သွားပြီဟု ထင်ရ၏။ အလောင်းကိုတင်ပြီး ရန်ကုန်ဆေးရုံကြီးသို့ပို့သည်။ အရေးပေါ်မှတစ်ဆင့် ရေခဲတိုက်ပို့ပြီး ပီအာရ်နံပါတ် ယူခဲ့ပြန်သည်။ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ ပြန်ရောက်သော အခါ သန်းခေါင်ကျော်သွားပြီကော။

\+ + +

www.burmeseclassic.com

www.burmeseclassic.com



ဂါတ်စာရေးကြီးသေမှုသေခင်း ဖွင့်ထားသည်ကိုတာဝန်မှူးထွက်ချိန်ကျမှ ပြန်ဖတ်ကြည့်သည်။ ရေချိုးအဝတ်အစားလဲကာ ကိုကြည်သိန်းကိုခေါ်ပြီး အချင်းဖြစ်အရပ်သို့ ထပ်မံသွားရောက်သည်။ ညတုန်းက သေသေချာချာမမြင်ခဲ့ရ၍ဖြစ်သည်။

စီးလာသောစက်ဘီးများ ထောင်ထားပြီး အလောင်းနေရာ သံလမ်းပတ်ဝန်းကျင်ကိုကြည့်သည်။ ဘာမျှမထူးပါ။ စေ့စေ့စပ်စပ်ရှာတော့မှ သံလမ်းအတွင်းဘက်တွင် ကြေမွနေသော ဖောင်တိန်အကျိုးအပဲ့များကို တွေ့ရသည်။ ကိုကြည်သိန်းကိုပြပြီး ကောက်ယူခဲ့၏။ သေသူ၏ဖောင်တိန်လည်း ဖြစ်နိုင်သည်မဟုတ်ပါလား။

"ဆရာတို့၊ Inquest သေမှုသေခင်းစစ်ဆေးတာ မှုခင်းဆရာဝန်ဆီက expert opinion ဆေးစာရရင်ပြီးရောမဟုတ်လား"

"ဟုတ်ပါတယ်ကိုကြည်သိန်း၊ လုပ်ရိုးလုပ်စဉ်ပဲလေ၊ ဒါပေမဲ့ သေတဲ့သူက ဘယ်သူလဲ၊ ဘာကြောင့်သေတာလဲဆိုတာ သိအောင်လုပ်ရဦးမယ်"

ရထားတိုက်လို့သေတာပဲလို့ ပြောမည်ပြုပြီးမှ ကိုကြည်သိန်း မပြောဘဲနေသည်ကို သူ့ရဲ့မျက်လုံးကိုကြည့်ပြီး ကျွန်တော်သိပါသည်။ ကိုကြည်သိန်းကို ကျွန်တော်စဉ်းစားမိတာ ပြောပြမိပါသည်။

"ကိုကြည်သိန်း တွေ့လား၊ အရင်မီးရထားတိုက်မှုတုန်းက သွေးတွေ ခြင်းခြင်းနီနေတာ၊ အခုဟာ သွေးသိပ်မရှိဘူး"

"ဟုတ်တယ်နော် ဆရာ၊ မီးရထားကြိတ်လို့ ခြေတွေ၊ လက်တွေပြတ်သွားတာတောင် သွေးသိပ်မထွက်ဘူး၊ တကယ်ဆို အိုင်ထွန်းနေရမှာ"

"နောက်တစ်ခုက ရထားပေါ်ကလိမ့်ကျပြီး ရထားအကြိတ်ခံရတဲ့ပုံလည်းမဟုတ်၊ မှောက်လျက်လဲနေတုန်း ဖြစ်တာ၊ ဒီလိုမှောင်မိုက်တဲ့နေရာမျိုးကို အချိန်မတော် သွားသင့်တဲ့လမ်းမဟုတ်ဘူး၊ ဒီလူသေရတာ ဆန်းသလိုလိုပဲ ကိုကြည်သိန်း"

"ဆရာတည့်တည့်ပြောမှကျွန်တော် ရေးရေးသဘောပေါက်တယ်၊ ရထားတိုက်လို့သေတာလည်း မဖြစ်နိုင်ဘူး၊ ကိုယ့်ဘာသာကိုယ် သေကြောင်းကြံတာလည်း မဖြစ်နိုင်ဘူး"

"လူသတ်မှုဖြစ်နိုင်တယ်"

"လူသတ်မှု....."

ကျွန်တော်တို့ အချင်းဖြစ်နေရာမှပြန်အထွက်ကားလမ်းဘေးတွင် မာလကာသီးသုံးလုံးတွေ့သဖြင့် စက်ဘီးခြင်းထဲထည့်ယူလာခဲ့သည်။ လူသတ်မှုဆိုရင် သေသူ ဘယ်သူဘယ်ဝါဖြစ်သည်ဆိုတာ ကျွန်တော်တို့ အပူတပြင်း စုံစမ်းရတော့မည်။

တာဝန်မှူးထွက်ပြီး ကိုယ့်ကိစ္စမလုပ်ရပါ။ ရဲစခန်းသို့ပြန်ရောက်ပြီး စခန်းမှူး ဆရာကျော်ကိုရှာပါသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသွားနေ၍မတွေ့ပါ။ ကိုကြည်သိန်းကို သေသူအား ရိုက်ထားသောဓာတ်ပုံများ အမြန်ကြေးနှင့်ကူးရန် ပိုက်ဆံထုတ်ပေးပြီး စေလွှတ်လိုက်၏။

အမှုစစ်အခန်းတွင် သေမှုသေခင်း ထူးခြားချက်များနှင့်ပတ်သက်၍ ဆရာဦးကြည်မောင်ကို ကျွန်တော်မေးမြန်းနေသည်။ ဆရာဦးကြည်မောင်သည် ကျွန်တော်တို့ထက် တစ်နှစ်စော၏။ အတွေ့အကြုံရှိသူမို့ ပြောဆိုဆွေးနွေးမှုများ ပြုလုပ်လေ့ရှိသည်။

ကျွန်တော်သည် ဘာလုပ်လုပ် သံလမ်းပေါ် မှောက်လျက်သေနေသည့်မြင်ကွင်းကို မြင်နေမိသည်။ ငါးရိုးမျက် လက်တို ဆိုသလို သွေးရိုးသားရိုးသေတာ မဟုတ်နိုင်တာကို စဉ်းစားနေမိသည်။ သူတစ်ပါးလက်ချက်ကြောင့် ဘယ်နေရာမှာ၊ ဘယ်အချိန်က၊ ဘယ်လိုသေသွားတာဆိုသည်ကို စဉ်းစားနေမိပါသည်။

ဆရာကျော်နှင့်တွေ့ရာ သေမှုသေခင်းနှင့်ပတ်သက်၍ အစုံအလင်ရှင်းလင်းတင်ပြသည်။ ဆရာကျော်ကတော့ အထောက်အထား ခိုင်လုံအောင်လုပ်ရန် ညွှန်ကြားသည်။ သေသူကိုသိရန်လို၍ စခန်း အားလုံးကို စုံစမ်းရန်၊ တိုင်းဒေသကြီး ဒုစရိုက်နှိမ်နင်းရေးအဖွဲ့သို့ တင်ပြထားရန် ညွှန်ကြားသည်။

သေသူသိတော့မှ သေသူရဲ့လှုပ်ရှားသွားလာမှု နောက်ကြောင်းလိုက်ရမည်ဖြစ်ကြောင်းကိုလည်း ဆရာကျော်က ပြောပြပါသေးသည်။ ကျွန်တော်ကတော့ သတ်တဲ့သူက ဘာကြောင့်သတ်၍ မီးရထားသံ

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ် ပစ်ထားရသနည်း။ တစ်ယောက်တည်းလား၊ ဘယ်နှယောက်ပါသနည်း တွေးပုံအစုံအလင် တွေးနေမိသည်။

အမှုမှန်ဖော်ထုတ်ကာ သေမှုသေခင်းမှ လူသတ်မှု ပြောင်းလဲစစ်ဆေးနိုင်မည်ဆိုလျှင် အမှုကြီးတက်သည့် သဘောဖြစ်သွားလျှင်လည်း မတတ်နိုင်။ ကျွန်တော်တို့ အမှုစစ်တစ်ယောက်အနေဖြင့် အဖျား တက် အမှည့်ရနိုးနိုးဖြင့် စဉ်းစား ရမြဲဖြစ်သည်။

မရောင်ရာ ဆီလူးသည့်ပဲပြောပြော သေမှုသေခင်းကို ပိတ်သိမ်းရန်ထက် လူသတ်မှုပြောင်း တရားစွဲတင်ရန် ကျွန်တော်တို့ဝါသနာအရပဲဖြစ်ဖြစ်၊ တာဝန်အရပဲဖြစ်ဖြစ် လုပ်ရမည်ဖြစ်သည်။ ဒီလိုရဲလုပ်ငန်းတွေမှာ ရဲတပ်ဖွဲ့ဝင်များ၏ အိပ်မက်ကမ္ဘာပဲဖြစ်သည်။

+ + +

ထူးခြားဖြစ်စဉ်တစ်ခုအနေဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး (ယခင် ဒုရဲမှူး) ဝင်းမြိုင်ထံ အစီရင်ခံစာတက်သည်။ ယခင် ဒုတိုင်း(၄)၊ တိုင်းဒေသကြီးသို့လည်း စာပို့သမားဖြင့် အမြန်ပို့သည်။ ရင်ခွဲစစ်ဆေးချက်ယူသည့် နေရာသို့လည်း ပြေးရသေး၏။

တစ်ဖန် ပန်းဘဲတန်း၊ လသာ၊ ဗိုလ်တထောင်ရဲစခန်းများသို့သွားပြီး နယ်ထိန်းများနှင့်တွေ့ဆုံသတင်းပေးသည်။ ပုဇွန်တောင်၊ ဒေါပုံ၊ သာကေတသို့လည်း နေ့ချင်းရောက်အောင်သွားရ၏။ တာမွေ၊ စမ်းချောင်း၊ ဒဂုံရောက်သောအခါ မိုးပင်ချုပ်သွားတော့သည်။

အမှုစစ်များသည် ဝီရိယမပါလျှင် မဖြစ်ပါ။ ပျင်းတဲ့စိတ်၊ ပင်ပန်းတဲ့စိတ်လေး ခဏမွေးမိခဲ့လျှင် ခြေလှမ်းများ များစွာနောက်ကျသွားပေလိမ့်မည်။ ရဲစခန်းချင်း ပူးပေါင်းမှ အမှုများအောင်မြင်နိုင်သည်ဟု ယုံကြည်ပါသည်။ တစ်ယောက်တည်း ကျိတ်လုပ်၍မရပါ။ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းတွင် အမှုစစ်အချင်းချင်းကူညီကြမြဲဖြစ်၏။ နယ်ထိန်း၊ အမှုစစ်များလည်း ညှိနှိုင်းကြမြဲဖြစ်၏။

နောက်နှစ်ရက်နံနက်တန်းစီပြီး ကျွန်တော်သည် ရဲစခန်းရှေ့ လက်ဖက်ရည်ဆိုင်တွင် ကော်ဖီမှာပြီး ဆိုင်ဘေးမှ မုန့်ဟင်းခါးကို မှာစားနေသည်။ စခန်းထဲပြန်သွားသောအခါ ကျွန်တော်၏ အမှုစစ်စားပွဲရှေ့၌ မိန်းကလေးချောချောတစ်ယောက် ထိုင်၍ ကျွန်တော့်ကိုစောင့်နေသည်ကို တွေ့ရသည်။ လယ်တီပဏ္ဍိတ၏ မယ်ဘွဲ့တေးထပ်ကို ကျွန်တော် ရွတ်မိ၏။

'စေ့စေ့မကြည့်ရဲပါတယ်၊ ဖဲအပြာ ဝတ်လဲနှင့်၊ ညွတ်ခနဲ ဖောသိမ့်သိမ့်ခုန်၊ ကြောဖိမ့်ဖိမ့်တုန်' လောက်သည့် အလှပိုင်ရှင်လေးပါ။ ပျိုမျစ်နုနယ်သည့် မိန်းကလေးတစ်ယောက်။ အသက်ရှိလှမှ အစိတ်ပေါ့။ ကျွန်တော်သူ့ကိုမသိပါ။

"ကျွန်တော် ဒုရဲအုပ်(စခန်းမှူး) တိုးမြင့်ပါ၊ ဘာအကူအညီပေးရမလဲ"

"ကျွန်မနာမည် ရွှေဖူးတင်ပါ။ သဃ်န်းကျွန်း၊ ဇတောင်ရပ်ကွက်မှာ နေပါတယ်၊ ကျွန်မအစ်ကို ပျောက်နေလို့ လိုက်စုံစမ်းတော့ တာမွေရဲစခန်းက ဆရာ့ဆီလွှတ်လိုက်လို့ပါ"

"ဘယ်လိုပျောက်တာလဲ၊ ပြောစမ်းပါဦး"

"ကျွန်မအစ်ကိုက မှော်ဘီက ဦးလေးဆီ သွားလည်ရာက ပြန်လာတော့အိမ်ရောက်မလာတာပါပဲရှင်"

"––––"

"ဒီနေ့မနက်မှ ဦးလေးရောက်လာပြီး အစ်ကိုပြန်သွားတာ လေးရက်ရှိပြီပြောမှ ပျောက်နေမှန်းသိရတာပါ ဆရာ"

"ခင်ဗျားအစ်ကိုလားတော့မသိဘူး၊ လွန်ခဲ့တဲ့သုံးရက်လောက်က ရထားတိုက်ခံရတဲ့ အလောင်းတစ်လောင်းတော့ရှိတယ်၊ ရေခဲတိုက်ကိုလည်း တစ်ပတ်လောက်ထားပေးဖို့ ပြောထားတော့ ရှိဦးမှာပါ၊ ခင်ဗျားကြည့်မယ်ဆိုရင် ကျွန်တော့်ဆီမှာ ဓာတ်ပုံလည်းရှိတယ်၊ ကြည့်မလား"

"ကျွန်မ ကြည့်ရဲပါတယ်၊ ကြည့်ပါ့မယ်"

ကိုကြည့်သိန်းက ဓာတ်ပုံကို ထုတ်ပြလိုက်ရာ ရွှေဖူးတင်က.....

"အစ်ကိုမင်းချစ်ရဲ့အဖြစ်က ဆိုး လှချည်လား"

ဟု အော်ချလိုက်ပြီး သိမ့်သိမ့်တုန်အောင် ငိုကြွေးလိုက်ရာ ကျွန်တော်တို့ အမှုစစ်အရာရှိများရင်ထဲသို့ပါအပူကူးစက်ခံစားလိုက်ရသည်။

သေသူမည်သူမည်ဝါဖြစ်သည့် အကြောင်း ရုပ်မည်အတည်ပြုသည့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ပြတ်သွားပေပြီ။ ဝမ်းသာသော်လည်း အမှုသည်ရှေ့ ဣန္ဒြေဆည်ထားရ၏။ ရွှေဖူးတင်အား ရေခဲတိုက်သို့ လိုက်ပို့လိုက်သည်။ ကိုမင်းချစ်နှင့်ပတ်သက်ပြီး ရွှေဖူးတင်အား မေးမြန်းရာ အပြည့်အစုံပြောပြခဲ့သည်။ မော်ဘီမှ ပြန်လာသည့် အနေအထားကိုသာ သူမသိ။ ရွှေဖူးတင်ဦးလေးဆိုသူအား ရဲစခန်းသို့ ပို့ပေးရန် မှာလိုက်၏။

ကျွန်တော် ကိုမင်းချစ်၏ သေမှု သေခင်းကို စိတ်ဝင်စားသည်နှင့်အညီ အပြန်အလှန်စဉ်းစားနေမိပြန်သည်။ အချင်းဖြစ်ညက တယ်လီဖုန်းနှင့် ရထားတိုက်သည့် သတင်းပေးသူ၏ အသံကို ပြန်၍ ကြားနေမိ၏။

တာဝန်မှူးကို ဖုန်းပြောသည့် အသံသည် တာဝန်ရှိပြည်သူတစ်ဦးနှင့်မတူဘဲ ရထားတိုက်သေသော သတင်း ဖြစ်ပေါ်လာရန် လုပ်ကြံသတင်းပေးခဲ့သည်ဟု ခံစားနေခဲ့မိသည်။ သံသယပါးပါးဖြစ်နေခဲ့သည်ကို ရွှေဖူးတင်နှင့် တွေ့သောအခါ သံသယခိုင်မာသွားခဲ့ခြင်းဖြစ်သည်။

ဇတောင်ရပ်ကွက်၊ သဃ်န်းကျွန်းနေသူကိုမင်းချစ်သည် မော်ဘီမှပြန်လာရာမလွှကုန်းဘူတာအလွန် မှော်ဘီရိပ်သံလမ်းပေါ်တွင် မှောက်လျက်လာလဲတာမျိုး မည်သို့မျှ မဖြစ်နိုင်ပါ။ ဝေဖန်တင်ပြချက်များကို နားထောင်ပြီး ရဲစခန်းမှူး ဆရာကျော်က ကျွန်တော့်ကို ချီးကျူးပြောဆိုသည်။

''အမှုစစ်လုပ်ငန်းကို ဗိုလ်တိုးတို့လို စိတ်ဝင်စားဖို့လိုမယ်''တဲ့။

+ + +

အမှုစစ်အချို့က ကျွန်တော်နှင့်ကိုကြည်သိန်းအတွဲကို ပြောဆိုသည်များရှိသည်။ 'အလုပ်မရှိ ကြောင်ရေချိုးနေတာလား၊ရထားတိုက်တာများ အင်းကွက်(စ်)လုပ်ပြီး တရားရုံးတင်လိုက် ပြီးတဲ့ဥစ္စာ'အစရှိသဖြင့်။ ကျွန်တော်ကမှုလုပ်ချင်တာလေးသဘောပေါက်အောင် လုပ်နေရမှ ကျေနပ်၏။

သေသူ ကိုမင်းချစ်၏ ဦးလေးဦးဆောင်းတင်ကို ရွှေဖူးတင်က ခေါ်လာခဲ့သည်။ စစ်လိုက်တော့ ကွင်းဆက်ကို တွေ့နေပါသည်။ သူ့ကိုယ်သူသတ်သေရန်ကြံစည်သူ မဖြစ်နိုင်ဟုလည်းကောင်း၊ ငံပြာရည်စက်ရုံရှိ အဒေါ်ထံ ငွေငါးထောင်ပို့ခိုင်းခဲ့သည်ကိုလည်းကောင်းသိရ၏။ ကျွန်တော်တို့ သေသူ၏ဆံပင်တွင် စွဲထင်ရောက်ရှိနေသည့် အနံ့အသက်ဆေးတို့ မည်သည့်ဆေးများဖြစ်သည်ကို မှုခင်းတပ်ဖွဲ့ (စီအိုင်ဒီ)သို့ ကျွမ်းကျင်သူ၏ ထင်မြင်ယူဆချက်ရရန် အမြန်ပေးပို့ တောင်းခံထားသည်။

ကျွန်တော်တို့ အမှုစစ်၊ နယ်ထိန်းအဖွဲ့ ထင်မြင်ချက်အတိုင်း စီအိုင်ဒီမှ ပြန်ကြားလာသည်။ ကားမှုတ်ပေါင်းဆေး၊ သပြေသီးမှည့်ရောင်ဟု ပါရှိ၏။ မြို့နယ်အများအပြားကို ကျွန်တော် ခြေတိုအောင်လျှောက်ခဲ့သည်။ ကိုးမြို့နယ်ရဲစခန်းများသို့ အရောက်သွားခဲ့သည်။ နယ်ထိန်းတပ်ဖွဲ့ဝင်များက ဆီးကြိုကူညီပေးသောကြောင့် အမောပြေရသည်။ ကျေနပ်ရသည်။ ကားဆေးမှုတ်ဆိုင်တွေစုံအောင်သွားရသည်။ အချင်းဖြစ်သည့်နေ့က မှုတ်ဆေးမှုတ်ပေးသည့် ဆိုင်တွေသာများသည်။ ပေါင်းဆေးမှုတ်ပေးသည့်ဆိုင် တစ်ဆိုင်၊ နှစ်ဆိုင်သာ တွေ့ရသည်။

တွေ့သည့်ဆိုင်ကလည်းသပြေသီးမှည့်ရောင်ပေါင်းဆေး မှုတ်ပေးခြင်းမဟုတ်။ အဖြေတစ်ခုထွက်ရန် ကျွန်တော် ဖွဲ့ရှိဖို့လိုမည်ဆိုသည်ကို ကိုယ့်ကိုယ်ကိုယ် နှိုးဆော်မိ၏။

ဒီနေ့မှ တောင်ဥက္ကလာ၊ ရွှေလင်းယုန်ဆေးမှုတ်ဆိုင်တွင် သပြေသီးမှည့်ရောင်ပေါင်းဆေး မှုတ်ပေးလိုက်သည့် ကားနံပါတ်ရသည်။ ကိုကြည်သိန်းနှင့် ကျွန်တော်တို့နှစ်ယောက် ထကချင်လောက်အောင် ဝမ်းသာပါသည်။ အမှုပေါ်ပြီမဟုတ်ပါလား။

ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးသို့ စုံစမ်းရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင်စိစစ်ပြီးပြန်ကြားခဲ့သည်။ လသာမြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ်(--)မှဖြစ်သည်။ ကျွန်တော်သည် နယ်ထိန်း၊ ဒုရဲအုပ်သန်းထွန်းကို ဆရာတင်ပြီး လသာခေါ်သွားခဲ့သည်။ ဆရာသန်းထွန်းက ဆက်ဆံရေးကောင်းပြီး စွမ်းရည်ရှိသော နယ်ထိန်းအရာရှိဖြစ်၏။

''အိပ်ချိန်မှ ငှက်စုံပြီတယ်''ဟု

www.burmeseclassic.com

www.burmeseclassic.com


ဆရာသန်းထွန်းကပြောပြီး သူစီစဉ်သည့်အတိုင်း သွားကြသည်။ ကျုံးကြီးလမ်းမှ ထိုအိမ်ကိုကြည့်ရာ ကားပြန်လာခြင်းမရှိသေးပါ။ မျက်စောင်းထိုးမှ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်တွင် ဝင်ထိုင်စောင့်ကြည့်ပါသည်။ ကျွန်တော်နှင့် ကိုကြည်သိန်းက ကော်ဖီပူပူ၊ နံပြားထောပတ်သုတ် စားသော်လည်း လသာနယ်ထိန်းနှင့် ဆရာသန်းထွန်းတို့က ရေနွေးကြမ်းကိုသာ အပန်းဖြေသောက်နေကြ၏။

စားလို့မကုန်ခင်တွင်သပြေသီးမှည့်ရောင်ဒတ်ဆန်းဆလွန်းကား ထို အိမ်ရှေ့တွင် ရပ်သွားသည်ကို တွေ့ လိုက်ရသည်။ လသာရဲစခန်းမှ တပ်ဖွဲ့ဝင်အား ရပ်ကွက်လူကြီးများ ခေါ်ခိုင်းရာ အလွယ်တကူ ရောက်လာ၏။ အိမ်ဝင်းထဲ ဝင်လိုက်ကြသည်။

ဒတ်ဆန်း ဆလွန်းကားမှာ စည်သူထွန်းထွန်း မောင်းနှင်သည့်ကားဖြစ်ကြောင်းသိရသည်။ အိမ်ရှင်ဒေါ်မိုးလှိုင်အား အကျိုးသင့်အကြောင်းသင့်ရှင်းပြပြီး ထိုကားကို စစ်ဆေးသည်။ စည်သူထွန်းထွန်းက 'ဘာဆိုင်လို့ သူများအိမ်ထဲ ဝင်စစ်တာလဲ'ဟု မချေမငံ ဆက်ဆံနေသည်။ မိခင်ကြီးက ကိုယ်ဘာမှမဖြစ်လျှင် စစ်ပါစေဟု နှစ်သိမ့် ပြောနေသည်ကို တွေ့ရသည်။ ကားရှေ့ခန်းတွင် စည်သူထွန်းထွန်းထံ ပေးပို့ထားသော စာများကို တွေ့ရသည်။

စာအိတ်ပေါ်တွင် မဝေဝေမှ ပေးပို့သော စာများဖြစ်ကြောင်း ကိုကြည်သိန်းက ကျွန်တော့်ကိုကပ်ပြောသည်။ အချင်းဖြစ်နေရာမှတွေ့သော ပတ်ကားဖောင်တိန်အဖုံးတွင် ရေးထားသည့် 'ဝေဝေ'ဆိုသည့် စာလုံးလေးများအား ကျွန်တော် သတိရလိုက်၏။

ဆရာသန်းထွန်းက မျက်မှန်တပ်၍ ကားရှေ့ပိုင်းကို စစ်ဆေးနေသည်။ လက်ကိုင်အိတ်ထဲမှ မှန်ဘီလူးကို ထုတ်ကြည့်ပြန်၏။ ဘောနက်ပေါ်တွင် ဆံပင်မွှေးသုံးပင် ကပ်နေသည်ကိုတွေ့ရ၏။ ကျွန်တော် ကားဘီးများကိုလိုက်ကြည့်သည်။ စည်သူထွန်းထွန်းအား ရှေ့ဘီးများကို ဂျိုက်ထောက်ခိုင်းလိုက်၏။ ကားက '၉'အက္ခရာဖြစ်သော်လည်း RADIAL FIRE STONE အမျိုးအစား ဘီးများဖြစ်ပြီး တာယာပန်းလိုင်းများ ငါးမူးခန့်ရှိသေးသည်ကိုတွေ့ရသည်။

ကားဘီးများအောက်တွင် သတင်းစာစက္ကူများ ဖြန့်ခင်းပြီး တာယာပန်းလိုင်းများကြားတွင်တုတ်ကိုထောက်ပြီး ဘီးကိုလှည့်လိုက်သည့်အခါ တာယာပန်းလိုင်းကြားရှိ အမှိုက်သရိုက်၊ အညစ်အကြေးများ အကုန်ထွက်လာသည်။ နောက်ဘီးကိုပါ ဂျိုက်ထောက်ပြီး ရှေ့ဘီးအတိုင်းလုပ်သည်။ ပြီးတော့သတင်းစာစက္ကူပေါ်ရှိ အညစ်အကြေးများကို စုစည်းလိုက်ပြီး သက်သေလူကြီးများနှင့် စည်သူထွန်းထွန်းအား ခေါ်ပြလိုက်၏။

"မာလကာသီးစေ့တွေ တွေ့တယ်မဟုတ်လား၊ မာလကာသီးနဲ့တွေ နံတယ်မဟုတ်လား"

စည်သူထွန်းထွန်း၏ တင်းမာသောအသံ ပျော့ပျောင်းသွားသည်။ အသံမထွက်တော့။ ဘောနက်ပေါ်က ဆံပင်မွှေးများကိုလည်း ပြပါသည်။ ကျွန်တော်ကပင် သူ့မိခင်နှင့် ရပ်ကွက်လူကြီးများကို ရှင်းပြခဲ့သည်။

"ဒီလိုပါခင်ဗျာ၊ တကယ်တော့ သေသူ ကိုမင်းချစ်ဟာ ရထားတိုက်လို့ သေတာမဟုတ်ပါဘူး၊ ဟောဒီသပြေသီးမှည့်ရောင် ဒတ်ဆန်းဆလွန်းကားတိုက်လို့ သေရတာပါ၊ ကိုမင်းချစ်ကို ကျွတ်ကျွတ်အိတ်နှစ်ထပ်လုပ်ပြီး မာလကာသီးအပြည့် ထည့်ပေးလိုက်တယ်ဆိုတာလည်း မှော်ဘီက သူ့ဦးလေး ဦးဆောင်းတင်က ထွက်ဆိုထားပါတယ်၊ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဒီကားနဲ့တိုက်တဲ့နေရာ မလှကုန်းဘူတာအလွန် ကားလမ်းဘေးက မာလကာသီးသုံးလုံးတွေ့လို့ သိမ်းထားတာရှိပါတယ်၊ ခုလည်း



www.burmeseclassic.com



မြင်တဲ့အတိုင်းပဲ၊ လူကိုတိုက်ပြီး မာလကာသီးတွေပါ ကြိတ်သွားခဲ့တာပဲမဟုတ်လား''

အားလုံးက စိတ်ဝင်တစား နားထောင်နေကြသည်။

''သေသူကိုမင်းချစ်ရဲ့ခေါင်းက ဆံပင်တွေမှာကပ်နေတဲ့ ဆေးအရောင်နဲ့ ဒီကားဆေးအရောင်၊ ပြီးတော့ ဒီဆံပင်တွေကို ဓာတုဗေဒဝန်ရုံးပို့လိုက်ရင် တိကျတဲ့အဖြေထွက်လာမှာပါ၊ ပြီးတော့ သေသူရဲ့အနီးအနားက တွေ့ခဲ့တဲ့ 'ဝဝေ'လို့ ရေးထားတဲ့ ပတ်ကားဖောင်တိန်အဖုံး၊ ကြေမွနေတဲ့ ပတ်ကားဖောင်တိန်အကျိုးအပဲ့တွေဟာ ဒီစာအိတ်ပေါ်မှာ ရေးထားတဲ့ 'ဝဝေ' ဆိုတဲ့ မှိန်းကလေး ပြင်ဦးလွင်က ပေးထားတာဆိုတာ မငြင်းနိုင်ဘူးလေ၊ စာထဲမှာလည်း ရေးထားတယ်''

လသာရဲစခန်းက စည်သူထွန်းထွန်း၏မိခင်မှာ ကျောင်းဆရာမကြီးဖြစ်ကြောင်း မိတ်ဆက်ပေးထားသည်။ ဆရာမကြီးက သားဖြစ်သူအား ပြဿနာဖြစ်လာလျှင် မိဘကိုပြောရန်လိုကြောင်းဆုံးမနေ၏။ လာမည့်ဘေး ပြေးတွေ့ရန် သားဖြစ်သူအား ပြောဆိုသည့်အပြင် ယောက်ျားပီပီသသ ဆုံးဖြတ်ဆောင်ရွက်တတ်စေရန် မှာကြားနေသည်။ စည်သူထွန်းထွန်းက ကားနှင့်တကွ ရဲစခန်းတွင်အဖမ်းခံရမည်ဖြစ်သဖြင့် မိခင်ကြီးအား ဦးချကန်တော့နေသည်။

ဆရာမကြီး မျက်ရည်စမ်းစမ်းနှင့် ကျန်ခဲ့သည်။ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ပြန်လာကြသည်။ သက်သေခံ မော်တော်ကားကို ဂါတ်စာရေးကြီး တပ်ကြပ်ကြီး အောင်တုထံ မှတ်ပုံတင် ၃၂ ရေးသွင်းအပ်နှံလိုက်သည်။ စည်သူထွန်းထွန်းအား ပုံသွင်းဏ်၊ ကိုယ်ရေးရာဇဝင်များ ရေးမှတ်သည်။ ဆက်လက်၍ မှုခင်းဆိုင်ရာထွက်ဆိုချက်ရယူသောအခါ အောက်ပါအတိုင်း ထွက်ဆိုခဲ့သည်–

+ + +

၂–၄–၁၉၈၄ နေ့သည် မြန်မာသင်္ကြန်ကာလနီးသောရက်တစ်ရက်ဖြစ်သည်။ စည်သူထွန်းထွန်းသည် နှစ်စဉ်လုပ်မြဲ ဆေးမှုတ်၍ ကားရှိုင်းသောအလုပ်ကိုလုပ်ရန် သူ့သူငယ်ချင်း ဇော်ဦးခန့်ကို ဖုန်းဆက်ခေါ်သည်။ ကံဌေးဦးပါ အိမ်ရောက်နေကြောင်းပြောသဖြင့်သူ့ကိုပါခေါ်မည်ပြောပြီး စည်သူထွန်းထွန်း ကားနှင့်သွားခေါ်ခဲ့သည်။

သူငယ်ချင်းနှစ်ယောက်ကိုပုဇွန်တောင်၊ လမ်း ၅၀ သို့ သွားခေါ်ရသည်။ လုပ်နေကျဆိုင်ဖြစ်သည့် တောင်ဥက္ကလာပ၊ ပန်းခြံမှတ်တိုင်အနီး 'ရွှေလင်းယုန်'ကားဝပ်ရှော့ဆိုင်သို့သွားကြသည်။

မူလအရောင်လည်း သပြေသီးမှည့်ရောင်ဖြစ်၏။ ပိုမိုစိုပြည်ပြည်ဖြစ်အောင် ပြောဆိုအပ်နှံသည်။ ဆေးမှုတ်ပေးရန်နှင့် အမြန်ကြေးပါယူရန် စည်သူထွန်းထွန်းက ဆိုင်ရှင်ကိုပြောနေ၏။ ညနေ ၄ နာရီ အစောဆုံးရမည်ဟုပြောသည်။ စောင့်ယူမည်ဖြစ်ကြောင်းပြောကြသည်။

စည်သူထွန်းထွန်းက ပန်းခြံထဲခေတ္တဝင်ထိုင်နေကြရာမှ နေ့လယ်စာတစ်ခုခုစားရန် သုံးယောက်သားဇဝနဘက် ထွက်လာခဲ့သည်။ မြနန်းသပြေ စားသောက်ဆိုင်တွင် ဝင်လိုက်ကြသည်။

''ငါကတော့ ထမင်းမဆာပါဘူး''

ကံဌေးဦးက ပြောသော်လည်း သူတို့သုံးယောက်မှာ အကြံတူချင်းဖြစ်၏။ ဘီယာဘူးလေးများဖြင့် တစ်နေ့တာ အချိန်ကုန်ဆုံးစေမည်ဖြစ်သည်။ အချစ်ဆုံးသူငယ်ချင်းများဖြစ်ကြသည်။ ခဏခဏတော့ မသောက်တတ်ကြပါ။ တစ်ခါနှစ်ခါလောက်သာ ထိုသို့ပျော်ရွှင်တတ်၏။

၉ တန်း၊ ၁၀ တန်းတုန်းက အကြောင်းများ၊ ရည်းစားအကြောင်းများပြောနေကြသည်။ အချိန်တို့ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့သည်။ ညနေ ၄ နာရီထိုးပြီဖြစ်သည်။ စည်သူထွန်း ထွန်းသာ ဆိုက်ကားဖြင့် ရွှေလင်းယုန်ဝပ်ရှော့်သို့သွားသည်။

ကားရွေးလာသည်။ စားသောက်ဆိုင်မှဓာတ်လမ်းကို မဖြတ်လိုသေးပါ။ ကားပါကင်ထိုးထားလိုက်သည်။ သုံးယောက်သား စကားပြောကောင်းနေကြ၏။ စားလည်းစားကြသည်၊ သောက်လည်း သောက်ကြသည်။

ကံဌေးဦးကသူဌေးသားဖြစ်၏။ ပထမစောစောပိုင်း၌ စည်သူထွန်း

www.burmeseclassic.com

www.burmeseclassic.com



ထွန်း ဒကာခံသည်။ တစ်ကြိမ် ဘောလ်ရှင်းပြီး ၄ နာရီနောက်ပိုင်း တစ်ကဏ္ဍလုပ်၏။ သူ ဌေးသား အလှည့်ဖြစ်သည်။ ထိုအချိန်တွင် ပွဲပိုမြိုင်သွားသည်။

''မင်းတို့အသာနေ၊ မင်းတို့နဲ့ မဖြစ်ဘူး၊ ငါမောင်းမယ်''

ဇော်ဦးခန့်က အပြန်ခရီးတွင် ကားမောင်းရန်တာဝန်ယူသည်။ မှန်ပါသည်။ သူတို့ထဲတွင် ယာဉ်မောင်း သက်တမ်းအကြာဆုံးနှင့် အကျွမ်းကျင်ဆုံးမှာ ဇော်ဦးခန့်ဖြစ်သည်။ ကံဌေးဦး၊ စည်သူထွန်းထွန်းတို့ လည်း ခေါင်းတွေက ငိုက်စိုက်ဖြစ်နေကြ၏။

ခရီးက ပထမ ပုဇွန်တောင်၊ ပြီးမှ လသာဖြစ်သည်။ ဇဝနအသင်း တိုက်ဘက်မှ သုဝဏ္ဏဘက်ချိုးသည်။ လမ်းဆုံမီးပွိုင့်မှ ပုသိမ်ညွန့်၊ အေပီစီဘက်သို့ ချိုးကွေ့မောင်းနှင မည်ဖြစ်သည်။ လမ်းမကြီးရောက်သောအခါ ကားများရှင်းနေသည်။

မောင်ရီပျိုးချိန်ဖြစ်၍ လမ်းမီးများလင်းနေပြီဖြစ်သည်။ ပွင့်ကောင်း ငါးပိငံပြာရည် စက်ရုံအနီးတွင် အသောကကုန်းတံတားပေါ်မှ မီးထိုးပြီးဆင်းလာသော ကုန်တင်ကားကြီးတစ်စင်းကို တွေ့ရ၏။ အဆင်းဖြစ်ပြီး ဝိတ်များသော ကားကြီးက ရှေ့မီးများမှိတ်ခြင်းမရှိ။ ဇော်ဦးခန့်သည် ကားကြီးကို ခက်ခက်ခဲခဲ ရှောင်ရပါသည်။ ကားမီးများထိုးထားသောကြောင့် ဘာမျှ မမြင်ရပါ။ ကားကြီးက အသံကျယ်ကြီးနှင့် ကျော်သွားစဉ် သူတို့ကားရှေ့တွင် ကျွတ်ကျွတ်အိတ်ဆွဲထားသော လူတစ်ယောက် ဘွားခနဲပေါ်လာ၏။

ဝဲဘက်ရှောင်ရန်လုပ်သည်။ လုံးဝ နောက်ကျသွားသည်။ ထိုလူအား မျက်နှာချင်းဆိုင်ပင် တိုက်မိသွား၏။ အိတ်ထဲမှအလုံးများ လွင့်ထွက်သွားသည်။ စည်သူထွန်းထွန်းတို့အားလုံး အမူးပြေသွားသည်။

စည်သူထွန်းထွန်းက ဒဏ်ရာရသူကို ဆေးရုံပို့ရန် သတိရသည်။ ဆင်းကြည့်သောအခါ အဖြစ်က မြန်ဆန်လွန်းသည်။ အတိုက်ခံရသည့်သူမှာအသက်မရှိတော့။ တော်တော်ထူးဆန်းသည်။ ဘာလုပ်ရမှန်းမသိဘဲ ကြောက်လာသည်။ ဇော်ဦးခန့်က ကားကိုစက်သတ်ပြီး အတိုက်ခံရသူကိုမ,ပါသည်။ စည်သူထွန်းထွန်းနှင့် ကံဌေးဦးတို့ပါ ဝိုင်းမ,ကြသည်။

သစ်ပင်အောက်သို့သယ်သွားပြီး ချထားသည်။ သံလမ်းဖြစ်နေ၍ သံလမ်းပေါ် တင်ထားခဲ့သည်။ ကံကောင်းသည်က ကားသွားကားလာ၊ လူသွားလူလာမတွေ့ပါ။ ကားပေါ် အမြန်ပြန်တက်ကြသည်။ ဇော်ဦးခန့်သာ ကားဆက်မောင်းလာသည်။

အသောကကုန်းအတက် ကားမောင်းတက်နေစဉ် ရထားဥသြသံကို ကြားရသည်။ မြို့ပတ် နောက်ဆုံးရထားဟုထင်သည်။ မှန်ပါသည်။ တိုးကြောင်ကလေးမှလာသော ရထားဖြစ်ကြောင်း သိရသည်။ ထိုနေရာကို ပြန်မကြည့်ခဲ့ပါ။

လမ်း ၅၀ တွင်သူငယ်ချင်းများဆင်းသည်။ စည်သူထွန်းထွန်း ကားမောင်း၍ အိမ်ပြန်ခဲ့ပါသည်။ တစ်ညလုံး အိပ်မရခဲ့ပါ။ နောက်ရက်တွင် သူငယ်ချင်းနှစ်ယောက်လုံး စည်သူထွန်းထွန်းအိမ်သို့ ရောက်လာသည်။

မနေ့ညက ဇော်ဦးခန့်က မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ တယ်လီဖုန်းဆက်ပြီး ပြောခဲ့ကြောင်း ပြောပြပါသည်။ စည်သူထွန်းထွန်း၏ ပတ်ကားဖောင်တိန်လေး ထိုနေရာတွင်ကျကျန်ခဲ့သည်ကို သတိမထားမိပါ။ ပျောက်၍ရှာနေမိသည်။

စည်သူထွန်းထွန်းသည် ဖြစ်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ကိုယ်လွတ်ရုန်း ထွက်ဆိုခြင်းမဟုတ်၊ အမှန်အတိုင်းသာဖြစ်ပါသည်။ ဇော်ဦးခန့်နှင့် ကံဌေးဦးတို့အား သွားခေါ်မည်ဆိုလျှင် စည်သူထွန်းထွန်းက လိုက်ပြမည်ဖြစ်ကြောင်းပြော၏။ သူငယ်ချင်းများနှင့် အပျော်လွန်ကာ ကားပြန်ချိန် နောက်ကျသွားသဖြင့် ဖြစ်ရကြောင်း နောင်တစကား ပြောဆိုသည်။

\+ + +

မှုခင်းတပ်ဖွဲ့မှ ပြန်ကြားချက်တွင် ကားဘောနက်တွင် တွေ့ရသည့် ဆံပင်သည် သေဆုံးသူကိုမင်းချစ်၏ ဆံပင်ဖြစ်ကြောင်းပါရှိသည်။ မှုခင်းဆိုင်ရာ ဆရာဝန်ကြီး၏ဆေးစာတွင် သေဆုံးသူမှာ မီးရထားကြိတ်၍ သေဆုံးခြင်းမဟုတ်၊ မူလကပင် သေဆုံးပြီးဖြစ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ သေဆုံးရခြင်းအကြောင်းမှာ ဦးခေါင်းကို ပြင်းထန်စွာ ထိခိုက်မိ၍ဖြစ်သည်ဟုလည်းကောင်း ပါရှိသည်။

ကျွန်တော်သည် တရားခံ သုံးယောက်ကို စစ်ဆေးပြီး မြို့နယ်ဥပဒေရုံးသို့ ဥပဒေအကြံ တောင်းခံသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့လည်း အမိန့်နာခံ တင်ပြသည်။ အမှုကို သေမှုသေခင်းအမှုမှ ရာဇဝတ်မှု ပြောင်းလဲဖွင့်လှစ်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က) အရ တရားစွဲတင်ခွင့်ရသည်။ မြို့နယ်တရားရုံးသို့ (charge) တရားစွဲတင်သောအခါ ကိုယ့်တူ၊ ကိုယ့်သားအရွယ်လေးများအား အကျဉ်းထောင်ထဲ ပို့ရမည်ဖြစ်၍ ကျွန်တော်ရော ကိုကြည်သိန်းပါ စိတ်



မကောင်းဖြစ်မိကြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးမှ (Judgement) စီရင်ချက်ချမှတ်သောအခါ တရားခံ ဇော်ဦးခန့်တစ်ယောက်တည်းကိုသာ ပြစ်ဒဏ်ချမှတ်သည်ကို တွေ့ရသည်။

စခန်းမှူးကခေါ်သဖြင့် သွားတွေ့ကြသည်။ ကျွန်တော်က ဆရာကျော်၏ နှာခေါင်းပေါ်မှ မှဲ့ကြီးကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်သည်။ ဆရာကျော်ကမူ ကျွန်တော်တို့နှစ်ယောက်ကိုခေါ်ပြီး 'ဦးဒိန်းဒေါင်နဲ့ ဦးရှုံးစား'ဟု နောက်နေသည်။ ဘောင်ဝင်ပြီးသား သေမှုသေခင်းကို ကျားကုတ်ကျားခဲ လုပ်ခဲ့ကြ၍ဖြစ်သည်။ ထိုအမှုနှင့်ပတ်သက်ပြီး ဆရာကျော်က သံဝေဂစကားလေးများ ပြောနေပါသေးသည်။

"ဘီယာဖြစ်ဖြစ်၊ အရက်ဖြစ်ဖြစ် ဆိုးကျိုးချင်းက အတူတူပဲနော်"

တိုးမြင့်


**ဆရာမ ဒေါ်အေးမြတ်ချို B.A (MS)**

**(လက္ခဏာ၊ ဗေဒင် + ယတြာအစီအရင်)**

**(အမျိုးသမီးသီးသန့်ဟောခန်း)**

- ♠ ခင်ပွန်းရှာဖွေသမျှငွေကြေး တခြားသူကိုမအပ်ဘဲ မိမိကိုသာ ပြန်အပ်စေဖို့။
- ♠ ခင်ပွန်းဖြစ်သူ အရက်သေစာ စွဲလမ်းခြင်းမှ အမြန်ပြတ်စေဖို့။
- ♠ အိမ်မှာမနေချင်၊ အပေါင်းအသင်း၊ အပျော်အပါးမက်နေသူ ခြေငြိမ်၊ အိမ်မြဲလာစေဖို့။
- ♠ လူကြီးမိဘပြောစကား နားမထောင်ဘဲ ထင်ရာစိုင်းနေသော သား၊ သမီး လိမ္မာယဉ်ကျေးလာစေဖို့။
- ♠ မိမိတို့အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲစေဖို့။
- ♠ လူကြီးမိဘသဘောကျသူနှင့် အမြန်ဆုံးသဘောတူ စေ့စပ်လက်ထပ်ကိစ္စ လက်ခံလာစေဖို့။
- ♠ မိမိအိမ်ထောင်ဖက်နဲ့ ရှုပ်ထွေးငြိစွန်းနေသူတို့ တစ်ယောက်ကိုတစ်ယောက် မကြည့်ချင်လောက်အောင် အမြန်ဆုံးမုန်းတီး၊ အဆက်အသွယ်ပြတ်သွားစေဖို့။

**လိပ်စာ— အမှတ် (၈၄၃)၊ (၃၄) ရပ်ကွက်၊ ဦးဝိစာရလမ်း၊**

**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။**

**ဖုန်း— ၀၉ ၅၀၆၂၈၄၃၊ ၀၉ ၄၉၃၃၉၈၅၄။**


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com











# ပင်လယ်ဖျောက်သူ

**ဦးဝင်းမြင့်** (သရုပ်ဆောင်)

ပရိသတ်ကြီး ဒေးပစ်ကော်ပါဖီးလ်မျက်လှည့်ဒွေ ကြည့်ဖူးကြသလား။

လေယာဉ်ပျံကြီး၊ မီးရထားတွဲကြီး၊ ပဲရစ်မျှော်စင်ကြီးတွေကို ပရိသတ်မျက်စိအောက်ကနေ ရှင်းရှင်းကြီးဖျောက်ပစ်လိုက်တာ။

အံ့ဩစရာကောင်းလိုက်တာနော်။


အခု ဒီလဇာတ်လမ်းမိတ်ဆက်ပေးရမယ့် ဗီဒီယိုဇာတ်ကားလေးကတော့

**"ပင်လယ်ဖျောက်သူ"** တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကြီးကို ဖျောက်ပြမှာက ကိုနေတိုးလေ။ ဒေးဗစ်ကော်ပါဖီးလ်ကို ပျင်းတယ်။ ပင်လယ်ကြီးကို ဖျောက်ပြဦးမှာ အဲဒီတော့ စာဖတ်သူများက ဒီဇာတ်ကားမှာ ကိုနေတိုးကို မျက်လှည့်ဆရာတစ်ယောက်လို တင်ဆက်မှာလားလို့ ထင်မှတ်မှားကြပါမယ်။ တကယ်တော့ ကိုနေတိုးက ပင်လယ်ကြီးကို ဖျောက်ပြမှာမဟုတ်ပါဘူး။ သူဖတ်ထား၊ မှတ်ထားတဲ့ စာပေဗဟုသုတတွေနဲ့ သူကျူးလွန်ခဲ့တဲ့ အမှုတစ်ခုကို ပင်လယ်ကြီးလောက် နက်ရှိုင်းကျယ်ပြန့်တဲ့ ဥပဒေကွန်ရက်ကို မျက်လှည့်ပြသလို လှည့်ဖြားပြီး ပြစ်ဒဏ်ကနေ အလွတ်ရုန်းထွက်တဲ့ ဇာတ်ကားကောင်းလေးတစ်ပုဒ်ပါ။

ပင်လယ်ကြီးကို ဖျောက်ခိုင်းမယ့် ဇာတ်ဆရာက ဒါရိုက်တာ ကိုပေါက်။ ဒီဇာတ်ကားလေးကို ထုတ်လုပ်ဖြန့်ချိမှာက ဂျော်လီဆွေနှင့်သားများ ထုတ်လုပ်ရေးဖြစ်ပါတယ်။ နေတိုးက စိတ်မကျန်းမာသူ လူသတ်သမား 'နွေမိုး'အဖြစ် သရုပ်ဆောင်ထားပါတယ်။ နွေမိုးဟာ ငယ်စဉ်ဘဝကတည်းက ရွှေမှုံရတီကို တိတ်တခိုးချစ်ခဲ့၊ သံယောဇဉ် ဖြစ်ခဲ့ရသူပါ။ တစ်ဖက်သတ်ချစ်ရသူပေါ့။ ရွှေမှုံရတီက အသံကောင်းတယ်။ အဲဒီတော့ အဆိုတော်ဖြစ်ချင်တယ်။ နွေမိုးက သီချင်းရေးဆရာ၊ အရမ်းတော်တယ်။ ရွှေမှုံရတီအတွက် သီချင်းတွေကို သူက ဒိုင်ခံရေးတယ်။ သီချင်းတိုင်းပေါက်တယ်။ ဒါပေမဲ့ သီချင်းအယ်လ်ဘမ်တွေ ထွက်လာပြီဆိုရင် သီချင်းရေးဆရာရဲ့အမည်နေရာမှာ နွေမိုးမဟုတ်တော့ဘူး။ "စစ်နိုင်"တဲ့။ စစ်နိုင်ဆိုတာက "Sun Flower"တေးထုတ်လုပ်ရေးပိုင်ရှင်ရဲ့ ယောက်ဖ။ အဲဒီတော့ နွေမိုးက စစ်နိုင်ရဲ့နောက်က Shadow သီချင်းရေးဆရာပေါ့။ တေးသံရှင် ရွှေမှုံရတီအဖြစ် ရွှေမှုံရတီက သရုပ်ဆောင်ပါတယ်။ စစ်နိုင်အဖြစ် ကိုလူချောအဖွဲ့က ထက်ကောင်းကသရုပ်ဆောင်ပါတယ်။ တေးသံသွင်းပိုင်ရှင် ဦးသိန်းဟန်၊ ဒေါ်ခင်မိမိအဖြစ် ဦးဝင်းမြင့်နဲ့ ဒေါ်သန်းသန်းဆင့်တို့က သရုပ်ဆောင်ထားပါတယ်။

Sun Flower တေးသံသွင်းရဲ့ နှစ်ပတ်လည် ဂုဏ်ပြုညစာစားပွဲနဲ့ ရွှေမှုံရတီရဲ့ "ချစ်လွန်းလို့ အလိုလိုက်ထားတာပါ"စီးရီးမိတ်ဆက်ပွဲကို ဦးသိန်းဟန်ကတခမ်းတနားကျင်းပပေးပါတယ်။ တက်ရောက်လာကြတဲ့ ဧည့်ပရိသတ်တွေကလည်း အများကြီးပါ။ ပရိသတ်တွေထဲမှာ ရွှေနေလေး ကိုငြိမ်းဝေတို့မိသားစုပါတက်ရောက်လာတဲ့အတွက် ဦးသိန်းဟန်က ရွှေမှုံရတီကို ကိုငြိမ်းဝေနဲ့ မိတ်ဆက်ပေးပါတယ်။ ကိုငြိမ်းဝေရဲ့အမေနဲ့ ဦးလေးတို့က ရွှေမှုံရတီရဲ့ ပရိသတ်တွေဆိုတော့ ချက်ချင်းဆိုသလို မိသားစုတွေအတိုင်း ရင်းနှီးသွားကြပါတယ်။ လူပျိုကြီး ရွှေနေ ကိုငြိမ်းဝေရဲ့ မျက်ဝန်းမှာ အချစ်အရိပ်အယောင်တွေကို ဖတ်လိုက်ရပါတယ်။ ရွှေနေ လူပျိုကြီး ကိုငြိမ်းဝေအဖြစ် ကျော်ကျော်ဗို၊ မိခင်နဲ့ ဦးလေးအဖြစ် ဒေါ်အိအိမိုးနဲ့ ကိုညီဂျော်တို့က သရုပ်ဆောင်ထားကြပါတယ်။


ကိုငြိမ်းဝေ မျက်ဝန်းထဲက အချစ်တွေကို စဖတ်လိုက်တဲ့သူကတော့ ရွှေမှုံရတီကို တစ်ဖက်သတ်ချစ်နေတဲ့ နွေမိုးပါ။ အဲဒီနေ့ အခမ်းအနားပြီးတော့ နွေမိုးရော၊ ရွှေမှုံပါ ဦးသိန်းဟန်အိမ်ကို လိုက်သွားကြပါတယ်။ အဲဒီညမှာပဲ ဦးသိန်းဟန်က ရွှေမှုံကို ကျေးဇူးတရားတွေ

www.burmeseclassic.com



ဘာ့ ''မကျူးလွန်ပါဘူး''တဲ့။ ရိုးသားသိမ်မွေ့တဲ့ အမူအရာကို အကဲခတ်မိပါတယ်။ ဒါနဲ့ အချင်းဖြစ်တဲ့နေ့က ဦးသိန်းဟန်အိမ်ကို ဘာကိစ္စနဲ့ သွားခဲ့တာလဲလို့မေးတော့ နွေမိုးဖြေတဲ့အဖြေထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့အချက်ကို တွေ့လိုက်ရပါတယ်။ အဲဒါ ဘာလဲဆိုတော့.....

''ကျွန်တော့်သီချင်းတွေကို ဦးသိန်းဟန်က ဝယ်ပါတယ်၊ အဲဒီနေ့က သီချင်းဖိုး ပိုက်ဆံသွားယူတာပါ၊ ငွေလိုတဲ့အချိန်ဆိုရင်လည်း ဦးသိန်းဟန်က ကူညီပါတယ်၊ ဒီလိုကျေးဇူးရှိတဲ့သူကို ကျွန်တော် သတ်စရာလားဗျာ၊ ကျွန်တော်ရောက်သွားတဲ့အချိန်မှာ သွေးတွေနဲ့ ဦးသိန်းဟန်ကို တွေ့ပါတယ်၊ အခန်းထဲမှာ လူတစ်ယောက် ပြေးနေတယ်ဆိုတာ သိတယ်၊ ကျန်တာ ကျွန်တော် ဘာမှမသိတော့ဘူး၊ ဘာမှမမြင်ရတော့ဘူး၊ ကျွန်တော် သတိရလာတဲ့အချိန်မှာ 'ဒီမှာ တွေ့ပြီ.....တွေ့ပြီ' ဆိုတဲ့ အော်သံတွေကြားရပြီး ကျွန်တော့်တစ်ကိုယ်လုံး သွေးတွေပေနေတယ်၊ ရဲက ကျွန်တော့်ကိုဖမ်းတယ်၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာတော့ မမှတ်မိတော့ဘူး''တဲ့။ ဒီလိုအဖြစ်မျိုး ငယ်ငယ်က တစ်ခါနှစ်ခါလောက် ဖြစ်ဖူးပါတယ်တဲ့။ အဲဒီလိုဖြစ်ရင် ဘာမှမမှတ်မိတော့ဘူးတဲ့။



ကိုငြိမ်းဝေက စိတ်ကျန်းမာရေးဆရာဝန်နဲ့တွေ့ပြီး ဆွေးနွေးကြည့်တဲ့အခါ ဒီလိုရောဂါမျိုး ရှိတတ်ကြောင်း၊ အိပ်နေရင်း လမ်းထလျှောက်ပြီး လူသတ်မှုတွေ ကျူးလွန်တတ်ကြောင်း၊ စိတ်ပညာအရ စံလွဲတွေဖြစ်ကြောင်း ရှင်းပြပါတယ်။ ဒါနဲ့ ကိုငြိမ်းဝေက နွေမိုးကို ဆရာဝန်နဲ့ စစ်မေးစေပါတယ်။ ဆရာဝန် စစ်မေးနေတာကိုလည်း ဗီဒီယိုမှတ်တမ်းရိုက်ထားပါတယ်။ အဲဒီလိုစစ်တဲ့အခါ သူ့ရဲ့ငယ်ဘဝကို ပြောပြပါတယ်။


သူ့ရဲ့ဖခင်ဟာ အရက်သမားဖြစ်ပြီး သူ့အသက် ၁၂ နှစ်အရွယ်မှာ ဆုံးပါးခဲ့ကြောင်း၊ မိခင်ကလည်း စိတ်မကျန်းမာသူဖြစ်သွားခဲ့ကြောင်း၊ တစ်နေ့မှာ မိခင်ဟာလည်း အရက်သမားတစ်စု အဓမ္မပြုကျင့်ပြီး အသတ်ခံရကြောင်း၊ မိခင်ဈာပနကို ဘယ်လိုဆောင်ရွက်ခဲ့ကြတယ်ဆိုတာ ဘယ်လိုပဲပြန်စဉ်းစားပေမယ့် မမှတ်မိတဲ့ အကြောင်း၊ အဲဒီနောက်ပိုင်းတစ်ခါနှစ်ခါ ဖြစ်ဖူးကြောင်း၊ အဲဒီလိုဖြစ်ရင်လည်းဘာမှသတိမရတော့ကြောင်းတွေပေါ့။

နောက်မှခင်းဆရာဝန်ထွက်ဆိုချက်က ဓားဒဏ်ရာတွေဟာ ဘယ်သန်တစ်ယောက်ရဲ့ ဓားချက်တွေဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com






တစ်ယောက်ရဲ့ကျူးလွန်မှုဟာ ပြစ်မှု မမြောက်တဲ့အတွက် ရှေ့နေကိုငြိမ်းဝေ အမှုအနိုင်ရရှိခဲ့ပါတယ်။ အားလုံးက လည်း ရှေ့နေကိုငြိမ်းဝေရဲ့ စွမ်းဆောင် မှုကို ဂုဏ်ပြုကြပါတယ်။ ဒါပေမဲ့ ကိုငြိမ်းဝေ ကြာကြာဝမ်းမသာနိုင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ စီရင်ချက်ချ ပြီး နောက်နေ့မှာ နွေမိုးကို စိတ်ကျန်းမာ ရေးဆေးရုံမှာ ကိုငြိမ်းဝေသွား တွေ့ တယ်။ အဲဒီအချိန်မှာပဲ နွေမိုးက ရှေ့နေ ကိုငြိမ်းဝေကို သီချင်းရေးဆရာ၊ ကဗျာ ဆရာ၊ နူးညံ့သိမ်မွေ့တဲ့ နွေမိုးရဲ့ အမှုအရာနဲ့ လူသတ် ကောင် မိုးကြီးတို့ရဲ့ အမှုအရာနှစ်ခုကို ကွဲပြားအောင် သရုပ်ဆောင်ပြပါတယ်။ ကိုငြိမ်းဝေ တော်တော်အံ့သြ သွားတယ်။ ပြီးတော့ နွေမိုးက ကိုငြိမ်းဝေကို ဘာပြောလဲ ဆိုတော့.....

“ဒီမှာ ရှေ့နေကောင်၊ ငါ ရွှေမှုံ့ကို သိပ်ချစ်တာ၊ ရွှေမှုံ့အတွက်ဆို ငါဘာပဲလုပ်ရလုပ်ရ၊ တေးသံသွင်းပိုင် ရှင် သိန်းဟန်က ရွှေမှုံ့ကို မတရားကြံလို့ ငါသတ်လိုက်

ထွက်ဆိုချက်နဲ့ စိတ်ကျန်းမာရေးဆရာဝန် မေးမြန်းချက်၊ ထွက်ဆိုချက်တွေကို ဗီဒီယိုခွေမှတ်တမ်းနဲ့တကွ တရား ရုံးကို သက်သေခံတင်ပြခဲ့ပါတယ်။ အကျဉ်းချုပ် ပြော ရရင်တော့ ရှေ့နေကိုငြိမ်းဝေရဲ့ စွမ်းဆောင်မှု၊ လျှောက်လဲ တင်ပြမှုတွေကြောင့် နွေမိုးဟာ ပြစ်မှုကျူးလွန်သူတစ် ယောက်ဖြစ်ကြောင်း ထင်ရှားသော်လည်း တစ်ယောက် တည်းမှာ စိတ်နှစ်စိတ်နဲ့ စိတ်ဝေဒနာရှင်တစ်ယောက် ဖြစ်တယ်လို့ တရားရုံးက ဆုံးဖြတ်ပြီး စိတ် ဝေဒနာရှင်




www.burmeseclassic.com

www.burmeseclassic.com



တာ၊ အခု မင်းလည်း ရွှေမှုံ့နားမှာ တဝဲလည်လည်လုပ်နေတာ ငါကြည့်မရဘူး၊ သတိထားနေ၊ ရွှေမှုံ့နားမှာ ဆက်ကပ်နေရင်တော့ ငါဆေးရုံက ဆင်းခွင့်ရတာနဲ့ မင်း ကို ငါလာသတ်မှာ၊ အမှုကလည်း ပြီးသွားပြီဆိုတော့ မင်းဘာမှလုပ်လို့မရတော့ဘူး၊ မှတ်ထား''တဲ့။



သွားပြီပေါ့။ အများအမြင်မှာ ရှေ့နေကိုငြိမ်းဝေ အမှုနိုင်တယ်လို့ မြင်ကြမှာ။ တကယ်တော့ ကိုငြိမ်းဝေ အမှုရှုံးတာ။ မရှုမလှုရှုံးတာ။ လှည့်ကွက်ထဲမှာ လှည့်ဖြားခံခဲ့ရတာ။ တရားခံ ပညာပြတာကို ခံလိုက်ရတာ။ နွေမိုးကလွဲရင် ဘယ်သူမှ မသိသေးပေမယ့် သူ့ကိုယ်သူသိသွားပြီ။ နွေမိုးရဲ့ သရုပ်ဆောင်မှုတွေကို ပြန်မြင်လာတယ်။


''မင်းကြိုက်တဲ့ပုံစံရွေးလိုက် ရှေ့နေကြီး၊ ငါဘာလုပ်ပြရမလဲ၊ ကြမ်းရမလား၊ ရမ်းရမလား၊ လူသတ်ရမလား''(မိုးကြီးလေသံ)

''ကိုငြိမ်းဝေရယ် ကျွန်တော် မသတ်ပါဘူးဗျာ၊ ဒီ အမှုကို ရင်မဆိုင်ချင်တော့ပါဘူး၊ ကျွန်တော့်အမေကို မလျှောင်ကြပါနဲ့ဗျာ''(နွေမိုးအမူအရာ)

ကိုငြိမ်းဝေ အလိမ်ခံလိုက်ရပါပြီ။ လူတစ်ယောက်ရဲ့ အသက်ကို ကယ်လိုက်နိုင်တဲ့ အောင်မြင်မှုအတွက် ဝမ်းသာဖို့ မိခင်ကပြောတော့ သူ့ဘဝမှာ အမှုရှုံးဖူးသွားပြီ။ နွေမိုးရဲ့ အကွက်ကျကျ လှည့်ဖြားသွားတာကို ခံလိုက်ရတာ။ နွေမိုးကို အပြစ်မပေးနိုင်ရင် ဥပဒေက ရှုံးသွားလိမ့်မယ်။ ဥပဒေကိုလိမ်သလို ဖြစ်သွားလိမ့်မယ်။ နွေမိုးကတော့ ဥပဒေကို လက်တစ်လုံးခြားလှည့်ပြီး ပြစ်ဒဏ်မခံရအောင် လှည့်ထွက်သွားခဲ့ပြီ။ ဥပဒေဘက်တော်သား ရှေ့နေ ကိုငြိမ်းဝေက ဘယ်လိုပညာရပ်တွေနဲ့ နွေမိုးကို ဟန်ဆောင်မှုခွာချပြီး ပြစ်ဒဏ်ခံရအောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာစိတ်ဝင်စားစရာကောင်းအောင် ဒါရိုက်တာ ကိုပေါက်က ပညာစွမ်းပြ ရိုက်ကူးထားတာမို့လို့ မလွတ်တမ်းကြည့်ရှုနိုင်အောင် မိတ်ဆက်တင်ပြလိုက်ရပါတယ်။

ဦးဝင်းမြင့် (သရုပ်ဆောင်)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကိုထွန်းစိန်သည် ကျွန်တော့်အဖို့ ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ပါသည်။ သူ့မိခင်နှင့် ကျွန်တော့်မိခင်တို့မှာ ညီအစ်မဝမ်းကွဲတော်စပ်ကြပြီး သူတို့အိမ်နှင့် ကျွန်တော်တို့နေအိမ်မှာ ဝင်းထရံသာခြားပါသည်။

သူသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် ကျွန်တော်တို့မြို့နှင့် ၁၀ မိုင်ကွာဝေးသော မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းမှ အင်္ဂလိပ်–မြန်မာ သတ္တမတန်း အောင်မြင်ခဲ့သူဖြစ်ပါသည်။

ကျွန်တော်မှတ်မိသလောက် ထိုစဉ်က အင်္ဂလိပ်–မြန်မာ သတ္တမတန်း အောင်မြင်သူများသည် မူလတန်းကျောင်းဆရာ၊ စာတိုက်မြို့နယ်အရာရှိ (စာတိုက်ဗိုလ်ဟုခေါ်ကြပါသည်)နှင့် မြို့ပိုင်၊ နယ်ပိုင် (ယခု အုပ်ချုပ်ရေးမှူးများ)ရုံးများတွင် စာရေးရာထူးများ ရရှိနိုင်ပါသည်။ သို့သော် ဦးလေးကိုထွန်းစိန်သည် မည်သည့်အမှုထမ်းအဖြစ်မှ ဝင်ရောက်အမှုထမ်းခြင်းမပြုဘဲ သူ့မိခင်မုဆိုးမကြီးနှင့် ညီမများနှင့်အတူ နေထိုင်ခဲ့သည်။ သူ့မိခင်မှာ လယ်ယာများပိုင်ဆိုင်ထားရာ ထိုလယ်ယာများမှ ရသည့်ငွေကြေးဖြင့် ကြောင့်ကြမဲ့ကင်းစွာ နေထိုင်သူဖြစ်ပါသည်။ စာဖတ်ဝါသနာပါသူတစ်ဦးလည်းဖြစ်သဖြင့်စစ်ကြိုခေတ်က ထုတ်ဝေသော ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း အပါအဝင် မဂ္ဂဇင်းများ၊ ဝတ္ထုများ ဝယ်ယူဖတ်ရှုခြင်းဖြင့် ခပ်ကုပ်ကုပ် နေထိုင်သူဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်မှာ စာဖတ်စ မူလတန်းကျောင်းသားတစ်ဦးဖြစ်ရကား သူ့အိမ်သို့ နေ့စဉ်သွား၍ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ သတင်းစာများကို ဖတ်ရှုလေ့ရှိသဖြင့် သူနှင့်အနီးကပ် ခင်မင်ရင်းနှီးသူဖြစ်လာသည်။

သူ့ကျောင်းနေဖက်အများမှာသခင်များဖြစ်ကြသော်လည်း သူ သခင်အသင်းမဝင်။ သို့သော် နောက်ကွယ်မှ ငွေကြေးထောက်ပံ့သည်ဟု ထင်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ကျွန်တော်တို့မြန်မာနိုင်ငံအား တောက်လောင်လာသည့်အခါသူ့ကျောင်းနေဖက်သူငယ်ချင်းများ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ကြသော်လည်း ဦးလေးကိုထွန်းစိန်သည် ခပ်ကုတ်ကုတ်နေခဲ့သည်။

၁၉၄၂ ခုနှစ်ဦးခန့်လောက်တွင်အာရှလူငယ်အသင်းများ၊ မဟာဗမာအသင်းများ ဖွဲ့စည်းတည်ထောင်ကြရာ ကျွန်တော်တို့မြို့ပေါ်မှ လူငယ်များ အသင်းဝင်များဖြစ်လာခဲ့သော်လည်း ဦးလေးကိုထွန်းစိန်မှာ ခပ်ကင်းကင်းနေပြန်သည်။ ၁၉၄၂ ခုနှစ် နှစ်ကုန်ခန့်ဟု ထင်ပါသည်။ ရက်၊ လကိုမူ ကောင်းစွာမမှတ်မိတော့။ ကျွန်တော်တို့တစ်မြို့လုံး အံ့အားသင့်စေသည့် ထူးခြားဖြစ်စဉ်တစ်ခုဖြစ်လာခဲ့သည်။

ထိုဖြစ်စဉ်ကား ထိုနှစ်တွင်စတင်တည်ဆောက်မည့် ယိုးဒယား(ထိုင်း)–မြန်မာ မီးရထားလမ်း တည်ဆောက်ရာတွင် သွားရောက်ကြမည့် ကျွန်တော်တို့မြို့နယ်မှချွေးတပ်သားများကို ခေါင်းဆောင်သွားမည်ဟူသောသတင်းထွက်လာသည်။ လူအများနှင့် ခပ်ကင်းကင်း၊ ခပ်ကုပ်ကုပ်နေသူတစ်ဦးက ရုတ်တရက် ချွေးတပ်သားများကို ခေါင်းဆောင်၍ သံဖြူဇရပ်သို့သွားမည်ဟု ဆုံးဖြတ်ခဲ့သဖြင့် တစ်မြို့လုံး အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည်။

ကျွန်တော်တို့မြို့နယ်မှ ပထမဆုံး သွားရောက်ကြမည့် ချွေးတပ်သားများဖြစ်ကာ မြို့ခံလူထုက ကျွန်တော်တို့ အစိုးရအထက်တန်းကျောင်းခန်းမတွင် အကျယ်တဝင့် ဂုဏ်ပြုပွဲကျင်းပခဲ့ကြသည်။

www.burmeseclassic.com


ကျွန်တော် မှတ်မိသလောက် ယင်းဂုဏ်ပြုပွဲတွင် အာရှလူငယ်အသင်းနှင့် မဟာဗမာအသင်းမှ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်ဝန် (အရေးပိုင်)နှင့် အမည်မမှတ်မိသော ဂျပန်စစ်အရာရှိတစ်ယောက်ကလည်း မိန့်ခွန်းပြော ကြားကြသည်။ သံဖြူဇရပ်သို့ သွားကြမည့် ချွေးတပ် သားများကိုယ်စား ဦးလေးကိုထွန်းစိန်က မိန့်ခွန်းပြော ကြားသည်။

လူအများနှင့် ခပ်ကင်းကင်း၊ ခပ်ခွာခွာ နေလေ့ရှိသူတစ်ယောက်က ပရိသတ်အများရှေ့တွင် စိတ်ပါလက်ပါ မိန့်ခွန်းပြောသွားသဖြင့် ကျွန်တော်တို့တစ်မြို့လုံး အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည်။ ကျွန်တော့်အဖို့ နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။

လှည်းများဖြင့် စုရုံးထွက်ခွာသွားကြသော ဦးလေးကိုထွန်းစိန်နှင့် ချွေးတပ်သားများ၏မြင်ကွင်းကို ယနေ့ထိ မြင်ယောင်လျက်ရှိတော့သည်။ ထိုစဉ်ကမှ ထိုနေ့က ဦးလေးကိုထွန်းစိန်ကို နောက်ဆုံးမြင်ရခြင်းဖြစ်သည်ဟု မထင်မှတ်ခဲ့။

မှန်ပါသည်။ ဦးလေးကိုထွန်းစိန် ခေါင်းဆောင်သော ချွေးတပ်သားများသည် နောင်အခါသေမင်းတမန်လမ်းမကြီးဟု ဟိုးဟိုးကျော်ခဲ့သော ယိုးဒယား (ထိုင်း)–မြန်မာ လမ်းမကြီးဖောက်လုပ်ရန် ထွက်ခွာသွားခြင်းဖြစ်သည်။

ထိုစဉ်က ပါးစပ်ပြောဂေဇက်များအရ ယိုးဒယား (ထိုင်း)–မြန်မာလမ်းမကြီး ဖောက်လုပ်ပြီးစီးပါက ထိုလမ်းဖောက်ရာတွင် ပါဝင်ခဲ့ကြသော ချွေးတပ်သားများအား လယ်ပိုင်ယာပိုင်ဖြစ်စေမည်၊ လုပ်အားခများလည်း ထိုက်ထိုက်တန်တန် ရစေမည်ဟု သိရ၏။

သို့သော် လေးငါးလအကြာတွင်မူ ထိုလမ်းမကြီး၏ သတင်းဆိုးများ ပျံ့နှံ့လာသည်။ ဂျပန်ဘုရင့်တပ်မတော်မှ တာဝန်ယူထားရသည့်အတိုင်း ထိုလမ်းဖောက်ရာတွင် ပါဝင်ခဲ့သော ဗြိတိသျှစစ်အကျဉ်းသား (၁၆၀၀)ဦး၊ သြစတြေးလျစစ်အကျဉ်းသား (၁၃၃၅)ဦး၊ ဒတ်ချ်လူမျိုးစစ်အကျဉ်းသား (၆၂၀)ဦး၊ မလေးရှား (၇၉)ဦး၊ အိန္ဒိယအကျဉ်းသား (၁၅)ဦး၊ ကနေဒါ၊ နယူးဇီလန်နှင့် မြန်မာနိုင်ငံသားများ အသက်ပေးခဲ့ရသည်ဟု သတင်းများထွက်လာခဲ့၏။

သို့သော် ဦးလေးကိုထွန်းစိန်သတင်းကိုမူ မကြားရ။ ခြောက်လ၊ ခုနစ်လ ကြာမြင့်လာခဲ့သည်နှင့် ကျွန်တော်တို့မြို့နယ်မှ ယိုးဒယား(ထိုင်း)–မြန်မာ မီးရထားလမ်း ဖောက်လုပ်ရာသို့ ချွေးတပ်သားအဖြစ် လိုက်ပါသွားကြသူအချို့ ထွက်ပြေးလွတ်မြောက်လာသည်ဟူသောသတင်း၊ ဂျပန်စစ်အရာရှိများ၏ ရက်ရက်စက်စက်နှိပ်စက်မှု၊ ငှက်ဖျားရောဂါ၊ ဖောရောင်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ လမ်းဖောက်လုပ်ရာတွင် ထိခိုက်ဒဏ်ရာရမှု၊ ဝဲယားနာဝေဒနာ၊ ဖက်ခွက်နာ စသည့် ဝေဒနာခံစားရမှုများနှင့် ချွေးတပ်သားများအား ကျွေးမွေးသည့် အစာများမှာလည်း အလွန်ညံ့ဖျင်းသည်ဟူသောသတင်းများ ကြားခဲ့ရသည်။

ထိုလမ်းဖောက်ရာတွင် ပါဝင်သော မဟာမိတ်စစ်သုံ့ပန်းများ၊ မြန်မာချွေးတပ်သားများနှင့် ဒေသခံလုပ်အားပေး အလုပ်သမားများ အများအပြား မရေတွက်နိုင်အောင် သေဆုံးကြရသည်ဟူသောသတင်းများလည်း တောမီးပမာ ပျံ့နှံ့လျက်ရှိသည်။

ဦးလေးကိုထွန်းစိန်၏ မိခင်နှင့် နှမများကမူ တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ဦးလေးကိုထွန်းစိန် ပြန်လာပေလိမ့်မည်ဟု မျှော်လင့်ထားသည်။

ရက်၊ လတွေပြောင်း၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သော်လည်း ဦးလေးကိုထွန်းစိန် ပြန်မရောက်လာတော့။ သံဖြူဇရပ်စစ်သချိုင်းဖွင့်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ပြီး သေမင်းတမန်လမ်းမကြီးတွင် အစာရေစာပြတ်လပ်မှု၊ ရောဂါဝေဒနာ ခံစားရမှု၊ ထိခိုက်ဒဏ်ရာရမှုစသော အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်ခဲ့ရသော စစ်သုံ့ပန်းများ၊ ချွေးတပ်သားများအတွက် မိမိတို့ကိုးကွယ်ရာဘာသာအလိုက် ဝတ်ပြုဆုတောင်းခဲ့ကြသည်။

ဦးလေးကိုထွန်းစိန်၏သတင်းကို အစအနပင်မကြားရ။ သူ့မိခင်အိုကြီးကမူ သားဖြစ်သူ တစ်နေ့ပြန်လာပေလိမ့်မည်ဟု မျှော်တလင့်လင့် စောင့်စားရင်း ကွယ်လွန်သွားခဲ့ရရှာတော့၏။ ဦးလေးကိုထွန်းစိန်နှင့်အတူ လိုက်ပါသွားသော ချွေးတပ်သားအချို့မှာလည်း ပြန်မရောက်တော့။

www.burmeseclassic.com




ကျွန်တော်တို့သည် ယိုးဒယား(ထိုင်း)–မြန်မာလမ်းမကြီးအကြောင်း ဆောင်းပါးများ၊ မှတ်တမ်းများ၊ သတင်းဆောင်းပါးများကို စစ်ပြီးစ မြန်မာနိုင်ငံမှထုတ်ဝေသော မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ သတင်းစာများတွင် ဖန်တစ်ရာတေအောင် ဖတ်ရှုခဲ့ကြရသည်။ ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်အများလေးစားရသော စာရေးဆရာကြီးလင်းယုန်သစ်လွင်ကလည်း "ကိုယ်တွေ့ချေးတပ်မှတ်တမ်း"အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ရာ စာပေဗိမာန်စာမူဆု ရရှိခဲ့သည့် စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။

ထိုစာအုပ်ကို ယနေ့ထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရသော စာအုပ်ဖြစ်သည်။ ဆရာလင်းယုန်သစ်လွင်မှာ စာရေးကောင်းသူ စာရေးဆရာတစ်ဦးဖြစ်ရာ သူ့ဝတ္ထုရေးနည်းအတတ်ပညာကြောင့် ယိုးဒယား(ထိုင်း)မြန်မာလမ်းမကြီးအကြောင်း ဖတ်ရှုရသူများအဖို့ တသသဖြစ်ခဲ့ရသည်။ ဤလမ်းမကြီး ဖောက်လုပ်ရေးအတွက် သွေး၊ ချွေး၊ အသက်တို့ ပေးခဲ့ရသည့် မြန်မာချွေးတပ်သားများအတွက် စာဖတ်သူအများမှာ သောကဝေဒနာအဖြာဖြာဖြစ်ခဲ့ကြရသည်။

အထက်ဖော်ပြပါ ဆောင်းပါးများ၊ မှတ်တမ်းများအရ ယိုးဒယား(ထိုင်း)–မြန်မာလမ်းမကြီးမှာ ထိုစဉ်က ယိုးဒယားနိုင်ငံ(ထိုင်းနိုင်ငံ) ဗန်ကောက်မှ မြန်မာနိုင်ငံဘုရားသုံးဆူစခန်းအထိ ယိုးဒယား(ထိုင်း)ဘက်မှတာဝန်ယူဖောက်လုပ်ခဲ့ရပြီး ယိုးဒယား(ထိုင်း)ဘက်မှ မဟာမိတ်စစ်သုံ့ပန်းများ၊ ယိုးဒယား(ထိုင်း)ချွေးတပ်သားများနှင့် မလေးလူမျိုးအများ ပါဝင်ခဲ့သည်။ ယိုးဒယား(ထိုင်း)ဘက်မှ ချွေးတပ်သားများသည် ဘုရားသုံးဆူဘက်သို့ သွားရောက်ခြင်းမပြုရန် တင်းတင်းကျပ်ကျပ် ပိတ်ပင်တားမြစ်ထားခြင်းခံရသည်။

ဤကဲ့သို့ မိုင်ပေါင်း ၂၄၀ ရှည်သော မီးရထားလမ်းဖောက်လုပ်ရာတွင် လူအင်အား ၃၃၀၀၀၀ (သုံးသိန်းသုံးသောင်း)ကျော် အသုံးပြုခဲ့ရာတွင် မြန်မာချွေး




www.burmeseclassic.com

www.burmeseclassic.com

တပ်သား (၂၇၀၀၀၀)ပါဝင်သည်ဟုဆိုသည်။ ဤလမ်းအား သတ်မှတ်ထားသောရက်တွင် ပြီးစီးနိုင်ရန် ချွေးတပ်သားများအားလုံးအား နေပူ၊ မိုးရွာမရှောင် နေ့ရောညပါ ခိုင်းစေခဲ့သည်ဟု မြန်မာဘက်မှ မှတ်တမ်းများအရ သိရ၏။

စစ်ပြီးမှတ်တမ်းတစ်ခုတွင်မူ အထက်ဖော်ပြပါ သေမင်းတမန်လမ်းမကြီး ဖောက်လုပ်နိုင်ရန် မြန်မာနိုင်ငံဘက်မှ အလုပ်သမား ၁၇၇၀၀၀ စုဆောင်းခဲ့သည်ဟု ဆိုသော်လည်း ဂျပန်စစ်အာဏာပိုင်တို့ကမူ ချွေးတပ်သား ၁၃၀၀၀၀ (တစ်သိန်းသုံးသောင်း)သာ စုဆောင်းနိုင်ခဲ့ပြီး အချို့ချွေးတပ်သားများမှာ နည်းလမ်းအမျိုးမျိုးနှင့် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။




ယင်းဂျပန်တို့၏ မှတ်တမ်းအရ လမ်းခုလတ်တွင် မြန်မာချွေးတပ်သား ၄၀၀၀၀ (လေးသောင်း)ခန့် ထွက်ပြေးခဲ့သည်ဟုဆိုသည်။ ချွေးတပ်သား ၁၃၀၀၀ (တစ်သောင်းသုံးထောင်)ကို တာဝန်ပြီးဆုံးသဖြင့် နေရပ်သို့ ပြန်စေခဲ့သည်ဟု ဆိုခဲ့၏။

ဂျပန်ဘုရင့်တပ်မတော်အာဏာပိုင်များသည် အဘယ်ကြောင့် ဤလမ်းကို အပူတပြင်းဖောက်လုပ်ခဲ့သနည်း။ အကြောင်းရှိပါသည်။ ဒုတိယကမ္ဘာစစ်ကြီး အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့ပြီး ၁၉၄၂ ခုနှစ် ကုန်ဆုံးကာနီးတွင် ဖက်ဆစ်ဂျပန်တို့သည် အရှေ့တောင်အာရှတွင် အောင်ပွဲဆင်နိုင်ခဲ့သည်သာမက ဒုတိယကမ္ဘာစစ်ကြီး အောင်မြင်နိုင်ရန် သေချာသလောက်ဖြစ်ခဲ့သည်။

ဂျပန်ဘုရင့်ရေတပ်မတော်၊ ကြည်းတပ်မတော်နှင့် လေတပ်မတော်တို့၏ လျင်မြန်ထက်မြက်သော စစ်ဆင်ရေးကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသည့် စစ်ရေးအကဲခတ်သူတို့က တအံ့တသြဖြစ်ခဲ့ကြရသည်။ မိမိပိုင် အရှေ့အိန္ဒိယကျွန်းစု (ယနေ့အင်ဒိုနီးရှား)၊ မလေးရှား၊ စင်ကာပူနှင့် ပြင်သစ်ပိုင် အင်ဒိုချိုင်းနား (ဗီယက်နမ်၊ လာအို)နိုင်ငံတို့မှာ လအနည်းငယ်အတွင်း လက်နက်ချခဲ့ကြရသည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အောင်မြင်စွာ ဆုတ်ခွာသွားခဲ့ကြရသည်။ ဤတွင် ဂျပန်ဘုရင့်တပ်ပေါင်းစုဌာနချုပ်သည် အိန္ဒိယနိုင်ငံသို့ အလျင် အမြန်ချီတက်တိုက်ခိုက်ရေးအတွက် စစ်ကူတပ်များပို့ ဆောင်ရေး၊ စစ်အသုံးအဆောင်ပစ္စည်းများပို့ဆောင်ရေး၊ ရိက္ခာပို့ဆောင်ရေး လျင်မြန်သွက်လက်စေရန် ယိုးဒယား(ထိုင်း)နှင့် မြန်မာနိုင်ငံတို့အား မီးရထားလမ်းဖြင့် ဆက်သွယ်ရန် ဆုံးဖြတ်ခဲ့ရတော့၏။

ထိုစဉ်က မြန်မာနိုင်ငံတွင် မီးရထားလမ်းသည် ရန်ကုန်မြို့မှ ရေးမြို့အထိ ဖောက်လုပ်ထားပြီးဖြစ်သည်။ ယိုးဒယား(ထိုင်း)နိုင်ငံတွင်လည်း ဗန်ကောက်နှင့် စင်ကာပူအကြားတွင် မီးရထားလမ်း ဖောက်ပြီးဖြစ်သည်။ ထို့ကြောင့် ရေးမြို့နှင့် ဗန်ကောက်မြို့များအကြား မီးရထားလမ်းဖောက်လိုက်ပါက စင်ကာပူမှ မြန်မာနိုင်ငံအဆုံးထိ မီးရထားလမ်းမှာ တောက်လျှောက်ပေါက်သွားမည်ဖြစ်သည်။ ထိုလမ်းမှာ အိန္ဒိယနိုင်ငံသိမ်းပိုက်ရေးအတွက် သေနင်္ဂဗျူဟာလမ်း ဖြစ်ပေသည်။

သို့သော် ဤလမ်းဖောက်လုပ်ရေးတွင် အကြံပေးခဲ့ကြသော ဂျပန်ဘုရင့်တပ်မတော်မှ အင်ဂျင်နီယာများကမူ မီးရထားလမ်းပြီးဆုံးရန် ငါးနှစ်ခန့်ကြာမြင့်မည်ဟု အကြံပေးခဲ့ကြသည်။ သို့သော် ဂျပန်ဘုရင့်စစ်ဌာနချုပ်

မှ အာဏာပိုင်အဖွဲ့ကမူ စစ်ရေးအခြေအနေအရ ဤမျှလောက် ကြာညောင်းမည့်အချိန်ကို ငံ့လင့်ရန် မဖြစ်နိုင်၊ ထို့ကြောင့် ယိုးဒယား(ထိုင်း)–မြန်မာလမ်းမကြီးကို တစ်ဆယ့်ရှစ်လအတွင်း ပြီးစီးအောင်ဖောက်ရမည်ဟု ဆုံးဖြတ်ခဲ့၏။

ဤစီမံကိန်းကို အကောင်အထည်ဖော်ရန် ဂျပန်ဘုရင့်တပ်မတော်၊ တောင်ပိုင်းစစ်ဌာနချုပ်ကို တာဝန်ပေးအပ်ခဲ့သည်။ ဤလမ်းမကြီး အောင်မြင်စွာ ဖောက်လုပ်နိုင်ရေးအတွက် ဗိုလ်ချုပ်ကြီး ကီရာဟူချီက တာဝန်ယူခဲ့၏။ ဤလမ်းဖောက်လုပ်ရာတွင် ဒေသခံ ချွေးတပ်အလုပ်သမားများနှင့်သာ ဖောက်လုပ်ပါက ရထားလမ်းမှာ သတ်မှတ်ထားသောအချိန်တွင် ပြီးစီးနိုင်မည်မဟုတ်။ သို့ဖြစ်၍ မဟာမိတ်စစ်သုံ့ပန်းများအား အသုံးပြုရန် စီစဉ်ခဲ့ရ၏။

ဤသို့ဖြင့် သေမင်းတမန်မီးရထားလမ်းကို ၁၉၄၃ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးထားပြီး ၁၄ လနှင့်အပြီး တည်ဆောက်ရန် တာဝန်ရှိသူများက စီမံခဲ့ကြသည်။ သို့ ဖြစ်၍ စင်ကာပူမှ မဟာမိတ်စစ်အကျဉ်းသမားများကို မီးရထားလမ်း ဖောက်လုပ်မည့်နေရာသို့ အုပ်စုနှစ်စုခွဲ၍ ပို့ဆောင်ခဲ့သည်။ တစ်စုကို ရေလမ်းမှလည်းကောင်း၊ တစ်စုကို စင်ကာပူမှ ယိုးဒယား(ထိုင်း)ရှိ ဘန်ပွန်အထိ မီးရထားဖြင့်လည်းကောင်း ပို့ဆောင်ပြီး ထိုမှတစ်ဆင့် တောတွင်းစခန်းများသို့ ခြေကျင်သွားခဲ့ရ၏။

ထိုစစ်အကျဉ်းသားများမှာအာဟာရဓာတ်မပါသော အစားအစာများသာ စားသောက်ရခြင်း၊ ကျန်းမာရေး အခြေအနေဆိုးဝါးခြင်း၊ နေထိုင်ရသည့် တဲတန်းလျားများမှာလည်း မိုးရာသီတွင် ရွှံ့နွံများတက်လျက်ရှိခြင်း၊ အစာရေစာပြတ်လပ်ခြင်း၊ ငှက်ဖျားရောဂါ၊ ဝမ်းဖောဝမ်းရောင်၊ အူရောင်ငန်းဖျားရောဂါဝေဒနာစွဲကပ်ခြင်း၊ လမ်းဖောက်ရာတွင် ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် အများအပြား သေဆုံးခဲ့ကြရသည်။

ထိုစဉ်က မှတ်တမ်းများအရ စစ်အကျဉ်းသားများကို အုပ်စုနှစ်စုခွဲပြီး လမ်းဖောက်စေခဲ့သည်။ တစ်ဖွဲ့မှာ သံဖြူဇရပ်ဘက်မှ ဖောက်ခဲ့ရပြီး တစ်ဖွဲ့မှာ ဘန်ပွန်ဘက်မှ ဖောက်လုပ်ခဲ့ရသည်။ စစ်အကျဉ်းသားများ၏ တစ်နေ့လုပ်အားခမှ လေးပဲနီသာ ရရှိသည်။ ၁၉၄၃ ခုနှစ်၊ အောက်တိုဘာလတွင် အပြီးတည်ဆောက်နိုင်ခဲ့သော်လည်း ယခင်မီးရထားလမ်းရှိ ဇလီဖားတုံးတစ်တုံးသည် မဟာမိတ်စစ်အကျဉ်းသားတစ်ဦးနှင့် ချွေးတပ်သားတစ်ဦး၏ အသက်ပေးခဲ့ရသည်ဟု ဆိုကြပါကြောင်း။ ။


လျှမ်းထက်

ကျမ်းကိုး– Comrades in Bondage By-F.Foster




www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ခင်း၏အပူကို ခင်မူ သတိမထားနိုင်ပေ။ သူ့စိတ်က ရွာသို့အမြန်ရောက်ရေးသာ အရေးကြီး၏။ ထို့ကြောင့် ခြေလှမ်းများကို သုတ်ခြေတင်ကာ အလျင်အမြန် လျှောက်လာရတော့သည်။

"ဒုက္ခပဲ၊ ခုချိန်ဆို ကိုကျော့မောင် ထမင်းဆာနေမလား၊ ငါ့ကို မတွေ့လို့ စိတ်တို ဒေါသထွက်နေမလား"

ကိုကျော့မောင်၏စိတ်ကို သိထား၍ ခင်မူမှာ စိုးရိမ်ကြီးနေမိပြန်သည်။ သူတို့လင်မယားမှာ လွန်ခဲ့သော ငါးနှစ်ခန့်ကမှ လက်ထပ်ခဲ့ကြပြီး သုံးနှစ်အရွယ် သားလေးတစ်ဦးရှိသည်။ မနှစ်က ဆောင်းဦးပေါက်တွင် ကိုကျော့မောင်က လေဖြတ်သွားခဲ့၍ ကျန်းမာရေးချို့တဲ့ခဲ့ရာ၏။ သည်တော့ စိုက်လက်စ မြေပဲခင်းကို လူငှားဖြင့်ခေါ်၍ ခင်မူကိုယ်တိုင် ဦးစီးလုပ်နေရတော့သည်။ သည်ကြားထဲ ကိုကျော့မောင် ကျန်းမာရေး ပြန်ကောင်းလာစေရန် တစ်ဖက်ရွာမှ အနှိပ်သည် ဦးလူဝကို ခေါ်နှိပ်နေရ၍ အခြေအနေကောင်းလာရ၏။ ငွေကုန်ရကျိုးနပ်၍ တော်သေးသည်။ အခုလည်း ငွေလိုနေ၍ အစ်ကိုကြီးရှိသည့်ရွာတွင် ငွေသွားဆွဲခဲ့ရ၏။ သားလေး ချမ်းမြေ့အောင်ကို မောင်ဝင်းသောင်နှင့် မြေပဲခင်းတွင် ထားခဲ့ရသည်။

"ခင်မူရာ ငါ့နှမဒုက္ခကလည်း မသေးလှပါလား၊ ဒီလိုမှန်းသိရင် ငါ့ နှမကို ကျော့မောင်နဲ့ မပေးစားပါဘူး"

အစ်ကိုကြီးက ခင်မူ၏သောကကိုကြည့်၍ ဤသို့ပြောခဲ့၏။ လူဟူသည် ကံစီမံရာ လိုက်နာရသူချည်းပင်။ ကံတရားအရ ရောဂါတစ်ခုသည် ဖြစ်ချိန်တန်လျှင် မဖြစ်ဘဲမနေပေ။ ကိုကျော့မောင် လုပ်ကိုင်နိုင်စဉ်က ခင်မူမှာ လှလှပပနှင့် ရွာထဲတွင် ယောကျ်ားရကံကောင်းသူအဖြစ် အေးချမ်းစွာ နေခဲ့ရ၏။ ယခုလို ယောကျ်ားဖြစ်သူ ကျန်းမာရေးမကောင်းသည့်အခါတွင် မိမိကတစ် လှည့်အပင်ပန်းခံနိုင်ရမည်ပေ့ါ။

ခင်မူမှာ ရွာသို့ပြန်ရောက်ပြီး ခေါင်းပေါ်မှ ပေါင်းထားသော တဘက်ကိုချွတ်ကာ အိမ်ပေါ်သို့ပြေးတက်ခဲ့သော်လည်း

"ခင်မူ.....ဒါ ဘယ်ကအလေလိုက်ပြီး ပြန်လာတာလဲ၊ ငါ့ကိုပစ်ထားခဲ့ပြီး မင်းက နေချင်သလို နေနေသလားဟင်"

ယောကျ်ားအသံကြောင့် အမောဆို့သွားရတော့သည်။ သို့ပေမယ့် ကျန်းမာရေးမကောင်းရှာသော ယောကျ်ားဖြစ်သူကြောင့် ကျော့မောင်၏အားငယ်ခြင်းကို နားလည်ထားသူပီပီ ခွင့်လွှတ်စိတ်ဖြင့်ချဉ်းကပ်လိုက်သည်။

"အစ်ကို ထမင်းစားတော့မလားဟင်"

ခင်မူက မရဲတရဲမေးလိုက်ရာ မိန်းမဖြစ်သူကို စေ့စေ့ကြည့်ရင်း ကျော့မောင်က မျက်ရည်များကျလာ၏။ သူ့အား တစ်မျိုးမထင်စေရန် အလျင်စလို ပြောပြလိုက်မိသည်။

"ခင်မူ့ကို တလွဲမထင်ပါနဲ့ အစ်ကိုရယ်၊ ငွေလိုလို့ အစ်ကိုကြီးဆီမှာ သွားချေးတာပါ၊ မြေပဲခင်းက ဒီနှစ် ထင်သလောက်မဖြစ်ဘူးလေ၊ အစ်ကို့ကိုပြောသွားရင် စိတ်မချမ်းသာမှာစိုးလို့ပါ"

သည်တော့မှ သက်ပြင်းလေးကိုချကာ ခင်မူ့ထံ တွေတွေလေးကြည့်လာပြီး မျက်ရည်များတပေါက်ပေါက်ကျလာပြန်သည်။

"ငါ့ကြောင့်မင်းပန်းပန်းနေတာကို မကြည့်ရက်ပါဘူးကွာ၊ ငါ့ကိုထားခဲ့ပြီး မင်းတို့သားအမိ ထွက်သွားကြပါတော့၊ ငါဟာ မင်းတို့ဘဝအတွက် ဘာမှမစွမ်းဆောင်ပေးနိုင်တော့ပါဘူး၊ အသုံးမကျတဲ့ကောင်ကြီး ဖြစ်သွားပါပြီ ခင်မူရာ"

"အို.....ရှင်ဘာတွေပြောနေတာလဲ ယောကျ်ားရယ်၊ အစ်ကိုအလုပ်လုပ်နိုင်ချိန်က ခင်မူတို့သား

www.burmeseclassic.com

www.burmeseclassic.com



အမိကို စေတနာ၊ မေတ္တာအပြည့်နဲ့ ရှာဖွေကျွေးမွေးခဲ့တာပါ၊ အခု ခင် မူ့အလှည့်ပေါ့ အစ်ကိုရယ်၊ ခင်မူ မပင်ပန်းပါဘူး အစ်ကိုရယ်''

ကိုကျော့မောင်၏ ပါးနှစ်ဖက်ပေါ်မှ မျက်ရည်စက်လေးများအား ကြင်နာစွာ သုတ်ပေးပြီးနောက် ခင်မူက နှစ်သိမ့်စကားဆိုလိုက်ရသည်။ ကိုကျော့မောင်သည် ခင်မူ၏ လက်နှစ်ဖက်ကို ပြန်လည်ဆုပ်ကိုင်ပြီး...

''မင်း စိတ်တော့ညစ်ခဲ့ရတယ် မဟုတ်လား ခင်မူ၊ ငါလည်း ဒီရောဂါကြီး မြန်မြန်ပျောက်ပြီး အရင်လို လူကောင်းပကတိ ပြန်ဖြစ်ချင်ပါပြီ၊ ဒါမှမဟုတ်ရင်လည်း သေရင်သေသွားပါစေတော့ကွာ၊ မင်းကို ဒုက္ခမပေးချင်တော့ဘူး''

''ခင်မူ ပြောခဲ့ပြီးပြီပဲ အစ်ကိုရယ်၊ ခင်မူ့မှာ လက်နှစ်ဖက်ရှိနေသရွေ့ အလုပ်လုပ်ပြီး အစ်ကို့ကို ပြု စုနေမှာပါ၊ နောက်ကို အားငယ်စကားတွေ မပြောရတော့ဘူးနော်၊ ကဲပါ.....အစ်ကို ထမင်းစားတော့မယ် မဟုတ်လား၊ ခင်မူ ခူးလိုက်တော့မယ်နော်''

ကိုကျော့မောင်မှာချစ်ဇနီးလေးအား မမိုတ်မသုန်ကြည့်ပြီး ခေါင်းလေးညိတ်ပြလိုက်၏။ သည့်လို အလိုက်သိသော ဇနီးလေးဖြစ်၍လည်း ကိုကျော့မောင်ဘက်က ပို၍နားလည်၊ အားနာမိရသည်။ ခင်မူသည် သူ့ထက် ဆယ်နှစ်ခန့်ငယ်သူပါ။ ရွာတွင် ကွမ်းတောင်ကိုင်တစ်ယောက်ဖြစ်ပြီး တင်လတ်နှင့်အပြိုင်ပိုးခဲ့ရသည့် မိန်းမချောလေးပါ။ တင်လတ်မှာ ခင်မူ၏အစ်ကိုကြီးနှင့် ခင်မင်ခဲ့ပြီး သူ့ကြောင့် ခင်မူ့ကို ကျော့မောင်က တွေ့ခဲ့ခြင်းဖြစ်၏။ တင်လတ်က ခုချိန်ထိ အိမ်ထောင်မပြုသေးချေ။

ကိုကျော့မောင်၏စိတ်ထဲတွင် တင်လတ်သည် သူ့လက်ထဲမှ ခင်မူ့ကို ပြန်လုရန် စောင့်မျှော်နေမည်လားဟု သံသယဖြစ်မိသည်။ ခင်မူနှင့်အတူ ထမင်းစားနေရင်း ထိုအတွေးမျိုး တွေးမိပြန်၏။ သည်တော့ ခင်မူ့အား စကားမစပ် မေးလိုက်မိသည်။

''အစ်ကိုကြီးဆီသွားတော့တင်လတ်နဲ့ တွေ့ဖြစ်ကြသေးလား ခင်မူ''

ရုတ်တရက်မေးလိုက်သောစကားကြောင့် ခင်မူ့မှာ အံ့ဩသွားရ၏။ ကိုကျော့မောင်သည် တင်လတ်အပေါ် ခုချိန်ထိ မိမိနှင့်စိတ်မချဖြစ်နေဆဲပါလား။

''မတွေ့ခဲ့ပါဘူး အစ်ကိုရယ်၊ အစ်ကိုမျှော်နေမှာစိုးလို့ အစ်ကိုကြီးနဲ့တောင် အေးအေးဆေးဆေးစကားမပြောခဲ့ရပါဘူး''

ကိုကျော့မောင်က ခင်မူ့မျက်နှာအား အကဲခတ်နေပြန်သည်။ မိမိက ရိုးသားသူဖြစ်နေသဖြင့် လိပ်ပြာသန့်ပါ၏။ သို့သော် ကိုကျော့မောင်၏ သံသယစိတ်အား မည်သို့ဖျောက်ရမည်မှန်း ခင်မူ မသိတော့ပါ။ ထို့ကြောင့် သက်ပြင်းမောကိုချ လိုက်မိတော့သည်။

§ § §

တကယ်တော့ တင်လတ်သည် ခင်မူတို့ရွာသားတစ်ယောက်ဖြစ်၏။ ကိုကျော့မောင်က တခြားရွာမှဖြစ်ပြီး တင်လတ်နှင့် ခင်မင်ရင်းနှီးပြီး မိတ်ဆွေဖြစ်ခဲ့ရာမှ ခင်မူတို့ရွာသို့အလည်ရောက်လာခြင်းဖြစ်၏။ ခင်မူသည် အတိတ်ကို ပြန်စဉ်းစားနေမိသည်။

''ခင်မူ.....ဟောဒါ ကိုကျော့မောင်တဲ့၊ တို့ရွာအလှူပွဲမှာ လုပ်အားလာပေးတာလေ''

''ဟုတ်ကဲ့ရှင့်''

ခင်မူက တရိုတသေနှုတ်ဆက်လိုက်ရာ ကိုကျော့မောင်သည် ခင်မူ့မျက်နှာအား စူးစူးစိုက်စိုက်ကြည့်နေ၍ ခင်မူမှာ ရှက်သွေးဖြာသွားရ၏။

''ကိုကျော့မောင်၊ သူက ရွာက အလှပဂေး ကွမ်းတောင်ကိုင်မလေးပေါ့ဗျာ၊ ခင်မူတဲ့၊ အစ်ကိုကြီး ကိုအေးကြိုင်ရဲ့နှမပေါ့ဗျာ''

''တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ အစ်ကို့ကိုလည်း တင်လတ်ကိုခင်သလိုမျိုး ခင်နိုင်တယ်နော် ညီမ''

''ဟုတ်ကဲ့ရှင့်၊ တင်လတ် ခင်မူလုပ်ကိုင်စရာလေးတွေရှိနေလို့ သွားဦးမယ်နော်၊ ခွင့်ပြုပါဦးရှင်''

ခင်မူလည်း ရှက်ရှက်နှင့် သူတို့အနားမှ ပြေးထွက်လာရတော့၏။ ရွာဦးဘုန်းကြီးကျောင်းကထိန်တွင် အခြားရွာမှ ကာလသားများပါ လာရောက်ကူညီကြသည်။ ခင်မူသို့မိန်းကလေးတစ်သိုက်မှာအချော်အပြုတ်တွင် တာဝန်ယူထားရ၏။

''ခင်မူ တင်လတ်နဲ့ပါလာတဲ့

www.burmeseclassic.com



လူကြီးရဲ့မျက်လုံးတွေက ညည်းဆီမှာချည်းပဲနော်၊ ကေန္တ ညည်းကိုများကြိုက်နေပြီလားမသိဘူးအေ''

''သူ့မှာမျက်လုံးပါနေတာပဲ၊ ကြည့်မှာပေါ့''

''ညည်းတို့ချင်း ရှိးမှရှိးကြရဲ့လား၊ အေး.....ညည်းအစ်ကိုကြီးရှေ့မှာ လာကြည့်လို့ကတော့ ဟိုဒေါသကုမ္ဘာရနဲ့ တွေ့နေဦးမယ်နော်''

ခင်မူလည်း စိုးရိမ်သွားမိ၏။ သို့ပေမယ့် ကိုကျော့မောင်ကလည်း၏။ တင်လတ်ကို အကြောင်းပြုပြီး ကိုအေးကြိုင်နှင့် ရင်းနှီးစေရန်ပေါင်းထားသည်။ သည်တော့ အိမ်ထဲအထိ ဝင်ထွက်သွားလာခွင့်ရသွား၏။ ကိုကျော့မောင်၏ ရည်ရွယ်ချက်မှာ ခင်မူနှင့်နီးစပ်ပြီး လက်ထပ်ရန်အထိ မျှော်မှန်းခဲ့၏။ အလျှုပြီးသည့်တိုင် ကိုကျော့မောင်က အိမ်သို့ရောက်လာတတ်သည်။

''အစ်ကိုကြီးမရှိဘူး ကိုကျော့မောင်''

တစ်နေ့တော့ ကိုအေးကြိုင်မရှိချိန်မှ ရွေးလာပြီး ခင်မူအား ချစ်ရေးဆိုတော့သည်။ ခင်မူလည်း ကိုကျော့မောင်အကြောင်းကို မသိသေး၍ ချက်ချင်းအဖြေမပေးသေးဘဲ အချိန်ဆွဲထားလိုက်ရ၏။

''ခင်မူ့ကို နားလည်ပါနော်၊ အစ်ကိုကျော့မောင်က တစ်ရွာသားမဟုတ်လား''

''လေ့လာပါဗျာ၊ လေ့လာပါ၊ ကျွန်တော်က အရက်၊ ဖဲ၊ မိန်းမကိစ္စကင်းတဲ့ လူပျိုကြီး သန့်သန့်လေးပါနော်''

''ဒီလိုပဲ ပြောတတ်ကြတာပဲပေါ့၊ အပြောကောင်းတဲ့ယောကျ်ားဆို ခင်မူ ကြောက်တယ်ရှင့်''

ကိုကျော့မောင်အား အဖြေပေးလိုက်သည့်နေ့မှာပင် တင်လတ်က ခင်မူအား ချစ်ရေးဆိုလာသည်။ ခင်မူတစ်ယောက်မည်သို့ဆုံးဖြတ်ရမည်မသိတော့ပေ။ တင်လတ်မှာ မိမိနှင့် ငယ်သူငယ်ချင်းဖြစ်ပြီး ခင်မူအား ချစ်နေမှန်းပင် ခင်မူက မရိပ်မိပေ။

''နင့်ကိုချစ်နေတာ အခုမှ မဟုတ်ပါဘူးဟာ၊ ဟိုးငယ်ငယ်လေးကတည်းကပါ၊ ဒါပေမဲ့ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ ဖွင့်ပြောလိုက်ရင် အခင်မင်ပျက်သွားမှာ စိုးရိမ်လို့ပါ ခင်မူရာ၊ အခုတော့ ငါနောက်ကျသွားမှာ ကြောက်နေမိတယ်၊ဘာကြောင့်လဲဆိုတာ နင်လည်းသိမှာပါ''

ခင်မူမှာ တင်လတ်အဖြစ်အားလုံးဝစိတ်မကောင်းနိုင်တော့ပေ။ သူအမှန်တကယ် နောက်ကျသွားပြီဆိုသည်ကိုသာသိလျှင် မည်သို့ဖြစ်မည်မသိပေ။ သူ့တွင် ဖွင့်ပြောရန်အခွင့်အရေးရှိပါလျက်နှင့် ဘာကြောင့်များဖွင့်ပြောရန် နှောင့်နှေးရပါသနည်း။ သို့ပေမယ့် တစ်ချိန်က ဖွင့်မပြောခဲ့ခြင်းအား ခင်မူက ကျေးဇူးတင်ရမည်ပင်။ တကယ်ဆိုလျှင် ခင်မူ၏နှလုံးသားတွင် တင်လတ်အတွက် နေရာမရှိခဲ့ပေ။ တင်လတ်အပေါ် သူငယ်ချင်းအချစ်နှင့်သာ နှလုံးသားကလက်ခံ၏။ သည့်နောက် ပြတ်ပြတ်သားသား ပြောပြလိုက်ရသည်။

''စောစောကပဲ အစ်ကိုကျော့မောင်ကို အဖြေပေးခဲ့ပြီ တင်လတ်ရယ်၊ ခင်မူ့ကို ခွင့်လွှတ်ပါတော့နော်''

ထိတ်လန့်အံ့သြသွားသည့် မျက်ဝန်းတစ်စုံနှင့် ခင်မူ့ထံ ကြည့်လာ၏။ သူ့နှလုံးသားက နောက်ကျခြင်းအတွက် စိတ်မကောင်းဖြစ်နေမည်လား မပြောတတ်ပေ။

''ဒါဆို ငါနောက်ကျသွားပြီပေါ့နော်''

''ဟုတ်တယ် တင်လတ်''

နှစ်ဦးသား တိတ်ဆိတ်သွားကြတော့သည်။ တင်လတ်၏မိခင်ကြီးက ခင်မူ့အား ချွေးမဟုခေါ်တတ်ပြီးတစ်ချိန်တွင် သူ့သားနှင့် ရည်ရွယ်ထားပုံရ၏။

''အမေ့ဆန္ဒကို ဒီတစ်သက် ငါမဖြည့်ဆည်းပေးနိုင်တော့ဘူး ခင်မူ၊ အမေသာသိရင် စိတ်မကောင်းဖြစ်မှာ အမှန်ပဲ''

ယူကျုံးမရစိတ်နှင့် တင်လတ်ပြန်သွားရှာသည်။ အချစ်တွင်အပြိုင်ရှိမှ ပေါက်ကွဲလာတတ်ကြောင်း ခင်မူသိသွားရပေမယ့်မိမိလည်းမတတ်နိုင်ပါ။ ဟန်ဆောင်၍မရသောအရာတွင် အချစ်လည်းပါ၏။ အချစ်တွင်ဟန်ဆောင်ချစ်ခြင်းလောက်အောက်တန်းကျသည့်အရာ မရှိလေပြီ။

❀ ❀ ❀

''ဟယ်.....ခင်မူကို တိုက်တစ်တွေက တင်လတ်နဲ့ ချစ်ပိမ့်မယ်ထင်နေတာ၊ လက်စသတ်တော့ ခင်

www.burmeseclassic.com



မူက ကိုကျော့မောင်ကြီးနဲ့ကို၊ တင်လတ် သနားပါတယ်နော်''

ထွေးရီတို့ မိန်းကလေးတစ်သိုက်က အံ့သြနေကြပြန်သည်။ သူတို့ဆန္ဒများမှာ တစ်ရွာတည်းသားနှင့်သာ ဖြစ်စေချင်ပုံရ၏။

''အဲဒါ တို့တင်လတ် ညံ့တာပဲ''

''အေးလေ၊ ခင်မူနဲ့တင်လတ်က ရွယ်တူတွေပဲဥစ္စာ၊ ကိုကျော့မောင်ကြီးက ကိုယ့်ထက်အသက်လည်းကြီး၊ ပြီးတော့ တင်လတ်လောက်တောင် ရုပ်မလှဘူး၊ ဘာများ မက်လောက်စရာရှိလို့လဲ ခင်မူရယ်''

ကြင်နာတတ်သည့် နှလုံးသားရှိကြောင်း သူတို့မှ မသိကြတာဘဲ လေဟုတွေးမိရင်း ခင်မူက ပြုံးနေမိ၏။

''ပြောလေ ခင်မူ၊ ညည်းတော့ လူရွေးမှားနေပြီနော်''

''ယောကျ်ားဆိုတာ ချောဖို့လှဖို့ မလိုပါဘူးရှင်၊ အရေးကြီးတာက စိတ်ထားလှဖို့ပဲ၊ နောက်ပြီး အစ်ကိုက ရှင်တို့ပြောသလို ရုပ်မဆိုးပါဘူးနော်၊ ယောကျ်ားပီသတယ်၊ တည်ကြည်တဲ့ မျက်ဝန်းနဲ့ ကြင်နာတတ်တဲ့ နှလုံးသားပိုင်ရှင်ပါ''

''အမယ်လေးအေ.....ရှမ်းကြိုက်တော့ နွားချောတာပေါ့၊ ညည်းလူကြီးကို ဒီလောက်တောင် ညွှန်းမနေပါနဲ့ ခင်မူရာ''

''ခင်မူတော့ ဘယ်သူဖျက်ဖျက် မရတော့ပါဘူးအေ၊ ဒါပေမဲ့ ခင်မူပြောတာ မှန်တော့မှန်တယ်၊ ကြီးတော့ မှီရတာပေါ့အေ''

အပျိုတစ်သိုက် တဟားဟားနှင့် သဘောကျကုန်ကြ၏။ ထွေးရီ၏ မျက်စောင်းကြီးကြောင့် ခင်မူက ပြုံးလိုက်မိသည်။ ထွေးရီက ခင်မူ့အား ကျော့မောင်နှင့်သဘောမတူသူပါ။

''အေး.....နင်တော့ ခုချိန်ကစပြီး ဘယ်မှသွားလာနိုင်တော့မှာမဟုတ်ဘူး၊ နင့်လူကြီးကြည့်ရတာ သဝန်တိုမယ့်ပုံကြီး''

ထွေးရီပြောသလိုပင်။ ခင်မူတစ်ယောက် အချစ်မရှိချိန်က လွတ်လပ်စွာ သွားလာနိုင်သလောက် အချစ်ရှိလာသည့်အခါတွင်သွားလာရသည်မှာ မလွတ်လပ်တော့ပေ။ ကို ကျော့မောင်က ခင်မူ့အား လွတ် လပ်ခွင့်မပေးခဲ့သူပင်။



''ဒီည ဇာတ်ပွဲသွားကြည့်ကြမယ် အစ်ကို၊ ထွေးရီလည်းပါမယ်၊ အစ်ကိုကြီးက လိုက်ချင်လိုက်သွားတဲ့၊ ခင်မူ လိုက်သွားမယ်နော်''

''အစ်ကိုကြီးက ထည့်ပေးမယ့် အစ်ကို ခွင့်မပြုဘူး ခင်မူရာ၊ သွားမကြည့်ပါနဲ့ကွာ၊ အိပ်ရေးပျက်လိမ့်မယ်''

ထိုဘုရားပွဲတော်ကို ခင်မူက အရင်ကတည်းက သွားနေကျပါ။ နှစ်စဉ်နှစ်တိုင်း ဇာတ်ပွဲသွင်း၏။ သည် တော့ အနယ်နယ်အရပ်ရပ်မှ လှည်း တစ်တန်၊ လှေတစ်တန်ဖြင့် ရောက်လာကြသည်မှာ စည်ကားလှ၏။ ရွာများတွင် ဇာတ်ပွဲမသွင်းနိုင်၍ ထို ဘုရားပွဲတော်ကိုသာ အားခဲထားကြရသည်။ ယခုလို ဘုရားပွဲ

www.burmeseclassic.com

www.burmeseclassic.com



တော်ချိန်ရောက်မှ ခင်မူက ကြည့်ရ၏။

“ဇာတ်မင်းသားလေးကို ခင်မူ ကြိုက်လို့ပါ အစ်ကိုရယ်”

“ခင်မူ့မှာ အစ်ကို့ထက်အရေးကြီးတဲ့လူ ရှိနေဦးမှာလား၊ ရှင်းရှင်းပဲမေးတော့မယ်ကွာ၊ အစ်ကို့ကိုချစ်ရဲ့လား ခင်မူ”

ခင်မူတစ်ယောက် ကိုကျော့မောင်ကိုကြည့်ပြီး အံ့သြသွားရ၏။ ချစ်သူကို နားလည်မှုမပေးသည့် ယောကျ်ားတစ်ယောက်ဖြစ်မှန်း သိလိုက်၍ အချင်းမများလိုတော့ပေ။

“ချစ်လို့လည်း အဖြေပေးခဲ့ပြီပဲ အစ်ကိုရယ်”

“ဒါဆို အစ်ကို့စကားကို နားထောင်ရမှာပေါ့ကွာ၊ အစ်ကို မင်းကို စိတ်မချဘူးကွယ်၊ လိုက်ပို့ရအောင်လည်း အစ်ကို့မှာ အလုပ်မအားပြန်ဘူး”

“တင်လတ်လည်း ပါမှာပါ အစ် ကိုရာ၊ စိတ်မပူပါနဲ့နော်”

ခင်မူက ရိုးသားစွာ ပြောလိုက်သော်လည်း ကိုကျော့မောင်သည် မေးကြောများ ထောင်သွားပြီးနောက်....

“ဟင်း....ဟင်း၊ အဲဒီကောင်ကြောင့် ဒီကောင်ကြီးတားနေရတာပေါ့ ခင်မူ”

ကိုကျော့မောင်၏ တင်းမာရန်လိုသော မျက်နှာအား ဖျတ်ခနဲမော့ကြည့်မိပြန်သည်။ တကယ်ဆိုလျှင် တင်လတ်ကြောင့် သူတို့နှစ်ယောက်မှာ တွေ့ဆုံခဲ့ကြခြင်းဖြစ်ရာ တင်လတ်ကို ကျေးဇူးရှင်အဖြစ် သတ်မှတ်ရမည်ပင်။ အခုတော့ ကိုကျော့မောင်က ရန်သူသဖွယ် သဘောထားနေသည်ကို ခင်မူ မနှစ်သက်ပေ။

“တင်လတ်က ခင်မူ့ကို ချစ်နေတာနော်၊ ဇာတ်ပွဲသွားမယ်ဆိုပြီး ခိုးပြေးသွားရင် ဘယ်လိုလုပ်မလဲ၊ ဒီ ကောင်က ယုံရတာမဟုတ်ဘူး”

“ဘယ်လိုပြောလိုက်တာလဲ အစ်ကိုရယ်၊ တင်လတ်ဆိုတာက ခင်မူ့ကို နှမအရင်းလို စောင့်ရှောက်လာတဲ့သူပါရှင်၊ အခုလည်း ထွေးရီခေါ်လို့ လိုက်ဖြစ်တာပါ”

ကိုကျော့မောင်က ခင်မူ့မျက်နှာလေးကို စေ့စေ့ကြည့်ပြီး....

“သူ့စိတ်က ဖောက်ပြန်နေတာ ခင်မူမှ မသိဘဲကွာ၊ အစ်ကိုတို့ ယောကျ်ားချင်း သိနေတယ်၊ မင်း လိုက်မသွားရဘူး ခင်မူ”

“ဟင်း..ဟင်း၊ အစ်ကိုက သူ့လက်ထဲက လုလာလို့ ကိုယ့်လက်ထဲက ပြန်လုသွားမှာကို စိုးရိမ်နေတာလား”

“ဘာ....”

ကိုကျော့မောင်တစ်ယောက် အနာပေါ် တုတ်ကျသွားသည့်နှယ်။ ရင်ထဲထိ နာနာကျင်ကျင်ခံစားသွားရ၏။ သည်အကြောင်းများကို ခင်မူ သိနေပြီလားဟု စိုးထိတ်သွားမိ၏။ သူ့အပြစ်ကို ဖုံးကွယ်ထားရသည်မှာလည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံပေ။

တင်လတ်နှင့်တွေ့စက ကိုကျော့မောင်သည် သူတို့ရွာမှ မြသီနှင့် တင်လတ်ကို အောင်သွယ်ခဲ့သေးသည်။ သို့သော် တင်လတ်က သူ့ရင်ထဲတွင် ချစ်နေသည့် မိန်းကလေးရှိကြောင်း ပြောပြခဲ့၏။

နောက်မှသိရသည်က တင်လတ်ရင်ထဲမှချစ်သူမှာ ခင်မူဖြစ်နေသည်။ သို့သော် ဖွင့်မပြောသေးသည့်အတွက် ကိုကျော့မောင်အနေဖြင့် ကြိုးစားရန် အခွင့်အရေးရှိနေ၏။ ပြီးတော့လည်း ခင်မူအား တွေ့စကတည်းက ချစ်မိနေရာ အလှူပွဲတွင် ကွမ်းတောင်ကိုင်တစ်ယောက် အဖြစ် တွေ့မြင်ခဲ့ရာမှ စွဲလမ်းသွားမိသည်။ လိုက်လှဲသော အချစ်များဖြင့် မြတ်နိုးမိသည်က အမှန်ပါ။ သည်တော့ ခင်မူ့အား စိတ်မချနိုင်တော့ပေ။

“ရှုပ်ပါတယ်ကွာ၊ အခုပဲ အစ်ကိုကြီးကို ဖွင့်ပြောပြီး လူကြီးစုံရာနဲ့ လာတောင်းတော့မယ်၊ လာ..သွားကြမယ်”

ခင်မူလည်း မလူးသာမလွန့်သာဖြင့် ကိုကျော့မောင် ဆွဲခေါ်ရာသို့ လိုက်ပါသွားရ၏။ ကိုအေးကြိုင်ထံသို့ ရောက်သည်နှင့် ကိုကျော့မောင်က အကျိုးအကြောင်းပြောပြပြီးနောက် မကြာမီတွင် ကိုကျော့မောင်နှင့် ခင်မူတို့သည် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် မင်္ဂလာပွဲကို ကျင်းပနိုင်ခဲ့၏။ ထို့နောက် ကိုကျော့မောင်တို့ရွာလေးသို့ ခင်မူ့အား ခေါ်ဆောင်သွားနိုင်ခဲ့ပေပြီ။ သည်တော့မှ သူ့ဆန္ဒများ ပြည့်ဝသွားတော့၏။

§ § §

www.burmeseclassic.com

www.burmeseclassic.com

''ဩော်..အစ်ကို....အစ်ကို၊ ခင်မူ့ကို စိတ်မချသေးဘူးလားရှင်၊ စိတ်ချပါ အစ်ကိုရယ်၊ ခင်မူအသက်ရှင်နေသမျှ အစ်ကို ဘယ်ဘဝမျိုးပဲရောက်ရောက် အစ်ကို့အပေါ် သစ္စာရှိနေမှာပါ''

ခင်မူသည် ထမင်းကျွေး၊ ဆေးတိုက်ပြီးနောက် ပြန်လည်အိပ်ပျော်သွားရှာသည့် ခင်ပွန်းသည်၏မျက်နှာအား တစိမ့်စိမ့်ထိုင်ကြည့်နေမိသည်။ ကိုကျော့မောင်တွင် မိဘများမရှိကြတော့ပေ။ ငယ်စဉ်ကတည်းက ဘကြီးဖြစ်သူနှင့် ကြီးပြင်းခဲ့ရပြီး ခင်မူနှင့် အိမ်ထောင်ကျပြီး တစ်နှစ်ခန့်တွင် ဘကြီးဖြစ်သူ ဆုံးပါးသွား၏။ သည်တော့ ကိုကျော့မောင်ဘဝတွင် ခင်မူမှလွဲ၍ သံယောဇဉ်အတွယ်အတာ မရှိတော့ပေ။

''ခင်မူတို့သားအမိက အစ်ကို့ဘဝ၊ အစ်ကို့ကမ္ဘာပါကွယ်၊ အစ်ကို့ကိုပစ်ပြီး ဘယ်ကိုမှမသွားပါနဲ့ ခင်မူရယ်''

ရောဂါဝေဒနာ ခံစားနေရစဉ်က ဤသို့အားငယ်စွာ ပြောခဲ့သည်။ သူ့ရင်ထဲတွင် ဝေဒနာခံစားနေရခြင်းထက် ခင်မူတို့သားအမိအပေါ် စိတ်မချခြင်းက ပိုနေ၏။တစ်ခါတစ်ခါတွင် ပေါက်ကရစကားများလည်း လျှောက်ပြောနေတတ်သေးသည်။

''ခင်မူ၊ မင်းကို မှာခဲ့မယ်ကွာ၊ အစ်ကိုမရှိတော့ရင် ခင်မူက ငယ်သေးတော့ နောက်အိမ်ထောင်ပြုလိုက်နော်၊ ဒါပေမဲ့ အစ်ကို့သားလေးကိုတော့ ပညာတတ်ကြီးဖြစ်အောင် မြေတောင်မြှောက်ပေးပါကွယ်၊ အစ်ကို့လို လယ်ယာထဲမှာပဲ ဘဝကို မြှုပ်နှံမထားချင်ဘူး၊ မြို့ကိုသာ ပို့ပေးပါကွာ''

''အို..အစ်ကိုရယ် အဲဒီစကားမျိုးတွေ မပြောပါနဲ့နော်၊ အစ်ကို ဘာမှမဖြစ်ဘူး၊အားမငယ်ပါနဲ့နော်''

အမြဲတမ်း ခင်မူ့အပေါ်တွင် ညှာတာတတ်သည့် ကိုကျော့မောင်ပါ။ သူ၏ ကယောင်ကတမ်းအစွဲအလမ်းက မည်သို့မျှ ဖျောက်ဖျက်ရနိုင်မည်မဟုတ်ပေ။ အခုလည်း အစ်ကိုကြီးဆီမှ ငွေဆွဲလာခြင်းအား ဖွင့်ပြောပြလိုက်သည်နှင့် မျက်နှာလေး ငယ်သွားပြန်သည်။ ကိုကျော့မောင်၏စိတ်ဓာတ်က ယောကျ်ား၏အသုံးမကျခြင်းကြောင့် မျက်နှာငယ်

အစ်ကို
ခံစားနေရတာတွေ
ခင်မူ နားလည်တယ်အစ်ကို၊
အစ်ကိုဟာ
ခင်မူ့နှလုံးသားထဲက
မြတ်နိုးတွယ်တာ၊
ချစ်ရတဲ့
လင်သားတစ်ယောက်ပါ၊
ခင်မူလေ
အစ်ကို ဘာပြောပြော၊
ဘယ်လိုပဲ သံသယတွေရှိရှိ
ခင်မူ စိတ်မဆိုးပါဘူး၊
အစ်ကို့အပေါ်
နားလည်တယ်
...


www.burmeseclassic.com

www.burmeseclassic.com



ရွာ ချေးယူခဲ့ခြင်းအပေါ် သူအသုံးမကျရာရောက်သည်ဟု ထင်နေ၏။ သည်တော့ ခင်မူက ယောကျ်ားကို အားမငယ်စေရန်ရှင်းပြရသေးသည်။

''အစ်ကိုကြီးဆီကငွေကို အလွတ်ချေးလာတာ မဟုတ်ပါဘူး အစ်ကို၊ ခင်မူ့ပစ္စည်းလေးတွေ ခဏ သွားထားပြီး ဆွဲလာရတာပါ၊ ပစ္စည်း ဥစ္စာဆိုတာ ရှိတန်ဆာ၊ မရှိဝမ်းစာ ပေါ့နော်၊ အစ်ကို့ဝေဒနာ သက်သာ ဖို့က အရေးကြီးတယ်၊ အားငယ်တဲ့ အတွေးတွေ ဝင်မလာပါနဲ့ အစ်ကို၊ အစ်ကိုဟာ ခင်မူ့ရဲ့ အိမ်ဦးနတ်ပါ နော်''

''အစ်ကိုကြီးမိန်းမက ရှိသေးတယ်လေ ခင်မူရဲ့၊ ခဏခဏဆို ဘယ်ကောင်းပါ့မလဲ၊ အတိုးမယူလည်း အားနာစရာပဲ၊ ဟင်း....ငါ့ဝေဒနာ ဘယ်တော့မှ ပြန်ကောင်းလာပါ့မလဲ၊ ငါ ပြန်ကောင်းပြီး အလုပ်လုပ်နိုင်ရင်တော့ မင်းပစ္စည်းလေးတွေ ပြန်ရွေးပေးမှာပါကွာ''

ကိုကျော့မောင်ပြောတာ ဟုတ်တော့လည်းဟုတ်သည်။ အစ်ကိုကြီးဆီသွားလျှင် ယောက်မမျက်နှာက မကြိုက်သည့်ပုံမျိုးပင်။တစ်ခါတလေ ရှောင်နေတတ်၏။ အစ်ကိုကြီးကို ကြောက်ရ၍သာ အတိုးမရဘဲ ငွေချေးလိုက်ရသည်။ သီပ်တော့မကျေနပ်ပေ။ ခင်မူ ပြန်စဉ်းစားမိသေး၏။

''ဒီမှာလည်း သိပ်ပြေလည်တာမဟုတ်ဘူး ခင်မူ၊ နှမ်းမျိုးစိုက်ဖို့ ဝယ်ရဦးမှာ၊ ဒီနှစ်က ရေကြီးလို့ ခင်းတွေဆုံးရှုံးခဲ့ရတာမဟုတ်လား၊ နင်လည်းသိသားပဲ''

ငွေကိုယူပြီး မျက်နှာငယ်ငယ်နှင့် ပြောသမျှခံကာ ပြန်လာခဲ့ရ၏။ ရင်ထဲမှာတော့ မကောင်းပေ။အပြန်တွင် အမေသည် ခင်မူ့အလာကို လမ်း၌စောင့်နေပုံရ၏။ အမော တကောဖြင့် လှမ်းခေါ်ရှာသည်။ အိမ် တွင် ချွေးမ ရှိနေသည့်အတွက် အမေက ခင်မူ့အား စောင့်နေခြင်း ဖြစ်ပေမည်။

''သမီး....ရော့၊ ဒီမှာ အမေစုထားတဲ့ငွေတွေရှိတယ်၊ ယူသွားဦး၊ အမေ့သမက်ကြီး သက်သာရဲ့လား ကွယ်''

''ပြန်ကောင်းလာလိမ့်မယ်လို့ ဦးလှဝက ပြောပါတယ် အမေ၊ အခုလည်း သူ့ဘာသာ လမ်းကို တုတ်နဲ့စမ်းလျှောက်နေပြီ အမေ၊ အစ်ကိုလည်း သနားပါတယ်၊ သမီးကို မကြည့်ရက်လို့ အလုပ်ပြန်လုပ်ချင်နေပါပြီ၊ သူလည်း သမီးဒုက္ခတွေကို မမြင်ရက်ပါဘူး''

''ကံအကြောင်းမလှလို့ပေါ့ သမီးရယ်၊ ဒါတွေတွေးပြီး စိတ်ညစ်မနေနဲ့၊ ငွေဆိုတာ ကျန်းမာရင် ပြန်ရှာနိုင်တာပဲ၊ သမီးလည်း ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ဦးနော်''

အမေက ခင်မူ့လက်ထဲသို့ ငွေများထည့်ပေးလာ၏။ ခင်မူ မယူရက်ပါ။ အထူးသဖြင့် မစားရက်မသောက်ရက် စုဆောင်းထားသည့် ငွေများအား မသုံးရက်ပေ။ အခုအချိန်တွင် အမေ့အပေါ်လည်း ခင်မူက ပြန်မထောက်ပံ့နိုင်ခဲ့။ သည်တော့....

''အမေသာ လိုရာသုံးပါနော်၊ သားသမီးက မိဘကိုမပေးဘဲ ပြန်ယူတာ သဘာဝမကျပါဘူး၊ ခင်မူ မယူရက်ပါဘူး အမေရယ်''

''ဘယ်ဟုတ်ပါ့မလဲကွယ်၊ မောင်ကျော့မောင် ရှာဖွေနိုင်တုန်းက ယောက္ခမကို မိဘလိုသဘောထားပြီး အိမ်ရောက်တိုင်း အမေ့ကို လှူနိုင်၊ သုံးနိုင်အောင် ကန်တော့သွားခဲ့တာပဲမဟုတ်လား၊ အမေ့သမက်ကြီးအတွက် အမေက ပြန်ကူညီရမှာပေါ့၊ ကဲ....သမီးခင်မူ၊ နေမွန်းမတည့်မီ ပြန်တော့၊ အမေလည်း အိမ်ပြန်တော့မယ်''

ရွာထိပ် ကုက္ကိုပင်ကြီးအောက်တွင်ရပ်လျက် အမေ တရွေ့ရွေ့လျှောက်နေပုံလေးအား မျက်ရည်စက်လက်နှင့်ကြည့်နေမိသည်။သားသမီး အဆင်မပြေပြန်တော့လည်း ဘယ်မိဘမှ ဥပေက္ခာပြုရက်ကြမည် မဟုတ်ပါ။ မိဘဝသို့ ရောက်လာသည့် ခင်မူက မိမိအပေါ်ထားသည့် မိဘ၏ စေတနာ၊ မေတ္တာ၊ အကြင်နာများအား ကိုယ်ချင်းစာသိရလေပြီ။

ၟ ၟ ၟ

''အစ်မခင်မူ၊ အစ်မသား ချမ်းမြေ့အောင်လေးကိုပိုးထိသွားတယ်''

ခင်မူတစ်ယောက် ခေါင်းမီးတောက်သွားရတော့သည်။ သူ့အဖြစ်က မပဋ္ဌာနှင့် ဘာများခြားနားပါမည်နည်း။ မြေပဲများကို အချိန်မီနုတ်နိုင်ရန် မောင်ဝင်းသောင်နှင့်ကူနေစဉ် သားကိုလှည့်မကြည့်မိပေ။

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး....လုပ်ကြပါဦး၊ သားလေးရယ်....ဒုက္ခတော့ဖြစ်ပါပြီ"

သားကိုပွေ့ဖက်ပြီး ခင်မူ ငိုနေမိသည်။ မောင်ဝင်းသောင်က....

"ငိုနေလို့မဖြစ်ဘူး အစ်မ ခင်မူ၊ ဆေးရုံပို့မှဖြစ်မှာပေါ့၊ဟော့ကောင်တွေလှည်းအဆင်သင့်ပြင်ထားကွာ"

မောင်ဝင်းသောင်ကသူ့အဖော်များကို လှမ်းပြောပြီး ရှေးဦးသူနာပြုစုနည်းဖြင့် မြွေကိုက်ဒဏ်ရာကို ပြုစုပေးနေ၏။ ခင်မူမှာရင်တမမဖြင့်ကြည့်နေရသည်။ အားငယ်စိတ်ဖြင့် ငိုနေရသည်။

"ကံဆိုးမ,သွားရာ မိုးလိုက်လို့ရွာနေပြီလား၊ ဘုရားသိကြားမလို့ သားလေး အသက်ရှင်ပါစေ"

မောင်ဝင်းသောင်သည် ချမ်းမြွေအောင်၏ ခြေသလုံးအား တုတ်တစ်ချောင်းဖြင့် ချည်နှောင်ပြီး ငြိမ်သက်စွာ ပွေ့ချီကာ လှည်းပေါ်သို့တက်သွား၏။ ခင်မူလည်း လှည်းပေါ်မြန်မြန်တက်ပြီး လမ်းတစ်လျှောက်တွင် ဘုရားစာများအဆက်မပြတ်ရွတ်ဆိုကာ လိုက်ပါသွားရတော့၏။

"ဟော့ကောင်တွေ မြေပဲခင်းကိုပြီးအောင်လုပ်ထားနော်၊ အောင်ဘုမင်းက မြွေသေကိုယူလာခဲ့ရဲ့လား"

"ပါလာပါတယ်ဗျာ၊ အိတ်နဲ့ထည့်ယူလာခဲ့တယ်"

လှည်းမောင်းရင်းအောင်ဘုက လှည့်ပြောလိုက်သည်။ ရွာတွင် ရှေးဦးသူနာပြုစုနည်းသင်တန်းကို တက်ထားခဲ့သဖြင့် ယခုလိုချမ်းမြွေအောင်လေးအား ကယ်တင်နိုင်ခဲ့ခြင်းဖြစ်၏။ ဤသည်မှာ အရေးပေါ်အသက်ကယ်နိုင်ခြင်းပင်။ ဆေးရုံရောက်၍ မြွေဆိပ်ဖြေဆေး ထိုးပြီးမှပင် စိတ်အေးသွားရတော့သည်။ ကိုက်သည့်မြွေအမျိုးအစားကို သိသည့်အတွက် မြွေဆိပ်ဖြေဆေးထိုးရန် လွယ်ကူခြင်းဖြစ်သည်။

"အစ်မသား ဘာမှမဖြစ်တော့ဘူး၊ ဝမ်းသာတော့ဗျာ"

"တော်ပါသေးရဲ့ကွယ်"

ဆရာဝန်ကပါပြောလိုက်သည့်နောက် ခင်မူလည်း သားအတွက်စိုးရိမ်စိတ်က ပျောက်သွားရ၏။သားအပူပြီးပြန်တော့ ယောကျ်ားအပူကခေါင်းထဲရောက်လာပြန်သည်။ ညနေစောင်းနေလေပြီ။ သည်အချိန်ဆိုလျှင် သူပြန်အလာကို မျှော်နေမည်မှာ သေချာ၏။ မိမိ၏ စိတ်ပင်ပန်းမှု၊ သောကရောက်မှု၊ ဆာလောင်မွတ်သိပ်မှုများကို ဂရုမပြုနိုင်ပေ။ စိတ်က ကိုကျော့မောင်ထံ ရောက်နေပြန်၏။

"ကိုကျော့မောင်ကို ထမင်းကျွေးရဦးမယ်ကွယ်၊ ဘယ်လိုလုပ်ရမလဲတောင် မသိတော့ပါဘူး"

"အစ်မ ပြန်နှင့်လေ၊ ကလေးကို ကျွန်တော် စောင့်ကျန်ခဲ့ပါ့မယ်၊ မနက်မှ စောစောလာပေါ့"

"အေး....အေး၊ အစ်မ စောစောလာပါ့မယ်၊ မင်းဆာရင်တစ်ခုခုဝယ်စားနော်၊ ဒီမှာ ပိုက်ဆံ၊ သားအတွက် လိုအပ်ရင်သုံးဖို့ပါ ယူထားလိုက်ကွယ်"

လှည်းသမားနှင့် ခင်မူက ပြန်လာခဲ့ရ၏။ မောင်ဝင်းသောင်ရှိနေ၍ အဆင်ပြေသွားရာ ဘာပဲပြောပြော ခင်မူ့အတွက် အားကိုးအားထားရသွားတော့သည်။ ရွာအဝင်လမ်းတွင် အတော်ပင် မှောင်နေပေပြီ။ ကိုကျော့မောင်အား စိတ်မပူစေရန် ခင်မူ မည်သို့ပြောထွက်ပါမည်နည်း။ ပြောလိုက်သည်နှင့် စိတ်ပူသွားပေမည်။ သည်တော့ မည်သို့ပြောရပါ့။

အကောင်းဆုံးအဖြေကို တစ်လမ်းလုံးစဉ်းစားလာပြီး အိမ်ရှေ့သို့ရောက်သည်နှင့် အိမ်ထဲသို့လှမ်းမျှော်ကြည့်လိုက်၏။ ကိုကျော့မောင်က အိမ်ပေါက်ဝတွင် ဆီးကြိုနေပေပြီ။

"မင်း ဘယ်တွေသွားနေပြန်ပြီလဲ ခင်မူ၊ ယောကျ်ားကို ဂရုမစိုက်နိုင်လောက်အောင် မင်းမှာ ဘာတွေအရေးကြီးနေပြန်ပြီလဲ"

"ဒီနေ့ မြေပဲတွေ နုတ်နေတယ်လေ အစ်ကိုရယ်၊ မြန်မြန်ပြီးအောင်လို့ ခင်မူပါ ဝိုင်းလုပ်နေရတယ်၊ သားကိုတောင် မအားလို့အမေ့ဆီ သွားပို့ထားရတယ်"

"ဘာ....ကလေးက သူ့ဘာသာ နေတဲ့ဟာကို၊ မင်းကို ဘာအနှောင့်အယှက်ပေးနေလို့လဲ၊ သွားငါ့သားကို ပြန်ခေါ်ပေး"

အဖြစ်မှန်အတိုင်း ပြောလိုက်လျှင်လည်း ပိုဆိုးပေဦးမည်။ သည်တော့ တောင်းပန်ရတော့သည်။

"မနက်စောစော သွားပြန်ခေါ်ပေးပါ့မယ် အစ်ကိုရယ် မိုးသိပ်ချုပ်နေပြီလေ၊ အချိန်မရှိတော့ဘူး"

"မင်းကွာ ကိုယ့်သားသမီးကို

www.burmeseclassic.com



တခြားမှာ သွားထားရလောက်အောင် ဘာတွေများလုပ်နေလို့လဲ ခင်မူ၊ ငါ့သားရှိနေရင် မင်းက ဖောက်ပြန်တာ မလွတ်လပ်လို့လား၊ ကေန္တ ဝင်းသောင်နဲ့မင်း ဖြစ်နေကြပြီလား''

''ရှင်....အစ်ကိုနော် ခင်မူ့ကို မဟုတ်တာတွေ မစွပ်စွဲနဲ့နော်၊ မောင်ဝင်းသောင်နဲ့ ခင်မူက မောင်နှမလို နေကြတာပါ၊ ခင်မူက ကိုယ့်မောင်လို သဘောထားတာပါ အစ်ကိုရယ်''

ရှက်စိတ်ဖြင့် မျက်ရည်များကျလာရ၏။ အသားများပင် တဆတ်ဆတ်တုန်ရလောက်အောင် ခင်မူ့ သိက္ခာကို စော်ကားနေပေပြီ။

တကယ်ဆိုလျှင် သား၏ အသက်သခင် ကျေးဇူးရှင်မှန်းသိလျှင် သူ အခုလို စွပ်စွဲဝံ့မည်မဟုတ်ပေ။ သံသယရှိသူ၏စိတ်ကို ဖြေရှင်းပြလျှင်လည်းလက်ခံမည်မဟုတ်ပါ။ စကားနည်းရန်စဲသဘောဖြင့် နောက်ဖေးမီးဖိုချောင်ဆီသို့ ထွက်လာ၏။ ကိုကျော့မောင်၏ တဖျစ်တောက်တောက် ကြိမ်းမောင်းသံကို ဥပေက္ခာပြုလိုက်သည်။ ဟင်းနွှေးရင်း ခင်မူ စဉ်းစားနေမိသည်။

''အစ်ကို ခံစားနေရတာတွေ ခင်မူ နားလည်တယ် အစ်ကို၊ အစ်ကိုဟာ ခင်မူ့နှလုံးသားထဲက မြတ်နိုး တွယ်တာ၊ ချစ်ရတဲ့ လင်သားတစ်ယောက်ပါ၊ ခင်မူလေ အစ်ကို ဘာပြောပြော၊ ဘယ်လိုပဲ သံသယတွေရှိရှိ ခင်မူ စိတ်မဆိုးပါဘူး၊ အစ်ကို့အပေါ် နားလည်တယ်၊ ခွင့်လွှတ်စိတ်နဲ့ သည်းခံနေပါ့မယ် အစ်ကိုရယ်''

ဋ ဋ ဋ

နံနက်လင်းလုလုအချိန်တွင်ကိုကျော့မောင် မနိုးသေးခင် ထမင်းချိုင့်အား ခြံဝတွင် သွားဝှက်ထားလိုက်၏။ ပြီးမှ ရေချိုး၊အဝတ်အစားလဲကာ ငါးခြောက်နှင့် ထမင်းရေဆမ်းကို စားနေသည့် ယောက်ျားအနီးတွင် ထိုင်လိုက်သည်။

''ငါ့မိန်းမ စောစောစီးစီးဘယ်သွားဦးမ‌ ဟို့လဲ''

ဆီရွှဲရွှဲဆမ်း၍ ဖုံနေအောင်ထုထားသော ငါးရံ့ခြောက်ဖုတ်တစ်ကောင်အား ယူစားလိုက်ပြီး....

''သားကို အမေ့ဆီမှာ သွားပြန်ခေါ်မလို့လေ၊ အစ်ကိုပဲ ညက ပြန်ခေါ်ဖို့ပြောခဲ့တယ်မဟုတ်လား''

ကိုကျော့မောင်က ထမင်းတစ်လုတ်မစားမီတွင် တစ်ချက်ပြုံးလိုက်၏။

''ဒါဆိုလည်း မြန်မြန်သွားခေါ်တော့လေ၊ ဟိုရောက်ရင် အလွမ်းသယ်မနေကြနဲ့ဦး''

''အစ်ကိုနော်စကားအကောင်းပြောနေရင် ဖောက်လာပြီ၊စောစောစီးစီး မဟုတ်တာတွေ လျှောက်ပြောမပြောနဲ့၊ ဩော်..အစ်ကို ဗိုက်ဆာရင် ကိုယ့်ဘာသာပဲ ဒီနေ့ ထည့်စားလိုက်တော့နော်၊ ထမင်းစားချိန်အမီ ပြန်ရောက်ချင်မှရောက်မှာပါ''

ကျော့မောင်က ခေါင်းကိုညိတ်ပြလိုက်၏။ သူ့အားမှာစရာရှိသည်ကို မှာခဲ့ပြီး ထွက်လာမှ နောက်ကြောင်းအေးသလိုလိုပင်။ ခြံပြင်သို့ရောက်မှ ဝှက်ထားသော ချိုင့်ကိုဆွဲပြီး ခပ်သွက်သွက် လျှောက်လာရတော့သည်။ ခင်မူ့အဖြစ်ကတကယ့်ကို မလွယ်ကူပေ။ လမ်းတွင်တွေ့သော လှည်းတစ်စီးကိုတားစီး၍ ဆေးရုံသို့ အရောက်သွားရ၏။

''ကျေးဇူးတင်ပါတယ် ဦးကြီးရယ်''

''တစ်ရွာတည်းသားချင်းပဲ၊ ကျေးဇူးတွေ မလိုပါဘူးကွယ်၊ ဦးကြီးလည်း မြို့မှာ ဓာတ်မြေသြဇာသွားဝယ်မလို့ကွဲ့၊ ဒါနဲ့ မနေ့က လုံမကလေးကို ပိုးထိလို့ဆို''

''ဟုတ်ကဲ့ ဦးကြီး၊ ဒါကြောင့် မို့ ဆေးရုံကို သွားမလို့ပါရှင်''

''အင်း....လံမလေးလည်း ဟိုပြေးဒီပြေးနဲ့ မသက်သာပါလား၊ မောင်ကျော့မောင်လည်း သက်သာလာတော့မှာပါကွယ်''

ဦးကြီး၏ လှည်းမောင်းနေရင်းမှ သက်ပြင်းချသံကိုပင် ခင်မူကြားနေရ၏။ နံနက်ခင်းတွင် တိုက်ခတ်လာသော လေနုအေးလေးအား မခံစားနိုင်ပါ။ ခင်မူ့စိတ်က သားဆီသို့ ရောက်သွားပြန်၏။

ဋ ဋ ဋ

''ညကတည်းကသတင်းကြားကြားချင်း ဒီကိုလာချင်နေတာသမီးရဲ့၊ ဖိုးသက် လူနာသတင်းမေးလာရင်း မြေးလေးကို ပိုးထိတဲ့သတင်းကြားခဲ့တာတဲ့၊ ကလေးက သက်

သာသွားလို့ တော်ပါသေးရဲ့ကွယ်''

ဆေးရုံအခန်းထဲရောက်တော့ ခင်မူ့အရင် ရောက်နှင့်သူများက အမေနှင့်တင်လတ်တို့ဖြစ်ကြသည်။ ခင်မူ အံ့ဩသွားရ၏။ အမေသည် မြေး၏ခုတင်ဘေးတွင်ထိုင်ရင်း ခင်မူ့အား ဆီးပြောလာသည်။ အမေ့မျက်နှာပေါ်မှ သောကရိပ်များကိုခင်မူ မြင်တွေ့နေရပေမယ့် အမေ့ကို ပူပန်ကြောင့်ကြစိတ် မဖြစ်စေလိုပေ။

''သမီးအစ်ကိုကြီးမအားလို့ မောင်တင်လတ်နဲ့ လာရတာလေ၊ သူလည်း သမီးတို့အတွက် စိတ်မကောင်းဖြစ်နေတာကွဲ့''

အမေ့စကားကြောင့်တင်လတ်မျက်နှာကို လှမ်းကြည့်မိ၏။ တင်လတ်က သားအနားတွင် လက်ကလေးများကို ကိုင်စမ်းလျက်....

''တစ်ရက်နှစ်ရက်နေရင် ဆေးရုံက ဆင်းရမှာပါ ခင်မူရာ''

''ဟင်..ဒီနေ့ဆင်းလို့ မရဘူးလားဟင်''

''ဆင်းခွင့်ပေးရင် ကောင်းတာပေါ့၊ ဆေးရုံက စိတ်ချရမှ ပေးဆင်းတာ ခင်မူ၊ ကိုယ့်သဘောနဲ့ကိုယ်ဆင်းလို့မရဘူး''

ခုမှခက်ချေပြီ။ သားပါမလာလျှင် ယောက်ျားနှင့် မည်သို့ရင်ဆိုင်ဖြေရှင်းရဦးမည် မသိတော့ပေ။ ခင်မူမှာ အခက်တွေ့နေ၏။

''ဘာဖြစ်လို့လဲဟ၊ ဆေးရုံမှာက စိတ်ချရတယ်၊ တစ်ခုခုဖြစ်လာရင် နင်ဘာလုပ်တတ်လို့လဲ၊ ဆရာဝန်ကြီးလာရင် မေးကြည့်ပေါ့ကွာ''

နေ့လယ် ဆရာဝန်လာချိန်တွင် ခင်မူ မေးကြည့်မိ၏။ နောက်နှစ်ရက်ကြာမှ ပေးဆင်းမည်ဟု သိရ၍ စိတ်ပျက်သွားရပြန်သည်။ သူ့ရင်ထဲမှအပူကို မည်သူမျှ နားလည်နိုင်ကြမည်မဟုတ်ပါ။ ရောဂါသည်များမှာ သူတို့တွင် အားငယ်စိတ်များ ကိန်းအောင်းနေတတ်ကြသည်။

''ဒီလိုလုပ်လေ၊ ကလေးကို စောင့်ဖို့ အခက်တွေ့နေရင် ငါစောင့်ပေးမယ် ခင်မူ၊ ကောင်လေးမှာ အလုပ်ရှိနေသေးတယ်မဟုတ်လား၊ ဟိုမှာလည်း သူမရှိလို့မဖြစ်ဘူး၊ သူရှိနေမှ ဖြစ်မှာပေါ့''

တင်လတ်အပေါ် အားနာစွာကြည့်မိပြန်သည်။ ခင်မူ့အတွက်နှင့် ဘယ်သူမှ မနေရပါလား။အမေကပါ ထောက်ခံလာပြန်၏။

''ဟုတ်တယ်သမီး၊ မောင်တင်လတ်ပြောတာ မှန်တယ်''

''အင်းလေ.....ဒီလိုပဲလုပ်ရတော့မှာပေါ့၊ မောင်ဝင်းသောင် မရှိလို့လည်းမဖြစ်ဘူး၊မောင်ဝင်းသောင်ထမင်းစားပြီးရင် ပြန်လိုက်တော့ကွယ်''

''ဟုတ်ကဲ့ အစ်မခင်မူ''

ဝင်းသောင်က ခင်မူယူလာသော ထမင်းချိုင့်လေးကိုယူကာ အပြင်ထွက်စားနေစဉ် အမေက သူယူလာသော လက်ဆွဲခြင်းကြီးထဲမှ ထမင်းချိုင့်ကို ထုတ်ယူပြီး.....

''သမီးရော ထမင်းမစားရသေးဘူးမဟုတ်လား၊ မြေးလေးအတွက် ကြက်သားဆန်ပြုတ်လုပ်လာတယ်၊ သမီးအတွက်ပါ ထည့်လာတယ်ကွဲ့၊ စားလိုက်ဦး''

''မဆာပါဘူး အမေရယ်''

''ဘယ်ဟုတ်မလဲကွယ်၊ ခန္ဓာကိုယ်ဆိုတာ အားအင်ပြည့်ဝမှ လှုပ်လှုပ်ရှားရှား သွားလာနိုင်မှာပေါ့၊ အားပြည့်အောင် အစာစားမှ ဖြစ်မှာပေါ့သမီးရယ်၊ သမီးသာလဲသွားရင် အားလုံးဒုက္ခရောက်ကုန်ကြမှာလေ''

''ဟုတ်တယ် ခင်မူ၊ နင့်ကိုကြည့်ရတာ အိပ်ရေးတွေပျက်၊ အစားတွေပျက်နေသလိုပဲ၊ အားမရဘူးဟ၊ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး''

တင်လတ်၏ ကြင်နာမှုပါသော ကရုဏာမျက်ဝန်းအကြည့်များကို လွှဲဖယ်လိုက်မိသည်။ မိမိအပေါ် သံယောဇဉ်ရှိသူများကိုတော့ ကျေးဇူးတင်ပါ၏။ သို့ပေမယ့် ဘဝချင်းက ကွာခြားသွားကြပြီမဟုတ်ပါလား။ တင်လတ်ကို ကျေးဇူးတင်စကားပြောမထွက်ပြန်ပေ။

နေ့လယ်ခင်းတွင် ဆေးရုံမှ အမေနှင့် ခင်မူ ပြန်လာကြသည်။ အမေ့ကို အိမ်ရှေ့ထိလိုက်ပို့ပေးပြီးမှ ခင်မူလည်း ကိုယ့်ရွာသို့ ပြန်လာခဲ့ရ၏။ အိမ်ပေါ်တွင် ကိုကျော့မောင်က သူ့အား မျက်ထောက်နီကြီးဖြင့် ဆီးကြိုနေလေပြီ။ တစ်ခုခုဖြစ်မည်မှန်း သိနေ၏။

''ပြောစမ်းပါဦး....နေ့လယ်ကမင်းနဲ့ ဝင်းသောင် ယာထဲမှာ မရှိကြဘူး၊ ဘယ်နေရာသွားပြီး အကြည်ဆိုက်နေကြသလဲ ခင်မူ၊ ငါ့ကိုယုံကြည်အောင်ပြောပြီး ဖောက်ပြန်နေကြတာလားကွာ''

www.burmeseclassic.com



"အစ်ကိုက မြေပဲခင်းထဲ ရောက်သွားတာလားဟင်"

"ဟုတ်တယ်၊ တိတ်တိတ်လေး လိုက်ချောင်းတာ မင်းရော ဝင်းသောင်ပါ မရှိကြဘူး၊ မင်းခြေလှမ်းတွေ ပျက်နေတာကြာပြီ၊ မနက်က ငါ့ကိုနှစ်သိမ့်ထားခဲ့ပြီး ဝတ်စားသွားတာမှ အပျိုရှုံးတယ်၊ နေပါဦး မင်းရဲ့ထမင်းချိုင့်ကို ဘယ်မှာဝှက်ထားခဲ့ပြန်ပြီလဲ၊ ငါမသိဘူးများ ထင်နေသလား"

ခင်မူသည် ကိုကျော့မောင် မျက်နှာအား စိတ်ပျက်စွာ ကြည့်လိုက်မိ၏။ ခင်မူ့အားဖြေရှင်းခွင့်ပင် မပေးတော့ဘူးလားဟု မေးပစ်လိုက်ချင်၏။

"ငါ့ကို ဘာတွေအယုံသွင်းဖို့ ကြံနေသလဲခင်မူ၊ ငါ နွားမဟုတ်ဘူးနော်၊ ငါ့ကို အသုံးမကျတဲ့ နွားကြီးဆိုပြီး သတ်ပစ်ဖို့ကြံစည်နေကြသလား"

"တော်ပါတော့ အစ်ကိုရယ်၊ အစ်ကို့ရဲ့ အခြေအမြစ်မရှိတဲ့စကားတွေ ခင်မူ နားမထောင်ပါရစေနဲ့တော့၊ ခင်မူ ပင်ပန်းလာပြီ၊ အိပ်တော့မယ်"

ခင်မူက မိုးချုပ်မှ အိမ်ပြန်ရောက်လာပြီး သားလည်းပါမလာသည့်အတွက် ကိုကျော့မောင်၏ သံသယက ကြီးထွားလာ၏။ မြေပဲခင်းထဲ သွားချောင်းမိသော်လည်း ခင်မူနှင့်ဝင်းသောင်တို့က ပျောက်နေကြသည်။ ဒီတော့ သူ့ရင်မှာ မတင်မကျနှင့် အကျိတ်အခဲကြီးတစ်ခုက ကြီးထွားလာရတော့၏။ အခုတလောတွင် ခင်မူတစ်ယောက် တခူးခူးနှင့် အိပ်ပျော်နေတတ်ပြန်သည်။

ကိုကျော့မောင်သည် ခင်မူ့အပေါ် မယုံကြည်စိတ်က ပိုများလာတော့၏။ သူ့ဘက်က မကျေနပ်ချက်ကို ပြောဆိုနေပေမယ့် ခင်မူက ဖြေရှင်းခြင်းမပြုပါဘဲနှင့် ရှောင်ထွက်သွားတတ်သည်။ ဒီတော့ ကိုကျော့မောင်ဘက်က စဉ်းစားလာရတော့၏။ မိန်းမဟူသည် လင်သားနှင့်ဝေးလျှင် အချစ်သစ်ကို ရှာဖွေကြမည်ဟု သူယူဆမိ၏။ သူ့လိုဝေဒနာသည်ဒုက္ခိတတစ်ယောက်အဖို့ ဇနီးမယား၏အလိုဆန္ဒအား မဖြည့်ဆည်းပေးနိုင်ပါ။ သူ၏အဖော်မှာ လမ်းလျှောက်ရာတွင် အသုံးဝင်သည့် တောင်ဝှေးလေးသာ ရှိတော့၏။

"ငါ ဒီဘဝဆိုးမျိုး ဘာကြောင့်ရောက်ရသလဲ"

ဖြစ်နိုင်လျှင် ခင်မူအား အဆုံးရှုံးခံပေးလိုက်ချင်သည်။ ငယ်ရွယ်လှပသူဖြစ်၍ ခင်မူ့ကို ပိုင်ဆိုင်ချင်သူများပါလိမ့်မည်။

"ငါမှ ခင်မူ့ကို အဆုံးရှုံး မခံနိုင်တာပဲ၊ မဖြစ်နိုင်ပါဘူး၊ ငါ အသက်ရှင်နေသမျှ ခင်မူ့ကို ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ဘူး"

တင်လတ်မျက်နှာကြီးက သူ့အတွေးထဲတွင် ပြန်ပေါ်လာပြန်၏။ ဝင်းသောင်နှင့်မသွားလျှင်တင်လတ်နှင့်များ ထွက်သွားလေသလားဟု တွေးမိသည်။

"ဟုတ်မှာပါ၊ သားကိုသွားခေါ်တာပဲ၊ ဒါဆို တင်လတ်နဲ့တွေ့ပြီး ထမင်းချိုင့်နဲ့ ဘုရားသွားကြမလား၊ ဒါမှမဟုတ် တစ်နေရာရာများ သွားကြလေမလား"

မေးကြောများထောင်လာပြီး နံရံတွင်ထိုးထားသည့်ဓားကိုဆွဲယူကာ ဓားသွေးကျောက်တုံးတွင် ညဉ့်နက်သည်အထိ ထိုင်သွေးနေမိ၏။

"ဒီဓားဟာ မင်းအတွက်ပဲတင်လတ်၊ ငါ့မိန်းမကို ကြာခိုလို့ကတော့ ဟော့ကောင်ရေ.....မင်းကို အရှင်မထားဘူး၊ ငါကိုယ်တိုင် ဟောဒီဓားနဲ့ ပိုင်းဖြတ်ခုတ်ထစ်ပစ်မယ်"

ဓားသည် ကြာကြာသွေးသည်နှင့်အမျှ ထက်လာ၏။ ဓားဖျားအား လက်ဖဝါးနှင့်ရိုက်၍ ကျေနပ်စွာ ကြုံး ဝါးနေသည့် ကျော့မောင်ပါး ဓားကို ကိုင်လိုက်သည်နှင့်သူ့စိတ်က အလို လို တက်ကြွလာသည်။

ဒီနေ့လည်း သူအိပ်ပျော်သွားခဲ့၍ နိုးသည်နှင့် ခင်မူလည်း မရှိတော့ပေ။ သို့သော် သူနိုးလျှင် စားရန်အတွက် ပဲထမင်းကြော်နှင့် ဘဲဥကြော်က စားပွဲပေါ်တွင် တွေ့ရ၏။ မီးဖိုထဲတွင် မည်သည့်အချိန်က ထချက်သွားသည်မသိပါ။ ထမင်းနှင့်ဟင်းများက အဆင်သင့်ကျက်နေ၏။

"ညက ညဉ့်နက်မှအိပ်ပျော်သွားလို့ ကံကောင်းသွားတယ်မှတ်ပါခင်မူ၊ ငါမသိအောင် ဇီရိယကောင်းကောင်းနဲ့ မနိုးဘဲတိတ်တိတ်လေးထွက်သွားတာပေါ့နော်"

ဓားကြီးကိုနံရံတွင်ထောင်ထားပြီး ငုတ်တုတ်ထိုင်ကြည့်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဓားမှာ ကိုကျော့မောင်၏ အဘိုးအဘွားများလက်ထက်ကတည်းက တိုက်ပွဲဝင်ခဲ့သည့် အောင်ပွဲခံဓားပါ။ ရာဇဝင်ရှိခဲ့၏။ ဤဓားကို ခင်မှု တွေ့သွားပုံမပေါ်ပေ။ တစ်ယောက်တည်း အိမ်တွင်ကျန်ရစ်ခဲ့ပြီး ခင်မှု အကြောင်းသာထိုင်တွေးနေမိသည်။

"အင်း.....မိန်းမတွေများ လှေနဲ့မြင်းလိုပဲတဲ့၊ ဒါကြောင့် စကားရှိခဲ့တာပဲကိုး။ ပဲ့ကိုင်၊ ကြိုး ဆွဲကောင်းသူနောက်ကို ကောက်ကောက်ပါအောင် လိုက်တတ်ကြပါလား၊ ငါက သူ့အတွက် ဘာမှ အသုံးမဝင်တော့ပါဘူးလေ"

ကိုကျော့မောင်အဖို့ စားလည်း ဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်ပင်။ စိတ်ဟူသည်ကျယ်ပြန့်တတ်သောသဘောရှိ၏။ စိတ်ကြောင့် အများများစွာတွေ့ကြုံတတ်သည်ကို ကျော့မောင်သိသည်။ သို့ပေမယ့် သဝန်တိုစိတ်သည် သူ့နှလုံး သားထဲတွင်အဝိဇ္ဇာဖုံးလွှမ်းနေပေပြီ။

"ကိုကြီးကျော့မောင်.....ကိုကြီးကျော့မောင်"

"ဟေ.....ဘယ်သူလဲ"

အပြင်ဘက်ဆီမှခေါ်သံကြောင့် ဓားကိုအသာချကာ လှမ်းကြည့်လိုက်သည်။ ဝင်းသောင်တို့အုပ်စုမှာ မြေပဲအိတ်များ ထမ်းလာကြ၏။

"အစ်မခင်မှုကမြေပဲအိတ်တွေ ပို့ခိုင်းလိုက်လို့ပါ"

"အေး.....နေရာတကျ ထားခဲ့ကြကွာ၊ ဒါနဲ့ မောင်ဝင်းသောင်ကို မေးစရာရှိလို့ ခဏလာဦး"

"ဟုတ်ကဲ့ ကိုကြီးကျော့မောင်၊ ဟေ့ကောင်တွေ သေသေချာချာ ထားကြကွာ၊ ငါ ကိုကြီးကျော့မောင်နဲ့ စကားပြောလိုက်ဦးမယ်"

မောင်ဝင်းသောင်က ကိုကျော့မောင်ရှေ့တွင် ထိုင်လိုက်ပြီး ပြောလာမည့်စကားကို နားထောင်နေမိ၏။

"ထိုင်....မောင်ဝင်းသောင် မင်းကို မေးချင်တာက မနေ့က နေ့လယ်ခင်းမှာဘယ်သွားကြသလဲ၊ မြေပဲခင်းထဲ ငါလာတော့ မင်းကို မတွေ့ဘူး"

မောင်ဝင်းသောင်မှာ အလျှင်အမြန် စဉ်းစားလိုက်၏။ မနေ့က ဆေးရုံမှပြန်အလာတွင် နေ့လယ် (၂)နာရီ ထိုးခါနီးပေပြီ။ ထို့ကြောင့် အိမ်တန်းပြန်ကာ တစ်ရေးတစ်မော အိပ်လိုက်သေး၏။ သူမရှိချိန်တွင် ကိုကျော့မောင်က ရောက်လာခြင်း ဖြစ်ပေမည်။ ခင်မှုပြောထားခဲ့၍ ချမ်းမြေ့အောင်လေးပိုးထိခြင်းကိစ္စအား ပြောမပြခဲ့ပေ။

"ဩော်.....ကျွန်တော် ရေချိုးချင်လို့ အိမ်ခဏပြန်တာပါ ကိုကြီးကျော့မောင်ရာ၊ ဘာဖြစ်လို့လဲဟင်"

"မင်းအစ်မလည်း မရှိဘူး၊ ဘယ်သွားမယ်လို့ ပြောသွားခဲ့သေးလဲ"

"အစ်မခင်မှုကမြေပဲသွားစပ်ဖို့ ထွက်သွားတာပဲ၊ ကုန်သည်တွေ ရောက်နေလို့နဲ့တူတယ်၊ အခုလည်း အိမ်ကို မြေပဲပို့ခိုင်းပြီး ကုန်သည်နဲ့ စကားပြောကြမယ်လေ"

ကိုကျော့မောင်၏စိတ်က အနည်းငယ် ပျော့သွားသော်လည်း မောင်ဝင်းသောင်အကြောင်းအား သွယ်ဝိုက် စုံစမ်းပြန်သည်။

"မင်း အိမ်ထောင်မပြုသေးဘူးလားကွ၊ ချစ်သူတော့ရှိမှာပေါ့နော်"

မောင်ဝင်းသောင်က ပွင့်ပွင့်လင်းလင်း ပြောတော့၏။

"နှင်းရီနဲ့ ဝါမဝင်ခင်ယူဖို့ စိတ်ကူးထားတယ် ကိုကြီးရ၊ ဒါပေမဲ့ ယောက္ခမ ကြည်ဖြူအောင် ကြိုးစားရမှာပေါ့ဗျာ၊ သဘောမတူရင်တော့ ခိုးပြေးရမှာပဲ"

ဒီအတိုင်းဆိုလျှင် မောင်ဝင်းသောင်နှင့် ခင်မှုမှာ မည်သို့မျှ ပတ်သက်ခြင်းမရှိနိုင်ပါ။ ဝင်းသောင်ပြန်သွားမှ သူ့ရင်ထဲကအလုံးကြီး ကျသွားရတော့သည်။ စိတ်ထဲတွင် ပေါ့ပါးသွား၏။ သို့ပေမယ့် ခင်မှုအား ကုန်သည်များနှင့် စိတ်မချဖြစ်လာပြန်သည်။

မကြာမီတွင် ချမ်းမြေ့အောင်လေး ဆေးရုံမှဆင်းခွင့်ရခဲ့ရာ တင်လတ်က ခင်မှုတို့သားအမိအား ရွာထဲအထိ လိုက်ပို့ပေး၏။ ခင်မှုဘက်က ငြင်းဆန်ချင်သော်လည်း ကလေးတစ်ဖက်၊ ကလေးပစ္စည်းများ တစ်ဖက်နှင့် မည်သို့မျှအဆင်မပြေပေ။ တင်လတ်၏ ရိုးသားစွာ ကူညီခြင်းအပေါ် ခင်မှုက လက်ခံရပေမည်။

"ခင်မှုရာ ငါတစ်ခု စဉ်းစားမိတယ်၊ နင်သာ ကိုကျော့မောင်ကို မယူဖြစ်ရင် အခုလို ဒုက္ခတွေ ခံစားရမှာ မဟုတ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



“ကံတရားပေါ့ တင်လတ်ရာ၊ ဒါပေမဲ့ ငါ စိတ်မညစ်ပါဘူး၊ ဘာကြောင့်လဲဆိုရင် အစ်ကိုဟာ ငါ့အပေါ် သိပ်ချစ်ရှာတာပါ၊ သူ့ရဲ့ မေတ္တာတရားကို ငါတန်ဖိုးထားတယ်၊ ငါ့အတွက် လေးစားထိုက်တဲ့ ခင်ပွန်း ကောင်းတစ်ယောက်ပါ၊ သူအခုလို ဖြစ်သွားတော့ အစ်ကို့ကို ငါသနား တယ် တင်လတ်”

ခင်မူ၏အချစ်စိတ်ကို သိသွားသည့်နောက် တင်လတ်လည်း စကားဆက်မပြောရဲလောက်အောင် အခက်တွေ့သွားစေရသည်။

တကယ်ဆိုလျှင် ခင်မူ့အပေါ် ခုချိန်ထိ သံယောဇဉ်မကုန်သေးပေ။ အမေဆိုလျှင် ခုချိန်ထိ သူ့အား အပြစ်တင်နေဆဲပါ။

“ရောဂါသည်ယောကျ်ားတစ်ယောက်ကို အပြစ်မြင် ငြိုငြင်ရင် အဲဒီမိန်းမက ဇနီးကောင်းတစ်ယောက် ပီသပါ့မလားဟင်၊ ငါလေ အစ်ကို့အပေါ် စိမ်းကားတဲ့ မျက်ဝန်းမျိုးနဲ့တောင် မကြည့်မိဘူး၊ ကုန်ကုန်ပြောရရင် အစ်ကိုမရှိတော့ရင်တောင် အစ်ကိုထားခဲ့တဲ့ဘဝနဲ့ပဲ တစ်သက်လုံး နေသွားမှာပါဟယ်”

တင်လတ်တစ်ယောက် သူ့ရင်မှ လက်ကျန်အချစ်ကို ထုတ်ဖော်ပြရန်လိုမည်မထင်တော့ပါ။ ခင်မူ၏ သူ့ခင်ပွန်းအပေါ်ထားသော သစ္စာတရားအား သိရသည့်နောက် မျှော်လင့်ချက်မရှိတော့မှန်း သိလိုက်ပြီး အချစ်စိတ်ကို တိတ်တိတ် ဖြေသိမ့်ရပြန်၏။

“နင့်ကို လေးစားပါတယ်ခင်မူရယ်၊ နင့်ဟာသစ္စာရှိတဲ့ ဇနီးလိမ္မာ တစ်ယောက်ပါဟာ၊ ကိုကျော့မောင်အတွက် နင့်လိုဇနီးကောင်းလေး ရထားတာ အားကျမိတယ်၊ ငါ့ တစ်သက်တော့ အထီးကျန်ဘဝနဲ့ နေရတော့မှာပါပဲ”

“အားလျှော့လိုက်တာ တင်လတ်ရာ၊ နင့်ဘဝနဲ့ သင့်တော်တဲ့ အိမ်ထောင်ဖက်ကို တစ်နေ့နေ့ မလွဲမသွေ နင်တွေ့ကြုံရမှာပါ၊ ခင်မူ ဆုတောင်းပေးနေမှာပါနော်”

“ကျေးဇူးတင်ပါတယ် ခင်မူရာ”

နှစ်ဦးသား သဘောကျစွာ ရယ်မောမိကြသည်။ တင်လတ်အိမ်အထိလိုက်ပို့လျှင်လည်း ခင်မူက အဖြစ်မှန်အား ဖွင့်ပြောပြလိုက်တော့ပေမည်။ သားကိုပြပြီး ရှင်းပြလိုက်တော့မည်ဟု စိတ်ကူးထားလိုက်၏။ ကိုကျော့မောင်အား ဆက်လက် လိမ်ညာမထားချင်တော့ပေ။

“ဩော်.....ဒါနဲ့ နင် ငွေရေးကြေးရေး အဆင်မပြေဘူးလို့ ကိုအေးကြိုင်မိန်းမဆီကသိရတယ်၊ သူက ငါ့အမေကို လာလာပြောပြတယ်ဟ၊ အခုရော လက်ထဲမှာ ငွေရှိသေးရဲ့လား”

“လောက်ငအောင် သုံးရတာပေါ့ တင်လတ်ရာ၊ ငွေဆိုတာ သုံးလို့လွယ်ပြီး ရှာရခက်တယ်၊ ငါလည်း အစ်ကိုရှာဖွေနေတုန်းက မသိခဲ့ဘူး၊ ကိုယ်ကိုယ်တိုင် ငွေရှာရမှ ကိုယ်ချင်းစာမိတယ်”

တင်လတ်သည် သူ့ခါးနောက်တွင် ထိုးထည့်ထားသည့် ပိုက်ဆံအိတ်ခေါက်လေးအားဖွင့်၍ ငွေအထပ်လိုက်ကို ထုတ်ယူလိုက်၏။

“ဒီငွေဟာ စေတနာနဲ့ ကူညီတာပါ ခင်မူ၊ ယူပါဟာ ဘာအခွင့်အရေးမျိုးမှ မျှော်ကိုးပြီး ပေးတာ မဟုတ်လို့ စိတ်သန့်သန့်နဲ့ယူပါကွာ၊ နင်နဲ့ငါဟာ ဟိုတုန်းက သူငယ်ချင်း၊ အခုတော့ မိတ်ဆွေပေါ့နော်”

“ငါ မယူပါရစေနဲ့ တင်လတ်၊ ငါ့ကို နားလည်ပေးပါဟာ”

ခင်မူမယူပေ။ တင်လတ်အနေဖြင့် မည်သည့်စေတနာမျိုးနှင့်ကူညီနေပါစေ သူ့စေတနာအား လက်ခံရန် မသင့်တော်ပေ။ ကိုကျော့မောင်သိလျှင်လည်း ခွင့်ပြုမည်မဟုတ်သည့်အတွက် ခင်မူက ငြင်းဆန်လိုက်ခြင်းဖြစ်၏။ တင်လတ်က အတင်းပေးပြန်သည်။

“ငါ လက်မခံပါရစေနဲ့ တင်လတ်ရယ်၊ ကိုယ့်ယောကျ်ားရဲ့ အထောက်အပံ့ကလွဲလို့ တခြားယောကျ်ားတွေရဲ့ ထောက်ပံ့ကူညီမှုမျိုးကို ငါမယူချင်ဘူး၊ နင့်စေတနာကိုတော့ ကျေးဇူးတင်ပါတယ်”

“အေးပါဟာ နားလည်သွားပါပြီ ခင်မူရာ၊ နင်ဟာ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မုလတို့လို မိန်းမမျိုးပေါ့၊ နင်နဲ့ပါဆိုရင် တော်လေးဝင် မိန်းမတွေကနေ တော်ငါးဝင် မိန်းမတွေဖြစ်သွားပြီ ခင်မူ”

ထိုစကားကြောင့် ခင်မူမှာ သဘောကျသွားရတော့သည်။ သူတို့မှာ စကားတပြောပြောနှင့် ခရီး

www.burmeseclassic.com

www.burmeseclassic.com


နှင်လာရင်း ရွာထိပ်သို့ ရောက်လာကြလေပြီ။ ခင်မူ ပြန်လာသည်ကို တွေ့သည့် အောင်ဘုက.....

"အစ်မ.....အစ်မတို့အိမ်မှာ ကိုကြီးကျော့မောင် မားတဝင့်ဝင့်နဲ့ဗျ။ ဘာတွေစိတ်တိုနေလဲ မသိဘူး"

"တို့သားအမိကို ဒီမှာပဲချခဲ့ပြီး ပြန်တော့ တင်လတ်ရယ်"

"ဘာဖြစ်လို့လဲဟ၊ အိမ်အထိ လိုက်ပို့မှာပေါ့"

တင်လတ်က ကျော့မောင်၏ စိတ်ကို မသိပေ။ ခင်မူက ကျော့မောင်စိတ်ကို သိနေသည့်အတွက် တင်လတ်အား တားဆီးလိုက်ခြင်းဖြစ်၏။ တင်လတ်လိုက်လာသည်ကိုသိလျှင် ကိုကျော့မောင်မှာဒေါသဖြစ်ပေဦးမည်။

"နင့်ကို ငါနဲ့အတူတူ တွေ့လိုက်ရင် အစ်ကိုက သံသယစိတ်နဲ့ တစ်ခုခုပေါက်ကွဲသွားနိုင်တယ် တင်လတ်၊ အခုတလော ငါလည်း အိမ်မကပ်နိုင်ဖြစ်နေတော့ အစ်ကိုက စိတ်တိုနေတာလေ"

"ငါ နားလည်ပါပြီဟာ"

ခင်မူသည် ပခုံးထက်တွင်သားကိုချီပိုးပြီး လက်တစ်ဖက်က ဆွဲခြင်းကြီးကိုဆွဲလျက် တင်လတ်အား နှုတ်ဆက်ထွက်သွား၏။ လှည်းပေါ်တွင် စိတ်မကောင်းစွာ ရှိနေရုံမှတစ်ပါးခင်မူ့အိမ်ထောင်ရေးကို ရင်လေးသွားမိသည်။ ထို့ကြောင့်လည်း စေတနာ သန့်သန့်ဖြင့် ကူညီသည့်ငွေအား လက်မခံကြောင်း တင်လတ် နားလည်သွားရ၏။

"သွားတော့ ခင်မူရယ်၊ နင့်ကို ငါ့နှလုံးသားထဲမှာ ဘယ်တော့မှ မေ့ပျောက်နိုင်မှာ မဟုတ်တော့ပါဘူး၊ ငါ့ရင်ထဲမှာ နင် ထာဝရရှိနေမှာပါကွာ"

အပြန်လမ်းလေးသည်ခြောက်သွေ့နွမ်းလျနေကြောင်း ခံစားခဲ့ရသည်ကိုတော့ သူဝန်ခံပါ၏။

၌ ၌ ၌

"ဩော်.....ပြန်လာကြပြီကိုး၊ ဒီတစ်ခါ သားနဲ့အကြောင်းပြပြီး ဘာလာပြောဦးမလို့လဲ၊မင်းငါ့အပေါ် သိပ်ရက်စက်တဲ့မိန်းမပဲ ခင်မူ၊ ငါ ဘယ်လိုမှ ထင်မထားမိဘူးကွာ"

သားကိုဖျာပေါ်ချပြီး သိပ်လိုက်၏။ အိပ်လိုက်လာသည့်အတွက် သားနိုးမည်ကို စိုးရိမ်မိသည်။ ကိုကျော့မောင်က အသံနက်ကြီးဖြင့် မကျေနပ်ချက်ကို ကြွေးကြော်ဟစ်ကြွေးနေ၏။

"ပြောလေ ခင်မူ၊ မင်းဘာမှ မပြောနိုင်တော့ဘူးမဟုတ်လား"

ခင်မူသည် ကိုကျော့မောင်အား အေးဆေးစွာ ရင်ဆိုင်လိုက်သည်။ မိမိဘက်က သူ့အား အကျိုးအကြောင်းခိုင်လုံစွာ ရှင်းပြရတော့မည်မဟုတ်ပါလား။ ဤသည်ကို ကိုကျော့မောင်က နားမလည်ပေ။ အသံကျယ်ကျယ်ဖြင့် ဒေါသဖြစ်နေ၏။

"အစ်ကို တော်ပါတော့၊ သားလေးနိုးသွားပါ့မယ်၊ ခင်မူပြောပြတာကို နားထောင်ပေးပါဦး"

"နားမထောင်ချင်ဘူးကွာ၊မင်း ငါ့ကို မုသားတွေပြောဦးမလို့လား"

ကိုကျော့မောင်မှာ လက်... ချေ။ ခင်မူ့ကိုကြည့်ပြီး ဒေါသဖြစ်... ၏။ တစ်ယူသန်စိတ်ဖြင့် တစ်ဖက်သတ် စွဲချက်တင်နေ၏။

"မင်းလင်ငယ်ကိုအိမ်ထဲအထိ ခေါ်မလာဘဲ ရွာထိပ်ကနေပြန်လွှတ်လိုက်တာ ဘာသဘောလဲ ခင်မူ၊ ဩော်.....ငါသတ်ပစ်မှာ စိုးရိမ်လို့လား"

ကိုကျော့မောင်က ထိုသတင်းအား မည်သို့ရခဲ့သည်မသိပေ။ ခင်မူ၏လုပ်ရပ်သည် သူ့အတွက် သံသယကို ဖြစ်ပေါ်စေနိုင်သည့် အမှားတစ်ခုဖြစ်ကြောင်း သိလိုက်ရ၍ စိတ်မကောင်းဖြစ်သွား၏။

"မဟုတ်ဘူး အစ်ကို၊ ခင်မူ ရှင်းပြမယ်၊ တင်လတ်က ခင်မူတို့ သားအမိကို လိုက်ပို့တာပါ၊ အစ်ကို့သားက"

"တိတ်စမ်း ခင်မူ၊ သားနဲ့ အကြောင်းမပြနဲ့၊ ဒီကလေးတောင် ငါနဲ့ရတာမှ ဟုတ်ရဲ့လား၊ တင်လတ်နဲ့ တိတ်တိတ်ပုန်းညားပြီး မွေးလာတဲ့ကလေးမဟုတ်လား"

ခင်မူတစ်ယောက်မျက်လုံးပြူးသွားရတော့သည်။

"တော်ပါတော့ အစ်ကိုရယ်၊ ခင်မူ့ရဲ့ ကိုယ်ကျင့်တရားကို မစော်ကားပါနဲ့၊ အစ်ကိုမကျေနပ်ရင် ခင်မူ့ကိုသတ်ပစ်လိုက်၊ ခင်မူ သေ...တယ်"

"ဩော်...သေချင်...လား၊ အေး.....အစက ...အကောင်ကို သတ်ဖို့ ဒီဓားကို သွေးထားတာပဲ၊

www.burmeseclassic.com



အခုတော့ နင့်အတွက်ပေါ့လေ''

ကိုကျော့မောင်သည် နံရံတွင် ထောင်ထားသောဓားကိုကောက်ယူပြီး ခင်မှူ့ရှေ့ ရောက်လာတော့၏။ ခင်မှူ လုံးဝမကြောက်တော့ပေ။ သံသယစိတ်များ ပျောက်ကွယ်သွားစေရန် အသေခံသည့်တစ်နည်းသာ ရှိတော့သည်။ သူသတ်ရဲလျှင်သတ်ပါစေတော့။ ခင်မှူ လည်စင်းခံဝံ့ပါသည်။

''သတ်ပါ အစ်ကို၊ ခင်မှူ သေရဲပါတယ်၊ အစ်ကို့လက်နဲ့သတ်တာကို ကျေကျေနပ်နပ်နဲ့ ခံယူသွားပါ့မယ်၊ အစ်ကို့သံသယတွေဟာ ခင်မှူသေမှပဲ ပျောက်မှာပါ၊ ဒါမှ အစ်ကို ကျေနပ်မှာမဟုတ်လား''

ခင်မှူက မျက်လုံးကိုမှိတ်ကာ ကိုကျော့မောင်ရှေ့တွင် ထိုင်ချပြီး လည်စင်းပေးလိုက်၏။ ကိုကျော့မောင်၏ သရဲ၊ ဘီလူးစီးနေသည့် မျက်နှာကြီးအား မမြင်ချင်တော့ပါ။ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် ကိုကျော့မောင်၏လက်များက အရှိန်ဖြင့်မြောက်တက်သွား၏။ လေပေါ်မှ အောက်သို့ပြန်အကျတွင် ဒုတ်ခနဲမြည်သံကြီးနှင့်အတူ ခင်မှူ့လည်ပင်းအား ပိုင်းခုတ်ပြီးသား ဖြစ်နေသည်။ ခင်မှူသည်လည်း ပြုတ် ရှဒဏ်ရာဖြင့် ကြမ်းပေါ်သို့ လဲကျသွားတော့သည်။ သွေးများ ပန်းထွက်လာပြီး တစ်ခဏချင်းပင် အိုင်ထွန်းသွားသည်။

''အား...အမယ်လေး.....''

ထိုစကားညည်းတွားသံလေးနှင့်အတူ ခင်မှူလည်း အသက်ထွက်သွားတော့၏။ သည်တော့မှ ကိုကျော့မောင်စိတ်က အသိပြန်ဝင်သွားပြီး ခင်မှူအား ပြေးပွေ့လိုက်သည်။

''ခင်မှူ...ခင်မှူ၊ ဟင်...ခင်မှူ သေသွားပြီ''

သူကိုယ်တိုင်လည်း အံ့ဩသွား၏။ ဓားကြီးပေါ်မှ တစက်စက်ကျလာသော သွေးစက်များမှာသူ့လက်တွင် ပေကျံနေကြပြန်သည်။ ဓားကြီးအား လွှတ်ချလိုက်၏။ အခုမှ ကိုကျော့မောင်က ကြောက်စိတ်များ ဝင်လာရတော့၏။

''ခင်မှူသေပြီ၊ လုပ်ကြပါဦးဗျာ၊ ကျုပ်မိန်းမ သေသွားပြီ''

ကယောင်ကတမ်းနှင့် ငိုနေပြန်ရာ ကိုကျော့မောင်အဖြစ်အား မည်သူမျှ မသိကြပေ။ ထိုစဉ် အိမ်ပေါ်သို့တက်လာသောခြေသံနှင့်အတူ...

''ကိုကြီးကျော့မောင်၊ အစ်မခင်မှူ ပြန်လာပြီဆို''

မောင်ဝင်းသောင်၏အသံကို ကြားရ၍ ကိုကျော့မောင်က အားကိုးတကြီး အကူအညီတောင်းလိုက်၏။

''မောင်ဝင်းသောင်၊လာကြည့်ပါဦးကွာ၊ မင်းအစ်မ ခင်မှူ သေသွားပြီ''

''ဟင်...လည်ပင်းမှာဓားဒဏ်ရာကြီးနဲ့ပါလား၊ အစ်မကို ဘယ်သူသတ်တာလဲ၊ ခင်ဗျားလား''

''ဟုတ်ပါတယ်ကွာ၊ ငါ ခင်မှူ့ကို သတ်မိပြီ''

ကိုကျော့မောင်က ဝန်ခံလိုက်ရာ မောင်ဝင်းသောင်လည်း အပြင်သို့ ကြောက်လန့်တကြား ထွက်ပြေးလေတော့သည်။

''လာကြပါဦး၊ အစ်မခင်မှူသေနေပြီ၊ ကယ်ကြပါဦး''

ပတ်ဝန်းကျင်ရှိအိမ်များမှ တစ်ယောက်ပြီးတစ်ယောက်ရောက်လာကြသည်။ သို့သော် အိမ်ထဲသို့မဝင်ရဲကြပေ။ အပြင်တွင် တစ်ယောက်တစ်ပေါက်ပြောဆို၍ ရပ်ကြည့်နေကြ၏။ ထို့နောက် ရပ်ရွာလူကြီးများ ရောက်လာကြသည်။ အိမ်ပေါ်သို့ တက်သွားကြ၏။

''မောင်ကျော့မောင်.....မောင်ကျော့မောင်၊ အဘတို့လာပြီကွယ်၊ မင်းစိတ်ကို အေးအေးငြိမ်ငြိမ်ထားနော်''

''ဟုတ်ကဲ့ အဘ၊ ကျွန်တော် ခင်မှူ့ကို ဒီဓားနဲ့သတ်မိပြီ အဘရာ၊ ကျွန်တော့်မိန်းမကို သတ်ပစ်လိုက်ပြီဗျာ၊ သူက တင်လတ်နဲ့ ဖောက်ပြန်နေလို့ပါဗျာ''

''သေချာလို့လား မောင်ကျော့မောင်၊ မင်းကိုယ်တိုင်မြင်ခဲ့လို့လား''

ကိုကျော့မောင် မဖြေနိုင်ပါ။သူ့အနေဖြင့် စိတ်ထဲတွင် သံသယရှိနေသည့်အတွက် သတ်မိခြင်းဖြစ်ကြောင်း ဝန်ခံလိုက်၏။ မောင်ဝင်းသောင်လည်း ရှိနေသည့်အတွက် ကိုကျော့မောင်၏သံသယအား ရှင်းပြလိုက်၏။

''ကိုကြီးကျော့မောင် အထင်မှားတာပါဗျာ၊ လွန်ခဲ့တဲ့ငါးရက်က မောင်ချမ်းမြေ့အောင်လေး ပိုးဆိုတယ်ဗျ၊ ကျွန်တော်တောင် ပြစ်ဖြစ်ချင်း တစ်ညသွားစောင့်ပေးခဲ့ရသေး

www.burmeseclassic.com

တယ်၊ အဲဒါမှ ကိုကြီးကျော့မောင်က မသိတာဘဲဗျာ၊ အစ်မခင်မူက သူ့ ယောက်ျား စိတ်ပူနေမှာစိုးလို့ဆိုပြီး ဖွင့်မပြောခိုင်းတာပါ၊ ဒါကို ကိုကြီး ကျော့မောင်က တလွဲထင်ပြီး စိတ် လိုက်မာန်ပါလုပ်လိုက်တာ၊ အခု တော့ အစ်မခင်မူ ဆုံးပြီဗျာ၊ ကဲ... ခင်ဗျားကြီး ကျေနပ်ပြီမဟုတ်လား''

မောင်ဝင်းသောင်မှာ ရှင်းပြ ရင်းဖြင့် သူပါရောယောင်ငိုနေပေပြီ။ အားလုံးက ကိုကျော့မောင်အပေါ် ဒေါသဖြစ်သွားကြ၏။ အထူးသဖြင့် လင်သား၏သံသယနှင့် စိုးရိမ်ပူပန် မှုကြောင့် အသိမပေးခဲ့ခြင်းအား စာ နာမိကြသည်။

''အစ်မခင်မူဟာ သိပ်ကို သနားစရာကောင်းတဲ့ မိန်းကလေး ပါဗျာ၊ ကိုကြီးကျော့မောင်ကို သူ သိပ်ချစ်တာပါ၊ ခင်ဗျားက အဲဒါကို မသိဘဲ ကိုတင်လတ်ကြီးနဲ့ စွပ်စွဲခဲ့ တယ်၊ သူတို့က ရိုးရိုးသားသား ခင် မင်ပြီး မောင်နှမလို စောင့်ရှောက် ကြတာပါ၊ မောင်ချမ်းမြေ့အောင်လေး ကို ဆေးရုံပေါ်မှာ သူပဲစောင့်အိပ် ပေးရှာတာဗျ၊ အဲဒီကျေးဇူးတရားကို မတင်ချင်နေ၊ ကျေးဇူးမကန်းနဲ့ဗျာ''

''မောင်ဝင်းသောင်၊ အစ်ကို မှားသွားပြီကွာ၊ အစ်ကိုဟာ ခင်မူ့ ကို သိပ်ချစ်လွန်းလို့ပါ၊ သူပြောခဲ့ သလို အစ်ကိုဟာ သူ့သေမှသံသယ စိတ်တွေ ပျောက်သွားရတာပါကွာ၊ ခင်မူ့ကို အစ်ကိုသတ်လိုက်တာ၊ အစ်ကိုဟာ လင်မိုက်ပါ၊ အစ်ကို့ကို ခွင့်မလွှတ်ပါနဲ့ ခင်မူရာ၊ ခွင့်မလွှတ် ပါနဲ့''

ကိုကျော့မောင်ပြောလိုက်မှ အားလုံး၏အကြည့်များက သူ့အား စက်ဆုပ်ရွံရှာ မုန်းတီးသွားကြသည့် အကြည့်များဖြင့် မျက်စောင်းထိုး လိုက်ကြသည်။

''အင်း...မိန်းကလေးဘဝက သနားစရာပဲကွယ်၊ သစ္စာတရားနဲ့ တည်ဆောက်ထားတဲ့ အိမ်ထောင် တစ်ခုကို အသက်နဲ့ရင်းပြီး သစ္စာပြု သွားခဲ့ပြီပေါ့၊ အင်း....သံသယစိတ် ဟာ အတော်ကြောက်စရာကောင်း တာပဲကွယ်''

ဦးကြီးသည် တစ်ချိန်က သူ့ လည်းတွင် လည်းကြုံလိုက်ပါလာ သော မိန်းကလေးအား သည်လို အဖြစ်ဆိုးမျိုး ကြုံရလိမ့်မည်ဟု မထင်မိပေ။ မိန်းကလေး၏ ရိုးသား သော မျက်နှာလေးအား ပြန်မြင်နေ မိသည်။ ဦးကြီးရင်ထဲ မကောင်း တော့ပေ။ သွေးအိုင်ထဲတွင် သေ ဆုံးနေပြီဖြစ်သော မိန်းကလေးတွင် ဝဋ်ကြွေးကုန်ဆုံးသွားခြင်းအတွက် ဦးကြီးက ကျေနပ်နေ၏။

''လောကကြီးမှာ သံသယဆို တာ ကြောက်စရာအကောင်းဆုံးရန် သူပါပဲကွယ်၊ သံသယစက်ဝန်းထဲ က လူသားတွေ မဖြစ်ကြပါစေနဲ့ ကွာ''

ဦးကြီး၏စကားက လူတိုင်းကို အသိပေးသလို ဖြစ်ခဲ့ရတော့သည်။

လေးစားစွာဖြင့်
နွေအလွန်


www.burmeseclassic.com

www.burmeseclassic.com



# ချစ်ကိုကိုယ်ပယ်

## ရွှေ့နေကြီး ဦးနက်ကျော် နှင့် ပိတောက်ကြိုင်သင်း



"ဦးနက်ကျော်"

"ဘာများလဲ ဦးဘတိုး"

"ပိတောက်ဦးကြိုင်သင်းဆိုတာ ကြားဖူးလား"

ရွှေ့နေကြီးဦးနက်ကျော်က ခေါင်းခါပြ၏။

"ကျွန်တော်တို့ရွှေ့နေလောကမှာတော့ နာမည်ကြီးပဲ"

"ဟုတ်လား၊ ကျွန်တော်ကတော့ မကြားဖူးဘူးဗျာ"

"ပိတောက်ဦးကြိုင်သင်းက ခင်ဗျားတို့၊ ကျွန်တော်တို့လိုပြင်ပစာပေတွေတော့ ဝါသနာမပါဘူး၊ ရွှေ့နေလောကမှာတော့အတော်အောင်မြင်တယ်၊ တိုက်နဲ့ကားနဲ့၊ ပြီးတော့ လက်ကိုင်ဖုန်း သုံးလေးလုံးနဲ့၊ ဘယ်ရွှေ့နေနဲ့မှ အရောတဝင်မနေဘူး၊ မျက်နှာကြောကလည်း ဘာတင်းသလဲမမေးနဲ့"

"ဟုတ်လား၊ သူက စာတွေဘာတွေ ဝါသနာမပါတာ ဘာဖြစ်လို့လဲ၊ ရွှေ့နေလောကနဲ့ မပတ်သက်ဘူးထင်လို့လား၊ ကျွန်တော့်ရဲ့ Chamber Master ဦးသောင်းရီက ပြောတယ်၊ ရွှေ့နေတစ်ယောက်ဟာ ဥပဒေစာအုပ်အပြင်ဗဟုသုတရမယ့် ပြင်ပစာတွေကိုလည်း လေ့လာဖတ်ရှုမှတ်သားရမယ်တဲ့"

"အဲဒါတော့ မသိဘူး၊ ပိတောက်ဦးကြိုင်သင်းက ဝတ္ထုတွေ၊ ကဗျာတွေ လုံးဝမဖတ်ဘူး၊ သူ့ရှေ့မှာ စာပေအကြောင်းပြောရင် စိတ်မဝင်စားဘူး"

"ဟုတ်လား၊ ဒါဆိုရင် ဦးဘတိုးပြောတဲ့ ရွှေ့နေ ပိတောက် ဦးကြိုင်သင်းဟာ ဆရာမစိန်စိန်ရေးတဲ့ ခရီးဝင်္က်ပါစာအုပ် ဖတ်ဖူးပုံမရဘူး"

"ဦးနက်ကျော်....ဆရာမစိန်စိန်စာအုပ်မှာ ဘာထူးခြားလို့လဲ"

"ဆရာမစိန်စိန်ရဲ့ ခရီးဝင်္က်ပါစာအုပ်ထဲမှာ ၁၉၅၄ ခုနှစ်၊ သင့်ဘဝမဂ္ဂဇင်းထဲမှာ ဆရာတင့်တယ်ရေးသားခဲ့တဲ့ စာပိုဒ်ကလေးအချို့ကို ကောက်နုတ်ဖော်ပြထားတယ်၊ မှတ်သားဖို့ အရမ်းကောင်းတယ်ဗျာ၊ ကျွန် တော်ဆိုရင် သဘောကျလို့ မှတ်စု စာအုပ်မှာ မှတ်ထားတယ်"

"ဘာတွေများလဲ၊ ကျွန်တော် သိချင်လိုက်တာဗျာ"

ရွှေ့နေကြီးဦးနက်ကျော်သည် အံဆွဲထဲမှ မှတ်စုစာအုပ်အနီကလေးကို ဆွဲထုတ်ပြီး ရွှေ့နေကြီး ဦးဘတိုးအား ဖတ်ပြသည်။

ထမင်းစား၍ အသက်ရှင်ကာ နေရုံမျှဖြင့် ဘဝမမည်သေး။ ဘဝဟူသည် ဥဩငှက်၏ ချိုမြိန်သောတေးသံကိုလည်းခံစားရ၏။ ပဒေသာပင်ကြီး၏ အရွက်ကြားတွင် တိုးဝေ့

www.burmeseclassic.com


ပြေးလွှား ဆော့ကစားနေသော လေနတ်သား၏ မြူးထူးသံကိုလည်း ခံမင်တတ်ရသေး၏။ ကြည်လင်စွဲ့ချိုညှံ့နုပျိုသော တယောသံတွင်လည်း ဘဝင်ကျတတ်ရသေး၏။ အရှက်ဦးနှင့် နှင်းမြူကြား၌ ပိုးတဝါးမျှ မြင်ရသော ရွှေစေတီကြီး၏ ကြည်ညိုသပ္ပာယ်အသွယ်အသွယ်တို့၌လည်း ကြည်နူးတတ်ရသေး၏။

ထမင်းစား၍ အသက်ရှင်ကာ နေရုံမျှဖြင့် ဘဝမည်သေး။ ဘဝဟူသည် နှင်းဆီပွင့်ချပ်လွှာတို့ ဝဲပျံ့လာသော ဆင်းရနံ့တို့၏ဂုဏ်ကို သိတတ်ရသေး၏။ ဝင်းဖန့်သော သရက်သီးမှည့်မှပေါ်ထွက်လာသည့် အမွှေးအထုံကို အာရုံပြုတတ်ရသေးသည်။ မိုးဦးကျစတွင် စိုစိုပွပွ ကြွ၍ထသော မြေသင်းနံ့ကိုလည်း အရသာခံတတ်ရသေးသည်။ မိတ်ဆွေစစ်တစ်ဦး၏ အပြုံးကိုလည်း နှလုံးသားကထိတွေ့ခံစားရသေး၏။ နဖူးထက်ဝယ် ထိလာသော မိခင်၏လက်မှ တသွင်သွင် စီးယိုသည့် စေတနာသည်လည်း သင့်ဘဝတွင် ပါဝင်ပေသည်။

"ကောင်းလိုက်တာ ဦးနက်ကျော်ရယ်၊ ကျွန်တော့်ဒိုင်ယာရီစာအုပ်စာရွက်လွတ်မှာကူးသွားဦးမယ်"

"နေဦး ဦးဘတိုး၊ အခုဖတ်ပြမယ့်အပိုဒ်က ပိုအရေးကြီးတယ်၊ ဆက်နားထောင်"

ရှေ့နေကြီးဦးနက်ကျော် ဆက်ဖတ်ပြသည်။ ဦးဘတိုး ထောင်နားစိုက်နေသည်မှာ စိတ်ဝင်တစား

ထမင်းစား၍ အသက်ရှင်ကာ နေရုံမျှဖြင့် ဘဝမည်သေး။ ဘဝဟူသည် စာဆိုတော်အပေါင်းကိုကုံး ဖွဲ့သီပြု ကဗျာနတ်တို့၌လည်း မွေ့လျော်တတ်ရသေးသည်။ ရှင်တော်မြတ်ဘုရားတို့၏ ဓမ္မဒေသနာတို့၌လည်း သဒ္ဓါပွားရတတ်သေး၏။ လူမွန်လူချွန်ပုဂ္ဂိုလ်ကြီးများ၏အတ္ထုပ္ပတ္တိများ၌ စိတ်အားတက်ကြွရခြင်းသည်လည်း ဘဝမည်ပေသည်။

"အပိုဒ်သုံးပိုဒ်စလုံး တန်ဖိုးရှိတယ်ဗျာ၊ နောက်ဆုံးအပိုဒ်ကတော့ ပိုပြီးမှတ်သားစရာကောင်းတယ်၊ ပြီးရင် ကျွန်တော့်ကို ကူးခွင့်ပေးနော် ဦးနက်ကျော်"

"ရပါတယ်၊ ဒါနဲ့ ဦးဘတိုး၊ ကျွန်တော်တို့ ရှေ့နေလောကမှာ ဦးကြိုင်သင်းဆိုတဲ့ရှေ့နေနှစ်ယောက်သုံးယောက်လောက်ရှိမယ်ထင်တယ်"

"ဟုတ်တယ် ဦးနက်ကျော်၊ ကျွန်တော် အခုပြောတဲ့ ပိတောက်ဦးကြိုင်သင်းကို ဦးနက်ကျော် သိပါတယ်၊ သူ့ရဲ့ဆိုင်းဘုတ်မှာတော့ ပိတောက်ဦးကြိုင်သင်းလို့ ရေးမထားဘူး၊ သူ့ရဲ့အတွင်းရေးကို သိတဲ့လူတွေက တိုးတိုးတိတ်တိတ် ကင်ပွန်းတပ်ထားတာ"

"ဟုတ်လား၊ ဦးဘတိုးပြောမှပဲ စိတ်ဝင်စားစရာဖြစ်လာပြီ၊ လုပ်ပါဦး ပိတောက်ကိစ္စ"

"ဦးနက်ကျော်သိမှာပါ၊ မူးယစ်ဆေးဝါးအမှုတွေကိုချည်း စပယ်ရှယ်လိုက်တဲ့ ရှေ့နေကြီး ဦးကြိုင်သင်းကို"

ဦးနက်ကျော်ခဏစဉ်းစားလိုက်ပြီး....

"ဟုတ်ပြီ၊ သိပြီ၊ မှတ်မိပြီ၊ ရွှေလက်စွပ်တွေကို လက်ဆယ်ချောင်းစလုံးဝတ်ထားတဲ့ရှေ့နေမဟုတ်လား"

"ဟုတ်တယ်၊ ပုဆိုးကလည်း ပြောင်ပြောင်၊ တိုက်ပုံကလည်း ပြောင်ပြောင်၊ နဖူးကလည်း ပြောင်ပြောင်နဲ့လေ၊ အဲဒီဦးကြိုင်သင်းကို ပြောတာ၊ သူ တရားရုံးသွားရင် တပည့်တွေက ထီးမိုးတဲ့သူကမိုး၊ ဝတ်ရုံသယ်တဲ့သူကသယ်၊ ခေါင်းပေါင်းဘူး ဆွဲသူကဆွဲနဲ့၊ ပြောရရင် ဇာတ်ထဲက မင်းသားထွက်လာသလား အောက်မေ့ရတယ်"

ရှေ့နေကြီး ဦးဘတိုးပြောပုံကြောင့် ဦးနက်ကျော် သဘောကျပြီး ပြုံးနေ၏။

"အဲဒီဦးကြိုင်သင်းတော့ ကျွန်တော်သိတာပေါ့ ဦးဘတိုးရာ၊ မူးယစ်ဆေးဝါးမှုဆို သူ့ပဲငှားကြတယ်၊ သူ့တရားခံရဲ့လက်ဝယ်မှာ မူးယစ်ဆေးဝါး လက်ပူးလက်ကြပ်မိတာတောင် လွတ်အောင်လိုက်နိုင်တယ်လို့ နာမည်ကြီးတယ်"

"ဟုတ်တယ်၊ အဲဒီအမှုမှာ အရမ်းနာမည်ကြီးသွားတယ်"

"ဒါကတော့ သူ့ရဲ့ကြိုးစားမှု အားထုတ်မှုပေါ့လေ၊ ဘာဖြစ်လို့ ပိတောက်ဦးကြိုင်သင်း ဖြစ်သွားရတာလဲ"

"ဒီလို ဦးနက်ကျော်ရေ၊ ထိုင်ဝမ်မှာနေတဲ့တရုတ်သူဌေးမကြီးတစ်ယောက်က သူ့သားလေး မူးယစ်ဆေးဝါးနဲ့ အဖမ်းခံရလို့ မြန်မာနိုင်ငံကို ပြန်လာတယ်၊ သူ့သားလေး အမှုအတွက် အကောင်းဆုံးရှေ့နေငှားဖို့ စုံစမ်းတယ်၊ သူ့သားလေး အမှုလွတ်အောင် လိုက်ပေးမယ်ဆိုရင် ကုန်ချင်သလောက်ကုန်ဆိုတဲ့ စိတ်နဲ့ စုံစမ်းနေတာ၊ ကျွန်တော့်ဆီကိုလည်း အဲဒီတရုတ်သူဌေးမကြီး ရောက်လာတယ်၊ ဖြစ်ချင်တော့ဗျာ

www.burmeseclassic.com



သူဌေးမကြီး ရောက်လာတဲ့အချိန်မှာ ကျွန်တော်က စွပ်ကျယ်ပခုံးချိတ်ကလေးနဲ့ ခရမ်းချဉ်သီးငါးပိချက်ချက်နေတဲ့တန်းလန်း၊ တရုတ်မကြီးက ကျွန်တော့်ကို တရားလွှတ်တော်ရှေ့နေ ဦးဘတိုးရှိလားတဲ့''

"အေးပေါ့လေ၊ ဆရာဦးဘတိုးကလည်း အချက်အပြုတ်ဝါသနာပါတော့ ပက်ပင်းတိုးနေတာပေါ့''

ရှေ့နေကြီးဦးနက်ကျော်က ပြုံးစစဖြင့် ပြောလိုက်၏။

"ဟုတ်တယ်ဗျာ၊ ပက်ပင်းကြီးတိုးနေတော့ ကျွန်တော်လည်း မတတ်နိုင်တော့ဘူး၊ငါးပိချက်အိုးကိုယောက်မနဲ့ မွှေရင်းနဲ့ပဲ ကျွန်တော်တရားလွှတ်တော်ရှေ့နေ ဦးဘတိုးပါလို့ ပြောလိုက်တယ်၊ ကျွန်တော့်ငါးပိချက်နံ့ကြောင့်လားမသိဘူး၊ တရုတ်မကြီး နှာခေါင်းတစ်ချက်ရှုံ့သွားတယ်၊ ကျွန်တော့်မှာယောက်မကြီးကိုင်လျက်နဲ့ ကိုးရိုးကားရားဖြစ်နေတာပေါ့ဗျာ''

ဦးဘတိုး ဟန်ပန်အပြည့်နဲ့ပြောနေပုံက ရယ်စရာ။

"လိုရင်းပြောရရင်ဗျာ သူ့သားလေးအမှု ကွင်းလုံးကျွတ်လွတ်အောင် လုပ်ပေးနိုင်မလား၊ ကြိုက်သလောက်တောင်းပါလို့ ကျွန်တော့်ကိုပြောတယ်၊ ဦးဘတိုး သိတဲ့အတိုင်း မူးယစ်ဆေးဝါးအမှုကြီးကို ဘယ်သူက လွှတ်ပါမယ်လို့ တာဝန်ယူရဲမလဲ၊ ဘယ်အမှုကိုပဲဖြစ်ဖြစ် ကျိန်းသေလွှတ်မယ်လို့ အာမ မခံရဲဘူးလေ၊ သူဌေးမကြီးက ငွေပုံပေးမယ်ပြောတယ်၊ ကျွန်တော်က ရှေ့နေခပဲယူပါတယ်၊ ကျန်တဲ့တာဝန်တွေ မယူနိုင်ဘူး၊ လွှတ်ပါမယ်လို့



လည်း တာဝန်မခံနိုင်ဘူးလို့ ပြောလိုက်တော့ တရုတ်သူဌေးမကြီးဟာ ထိုင်တောင်မထိုင်တော့ဘူး၊ ချာခနဲထွက်သွားတယ်၊ အဲဒီတရုတ်မကြီး တရားလွှတ်တော်ရှေ့နေဦးဝင်းဆွေဦးနဲ့ အထက်တန်းရှေ့နေ ဦးချစ်ကိုကို (ဘဏ်)တို့ဆီ ရောက်သွားသေးတယ်၊အဲဒီဆရာနှစ်ယောက်နဲ့လည်း တရုတ်သူဌေးမကြီးအဆင်မပြေဘူး၊ နောက်ဆုံးတော့ ဦးကြိုင်သင်းထံ ရောက်သွားတယ်''

ရှေ့နေကြီးဦးဘတိုးသည် ပြောလက်စစကားကို ခဏရပ်ပြီး ရေတစ်ခွက်ကို မော့နေတော့သည်။

"လုပ်ပါဦး၊ ဦးကြိုင်သင်းဆီ ရောက်သွားတော့....''

ဦးနက်ကျော်က သိလိုစိတ်စောပြီး စကားဆက်ခိုင်းသည်။

"သိတဲ့အတိုင်း ဦးကြိုင်သင်းက ကျွန်တော်တို့ ခင်ဗျားတို့လို မဟုတ်ဘူး၊ နှစ်ဆယ့်လေးနာရီ စမတ်ကျကျနေတာ၊ ပြီးတော့ သူ့ရုံးခန်းက အဲယားကွန်းနဲ့ ခမ်းခမ်းနားနား၊ မဟော်ဂနီစားပွဲကြီးကလည်း ပြောင်ပြောင်လက်လက်၊ တရုတ်မကြီး အရမ်းသဘောကျသွားတာပေါ့၊ သဘောကျတာထက် အထင်ကြီးတာပေါ့လေ၊ တရုတ်သူဌေးမကြီးက သွယ်ဝိုက်ပြီးစကားမပြောဘူး၊ ဒဲ့ဒိုးပဲပြောချလိုက်တယ်၊ သူ့သားကို ကွင်းလုံးကျွတ် လွှတ်အောင်လုပ်ပေး၊ အားလုံးအပြီးအစီး ဘယ်လောက်ကုန်မလဲ၊ ဒါပဲပြောတယ်၊ ဦးကြိုင်သင်းက မူလခရိုင်တရားရုံးမှာလည်း လိုက်ပေးမယ်၊ လိုအပ်လို့ အဆင့်မြင့်ရုံးတွေမှာ ပြင်ဆင်မှု၊ အယူခံမှုတွေကအစ လွှတ်တဲ့အထိ တာဝန်ယူမယ်၊ အပြီးအစီး သက်သေတွေရဲ့ စားစရိတ်၊ သွားလာစရိတ် အပါအဝင် သိန်းသုံးထောင် တောင်းလိုက်တယ်''

"ဟ..အား များလှချည်လား''

ရှေ့နေကြီးဦးနက်ကျော်၏ အံ့သြသံ ထွက်လာ၏။

"မများနဲ့၊ တရုတ်မကြီးက သိန်းသုံးထောင်နဲ့ လောက်ပြီလားလို့ ထပ်မေးတယ်''

"ဦးကြိုင်သင်းက ဘာပြောလဲ''

"နေပြည်တော်သွားရရင်တော့ ခရီးစရိတ် တစ်ခေါက်ကို ငါးသိန်းပေးရမယ်လို့ ပြောလိုက်တော့ တရုတ်သူဌေးမကြီး အကြိုက်တွေ့သွားတယ်၊ သူ့သားလေး ကျိန်းသေလွှတ်ပါ့မလားလို့ ထပ်မေးတော့ ဦးကြိုင်သင်းက ကျွန်တော် စကားကို နှစ်ခါမပြောဘူး၊ မယုံရင် မအပ်နဲ့လို့ ခပ်မာမာပြောလိုက်တယ်၊ ဒီတော့ တရုတ်သူဌေးမကြီးဟာ ဦးကြိုင်သင်းရုံးခန်းက မခွာနိုင်တော့ဘူး၊ ဦးကြိုင်သင်းရဲ့ ညို့ကျော့ကွင်းမှာ ငြိနေပြီလေ၊ ဦးကြိုင်သင်းတောင်းတဲ့ သိန်းသုံးထောင်ကို အဲ

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှာပဲ တစ်ခါတည်းချေတယ်''

''ငွေအများကြီးကို ချက်နဲ့မလွှဲဘူးလား''

''ငွေသားချည်းပဲ ချသွားတာ၊ ဦးကြိုင်သင်းကလည်း ငွေရေတွဲစက်နဲ့ ရေယူတာ ဦးနက်ကျော်''

''အင်း..ဦးဘတိုးရေ ကျွန်တော့်ရှေ့နေသက်တမ်းမှာ အဲဒီလောက်ငွေများများလည်း မမြင်ဖူးဘူး၊ ရှေ့နေခ တစ်လုံးတည်းလည်း မရဖူးပါဘူး၊ ရှေ့နေခကို ကြက်စာချသလို အလီလီပေးကြတယ်၊တချို့ဆိုရင် အမှုပြီးသွားတာတောင် ရှေ့နေခ မကျေတာတွေ ရှိသေးတယ်''

''ဟုတ်တယ် ဦးနက်ကျော်၊ ကျွန်တော်ဆိုရင် ငါးပိချက်နဲ့ နှစ်ပါးသွားနေရတာသာ ကြည့်ပေတော့''

ဦးဘတိုးက သူပြေလည်ပုံကို ကြော်ငြာထိုးနေသည်မှာ ရိုးသားမှုအပြည့်။

''ဆက်ပါဦး၊ တရုတ်သူဌေးမကြီးနဲ့ ဦးကြိုင်သင်းကိစ္စ''

''ပြောရရင်တော့ အရှည်ကြီးပါဗျာ၊ တိုတိုနဲ့ ဖြတ်ပါ့မယ်၊ နောက်ကြုံတော့မှ အသေးစိတ်ပြောမယ်၊ ဒါနဲ့ပဲ ဦးကြိုင်သင်းကတရုတ်သူဌေးမကြီးရဲ့သား မူးယစ်ဆေးဝါးအမှုကို လိုက်တယ်၊ မူလခရိုင်တရားရုံးကစွဲ ချက်တင်တော့ တိုင်းဒေသကြီးတရားလွှတ်တော်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဦးကြိုင်သင်းက ပြင်ဆင်မှုတက်တယ်၊ မအောင်မြင်ဘူး၊တရုတ်သူဌေးမကြီးက သူ့သားလေးအမှုကြာလာတော့ ဦးကြိုင်သင်းကို တကျိကျိပြောတယ်၊ ဦးကြိုင်သင်းက ချော့မော့ပြီးဖျောင်းဖျတော့ တရုတ်သူဌေးမကြီး ငြိမ်သွားပြန်တယ်၊ ဦးကြိုင်သင်းက ဟိုလကျရင်လွတ်မယ်၊ ဒီလကျရင်လွတ်မယ်နဲ့ အချိန်ဆွဲတာပေါ့လေ၊ တရားခံပြသက်သေတွေကိုလည်း ဆယ်ယောက်လောက် စာရင်းတင်ပြီး အချိန်ဆွဲတယ်၊ တရုတ်သူဌေးမကြီးမှာ ငွေကလည်း လက်လွန်ထားပြီးနေပြီလေ၊ ကြာလာတော့ တရုတ်သူဌေးမကြီး စိတ်မရှည်တော့ဘူး၊ ဦးကြိုင်သင်းကို အပြတ်မေးတယ်''

''ဘယ်လိုမေးလဲ ဦးဘတိုး''

''ငါ့သားလေး ဘယ်တော့လွတ်မလဲ၊ အတိအကျပြောပါလို့ ခပ်ပြတ်ပြတ်မေးတယ်၊ ဦးကြိုင်သင်းက အစ်မကြီး ကောင်းကောင်းသိပါတယ်၊ ပန်းပိတောက်ဝါဝါတွေ ပွင့်တဲ့လ၊ တန်ခူးလ၊ အဲဒီလမှာ အစ်မကြီးသားလေး ကျိန်းသေလွတ်မယ်၊ နည်းနည်းသည်းခံပါ၊ ပိတောက်တွေ မကြာခင် ပွင့်တော့မှာပါလို့ ပြောလိုက်တော့ တရုတ်သူဌေးမကြီး ကျေနပ်သွားတယ်''

''နောက်ဆုံးတော့ တရုတ်သူဌေးမကြီးရဲ့သားလေး အမှုက ကွင်းလုံးကျွတ် လွတ်သွားရောလား ဦးဘတိုး''

ရှေ့နေကြီးဦးနက်ကျော်က သိချင်စိတ်စောပြီး ဖြတ်မေးမိသွား၏။ ထိုအခါ ရှေ့နေကြီးဦးဘတိုး ပြန်ပြောလိုက်သောစကားကြောင့် ဦးနက်ကျော် အားရပါးရရယ်မောလေတော့သည်။

''ဖြစ်ချင်တော့တရုတ်သူဌေးမကြီးသားလေးအမှု အမိန့်မချမီ နှစ်ရက်အလိုမှာ ပိတောက်ပွင့်တာ အပင်တိုင်းလိုလို ဝါထိန်နေတာပဲ၊ တရုတ်သူဌေးမကြီး အရမ်းပျော်နေတယ်၊ အမိန့်ချတဲ့နေ့ နံနက်စောစော ပိတောက်ပန်းတွေဝယ်ပြီး တရုတ်မကြီးက ဆူးလေဘုရားမှာ လှူတယ်၊ ပြီးတော့မှ အမိန့်ချမယ့် ခရိုင်တရားရုံးကိုသွားတယ်၊ တရားရုံးမှာရှေ့နေဦးကြိုင်သင်းကိုရှာတော့ မတွေ့ဘူး၊ အမိန့်မချမီ သားအမိနှစ်ယောက် စကားတွေပြောကြတယ်၊ တရုတ်မကြီးက သူ့သားကို ပြောတယ်၊ ငါ့သား ဒီနေ့ ကျိန်းသေလွတ်မှာ၊ ဘာမှစိတ်မပူနဲ့၊ပိတောက်တွေပွင့်နေတဲ့အတွက် ကျိန်းသေတယ်လို့ ပြောလိုက်တော့ တရုတ်သူဌေးမကြီးသားလေးလည်း ပျော်နေတာပေါ့၊ အဲဒီနေ့ ညနေ ၃ နာရီထိုးတော့ အမိန့်ချတယ်၊ ထောင်ဒဏ် တစ်ဆယ့်ငါးနှစ်ချလိုက်တယ်၊ သူ့သားကို ထောင်ဒဏ် (၁၅)နှစ်လည်းချလိုက်ရော တရုတ်သူဌေးမကြီး ချုံးပွဲချငိုပြီး တစ်ရုံးလုံးကြားအောင် အော်ဟစ်နေတယ်၊ ပန်းပိတောက်ဝါဝါတွေပွင့်ရင် ငါ့သားလေး ကျိန်းသေလွတ်မယ်ဆိုတဲ့ ဦးကြိုင်သင်းရေ၊ ငါပေးထားတဲ့ သိန်းသုံးထောင် ပြန်မပေးရင်တော့ကုလသမဂ္ဂ လုံခြုံရေးကောင်စီအထိတိုင်မှာပဲ''တဲ့။ ။

ချစ်ကိုကိုယု



www.burmeseclassic.com

# ကျော်သိန်း စာပေ မှ ကြိုဆိုပါ၏

# Welcome to Kyaw Thein




(၁) အမှတ် (၂၀၄/၂၀၈) (၂) အမှတ် (၁၉၇)၊ မြေညီထပ်၊
(၃) အမှတ် (၁၈၃)၊ မြေညီထပ်၊ (၃၂)လမ်း၊ ရန်ကုန်၊ ဖုန်း ၃၇၆၀၉၆

www.burmeseclassic.com

www.burmeseclassic.com



# မောင်သာမန် (ဇီးကုန်း)

# နှင်းဆီရိုင်းည

(The Wild Rose's Night)



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ကျွန်မအကြောက်ဆုံးအရာနှစ်ခုရှိပါ၏။ တစ်ခုမှာ မိဘများဖြင့် တစ်သက်တာ အတူတကွ မနေထိုင်ရခြင်းဖြစ်၍နောက်တစ်ခုမှာ မချစ်မခ[illegible]နှစ်သက်သူများနှင့် အတူနေထိုင်ရခြင်း ဖြစ်ပါ၏။

ကျွန်မ၏ ဖြစ်ချင်သောဆန္ဒသည် အများဆန္ဒနှင့်မတူ ကွဲပြားကောင်း ကွဲပြားပါလိမ့်မည်။ ကျွန်မ၏ စိတ်သန္တာန်၌ ဖြစ်ပေါ်နေသော မလိုလားအပ်သည့်ကိစ္စများသည် တကယ့်လက်တွေ့နယ်ပယ်တွင် ထပ်တူထပ်မျှ ဖြစ်ပေါ်ခံစားနေရသည့်အတွက် ထိုဖြစ်ပေါ်မှုများသည်ပင် ကျွန်မ အကြောက်ဆုံးသောအရာများ ဖြစ်နေခြင်းပင်။

ငယ်စဉ်ကလေးဘဝမှအစ သိတတ်သည့်အရွယ်ရောက်သည့်တိုင် ဖခင်ဖြစ်သူဦးပြုံးချိုနှင့် မိခင်ဒေါ်လှရီတို့နှင့်အတူ ကျွန်မ နုပန်းငယ်တစ်ယောက် ပျော်ရွှင်ချမ်းမြေ့ခဲ့ရပါ၏။

ကျွန်မ ဆယ်နှစ်သမီးဘဝတွင် မိခင်ဖခင်တို့၏ အိမ်ထောင်ရေး ဖောက်ပြန်ရှုပ်ထွေးမှုများသည် မဖုံးနိုင်မဖိနိုင် ပြဿနာပေါင်း သောင်းခြောက်ထောင်ဖြင့် ကျွန်မအား ထားရစ်၍ တစ်ဦးနှင့်တစ်ဦး ကျောခိုင်းထွက်ခွာသွားကြသည်။ ထိုအဖြစ်အပျက်သည် ကျွန်မ မလိုလားဆုံးသော လက်မခံနိုင်သည့်အကြောင်းခြင်းရာဖြစ်ပြီး ကျွန်မအကြောက်ဆုံးသော အရာနှစ်ခုထဲမှ တစ်ခုဟုဆိုရချေတော့မည်။

ထိုစဉ်က ကျွန်မသည် မိဘနှစ်ဦး၏ ပြဿနာရေးကို လိပ်ပတ်လည်အောင် နားလည်နိုင်စွမ်း မရှိသေးသည့်အရွယ် ဖြစ်သော်လည်း မြင်းမိုရ်တောင်ကြီးများပမာ ကျေးဇူးကြီးမားလှသော မိဘနှစ်ဦး ကွာရှင်းပြတ်စဲမှုကို လုံးဝမလိုလားခဲ့ပါပေ။

မိဘနှစ်ဦး၏ပဋိပက္ခကို မသိသေးသည့် ကျွန်မတစ်ယောက်မိဘနှစ်ဦး၏ ရင်ခွင်တွင်းဝယ် ကြည်နူးခဲ့ရပါ၏။ ဖခင်၊ မိခင်တို့၏ နွေးထွေးသောမေတ္တာဓာတ်ဖြင့် အေးချမ်းသာယာခဲ့ရပါ၏။

ကျွန်မ၏ လန်းဆန်းသောဘဝလေးသည် မိဘတို့၏အရိပ်အောက်ဝယ် ရှင်သန်နိုးကြားခဲ့ရ၏။

သို့စေကာမူ လူသားတို့၏ တစ်သက်တာ ဘဝလမ်းခရီး တစ်လျှောက်တွင် အစဉ်သဖြင့်ဖြော်ဖြူးသာယာနေသည်တော့မဟုတ်သည်ကို နှောင်းပိုင်းကာလမှပင် ကျွန်မ သိခဲ့ရပါ၏။

သာယာချမ်းမြေ့ဖွယ်ကောင်းသော ကျွန်မတို့၏ သီရိဂေဟာ မိသားစုလေးသည် မည်သို့သော ကံကြမ္မာဆိုး ဝင်ရောက်လာသည် မသိ။ ကျွန်မချစ်ရသော မိဘများ ထံသို့ ဆိုင်းမဆင့်ဗုံမဆင့် ဝင်ရောက်လာသည့် တဏှာ၊ ကာမ၊ လောဘ၊ မောဟ၊ ဒေါသတရားများကြောင့် မိသားစုလေး တစ်စစီ ပြိုကွဲလွင့်ပြယ်ခဲ့ရသည်။

ကျွန်မ၏ဖခင် ဦးပြုံးချိုသည် မကွေး၊ အောင်လံ၊ တောင်တွင်းကြီးသို့တက်၍ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ အာလူး၊ နှမ်း၊ ပဲနှင့် ခရမ်းချဉ် စသည်တို့ကို ဝယ်ယူလျက် ရန်ကုန်သို့တိုင် တင်ပို့ရောင်းချနေသူ ဖြစ်သည်။

ဦးပြုံးချို တင်ပို့လိုက်သော တချို့ကုန်ပစ္စည်းအား မိခင်ဖြစ်သူ ဒေါ်လှရီမှ တည်းကုန်းဈေးအတွင်း ရောင်းဝယ်ဖောက်ကားခြင်းဖြင့် မိသားစု စားဝတ်နေရေး ပြေလည်ခဲ့သည်။

ကျွန်မ၏ မိဘများသည် ကိုယ်စီကိုယ်င ကုန်စို၊ ကုန်ခြောက်များအား လက်လီလက်ကားရောင်းချ၍ ပြေလည်နေကြရာမှ မိခင်ရော ဖခင်ပါ အိတ်ဖောင်း၍ စိတ်ပြောင်းသွားခဲ့ကြသည်ဟု ပြောရမလိုပင်။

ကျွန်မ၏ အဖေနှင့်အမေသည် မည်သူက စကနဦး ဖောက်ပြန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည်ကို မသိခဲ့ရသော်လည်းဖောက်ပြန်ခြင်းများဖြင့် ပြိုင်ပွဲတွင် ပန်းဝင်ခဲ့ခြင်းတွင်မူ အတူတူဖြစ်လိမ့်မည်ဟု ကျွန်မ ထင်မြင်ခဲ့ပါ၏။

အထက်အညာသို့ ကုန်ကူးသန်းနေသော ဖခင် ဦးပြုံးချိုသည် ကျွန်မတို့သားအမိထံသို့ ပြန်လည်ရောက်ရှိရန် အလှမ်းကွာဝေးလာသကဲ့သို့ မိခင်ဒေါ်လှရီသည်လည်း တခြားသော ကုန်သည်တစ်ဦးနှင့် ပြောမဆိုးပေါင် တောသုံးတောင် ဖြစ် နေကြတော့သည်။

တစ်နေ့တွင် ဖခင်ထံမှစာတစ်စောင်သည် မိခင်ဖြစ်သူထံ ရောက်ရှိလာ၏။ ယင်းနောက် အမေ့ထံမှ အေးစက်စက်လေသံဖြင့် ကျွန်မအား ပြောလာ၏။

''သမီး..နုပန်းငယ် စိတ်ခိုင်ခိုင်ထား၊ နင့်အဖေလေ တို့သားအမိကို ထားခဲ့ပြီ''

အမေ့ထံမှ စိတ်မပါ့တပါစကားများသည် ကျွန်မအတွက် တုန်လှုပ်စရာပင်။

အမေပြောသည့် အဖေ၏အကြောင်းတရားများသည် ကျွန်မ မလိုလားသော အကြောက်ဆုံးအရာများ ဖြစ်ခဲ့ပြီလား။ ထိုစဉ်ကပင် နုပန်းငယ်ဟူသော ကျွန်မသည် နာမည်နူးညံ့သော်လည်းခက်ထန်ကြမ်းတမ်းသည့်ဘဝတစ်ခု၏ အစပိုင်းသို့ ဝင်ရောက်မှန်းမသိ ဝင်ရောက်လာနေသည်ဟု ဆိုရပါလိမ့်မည်။

''အဖေ..အဖေ..အဖေ ဘာဖြစ်လို့လဲ အမေ၊ အဖေ ဘာဖြစ်လို့လဲ''

အားကိုးအားထားပြုရာ မြင်းမိုရ်တောင်ကြီး ပြိုကွဲပျက်စီးသွားမည်ကို စိုးရိမ်သော ကျွန်မ၏ အလောသုံးဆယ်နိုင်သော အမေးများကြောင့် အမေသည် ကျွန်မအား အေးစက်စက် ကြည့်နေပါ၏။

ကျွန်မမှာ အဖေများ လမ်းတွင်တစ်ခုခု မတော်တဆဖြစ်၍လားဟူသည့် စိုးရိမ်သောကအတွေးတစ်ခုသာ ဝင်ရောက်နေသည်မို့ တခြားသော အတွေးဆန်းများဖြင့် ကျွန်မ မတွေးမိခဲ့ပါပေ။



**ငယ်ရွယ်နုပျိုစဉ်ကပင်**
**အကျည်းတန်သည့်**
**အထိးကျန်ဆန်လှစွာဖြင့်**
**လူ့ဘဝလမ်းကို**
**တစ်ကိုယ်တည်း**
**လျှောက်နေရခြင်းသည်**
**ရေးကံမကောင်း၍ဟုသာ**
**ကံကိုသာ**
**ပုံချရပါတော့မည်**
**...**

www.burmeseclassic.com

ထိုအခါက ကျွန်မ၏ရင်တစ်ခုလုံး မွေးအဖေအတွက် အရွယ်နှင့် မလိုက်အောင် ပူလောင်လှသည်ဟု ကျွန်မထင်ပါသည်။ သို့သော် အမေဖြေလိုက်သည့် အဖြေသည် ကျွန်မ၏ စိုးရိမ်သောအတွေးနှင့် ထပ်တူမကျ။ အမေ့ထံမှ ကြားလိုက်ရသည့် စကားကြောင့် ရင်တုန် လှိုက်မောစွာဖြင့် ကြေကွဲဝမ်းနည်းရတော့သည်။

“ညည်းအဖေ သူကုန်ကောက်နေကျ ပွဲရုံကအမျိုးသမီး ပွဲရုံပိုင်ရှင်နဲ့ မယူမဖြစ် ယူလိုက်ရပြီတဲ့”

ကျွန်မဘဝတစ်သက်တာတွင် မခံစားဖူးသည့် ဝေဒနာတစ်ခုသည် ကျွန်မ၏ရင်တစ်ခုလုံးအား မီးမြှိုက်သကဲ့သို့ နာကျင်စွာ ခံစားရပေ၏။ မယုံကြည်နိုင်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ မလိုလားသော ဖြစ်ရပ်အား လွယ်ကူစွာ လက်မခံနိုင်ခြင်း၊ ဖခင်ဖြစ်သူအား နှမြောတသခြင်း၊ ဖခင်၏ မေတ္တာကရုဏာအား လက်လွတ်ဆုံးရှုံးရမည့်အရေးကို စိုးရိမ်ပူပန်ကြောက်ရွံ့ခြင်းစသည့် သောကတို့သည် ကျွန်မ၏ နှလုံးသားရင်ပြင်၌ ဖြစ်ပေါ်ခံစားခဲ့ရသည်။

“ရက်စက်လိုက်တာ အဖေရယ်.....”

ကျွန်မအနေဖြင့် ရင်၌ဝေဒနာခံစားခြင်းအား ထုတ်ဖော်မပြောတတ်သည်ကြောင့် မျက်ရည်နှင့် မျက်ခွက်ဖြင့်သာ။

အဖေ့အတွက် အမေ ဘယ်လိုခံစားရပါ့မလဲဟူသောသိလိုစိတ်ဖြင့် အမေ့ကို လှမ်းကြည့်လိုက်တော့ အဖေပေးလိုက်သည့်စာအား နံဘေးတွင်ချထားပြီး ဆေးပေါ့လိပ် မီးဖွာနေသည်မှာ မည်သို့သော ခံစားချက်မှ မရှိသည့်အတိုင်းပင်။

အမေသည် အဖေနှင့်ပတ်သက်၍ မျက်ရည်တစ်ပေါက်ကလေး မကျ။ အမေသည်လည်း အဖေ့လိုပင် မေတ္တာရေအလျဉ် တသွင်သွင် စီးဆင်းနေသည့် သံယောဇဉ် စမ်းချောင်းကလေးအား အမုန်းတာတမံ ပိတ်ခဲ့လေသလားမသိ။ အမေ၏ ပုံသဏ္ဌာန်သည် မည်သို့မျှ မဖြစ်သလို။

“အမေ...သမီးတို့လေ အဖေ့ကို သွားခေါ်ကြမယ်”

ကျွန်မ၏မသိသားဆိုးဝါးသော စကားကြောင့် သူစိမ်းဆန်သော အမေ၏အကြည့်တို့သည် ကျွန်မအား စားမတတ်ဝါးမတတ် ပုံစံ။ ရှေ့ဆက်၍ အမေ့အား ကျွန်မ မည်သည့်စကားမျှ မဆိုရဲတော့ပါ။

“ညည်း ဘာမှမသိပါဘူးနုပန်းငယ်ရယ်၊ နင့်အဖေက ငါတို့သားအမိကို ကျောခိုင်းထွက်သွားတာပဲ၊ သွားခေါ်တော့ရော လိုက်မယ်ထင်လို့လား”

ကျွန်မသည် အဖေ့ကိုချစ်သကဲ့သို့ အမေ့ကိုလည်း ချစ်ပါ၏။ အမေသည် ကျွန်မနှင့်ပို၍ နီးကပ်စွာ နေရသဖြင့် ကျွန်မ အမေ့ကို ပို၍ချစ်ပါ၏။ အမေ့ကို ကျွန်မချစ်သည့်အပြင် ကြောက်လည်းကြောက်၏။

သို့ဖြင့် ဖခင်၏ စွန့်လွှတ်မှုကြောင့် ခံစားနေရသော ကျွန်မ အမေရိုက်မည်စိုး၍ ခပ်ဆိတ်ဆိတ်နေလိုက်သည်။ ကျွန်မ၏မျက်ဝန်းထဲ၌မူ မျက်ရည်ကြည်များက တားမရ ဆီးမနိုင်စွာ။

+ + +

အဖေဖြစ်သူ နောက်အိမ်ထောင် ထူသွားပြီးသည့်နောက် လောကဓံကို ကြံ့ကြံ့ခံမည်ဟု အမေတွေးခဲ့လေသလားမသိ။ ရှိစုမဲ့စု ငွေကြေးများဖြင့် အရင်းပြုလျက် ကုန်များကောက်၍ အရောင်းအဝယ် ပြုနေခဲ့ပါ၏။ အဖေကတော့ ရပ်ဝေးမှနေ၍ ကျွန်မအတွက်ဆိုပြီး ငွေကြေးတချို့ ထောက်ပံ့ခဲ့ပါ၏။ သို့သော် ဒါကလည်းတစ်ရံတစ်ခါသာဖြစ်၏။

သားအမိနှစ်ယောက် ဈေးရောင်းဝယ်ခြင်းတို့ဖြင့် ဝမ်းရေးဖူလုံဖို့ ရုန်းကန်နေစဉ် ကျွန်မသည် ပျိုမျစ်နုစ ရွှေရင်သိမ်းသစ်အချိန်ဟု ဆိုရမည့်ကာလ ကျွန်မချစ်သော အမေသည် ကျွန်မအား ညှာတာမှု ကင်းမဲ့စွာဖြင့် အကြွေးပတ်လည်ဝိုင်းနေသည့် ဆိုင်ခန်းလေး၌ အဒေါ်ဝမ်းကွဲတစ်ယောက်နှင့် အကျည်းတန်ဆန်စွာ ထားခဲ့ပါ၏။ အမေကား အဖေရှိစဉ်ကတည်းက တိတ်တဆိတ်ရည်ငံနေသော ကျော်မိုးဆိုသူနှင့် ကောက်ကာငင်ကာ လိုက်ပြေးလေတော့၏။

မြီးကောင်ပေါက် ဆယ်ကျော်သက်အရွယ် ကျွန်မသည် ကံအကြောင်းမလှ၍ ဘဝလမ်းကြောင်းမကောင်းခဲ့သည်မို့ ဝမ်းနည်းပက်လက် ငိုကြွေးရသည်က တစ်နေ့

www.burmeseclassic.com

တာမဟုတ်။ နေ့စဉ်ရက်ဆက်ဆိုသလို တစ်ရက်မပျက်ခဲ့ပေ။ မြွေပူရာ ကင်းမှောင့်ဖြစ်ရသည့် ကြွေးမြီကိစ္စများသည် ဒုန့်ဒေး ဖြစ်နေသည်မို့ ကျွန်မ၏ရင်အား ပူလောင်ခြင်းမက ပူလောင်ခဲ့ပါ၏။

"နုပန်းငယ် နင့်အမေလာရင် ပြောလိုက်၊ ငါ့ကိုပေးရမယ့်ငွေ သုံးသောင်းရှိတယ်၊ နင့်အမေမလာရင် နင်ဘယ်လို ဖြေရှင်းပေးနိုင်မလဲ၊ စဉ်းစားထား"

"မလှရီ...မလှရီ မရှိဘူးလား၊ လွန်ခဲ့တဲ့တစ်ပတ်ကယူထားတဲ့ ကုန်ဖိုးငွေ ခြောက်သောင်း ပွဲရုံကို ဒီနေ့အရောက်လာပေးဖို့ မှာလိုက်တယ်၊ နင့်အမေလာရင် ဆက်ဆက်ပြောလိုက်ပါ"

"ဟဲ့ကောင်မလေး.....ဒီလကုန်ရင် ယူထားတဲ့ ကုန်ဖိုးတွေ ရှင်းရမှာနော်၊ နင့်အမေနဲ့ အမြန်ဆုံးဆက်သွယ်ပြီး အကြောင်းကြားလိုက်"

ကျွန်မ အကြောက်ဆုံးသော အရာသည် မိဘများနှင့် အတူမနေရခြင်းဆိုခြင်းကြောင့် လောကတွင် ကျွန်မ အဖေအမေတို့နှင့် ခွဲခွာခြင်းဖြင့် အကြောက်ဆုံးအရာကို ကြုံတွေ့နေရပြီဖြစ်သည်။

ယခုတစ်ခါ မိခင်ဖြစ်သူနှင့် ထပ်မံခွဲခွာရပြန်ခြင်းကြောင့် ကျွန်မကိုယ်ကျွန်မ ယူကျုံးမရကြီးစွာ ခံစားခဲ့ရပြန်သည်။ ယခုကဲ့သို့ ကျွန်မသည် ငယ်ရွယ်နုပျိုစဉ်ကပင် အကျည်းတန်သည့် အထီးကျန်ဆန်လှစွာဖြင့် လူ့ဘဝလမ်းကို တစ်ကိုယ်တည်း လျှောက်နေရခြင်းသည် ရေးကံမကောင်း၍ဟုသာ ကံကိုသာ ပုံချရပါတော့မည်။

ကျွန်မအား ချန်ထားရစ်လျက် လမ်းခွဲသွားကြသော အဖေနှင့်အမေတို့သည် သမီးပျိုဖြစ်သော ကျွန်မအား မည်သို့နေ၍ မည်သို့စားနေသည်ကို မလှေ့လာ၊ မစူးစမ်း မမေးမြန်းကြပေ။ အိမ်ထောင်သစ်ကိုယ်စီ ထူထောင်လျက်ပျော်ရွှင်နေကြပြီဖြစ်သည်။ အဖေသည်ပင် နောက်အိမ်ထောင်ဖြင့် သားသမီးများ ထပ်မံရသည်ဟု ကြားသိရသည်။

ကျွန်မ၏အမေကရော နောက်အိမ်ထောင်သစ်ဖြင့်မည်သည့်နေရာဒေတွင် ပုန်းအောင်းနေပါသနည်း။

အချိန်ကာလ ကြာသည်နှင့်အမျှ ယခုအချိန်တွင် ကျွန်မအား ရက်စက်စွာ စွန့်ခွာသွားလေသော မိဘနှစ်ပါးအား အပြစ်မတင်လိုတော့။ သူ့အကြောင်းနှင့်သူဟု တရားသဘောဖြေလျက် နေရတော့သည်၊ ကျွန်မတစ်ဦးတည်း အဒေါ်ဖြစ်သူနှင့် အဖော်ပြုနေရသော်လည်း မသင့်တော်လှသည့် ကျွန်မ၏ဟန်ပန်များကြောင့် ပတ်ဝန်းကျင်မှ သင့်တော်သူတစ်ဦးနှင့်အခြေချ လက်ထပ် အိမ်ထောင်ပြုရန် အကြံပြုခဲ့ကြသည်။

သို့သော် ကျွန်မ၏ စိတ်ကြိုက်ရွေးချယ်မှုများကြောင့် နောက်ဆုံးတွင် မိမိထက် အသက်ဆယ့်ငါးနှစ်ကြီးသော စီးပွားရေးသမား ပုဂ္ဂိုလ်တစ်ဦး၏ အမြှောင်မယား ဖြစ်ရတော့သည်။

ထိုစီးပွားရေးသမားမှာ ဦးလူဝဆိုသောသူဖြစ်ပြီး ရုပ်ဆိုးစွာ ဝဖြိုး[illegible] လွန်းလှသည်။ ထိုစဉ်မှစ၍ ကျွန်[illegible] သည် မိမိဘဝအား ထိန်းသိမ်းနိုင်[illegible] စွမ်းမရှိသည်ကြောင့် ဘဝပျက်ခမန်း[illegible] အခြေအနေသို့ ရောက်ခဲ့ရသည်။

အမေသည် ကျွန်မအပေါ်[illegible] မိခင်ဝတ္တရား ကျေသင့်သလော[illegible] ကျေခဲ့သည်ကြောင့် အမေ၏အကြွေး[illegible] များ သံသရာသို့ ပါမသွားစေရန်[illegible] ကျွန်မကိုယ်ကျွန်မ အရောင်းအဝယ်[illegible] လုပ်လိုက်သည်ဟု ဆိုရချေတော့[illegible] မည်။

+ + +

ကျွန်မ၏ အဆွေခင်ပွန်းနေရာ[illegible] ၌ ရှိနေသော ဦးလူဝသည် လူဝသ[illegible] လောက် လူဝါးလည်းဝသည်ဟု ဆ[illegible] ရပေမည်။ အမေ့အကြွေးများ ကေ[illegible] လည်စေရေးအတွက် ဦးလူဝထ[illegible] ကျွန်မဘဝတစ်ခုလုံး ပုံအပ်ခဲ့ရသေ[illegible] လည်း ဦးလူဝအား ချစ်ခင်နှစ်လိုခြင်[illegible] တစ်စုံတစ်ရာ မရှိပါချေ။

ဦးလူဝသည် အပေးကောင်[illegible] သော်လည်း အကျွေးမကောင်[illegible] သူဖြစ်၏။ ကျွန်မ ဈေးရင်းရန်[illegible] အတွက် ဦးလူဝထံ လက်ဖြန့်[illegible] တောင်းမရ။ အတိုးပေးခြင်းဖြင့်သ[illegible] တောင်း၍ရ၏။

ဦးလူဝသည် စိတ်တိုစိတ်ဆ[illegible] သူဖြစ်ပြီး ကာမတဏှာကြီးလွန်း[illegible] ဖြစ်၏။ ငွေကြေး နှမြောတွန့်[illegible] စေးနှဲသူဖြစ်သည်။ ကျွန်မကိုလည်[illegible] သားမယားကဲ့သို့ ပြုမူဆက်ဆံသေ[illegible] လည်း ငွေကြေးထောက်ပံ့မှုတွ[illegible]

www.burmeseclassic.com

www.burmeseclassic.com





အလွန်လက်ပေါက်ကပ်၏။

သို့သော် ဦးလူဝသည် ကျွန်မ၏ဘဝအား ခြယ်လှယ်နိုင်စွမ်း ရှိသော်လည်း ကျွန်မ၏နှလုံးသားအား ပိုင်စိုးနိုင်မှုမရှိခဲ့ပေ။ မိခင်၏ ကြွေးမြီများအတွက် သမီးကောင်းပီသစွာ ဘဝတစ်ခုလုံး အစွန်းထင်းခံ၍ ဦးလူဝအား ဆက်ဆံပါသော်လည်း အမှန်စင်စစ် ဦးလူဝအား ကျွန်မ မုန်းတီးရွံရှာမိပါ၏။ ဦးလူဝနှင့် နေထိုင်ရသည့်ကာလများတွင် ကျွန်မအတွက် ငရဲခန်းရောက်နေသည့်နှယ် ခံစားရပါ၏။

“နုပန်းငယ် နင့်ကိုသနားလို့ ငါနင့်ကို ယူခဲ့တာ၊ နင်အမေရဲ့ အကြွေးတွေ ဆပ်ပေးချင်လို့မထင်နဲ့၊ ငါက စီးပွားရေးသမားဆိုတော့ ငါက အမြတ်ပဲအရေးထားတာ၊ ငါက ဆန်ပေးရင် ဆီရတဲ့သဘောပဲ အလေးထားတာ၊ ဒါကြောင့် နင့်အမေရဲ့အကြွေးတွေကို ဆပ်ရတဲ့ ငါ့အနေနဲ့ နင့်ဆီက အကြင်နာမေတ္တာရရင်ပဲ ကျေနပ်တယ်ဟေ့”

ရှိစေတော့။ ကျွန်မအနေဖြင့် ဤအကြောင်းတရားကြောင့် ဘဝတစ်ခုလုံး ရေစုန်မျောပစ်ဖို့ ကျွန်မတွင် အင်အားမရှိပါ။ မည်သို့ဖြစ်စေ နွံထဲတွင်နစ်နေသည့် ကြာဖူးကြာငုံကဲ့သို့ ကျွန်မ၏ဘဝကို တန်ဖိုးထား၍ ရုန်းကန်လှုပ်ရှားရပါမည်။ ပေါ်လွင်ထင်ရှားအောင် ကြိုးစားရပါသည်။

သို့ဖြင့် ဦးလူဝထံမှ အတိုးဖြင့် ငွေကြေးရယူလျက် ကုန်အရောင်းအဝယ် ရင်းနှီးခဲ့ပေ၏။ ကုန်ခြောက်များ ဝယ်ရောင်းလုပ်ခြင်းဖြင့် ကျွန်မသည် ရွှေနှင့်ငွေနှင့်ဆိုသလိုတဖြည်းဖြည်း ဖြစ်လာခဲ့သည်။ ငွေတိုးချေးငှားခြင်းလုပ်ငန်းကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သည်။

ဦးလူဝသည် ကျွန်မ၏ လင်ယောကျ်ားနေရာတွင် ရှိနေသော်လည်း စီးပွားရေးအရမူ ငွေကြေးလိုအပ်ပါက ကျွန်မအား အတိုးဖြင့် ချေးငှားပေးခဲ့သည်ချည်းပင်။

ကျွန်မအနေဖြင့် ဦးလူဝထံမှ ငွေကြေးများအား ဇနီးတစ်ယောက်၏ ရပိုင်ခွင့်အနေဖြင့် ရခဲ့ခြင်း မဟုတ်သည်ကို လူတိုင်းသိမည်ဆိုပါက လုံးဝ ယုံကြည်နိုင်လိမ့်မည် မဟုတ်ပေ။

ကျွန်မသည်လည်း ဦးလူဝအား လင်ယောကျ်ားအဖြစ် သဘောထားနိုင်ရန် ကြိုးစားခဲ့သော်လည်း ဦးလူဝ၏ အမူအကျင့်များသည် လူကြီးလူကောင်းစရိုက်မဆန်၊ ယုတ်ညံ့သည့် အဆင့်အတန်းရှိခြင်းကြောင့် ခင်ပွန်းအဖြစ် လက်ခံရန် ကျွန်မ၏စိတ်၌ စဉ်းစား၍မရပေ။

သို့သော် ကျွန်မသည် ပုထုဇဉ်လူသား မိန်းမတစ်ဦးသာဖြစ်၏။ ပုထုဇဉ်ဖြစ်ခြင်းကြောင့် ချစ်တတ်သည့်နှလုံးသားရှိ၏။ အချစ်ကို တောင့်တ၏။ အကြင်နာမေတ္တာတို့ဖြင့် ချစ်ကမ္ဘာလေးကိုတည်ဆောက်ချင်၏။ ချစ်ရည်တူမျှသော ဘဝလမ်းခရီးကို မျှော်လင့်တောင့်တ၏။

ဦးလူဝ၏လက်ထဲ၌ ကျွန်မအဖို့ အငယ်အနှောင်းအဖြစ် ရှိနေခြင်းသည် ချစ်ခြင်းမေတ္တာဖြင့် အခြေခံခြင်း မဟုတ်သည်ကို ကျွန်မ သစ္စာဆို၍ ငြင်းဆိုပါ၏။ ချစ်သူအဖြစ် ချစ်၍မရသကဲ့သို့ လင်ခင်ပွန်းအဖြစ်လည်း လက်ခံ၍မရခဲ့ပါပေ။

နေ့တစ်နေ့သည် ကျွန်မ၏ နှလုံးသားတံခါး ဟင်းလင်းပွင့်ခဲ့သည်ဆိုပါက မည်သူမျှ ယုံနိုင်လိမ့်မည်မဟုတ်ပေ။ ကုန်ဝယ်ရန် ဘုရင့်နောင်ပွဲရုံသို့ ကျွန်မရောက်ခဲ့စဉ် မမျှော်လင့်ဘဲ သူနှင့်ဆုံခဲ့ရသည်။ သူ၏ အကြည့်၊ သူ၏အပြုံး၊ သူ၏ ဖော်ရွေမှုများသည် ကျွန်မ၏ နှလုံးသားတစ်စုံအား မကြုံစဖူး လှုပ်ရှားစေခဲ့သည်။

သူ၏အကြည့် စူးနစ်နစ်များသည် ကျွန်မ၏ နှလုံးသားကို

www.burmeseclassic.com

www.burmeseclassic.com


ချစ်သူအချင်းချင်း ပွင့်လင်းစွာ ပြောလိုက်သည့် စကားတစ်ခွန်းသည် သူ၏ရင်ကို ထိသွားသည်ကို ကျွန်မ သိရှိသော်လည်း ကျွန်မအပေါ် သူ့အနေဖြင့် ချစ်သောစိတ်၊ ကြင်နာသနားစိတ်နှင့် စေတနာကရုဏာများ ပိုမိုလာလိမ့်မည်ဟု ကျွန်မ တစ်ဖက်သတ် ထင်မြင်ယူဆထားခဲ့သည်။ သို့သော် ကျွန်မ၏ ထင်မြင်မှုများမှာ မှန်ကန်မှုမရှိသည်ကို နောက်ဆုံးမှ သိခဲ့ရသည် ...

တိုက်ရိုက် ထိမှန်ခဲ့သည်လား မပြောတတ်။ ကျွန်မ၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါလုမတတ်ဖြစ်ရသည်။ ဒါသည်ပင် အချစ်လား မပြောတတ်ပေ။

"ကျွန်တော့်နာမည် ကျော်ကျော်ဇင်ပါ မနုပန်းငယ်၊ အများခေါ်သလို ကျော်ကျော်လို့လည်း ခေါ် လို့ရပါတယ်၊ ကျွန်တော်လည်း ဘွဲ့ရပြီးကတည်းကစပြီး ကုန်ရောင်းကုန်ဝယ်ပဲလုပ်ပါတယ်၊ အစိုးရဝန်ထမ်းတို့၊ ကုမ္ပဏီဝန်ထမ်းတို့ ဝင်လုပ်ရင်ရပေမယ့် ကိုယ်ပိုင်လုပ်ငန်းပဲ ဝါသနာပါတာမို့ ကိုယ်ပိုင်အရောင်းအဝယ်ပဲ လုပ်တာပါ"

သူ့အကြောင်းလေးတွေ ကြားရ၊ သိရတော့ ကျွန်မတို့ရဲ့ ဈေးရောင်းအလုပ်က အောက်မကျဘူးဆိုတာ နားလည်သဘောပေါက်ခဲ့ရတယ်။ ဒီလိုနဲ့ပဲ သူနဲ့ကျွန်မ ရင်းနှီးလာခဲ့ ပြီးနောက် လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်များတွင် နှစ်ယောက်အတူတူ ထိုင်ဖြစ်ခဲ့ကြသည်။ ဒီနောက်တွင် သူနှင့်ကျွန်မ ချစ်သူရည်းစားဖြစ်သွားကြသည်ဟု ပြောရပေတော့မည်။

နောက်ပိုင်း ချစ်ရသောသူ၏ အမေးစကားများကြောင့် ကျွန်မဘဝကို ပွင့်လင်းစွာနဲ့ ပြောလိုက်တော့ ချစ်သူ၏မျက်နှာ တစ်ချက်ပျက်သွားသည်ကို ကျွန်မ မြင်လိုက်ရသည်။ ချစ်သူအချင်းချင်း ပွင့်လင်းစွာ ပြောလိုက်သည့် စကားတစ်ခွန်းသည် သူ၏ရင်ကို ထိသွားသည်ကို ကျွန်မ သိရှိသော်လည်း ကျွန်မအပေါ် သူ့အနေဖြင့် ချစ်သောစိတ်၊ ကြင်နာသနားစိတ်နှင့် စေတနာကရုဏာများ ပိုမိုလာလိမ့်မည်ဟု ကျွန်မ တစ်ဖက်သတ်ထင်မြင်ယူဆထားခဲ့သည်။ သို့သော် ကျွန်မ၏ထင်မြင်မှုများမှာ မှန်ကန်မှုမရှိသည်ကို နောက်ဆုံးမှ သိခဲ့ရသည်။

တစ်နေ့တွင် ဦးလူဝ မရှိသော အချိန်တွင် ကျွန်မဆိုင်သို့ သူရောက်ရှိလာသည်။ သူရောက်ရှိလာတော့ မည်သည့်အတွက်ကြောင့် မသိရ၊ အရက်သောက်၍ မူးလာပုံရသည်။ သူက.....

"နုပန်းငယ် မင်း အချစ်ကို ဘယ်လိုနားလည်ထားသလဲ"

သူ၏မေးခွန်းသည် မည်သည့်အတွက်မေးသည်ကို မသိသော်လည်း ကျွန်မ၏ ခံစားချက်အရ နား လည်သလို ဖြေလိုက်ပါ၏။

"အချစ်ဆိုတဲ့အရာဟာ သိပ်ကို နူးညံ့ပါတယ်၊ မျက်စိအရ အတွေ့အထိအရမဟုတ်ဘဲ နှလုံးသားကို တိုက်ရိုက်ခံစားစေတဲ့အရာလို့ ထင်တာပဲ"

သူက မူးမူးဖြင့်.....

"အချစ်ဆိုတာ မျက်စိအမြင် အတွေ့အထိတွေနဲ့ စခဲ့တာပါကွာ၊ မင်းရောင်းတာဝယ်တာကို ကိုယ့်ကြောင့် နှောင့်ယှက်သလို ဖြစ်နေမလား မသိဘူး၊ ကိုယ် မင်း သမိုင်းဘူတာနားမှာ ည ၉ နာရီအထိ ကိုယ်စောင့်နေမယ်၊ မင်း ဆက်ဆက် လာခဲ့နော်၊ အချစ်ဆိုတာ ဘာလဲဆိုတာ မင်းကို ရှင်းရှင်း

www.burmeseclassic.com



လင်းလင်းသိစေချင်တယ်၊ ကဲ..... ကိုယ်သွား မယ်''

သူ့အနေနဲ့ကတော့ ကျွန်မကို ချစ်တဲ့စိတ်နဲ့ ရယူပိုင်ဆိုင်ချင်တယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ လောလောဆယ် ဦးလူဝက တကယ့်ပြဿနာဖြစ်နေတော့ ကျွန်မရောသူပါ ဒုက္ခရောက်နိုင်တယ်လေ။ ဘာဖြစ်ဖြစ် လူတွေရဲ့ မမြင်ကွယ်ရာမှာ တွေ့ဆုံလို့ သူ့စိတ်ကျေနပ်ရင်ပဲ ကျွန်မပျော်မိမှာပါဟု အတွေးစိတ်ကူးများဖြင့် ကျွန်မသည် အူမြူး၍နေပေသည်။

+ + +

ထိုညတွင် ကျွန်မတွင်ရှိသည့် ဝတ်ကောင်းစားလှများဖြင့် ပို၍ လှပစေရန် အစွမ်းကုန် ခြယ်မှုန်းပြင်ဆင်ခဲ့ပါ၏။ ဦးလူဝသည်လည်း သူ၏ မယားကြီးအိမ်သို့ သွားနေသည့်အတွက် ကျွန်မအဖို့ သူနှင့်တွေ့ဆုံရန် ပို၍ အခွင့်အလမ်း ရရှိခဲ့သည်။ သူနှင့်တွေ့ပါက သူ့အလိုကိုလိုက်၍ ချော့မော့ရဦးမည်ဖြစ်သည်။ သူသည် ချောမောသော်လည်း ဝန်တိုသူဖြစ်၏။ ယင်းကြောင့် သူ၏ ချစ်မေတ္တာအား ကျွန်မအနေဖြင့် အများနှင့်မတူ တန်ဖိုးထားရမည် မဟုတ်ပါလား။



ထိုညတွင် သူချိန်းရာနေရာသို့ ကျွန်မရောက်ရှိနေပြီဖြစ်သော်လည်း သူကား ရောက်မလာသေး။ ည ၁၀ နာရီထိုးခါနီးသည့်တိုင် သူရောက်မလာသဖြင့် ကျွန်မအနေဖြင့် စဉ်းစားစရာ ဖြစ်လာရသည်။

''သူ ငါ့ကို အသည်းနာနာနဲ့ ကလဲ့စားချေနေတာလား၊ သူနဲ့ငါ ဘာရန်ငြိုးမှမရှိတာ၊ သိပ်ချစ်ကြတဲ့ ချစ်သူတွေဆိုတော့ မနာလိုဖြစ်နေတာပါလေ''

ဗာဒံပင်အရိပ်အောက် မှောင်မည်းမည်းတွင် ရပ်နေရသော ကျွန်မအား လမ်းသွားလမ်းလာများက မယုံသင်္ကာဖြစ်စွာ ကြည့်သွားတတ်ကြသည်။ သို့သော် ခဏအကြာ သူတစ်ယောက် ကျွန်မဆီသို့ လျှောက်၍လာနေသည်ကို စိတ်ချမ်းမြေ့စွာ ကျွန်မ မြင်လိုက်ရသည်။ လူခြေတိတ်စ ပြုနေပေပြီ။ သူ့အား ဗာဒံပင်အောက်မှ ကျွန်မသည် ရပ်စောင့်လျက် သူလာရာလမ်းဘက် မျှော်ကြည့်နေမိသည်။

ကျွန်မ မထင်ခဲ့ပါ။ မည်သို့မျှ ထင်ထားစရာ အကြောင်းမရှိပါ။ ကျွန်မ၏ အနောက်ဘက်မှ လူတစ်စုသည် တုတ်များ၊ ဓားမြှောင်များဖြင့် ရောက်ရှိလာ၏။ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ကျွန်မ အထူး တုန်လှုပ်သွားပါ၏။ တော်တော်လေးပင် ကြောက်လန့်သွားရ၏။ ရမ်းကားသော လူအုပ်စုများလေလားဟု စိုးရိမ်စိတ်ဖြင့် အသက်ရှူရပ်မတတ် ဖြစ်နေရပြီး ချစ်ရသောချစ်သူ လာရာလမ်းသို့ အားကိုးတကြီး ကြည့်မိလိုက်သည်။

သူရှိရာသို့ လှမ်းကြည့်လိုက်ပါမှ ပို၍ အံ့သြရသည်။ ချစ်ပါသည်၊ ကြင်နာပါသည်၊ မြတ်နိုးပါသည် ဆိုသောသူ ဘယ်ရောက်သွားပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက် ကျွန်မအား ထားခဲ့၍ ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားရပြီပဲ။ ထိုလူအုပ်စုအား အရဲစွန့်၍ ကြည့်လိုက်တော့ ရပ်ကွက်လူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်နေသည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကျွန်မအား.....

"ကဲ.....ကလေးမ မင်းဘာမှ ငြင်းချက်ထုတ်ဖို့ မစဉ်းစားနဲ့၊ ရဲစခန်းကိုသာ လိုက်ခဲ့"

တုန်လှုပ် ချောက်ချားနေသော ကျွန်မက.....

"ကျွန်မမှာ ဘာအပြစ်ရှိလို့ ဖမ်းတာလဲရှင်၊ ရိုးရိုးသားသား ဝန်ခံရရင် ကျွန်မချစ်သူနဲ့ ဒီနေရာမှာ ချိန်းထားလို့ ကျွန်မရောက်နေရတာပါ"

ရဲအရာရှိက.....

"ဒါဆိုရင် မင်းနဲ့ချိန်းထားတဲ့ သူငယ်ကရောကွာ"

"ခုနက ကျွန်မဆီ သူလာနေတာကို လှမ်းမြင်ရပေမယ့် မမျှော်လင့်ပဲ ဦးတို့ရောက်လာတာတွေ့ပြီး လန့်လို့ ထွက်ပြေးတာနဲ့တူပါရဲ့ရှင်"

ရပ်ကွက်လူကြီးက ကြားဝင်၍ ပြောခဲ့သည်မှာ.....

"အဲဒါပဲ ဗိုလ်လေးရေ၊ ခုတလော ဒီနေရာတစ်ဝိုက်မှာ ဒါတွေက ပေါပါဘိသနဲ့၊ ဒီကိစ္စတွေကို လိုက်ရှင်းနေရတာနဲ့ တစ်ညမှ ကောင်းကောင်းအိပ်ရတယ် မရှိပါဘူးဗျာ"

"မဟုတ်ပါဘူး၊ ကျွန်မ မိကောင်းဖခင်သားသမီးပါ၊ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ကျွန်မချစ်သူနဲ့ တွေ့ရအောင်လာတာပါ"

ရဲအရာရှိက.....


"ခုအချိန်ဟာ မိန်းမကောင်းတွေ သွားလာသင့်တဲ့အချိန် မဟုတ်ဘူးဆိုတာ ကလေးမ သဘောမပေါက်မိလို့တူရဲ့၊ ကဲ....ကလေးမ စခန်းရောက်မှ ရှင်းကြတာပေါ့ကွယ်၊ သွားကြစို့ရဲ့"

ကျွန်မ မည်သို့ရှင်းရှင်း ဒီတစ်ညအဖို့ ရမည်မဟုတ်တော့ပေ။ မည်သို့ပင် ရှင်းပြသော်လည်း ရမည်မဟုတ်သည့်ကြောင့် ကျွန်မ ငိုရပါပြီ။ ဝမ်းနည်းပက်လက် ငိုရပါပြီ။ သူ့ရဲ့သဘောထားကိုလည်း ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား မြင်လိုက်ရပြီမို့ သူ့ကို ကျွန်မ ဘာမှ မပြောနိုင်ပါတော့။ ကျွန်မတစ်ယောက် ချစ်တတ်သော နှလုံးသားများ ခြေမွဖျက်ဆီးခြင်းခံရပြီမို့ ကံကိုသာ ယိုးမယ်ဖွဲ့ရချေတော့မည်။

ထိုသို့ တွေးတောစဉ်းစားမိသည့်အချိန် မျက်ရည်သည် ကျွန်မအတွက် အသုံးမဝင်တော့၍လားမသိ။ မျက်ရည်များ ခန်းခြောက်သွားသည့်နှယ် မျက်ရည်များ တစ်စက်မှ ကျမလာတော့။

ယင်းသို့ဖြင့် တာဝန်ရှိသောသူများ၏ ခေါ်ရာနောက်သို့ ကျွန်မသည်.....။

မောင်သာမန်(ဇီးကုန်း)



www.burmeseclassic.com


စ

ဘယဆေး နှင့် ဘယဆေးအမှုန့်ဆိုင်

SANDHI

# အရောင်းအဝယ်သည် "သဘာဝ"

# ဆေးစစ်ဆေးမှန်အာနိသင်

# ထက်မြက်ရေးသည် "အစိက"

အမှတ် - ၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၁၈၁၆၊ ၂၅၁၈၁၇၊ ၃၈၀၄၀၄၊ ၃၈၀၄၀၅

လက္ကားဆိုင် လိုင်းခွဲ- ၂၀၁၊ ၂၀၂ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၄၀၁

အမှုန့်ဆိုင် လိုင်းခွဲ - ၃၀၁၊ ၃၀၂


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



□

၁၉၆၇ ခုနှစ်၊ ဇူလိုင်လ၊ ပထမပတ်အတွင်း ဖြစ်သည်။

ချောစုယဥ်သည် မျက်မြင်သက်သေသုံးယောက်၏ ရှေ့တွင် ဤပြစ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

သူမသည် စာကြည့်ဆောင်အတွင်း၌ စားပွဲတည်ရှိရာသို့ တစ်လှမ်းချင်း ဖြည်းညင်းစွာလျှောက်သွားသည်။ စားပွဲ၏အံဆွဲနှစ်ဖက်ရှိသည့်အနက် လက်ယာဘက်အံဆွဲကို ဆွဲဖွင့်လိုက်သည်။

အံဆွဲထဲတွင်အသင့်ရှိနေသောသေနတ်ကို မောင်းကွင်းထဲသို့ လက်လျှိုလျက်သားဖြင့်ဆွဲထုတ်သည်။ သေနတ်ထဲတွင် ကျည်အပြည့်ရှိသည်။

"ဒိုင်း.....ဒိုင်း"

သေနတ်သံနှစ်ချက် မြည်ဟိန်းသွားသည်။

ချောစုယဥ်နှင့် ခြေတစ်လှမ်းစာသာသာအကွာရှိ ဆိုဖာပေါ်တွင်ထိုင် နေသော ချောစုယဥ်၏ လင်ယောကျ်ား ကိုမြတ်သာသည် ရင်ဘတ်ကို လက်ဖဝါးဖြင့်ဖိလျက်ကြမ်းပြင်ပေါ်သို့ မှောက်လျက်သားစိုက်ကျသွားသည်။

သေနတ်ကျည်ဆံထိပ်ဖူးသည် ကိုမြတ်သာ၏ အသည်းကို ထုတ်ချင်းခတ် ဖြတ်သန်းသွားသည်။ ကိုမြတ်သာ ပွဲချင်းပြီး ဇီဝိန်ကြွေသွားသည်။

"သူသေသွားပြီ ကျွန်မ ဘယ်လိုလုပ်ရမလဲဟင်"

\+ + +

ဒီအတိုင်း အတိအကျပင် ဖြစ်သည်။

ရဲအရာရှိ ကိုထိုက်ကျော်က တိပ်ရီကော်ဒါကို ဆယ်ကြိမ်ထက်မနည်း ထပ်ကာတလဲလဲ ပြန်ဖွင့်ကြည့်သည်။ ထူးခြားချက် လုံးဝမရှိ။

မျက်မြင်သက်သေသုံးယောက်စလုံး၏ ထွက်ချက်မှတ်တမ်းများကလည်း တညီတညွတ်တည်းပင် ဖြစ်နေသည်။ မှုခင်းဖြစ်ရပ်အစမှစ၍ ဖော်ပြရသော်...

နေသာသော တနင်္ဂနွေနေ့ တစ်နေ့ နံနက်ခင်းတွင် ကိုဝင်းထွဋ်ခေါင်နှင့်ဇနီး ထက်ထက်စံတို့သည် မိတ်ဆွေအပေါင်းအသင်းလင်မယားဖြစ်ကြသော ကိုမြတ်သာနှင့် ချောစုယဥ်တို့နေထိုင်ကြရာ "ပိတောက်ရွှေဝါ" အမည်ရှိ အိမ်ဂေဟာသို့ အလည်အပတ်ရောက်သွားကြသည်။

ထိုအိမ်ဂေဟာတွင် သူတို့၏ မိတ်ဆွေတစ်ဦးဖြစ်သော ဒေါက်တာမြင့်မြတ်ဦးလည်း ရောက်ရှိနေသည်ကို တွေ့ကြရသည်။ ဒေါက်တာသည် စိတ်ပညာရှင်တစ်ဦးဖြစ်သည်။

သူသည်အင်္ဂလန်တွင် စိတ်ပညာဆိုင်ရာ ဒေါက်တာဘွဲ့ကို ရရှိခဲ့သူဖြစ်သည်။ စကားစပ်မိရာမှ စိတ်ညှို့ အတတ်ပညာနှင့် ပတ်သက်၍ စမ်းသပ်ချက်တစ်ခုကို လက်တွေ့ပြသရန် အကြောင်းဖြစ်ပေါ်လာသည်။

သူတို့ငါးဦးစလုံး စာကြည့်ဆောင်ခန်းမထဲတွင် အသီးသီးနေရာယူလိုက်ကြသည်။ အိမ်ရှင်လင်မယားဖြစ်ကြသော ချောစုယဥ်နှင့် ကိုမြတ်သာ၊ ဧည့်သည် ကိုဝင်းထွဋ်ခေါင်နှင့် ထက်ထက်စံတို့ ဇနီးမောင်နှံ၊ ဒေါက်တာမြင့်မြတ်ဦး

**ချောစုယဥ်က သွက်လက်စွာဖတ်ရှုပြီးဆုံးသည်နှင့်တစ်ပြိုင်နက် စိတ်ညှို့ပညာရှင် နိုင်ငံခြားပြန် မြင့်မြတ်ဦးအား ဒေါသတကြီး လှမ်းကြည့်သည်။ အကယ်၍သာ ချောစုယဥ်သည် နဂါးမျိုးနွယ်ဖြစ်ပါက မြင့်မြတ်ဦးတစ်ယောက် ချက်ချင်း လက်ငင်း ပြာကျသွားနိုင်လောက်သည်...**

www.burmeseclassic.com

www.burmeseclassic.com

သူတို့အားလုံး စုစုပေါင်းငါးဦး။

ဒေါက်တာ မြင့်မြတ်ဦးက စာကြည့်ဆောင်ထဲတွင် အဆင်သင့်ရှိနေသော တိပ်ရီကော်ဒါကို အသုံးပြု၍ အသံဖမ်းယူရန် ခလုတ်နှိပ်လိုက်သည်။


ထိုအချိန်မှစ၍ ဒေါက်တာ မြင့် မြတ်ဦးက ချောစုယဉ်အား စိတ်ညို့အိပ်မွေ့ချသော စကားလုံးများဖြင့် သမားရိုးကျ ထုံးတမ်းစဉ်လာအတိုင်း ဖြစ်ပေါ်နေသည်။

ဒေါက်တာ မြင့်မြတ်ဦး၏မေးခွန်းများကို စိတ်ညို့ခံနေရသော ချောစုယဉ်က အသံခပ်ဝါးဝါးဖြင့် ဖြေနေသည်။

သူမ၏ ဖြေဆိုချက်အရ သူမသည် လူဝင်စားတစ်ယောက် ဖြစ်နေပြီးလျှင် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က သူမ၏အမည်မှာ မြမြရင်ဟူသောအမည်ဖြင့် မန္တလေးမြို့ မျက်ပါးရပ်တွင် နေထိုင်ခဲ့ဖူးကြောင်းမှ အစပြု၍ သူမ၏မိဘများအမည်နှင့် သူမ၏ လင်ယောကျ်ားအမည် ကိုစံဘ၊ အလုပ်အကိုင် ပန်းယွန်းဆရာ စသည်ဖြင့် ပြည့်စုံစွာ တည်တည်ငြိမ်ငြိမ်၊ ပီပီပြင်ပြင် ဖြေဆိုသည်။

သူမသည် ၁၉၁၄ ခုနှစ်တွင် ကိုလင်းဝင်းမြတ်နှင့် အိမ်ထောင်ကျခဲ့ပြီး အိမ်ထောင်သက်သုံးနှစ်အကြာဖြစ်သော ၁၉၁၇ ခုနှစ်တွင် ကိုလင်းဝင်းမြတ် အသတ်ခံခဲ့ရကြောင်းကိုပါ ပြည့်စုံစွာ ပြောပြသံများ ထွက်ပေါ်နေသည်။

'မင်းယောကျ်ားကို သတ်တာ



ဘယ်သူလဲ'

ဒေါက်တာ မြင့်မြတ်ဦး၏ အောင်မြင်ထည်ဝါသောအသံကြီးက ထွက်ပေါ်လာသည်။

'အဲဒါတော့ ကျွန်မ မပြောပါရစေနဲ့ရှင်၊ ကျွန်မ ပြုခဲ့မိတာနဲ့ ပတ်သက်ပြီး စိတ်ထိခိုက်ရလွန်းလို့ပါ'

ချောစုယဉ်၏အသံက လှိုက်လှဲသော တောင်းပန်တိုးလျှိုးသံ။

ထိုစကားသံအပြီးတွင် တခြားမည်သည့်အသံမှ မကြားရပဲ တဒင်္ဂမျှ တိပ်ရီကော်ဒါ ဆက်လက်လည်နေသောအသံ ဖြစ်ပေါ်နေသည်။

'ကောင်းပြီလေ စကားနဲ့ မဖြေချင်ရင်လဲ ဘယ်လိုဖြစ်ခဲ့ရသလဲဆိုတာကို ကိုယ်အမူအရာနဲ့ သရုပ်ဆောင်ပြနိုင် မလား'

'ဟုတ်.....ဟုတ်ကဲ့'

ချောစုယဉ်၏အသံနောက်ပိုင်းတွင် တိပ်ရီကော်ဒါသည် နဂိုမူလအတိုင်း နှုန်းမှန်မှန်ဖြင့် ဆက်လက်လည်ပတ်နေသည်။

ထိုအချိန်သည်ပင်လျှင် ကိုမြတ်သာ အသက်ရှင်ရန် စက္ကန့်အနည်းငယ်မျှ ကျန်တော့ကြောင်း သိသာနိုင်သည်။

တိပ်ရီကော်ဒါထဲတွင် ကြားနေရသော ခြေသံမှန်မှန်သည် ချောစုယဉ်၏ ခြေသံဖြစ်သည်။ ထိုခြေသံသည် သူမ၏ လင်ယောကျ်ားကိုမြတ်သာနှင့် တစ်လံအကွာရှိ စားပွဲရှိရာသို့ လျှောက်သွားခြင်း ဖြစ်မည်ဟူ၍ ရဲအရာရှိ ကိုထိုက်ကျော်က တွက်ဆနိုင်လိုက်သည်။

မရှေးမနှောင်းမှာပင် စားပွဲအံဆွဲဖွင့်သံကြားရပြီး ဆက်တိုက်ပင် တိပ်မျက်နှာပြင်၌ ခပ်ကြမ်းကြမ်းအကွက်များ ပေါ်လာပြီးနောက် သေနတ်သံနှစ်ချက် ကြားလိုက်ရတော့သည်။

ညှော်သည် ကိုဝင်းထွဋ်ခေါင်၏ ဇနီး ထက်ထက်စံ၏ အလန့်တကြားအော်သံ ကို စူးရှစွာကြားလိုက်ရပြီးနောက်...

"သူသေသွားပြီ ကျွန်မ ဘယ်လိုလုပ်ရမလဲဟင်"

ဟူသော ချောစုယဉ်၏ တုန်ယင်လှိုက်မောစွာ ပြောလိုက်သံကြားရသည်။

ထို့နောက် လှုပ်လှုပ်ရှားရှား အသံများနှင့်အတူ ရီကော်ဒါနှင့် ဆက်သွယ်ထားသောကြိုးကို တစ်စုံတစ်ယောက်က ခလုတ်တိုက်မိသဖြင့် ပလပ်ပြုတ်ထွက်သွားပြီး အသံလုံးဝတိတ် ဆိတ်သွားတော့သည်။

အသံသွင်းထားသည်မှာ ဤမျှသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ရဲအရာရှိ ကိုထိုက်ကျော်အနေနှင့် ဤဖြစ်ရပ်၏ အစ ဖြစ်သော "လူဝင်စား" ဆိုသည်မှအစ လုံးဝမယုံကြည်နိုင်ပါချေ။ ကြိုတင်စီစဉ်ထားသော "သွေးအေးလူသတ်မှု" တစ်ခုမျှသာဖြစ်သည်ဟု တထစ်ချ မှတ်ယူထားသည်။ ယင်းသို့ဆိုလျှင်...

"စိတ်ညို့ခြင်း" ဟူသည် ထိုလူ သတ်မှုကို ဖုံးကွယ်ထားခြင်း ဖြစ်ရမည်။

ရဲအရာရှိ ကိုထိုက်ကျော်သည် ပစ္စက္ခကာလတွင် သူ၏ ဦးနှောက်ထဲ၌ ဤမှုခင်းပြဿနာက စိုးမိုးနေသည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က မှုခင်းမှတ်တမ်းဟောင်းများကိုပြန်လှန်လှေလာရတော့သည်။

\+ + +

၁၉၁၇ ခုနှစ်တုန်းက မန္တလေးမြို့ မျက်ပါးရပ်တွင် နေထိုင်သော မြမြရင်ဆိုသည့် အမျိုးသမီးတစ်ဦးသည် သူမ၏ လင်ယောကျ်ားဖြစ်သူ ပန်းယွန်းဆရာ ကိုစံဘအား သေနတ်ဖြင့် နှစ်ချက်တိတိ ပစ်သတ်ခဲ့သောအမှုကို တွေ့ရှိ ဖတ်ရှုလိုက်ရသည်။

ထိုလူသတ်မှုဖြင့် မြမြရင် ထောင်ခုနစ်နှစ်ကျသွားပြီး ဆယ်လမျှအကြာတွင် ထောင်ထဲ၌ပင် သေဆုံးခဲ့ကြောင်း ဖော်ပြပါရှိသည်။

မည်သို့ပင်ဖြစ်စေ...

လွန်ခဲ့သော ၁၉၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော လူသတ်မှုသည် ယခု ပစ္စက္ခကာလတွင် ဖြစ်ပွားနေသော ပြစ်မှုနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိဟူ၍ ကိုထိုက်ကျော်က ကောက်ချက်ချသည်။

အကယ်၍သာ စိတ်ညို့သူမြင့်မြတ်ဦးသည် ချောစုယဉ်၏ တိတ်တခိုး ချစ်သူဖြစ်ကြောင်း အထောက်အထား ရရှိနိုင်ခဲ့လျှင် မြင့်မြတ်ဦးနှင့် ချောစုယဉ်တို့ နှစ်ယောက် ပူးပေါင်းကြံစည်၍ ကိုမြတ်သာအားသတ်ခဲ့ခြင်းဖြစ်ကြောင်း စွဲချက်တင်နိုင်ပေလိမ့်မည်။

ထို့ကြောင့် ရဲအရာရှိ ကိုထိုက်ကျော်သည် သူ၏လက်ထောက် မြဒင်နှင့်အတူ ချောစုယဉ်ထံသို့သွားရောက်တွေ့ဆုံခဲ့သည်။ ချောစုယဉ်သည် ရုပ်ဆင်းသဏ္ဍာန်အားဖြင့် ချောမွေ့လှပသည့်နည်းတူ ကိုယ်လုံးကလည်း ပြည့်ဖြိုး ဝင်းမှည့်နေသည်။

ကိုထိုက်ကျော် မေးသမျှကိုလည်း ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် စူးစိုက် ကြည့်ရှုနားထောင်နေသည်။ ထို့နောက် နီစွေးပြည့်တင်းသော နှုတ်ခမ်းနှစ်လွှာကို မက်မောဖွယ်ရာ လှုပ်ရှား၍ဖြေဆိုသည်။

"မြမြရင်ဆိုတဲ့ မိန်းမတစ်ယောက်အကြောင်းကို ချောစုတစ်သက်တစ်ခါမှ မကြားဖူးပါဘူးရှင်ရယ်၊ တကယ်လို့များ အဲဒီအမှုအကြောင်းနဲ့ ပတ်သက်ပြီး မှုခင်းစာအုပ်တွေထဲမှာ ပါတယ်ဆိုရင်တောင်မှ ချောစု လုံးဝမဖတ်ဖူးတာ သေချာပါတယ်၊ တကယ်တော့ ချောစုက လုံးဝစာဖတ်ဝါသနာမပါလို့ပါနော်"

"ထားပါတော့လေ၊ ဒေါက်တာမြင့်မြတ်ဦးနဲ့ မချောစုယဉ်တို့ ခင်မင်ရင်းနှီးခဲ့ကြတာ တော်တော်ကြာပြီလား"

ကိုထိုက်ကျော်က လွတ်ခနဲ မေးလိုက်သည်။

"အဲဒီမေးခွန်းဟာ ဘာသဘောနဲ့ မေးတာလဲဆိုတာ ကျွန်မ မသိဘူး၊ ဒါပေမယ့် ကျွန်မရဲ့လင်ယောကျ်ားက မိတ်ဆက်ပေးလို့သာ သိခဲ့ရတာပါ။ ကျွန်မတို့လင်မယားက တစ်ယောက်နဲ့ တစ်ယောက် ချစ်သူဘဝနဲ့ အစပျိုးပြီးမှ အိမ်ထောင်သည်ဘဝကို ရောက်ခဲ့ကြရတာပါ"

"ဒါထက် မချောစုယဉ်ကို တစ်ခု မေးပါရစေဦး၊ အဲဒီလိုပစ်သတ်အပြီးမှာ ဘယ်လိုခံစားလိုက်ရသလဲ"

'ချောစု အိပ်မက်ဆိုးတစ်ခု မက်ခဲ့သလို ဖြစ်သွားရပါတယ်၊ အထိတ်တလန့် စိတ်ချောက်ချားရတဲ့အဖြစ်မျိုးနဲ့ ဘယ်လိုမှ ဖြေမဆည်နိုင်တဲ့အဖြစ်မျိုး ခံစားလိုက်ရတာပါရှင်ရယ်၊ ဒီအဖြစ်ကို ချောစုတစ်သက် မေ့နိုင်တော့မှာ မဟုတ်တော့ပါဘူး"

မျက်ရည်ပုလဲဥနှစ်စက် သူမ၏ ပါးပြင်မို့မို့ပေါ်သို့ လိမ့်ဆင်းလျောကျလာသည်။ အကယ်၍သာ ချောစုယဉ်သည် ရုပ်ရှင်မင်းသမီး တစ်ယောက် ဖြစ်ခဲ့သော် သူမ၏ သရုပ်ဆောင်မှုနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com

အကယ်ဒမီဆုပင် ရရှိနိုင်လိမ့်မည်ဟု ကိုထိုက်ကျော်က ထင်မြင်ယူဆလိုက်မိသည်။

✦ ✦ ✦

ရဲအရာရှိ ကိုထိုက်ကျော်က ထိုအမှုနှင့်ပတ်သက်၍ တွေ့ရှိရသော အချက်အလက်များနှင့် သူ၏ သုံးသပ်ချက်တို့ကို သူ၏အထက်အရာရှိကြီးဖြစ်သူ ဦးမျိုးမင်းဟန်ထံသို့ ကိုယ်တိုင် အစီရင်ခံခဲ့သည်။ ထိုအခါ ဦးမျိုးမင်းဟန်က ထိုအမှု၏ ပဓာနကျသော အချက်ကို ထောက်ပြခဲ့သေးသည်။

'ပဓာနအကျဆုံးက ကြိုတင်ကြံစည်ခြင်းဖြစ်နေတဲ့ လူဝင်စားကိစ္စပဲ၊ ဒီအမှုကို ရုံးတင်တဲ့အခါမှာ ဂျူရီလူကြီးအချို့ဟာ လူဝင်စားကိစ္စကို ဖြစ်နိုင်တယ်လို့ ယူဆခဲ့ရင်ဖြစ်စေ၊ တရားခံအမျိုးသမီးဟာ ပြစ်မှုကျူးလွန်ချိန်မှာ စိတ်ညို့ခံထားရတဲ့အတွက် နဂိုမူမှန်စိတ်မဟုတ်ဘူးလို့ ယုံကြည်ခဲ့ရင်ဖြစ်စေ တင်ထားတဲ့စွဲချက်ဟာ တစ်ခါတည်းကွင်းလုံးကျွတ်လွတ်သွားမှာ သေချာတယ်၊ ဒါကြောင့် အဲဒီလိုမဖြစ်ရအောင် အထူးသတိထားရမယ်''

✦ ✦ ✦

ဒေါက်တာ မြင့်မြတ်ဦးနှင့် ချောစုယဉ်သည် လောလောဆယ် အချိန်ကာလအတွင်း တစ်ဦးနှင့်တစ်ဦး မည်သို့သော အဆက်အသွယ်မျှပင် မပြုလုပ်ကြဘဲ ပိပိရိရိနေကြသည်။

လွန်ခဲ့သောအချိန်များတွင်လည်း အပြစ်ရှာစရာမရှိအောင် ဖုံးဖုံးဖိဖိ ဖန်တီးထားကြသည်။

တစ်နေ့တွင်...

ကိုထိုက်ကျော်အား လက်ထောက်ဖြစ်သူ မြဒင်က စာအုပ်တစ်အုပ်လာပေးသည်။ ထိုစာအုပ်မှာ ''ရှေးခေတ်မှုခင်းများ''ဟူသော စာအုပ်ဖြစ်သည်။

''အဲဒီအထဲမှာ မန္တလေးမြို့ မျက်ပါးရပ်မှာဖြစ်ခဲ့တဲ့ မြမြရင်ရဲ့ လူသတ်မှုအကြောင်းပါတယ်ဆရာ''

ကိုထိုက်ကျော်က အကြမ်းဖျင်းဖတ်လိုက်ပြီးနောက်...

''ဒါဆိုရင် ဒီစာအုပ်ကို ပြန်လည် ပုံနှိပ်ထုတ်ဝေဖြန့်ချိတာ ခြောက်လပဲရှိသေးတယ်၊ ဒါကြောင့် ဒေါက်တာ မြင့်မြတ်ဦးနဲ့ ချောစုယဉ်တို့ပူးပေါင်းပြီး ဒီစာအုပ်ထဲက အတိုင်း အကွက်ဆင်တာ ဖြစ်နိုင်တယ်'

''သိပ်မှန်တာပေါ့ ဆရာ''


မြဒင်က လိုက်လိုက်လှဲလှဲ၊ အားရပါးရ ထောက်ခံလိုက်လေသည်။

✦ ✦ ✦

နောက်ထပ် သုံးရက်မျှအကြာတွင်...

ရဲတပ်ဖွဲ့၏ အကြီးအကဲဖြစ်သူ၊ ဦးမျိုးမင်းဟန်၏ ရုံးခန်းထဲတွင် ကိုမြတ်သာ အသတ်ခံရမှုနှင့်ပတ်သက်သမျှ ချောစုယဉ်မှအပ လူစုံရောက်နေကြသည်။ ဒေါက်တာမြင့်မြတ်ဦးက...

'မချောစုယဉ်ကို ကျွန်တော် စိတ်ညို့ထားချိန်မှာ သူမရဲ့စိတ်ဟာ လွန်ခဲ့တဲ့ နှစ်ငါးဆယ်က မြမြရင်ရဲ့ဘဝကို ပြန်လည်ရောက်ရှိသွားပြီး မထင်မှတ်တဲ့ ပြစ်မှုတစ်ခုကို ကျူးလွန်လိုက်မိတယ်လို့ ကျွန်တော် ယူဆပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြန်လည်ရှင်းပြသည်။

"ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ငါးဆယ်တုန်းက မြမြရင်ဟာ သူမရဲ့ လင်ယောကျ်ားဖြစ်သူ လင်းဝင်းမြတ်ကို မသတ်ခဲ့ပါဘူးဆိုတဲ့ အထောက်အထား ဟောဒီမှာ ဖတ်ကြည့်ပါဦး၊ စာရွက်ကို ဖွဖွလေးကိုင်ကြည့်နော် တော်တော်လေး ဆွေးမြည့်နေပါပြီ"


ပြောပြောဆိုဆိုဖြင့် ရဲအရာရှိ ကိုထိုက်ကျော်က ဝါကျင်ကျင်ဖြစ်နေသော သတင်းစာတစ်ရွက်ကိုဒေါက်တာ မြင့်မြတ်ဦးရှေ့ စားပွဲပေါ်သို့ အသာအယာချပေးသည်။ ဟောင်းနွမ်းလွန်း၍ ပုံနှိပ်ထားသော စာလုံးများသည်ပင်လျှင် အတော်အတန် မှိန်စပြုနေလေပြီ။

"အဲဒါ လွန်ခဲ့တဲ့ ၁၉၁၇ ခုနှစ်က ထုတ်ခဲ့တဲ့ သတင်းစာအဟောင်းဖြစ်ပါတယ်ဒေါက်တာ၊ လွန်ခဲ့တဲ့ ခြောက်လတုန်းက ထုတ်ဝေဖြန့်ချိခဲ့တဲ့ 'ရှေးခေတ်မှုခင်းများ''ဆိုတဲ့ စာအုပ်ပါ အချက်အလက်တွေနဲ့ လွဲနေတာ တွေ့တယ်မဟုတ်လား၊ အဲဒီသတင်းစာအဟောင်းထဲမှာ မြမြရင်ဟာ သူ့ယောကျ်ား အသတ်ခံရမှုနဲ့ ပတ်သက်လို့ လုံးဝ အပြစ်မရှိကြောင်းပါတယ်"

ဒေါက်တာမြင့်မြတ်ဦး၏ မျက်လုံးအစုံမှာ အကြီးအကျယ် အံ့အားသင့်မှုကြောင့် ပြူးကျယ်နေသည်။ ခန္ဓာကိုယ်တစ်ခုလုံး ကျင်ခနဲဖြစ်သွားသည်။

"ဘယ်လိုများ ဖြစ်ပါလိမ့်ဗျာ"

သူ၏နှုတ်ဖျားမှ ညည်းတွားသံသဲ့သဲ့ ဖြစ်ပေါ်လာသည်။



"ကဲ…ရှင်းပြီမဟုတ်လား၊ လွန်ခဲ့တဲ့နှစ်ငါးဆယ်တုန်းကမြမြရင်ကို လင်ယောကျ်ားသတ်မှုနဲ့ ဖမ်းထားစဉ်မှာသူတို့ရဲ့အိမ်နီးချင်းဖြစ်တဲ့ ဘိုလူဟာ ကားအက်ဆီးဒင့်ကြောင့် သေကာနီးပေးခဲ့တဲ့ ဖြောင့်ချက်အရ မြမြရင်ရဲ့ လင်ယောကျ်ား ကိုမြတ်သာကို သတ်သူဟာ သူပါပဲတဲ့၊ မြမြရင်ကို တစ်ဖက်သတ် စွဲလမ်းနေမိလို့ မြမြရင်မသိအောင် အခုလို သတ်ခဲ့ရတယ်လို့ပါတယ်၊ ကဲ… ဘယ့်နှယ်လဲ"

"ကျွန်တော်က ချောစုယဉ် တကယ်ပဲ စိတ်ညို့ခံရတယ်လို့ ထင်နေတာဗျ"

မြင့်မြတ်ဦးက"ထမင်းရေပူလာလျှာလွှဲ"သဘောမျိုးပြောသည်။

သူ့စကားအဆုံးတွင် ရုံးခန်းထဲသို့ ချောစုယဉ် ရောက်ရှိလာသည်။ နောက်ကျမိသည့်အတွက် ခွင့်လွှတ်ပါရန် တောင်းပန်၍ ကုလား ထိုင်တွင် ဝင်ထိုင်သည်။ ထိုအခါ ရဲအရာရှိ ကိုထိုက်ကျော်က လွန်ခဲ့ သော နှစ်ပေါင်း (၅၀) ကျော်က ထုတ်ခဲ့သော သတင်းစာအဟောင်းအဆွေးကိုချောစုယဉ်ရှေ့ စားပွဲပေါ်သို့ ချပေး၍…

"ကဲ…ကဲ ဟောဒီသတင်းစာကို ဖွဖွလေးကိုင်ပြီး ဖတ်ကြည့်ပါဦး"

ဟု တည်ကြည်စွာ ပြောလိုက်သည်။ ချောစုယဉ်က သွက်လက်စွာ ဖတ်ရှုပြီး ဆုံးသည်နှင့်တစ်ပြိုင်နက် စိတ်ညို့ပညာရှင် နိုင်ငံခြားပြန် မြင့်မြတ်ဦးအား ဒေါသတကြီး လှမ်းကြည့်သည်။ အကယ်၍သာ ချောစုယဉ်သည် နဂါးမျိုးနွယ်ဖြစ်ပါက မြင့်မြတ်ဦးတစ်ယောက် ချက်ချင်းလက်ငင်း ပြာကျသွားနိုင်လောက်သည်။

"ဒါ…ရှင့်အကြံအတိုင်း ကျွန်မလိုက်လုပ်ခဲ့ရတာ မဟုတ်လား" ဟု၍ အစချီကာ လူသတ်မှုတစ်ခုလုံး ပွင့်ထွက်ဖော်ထုတ်ပြီးသား ဖြစ်သွားလေတော့သည်။

ဆွေမြင့်


www.burmeseclassic.com

www.burmeseclassic.com

# မောင်ယဉ်မွန်

(မောဝ်နေခြည်)

## မျက်နှာငယ်မှာစိုးလို့



www.burmeseclassic.com

"ဦးလေး..ရာဇဝင်စာအုပ် ရှိသလား"

မိုးရေမိုးစက်များကြားမှ လူလတ်ပိုင်းတစ်ဦး စာကြည့်တိုက်အတွင်း ဝင်လာပြီး ရာဇဝင်စာအုပ်မေးသည်။ ကျွန်တော် စာအုပ်စင်ပေါ်မှ စာအုပ်များကို ကြည့်သည်။ ကြည့်ပင်ကြည့်နေသော်လည်း သူလိုချင်တာ ဘာရာဇဝင်ပါလိမ့်ဟုလည်း တွေးနေမိသည်။

"ဦးလေး ခင်ဗျားတို့က စာကြည့်တိုက်ကြီးဖွင့်ထားပြီး ရာဇဝင်စာအုပ်လေးတောင် မရှိဘူးလား"

ထိုသူက စာကြည့်တိုက်ကိုပါ ရန်ရှာလာတော့သည်။ ထိုသူသည် ပထမ ပြန်ဆက်သို့သွားသည်။စနေနေ့ဖြစ်၍ သူလိုချင်သောစာအုပ်မှာ ရှာဖွေကြည့်ရှုခွင့်မရ၍ ပြန်လာခဲ့ရသည်။ ပြန်ဆက်သည် နိုင်ငံတော်အစိုးရက ဖွင့်ထားသော စာကြည့်တိုက်ဖြစ်၍ သူဘာမှမပြောရဲသဖြင့် ပြန်လာခဲ့ရသော်လည်း သူ့စိတ်တွင်းမှာ ကသိကအောက် ဖြစ်လာပုံရသည်။ ထို့ကြောင့် ကျွန်တော့်စာကြည့်တိုက်သို့လာရောက်၍ ရန်လိုသောစကား ထွက်လာခြင်း ဖြစ်နိုင်ပါ၏။

ထိုအခါ ကျွန်တော်၏ ကိုယ်ပိုင်စာအုပ်များဖြစ်သောမှန်နန်းရာဇဝင်သုံးစောင်တွဲ၊ ကုန်းဘောင်မင်းဆက်မဟာရာဇဝင်တော်ကြီးသုံးစောင်တွဲ၊ မြန်မာမင်းများ အရေးတော်ပုံကျမ်းတို့ကိုယူ၍ သူ့ရှေ့တွင်ချကာ...

"ကိုင်း...ဒါရာဇဝင်ကျမ်းတွေပဲ၊ မောင်ရင်သိချင်တာ ဒီမှာ ထိုင်ရှာလို့ရတယ်"

ထိုသူသည် ကုန်းဘောင်မင်းဆက် မဟာရာဇဝင်ကြီးကောက်ယူ၍ ဟိုလှန်သည်လှန်လုပ်သည်။

"မတွေ့ဘူးဗျာ"

သူကဆိုသည်။

"နေပါဦး မောင်ရင်၊ ဘာရှာတာလဲ"

ကျွန်တော်က ပြန်၍မေးကြည့်သည်။

"ဟိုဗျာ ရဟန်းတော်တွေကို တောင် စာချပေးခဲ့ရတယ်ဆိုလားဗျာ အဲ့ဒီမင်းသမီးကို သိချင်တာ"

သူကဖြေသည်။ သူ၏အဖြေကြားရသဖြင့် သူကိုယ်တိုင်သိလို၍ရှာခြင်းမဟုတ် တစ်စုံတစ်ယောက်တာဝန်ပေး၍ သူလာခဲ့ရကြောင်း ထင်ရှားလှပေသည်။ သူသိလိုသော မင်းသမီးမှာ ပုဂံခေတ်မှ သံပျင်မင်းသမီးအကြောင်း ဖြစ်သည်။ ယခု သူ့လက်တွင်းမှာ ကိုင်ဆောင်ထားသော ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးနှင့်လည်း လုံးဝမဆိုင်ပေ။

"နွယ်သာကီဆိုတဲ့ သီချင်းကြားဖူးလား"

ကျွန်တော်ကမေးကြည့်သည်။

"ဘာတွေလဲဗျာ၊ ကျွန်တော်ရှာတာက ရဟန်းတော်တွေကို စာချခဲ့တဲ့ မင်းသမီးပါဆို"

သူက ဘုတောပြန်သည်။

"ဟုတ်ပြီ အဲဒီမင်းသမီးရဲ့ အမည်ကို မင်းမသိဘူး မဟုတ်လား"

"ဒါတော့ ဘယ်သိမလဲဗျ"

သူက စိတ်ပျက်လက်ပျက်ဖြင့် ဖြေသည်။

"ဘုန်းရှိန်ရော မတိမ်ကောသည် အမှန်ပင်၊ သတင်းကြီးတဲ့ သံပျင်မင်းသမီးရဲ့ ထူးတဲ့ပါရမီ၊ ရဟန်းတော်များကိုတောင် စာဝါချလို့ ပြခဲ့ပါသေးသည် နွယ်သာကီလို့ ဆိုထားတယ်၊ ဒီတော့ မင်းရှာနေတဲ့ မင်းသမီးဟာ သံပျင်မင်းသမီးပဲဖြစ်ရမယ်"

ကျွန်တော်က နားရည်ဝနေသောသီချင်းမှ စာသားအချို့ ဆိုပြရသည်။

"ဟုတ်တယ်ဆရာ၊ ကျွန်တော့်ကို အဲဒီမင်းသမီးအကြောင်း ရှာပေးပါလား"

သူက အားရဝမ်းသာ ဆိုလာတော့သည်။ သူ၏မျက်နှာမှာလည်း ဝင်းလက်သွားပြီး ကျွန်တော့်ကိုပင် ဆရာဟု ခေါ်လာတော့သည်။ ခက်သည်က ကျွန်တော်ကိုယ်တိုင် သံပျင်မင်းသမီးအကြောင်း မသိပေ။

"နေပါဦး၊ မင်းက ဘာကြောင့် သံပျင်မင်းသမီးရာဇဝင်ကို လိုချင်တာလဲ"

"ဒီလိုဆရာရဲ့၊ အောက်တိုဘာလမှာဆွေမျိုးပေါက်ဖော်ပွဲရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com


"မင်းတို့ ဆွေမျိုးပေါက်ဖော်ပွဲနဲ့ သံပျင်မင်းသမီးနဲ့ ဘာဆိုင်လို့လဲ"

"ဒီလိုပါ ဆရာရယ်၊ ဆွေမျိုးပေါက်ဖော်ပွဲမှာ ကျွန်တော်တို့က လှည်းယဉ်တွေနဲ့ ဟိုဘက်ကမ်းကူးပြီး ပုဂံသူ၊ ညောင်ဦးသူ၊ ကမ္ဘောဇသူ၊ ပုသိမ်သူ၊ မွန်ကို ဘယ်လိုခေါ်မလဲ...."

"ရာမညပေါ့ကွာ"

"ဟုတ်တယ်ဆရာ၊ ရာမညသူဆိုပြီး လှည်းငါးစီးနဲ့ သွားပြကြရမှာ"

"ပြိုင်ပွဲဝင်တဲ့ပုံစံ ပြောပါဦး"

"ဒိုင်အဖွဲ့ရှေ့မှာ အလှည့်ကျလှည်းတွေရပ်ပြီး ပြိုင်ရမှာ၊ ဆရာရေးမယ့် စာရွက်ကို သူတို့လက်ကြိုပြီး ပို့ထားရတယ်၊ သူတို့က တရုတ်ဘာသာနဲ့ ပြန်ပြီးရေးကြရမှာ၊ ကျွန်တော်တို့ပြိုင်ပွဲဝင် လှည်းယဉ် ဒိုင်လူကြီးရှေ့ရောက်တာနဲ့ ကျွန်တော်တို့ပေးထားတဲ့ စာရွက်ကို တရုတ်လိုဖတ်ပြမှာပါဆရာ"

ကျွန်တော် စာရွက်တစ်ရွက်ယူပြီး "ရွှေအိမ်သည်"ဟု ခေါင်းစဉ်တပ်လိုက်သည်။

+++

ယခုပရိသတ်များ ရှုစားမြင်တွေ့နေရတာကတော့ အေဒီ(၁၀၆၄)ခုနှစ်တွင် ပုဂံပြည်၌ ရွှေနန်းတက်တော်မူသော ထီးလှိုင်ရှင် ကျန်စစ်မင်းကြီး၏ သမီးတော် ရွှေအိမ်သည် မင်းသမီးလေး၏အလှ ဖြစ်ပါသည်။ ပုဂံပြည့်ရှင် ကျန်စစ်မင်းကြီးတွင် အပယ်ရတနာ၊ မဏိစန္ဒာ၊ ခင်တန်၊ သမ္ဘူလဟူ၍ မိဖုရားလေးပါးရှိခဲ့ရာ ရွှေအိမ်သည် သမီးတော်လေးအား အပယ်ရတနာ မိဖုရားကြီးမှ ဖွားမြင်ခဲ့ပါသည်။ ကျန်စစ်သားမင်းကြီးသည် ရှုမငြီးသည့် ရွှေအိမ်သည်မင်းသမီးလေးအား ဘုံခုနစ်ဆင့်ရှိသော တစ်ပင်တိုင်မြနန်းနှင့် ထားပါသော်လည်း အသက်နုနယ် စိတ်ကစားတတ်စအရွယ်တွင် ပဋိက္ကရားမင်းသားနှင့် လူငယ်တို့ဘာဝ ချစ်ကြိုးသွယ်ခဲ့ကြပါ၏။ သို့သော် ဇာတိသွေး ဇာတိမာန် ထက်သန်သော ရွှေအိမ်သည်မင်းသမီးလေးသည် ပဋိက္ကရားတိုင်းတစ်ပါးသား၏ အချစ်ကို ဥပေက္ခာပြုလျက် နန်းကျဘုရင်စောလူးမင်း၏သားတော် စောယွမ်းမင်းသားလေးနှင့် သာလျှင်ထိမ်းမြားလက်ဆက်၍ တိုင်းပြည်အတွက် အချစ်ကို စတေးခဲ့သူဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်းတိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်များတိုးပွားကြစေရန် ရည်စိတ်သန်လျက် မြန်မာ့မူဟန် ဇာတိမာန်ပုဂံမြေမှ ရွှေအိမ်သည်အလှဖြင့်တင်ဆက်လိုက်ရပါတော့သည်။

"ကောင်းတယ်ဆရာ၊အောက်မှာ လှည်းဝင်ရိုးတိ တည့်ည့် ပုဂံဘုရားပေါင်းဆိုပြီး ထည့်ပေးပါဦး"

"ဟေ့လူ....ဒါက ခင်ဗျားကိုပေးမလို့မဟုတ်ဘူး၊ ကျုပ်ဘာသာကျုပ် ရေးကြည့်နေတာ"

"ရပြီဆရာ၊ ဒါဆိုရပြီ၊ နောက်ဟာတွေကို ဒီလောက်အမြင့်ကြီးရေးမပေးပါနဲ့ ဆရာရယ်၊ ကျွန်တော့်ဆရာတွေလည်း သိမှာမဟုတ်ဘူး၊ ပြီးတော့ တရုတ်လိုပြောမှာဆိုတော့ လာကြည့်တဲ့သူတွေလည်း သိမှာမဟုတ်ဘူး၊ တရုတ်တွေကလည်း ကျွန်တော်တို့ရဲ့ရာဇဝင်တွေ စိတ်ဝင်စားမှာလဲ မဟုတ်ဘူး၊ သိလည်းသိမှာမဟုတ်ဘူး ဆရာ"

ထိုသူသည် တစ်လောကလုံးကလူတွေကို သူ့လိုငတုံးတွေဟု ထင်နေပုံရသည်။

"ကိုင်း...မိုးစဲခိုက် သွားလိုက်ဦးမယ်ဆရာ၊ ကျွန်တော်တို့ ပြိုင်ပွဲမှာ ဆုရရင် ဆရာ့ကို ကောင်းကောင်း ပြုစုမယ်ဆရာ၊ ဒီစာရွက်လေး ယူသွားတော့မယ်၊ ကျန်တဲ့ မင်းသမီး လေးယောက်ကိုလည်း ဆရာ ဆက်ပြီးရေးပေးပါ ဆရာရယ်"

ထိုသို့ဆိုကာ ပြန်သွားတော့သည်။

+++

ကျွန်တော်တို့ မြန်မာတွေ၏ စိတ်ဓာတ်တွင် တစ်ဖက်ကို အထင်သေးသောအကျင့်ကြီး စွဲနေသည်။ ဟိုဘက်ကမ်းသို့ မြန်မာရာဇဝင်များမှ ထင်ရှားခဲ့သော မင်းသမီးလေးများ၏ ဘဝ သရုပ်ဖော်ထုတ်၍ ပြိုင်ပွဲဝင်ကြမည်။ ဒါဟာ မူဆယ်မြို့ကိုယ်စားပြုဟုခေါ်ဆိုမရပေ၊ မြန်မာတစ်နိုင်ငံလုံး၏ ကိုယ်စားပြု ပြိုင်ပွဲဝင်ကြရမည်ဖြစ်သည်။ ပြိုင်ရမည့် ပြိုင်ဖက်က တိုင်းတစ်ပါး တရုတ်

www.burmeseclassic.com

www.burmeseclassic.com





ပြည်ကြီးလည်း ဖြစ်နေပြန်သည်။

ထိုပြိုင်ပွဲမျိုးကို နိုင်ငံတော်က ကြီးမှူးကျင်းပပေးသင့်သည်။ ယခုတော့ မူဆယ်မှာရှိကြသော ဌာနဆိုင်ရာ အကြီးအကဲများက ဦးစီးဦးဆောင်ပြုလုပ်၍ ပြိုင်ပွဲဝင်ရသည်။ ထိုသို့ပြိုင်ပွဲဝင်ရန် စာပေပညာရှင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များခေါ်ယူ၍ ဆွေးနွေးရေးသားသင့်သည်။ ယခုလို ဘုမသိ ဘမသိ တစ်ယောက်ကို ဟိုပြေးသည်လွှားနှင့် မခိုင်းသင့်ပေ။ စာပေတွင် သမိုင်းဘာသာရပ်သည် ရှုပ်ထွေး၍ ခက်ခဲသည်။ ထို့ကြောင့် ယခု သာရောက်သူကိုလည်း အပြစ်မဆိုသာပေ။ စေခိုင်းသူများကိုသာ ဆင်ခြင်သင့်သည်ဟု ပြောလိုခြင်း ဖြစ်သည်။

နောက်တစ်ချက် သတိပြုမိသည်မှာ ထိုလူသည် ဘာစာပေမှ ဖတ်ဟန်မတူပေ။ ထို့ကြောင့် ''ကျွန်တော်တို့ မြန်မာ့သမိုင်းကို တရုတ်တွေလည်း နားလည်မှာမဟုတ်ဘူး''ဟု ပြောသွားသည်။ ပျောက်ဆုံးနေသော မြန်မာ့သမိုင်းကွင်းဆက်ကို ဖော်ထုတ်ပေးခဲ့သူမှာ တရုတ်ရာဇဝင်ဆရာကြီး ဖန်ချိုဖြစ်သည်။

တရုတ်ရာဇဝင်ဆရာကြီး ဖန်ချို၏ကျေးဇူးကြောင့် မြန်မာတို့၏ သမိုင်းဦးခေတ်၊ တကောင်းတိုင်းပြည်မှ ထွက်ခွာသွားကြသော

ရွှေအိမ်သည်ဟာ
မင်းတို့ထင်သလို
ကုလားမင်းသားနဲ့
ညားတာမဟုတ်ရပါဘူးကွာ၊
ငယ်ရွယ်နနယ်၊
စိတ်ကစားတတ်စမို့
ချစ်ခဲ့မိတာတော့
အမှန်ဖြစ်မယ်၊ ဒါပေမဲ့
အချိန်တန်
အရွယ်ရောက်တော့
နန်းကျဘုရင်
စောလူးမင်းရဲ့သားတော်
စောယွမ်းမင်းသားလေးနဲ့
လက်ဆက်ခဲ့တယ်
...

www.burmeseclassic.com

www.burmeseclassic.com

မောရိယမင်းတရားကြီး၏ သားတော် ဘိန္ဒုကရာဇ်မင်းသားနှင့် နောက်လိုက်နောက်ပါ မြန်မာကြီးများ ရွှေလီမြစ်ဝှမ်းဒေသတွင် လာရောက်နေထိုင်ခဲ့ကြကြောင်း သိခဲ့ရသည်။

ထိုစဉ်အခါက မြန်မာတို့ နေထိုင်ခဲ့ကြသော နယ်နိမိတ်မှာ အရှေ့မဲခေါင်မြစ်၊ မြောက်အရပ်တွင် နမ့်မိုင်ခချောင်း၊ တောင်ဘက်တွင် သိန္နီနယ်စပ်အထိ နေထိုင်ခဲ့ကြသည်ဟုတရုတ်ရာဇဝင်ဆရာက မှတ်တမ်းတင်ခဲ့သည်။ မြန်မာ့သူရဲကောင်းမြင်းတပ်ကြီး နန်ချောင်နိုင်ငံတော်တွင် ထင်ရှားစွာရှိခဲ့ကြောင်း၊ ထိုမြင်းတပ်ကြီးဦးဆောင်၍ ဟန္ဒိုင်းမြို့သို့ လာရောက်တိုက်ခိုက်သဖြင့် ဟန္ဒိုင်းမြို့စား၏ အတွင်းရေးမှူး ဖန်ချိုကိုယ်တိုင် ထွက်ပြေးခဲ့ရကြောင်း ရာဇဝင်ဆရာဖန်ချိုက သူ့ကိုယ်တွေ့ကိုပင် မှတ်တမ်းတင်ပေးခဲ့သည်။

ထိုခေတ်က ရွှေလီမြစ်ဝှမ်းတွင် နေထိုင်ခဲ့ကြသော မြန်မာတို့၏ အသက်မွေးဝမ်းကျောင်းခေါ် ဘဝရပ်တည်ရေးကိုပါ ဖန်ချိုက ရေးသား မှတ်တမ်းပြုပေးခဲ့သည်မှာ မြန်မာတို့သည် ခြေတံရှည်အိမ်များ ဆောက်လုပ်နေထိုင်ခြင်း၊ ဆင်များဖြင့် လယ်ယာမြေထွန်ယက်ခြင်း၊ သိုး၊ ဆိတ်၊ ကြက်များ မွေးမြူခြင်း၊ မြင်းစီးဝါသနာထုံခြင်းတို့ကိုလည်း ဖန်ချိုက ရေးသားမှတ်တမ်းတင်ပေး၍သာ ကျွန်တော်တို့ သိခွင့်ရခဲ့ကြသည်။



နေ့ခင်းကလာသူအား ရှင်းပြနေလျှင် ကျွဲပါးစောင်းတီး ဆိုသလိုဖြစ်မည်စိုး၍ ပြောမထွက်ခဲ့ပေ။ ရှိစေတော့။ ဆရာမင်းသိခ်ပြောသလို "ပြီးတော့လည်း ပြီးတာပါပဲ" ဟု တွေးနေမိတော့သည်။

✦✦✦

"ဦးလေး....တံခါးဖွင့်ပါဦး"

"ဦးလေး....တံခါးဖွင့်ပါဦး"

အပြင်မှာ မိုးများ အဆက်မပြတ်ရွာနေ၍ မိုးရေစက်များ မဝင်နိုင်ရန် စာကြည့်တိုက်တံခါး ပိတ်ထားသဖြင့် တကြော်ကြော် အော်ဟစ်ခေါ်နေခြင်း ဖြစ်သည်။ ကျွန်တော် ဖတ်လက်စစာအုပ်ကိုပိတ်၍ တံခါးဖွင့်လိုက်သည်နှင့် မနေ့က ရွှေအိမ်သည် စာရွက်ယူသွားသောသူကို တွေ့လိုက်ရသည်။ သူသည် မိုးထဲရေထဲ မိုးကာခြုံ၍ လာခဲ့ရသည်။

"ဦးလေး..မနေ့ကရေးပေးခဲ့တဲ့ ရွှေအိမ်သည်ကို မဏိစန္ဒာနဲ့ လဲပေးပါဗျာ၊ ရွှေအိမ်သည်က ကုလားနဲ့ ညားတဲ့ မင်းသမီးဆိုပြီး ကျွန်တော့်ဆရာက မကြိုက်ဘူးတဲ့"

ဟု ညည်းညည်းညူညူ ပြောနေရှာသည်။

"ခက်တော့ခက်တယ်ကွ၊ မင်းဆရာတွေကြိုက်တဲ့ မဏိစန္ဒာကို ပြောင်းရေးမယ်ဆိုရင် ပုဂံသူလို့ ပြောလို့မရတော့ဘူး၊ ဥဿသူလို့ လှည်းအမည်ကိုပါ ပြောင်းရတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြောလိုက်ရသည်။

"မဏိစန္ဒာက ပုဂံသူ မဟုတ်ဘူးလား"

ဟု မေးနေပြန်ပါသည်။

"နေပါဦး၊ မင်းကော မြန်မာဟုတ်ရဲ့လား"

ဟု မေးလိုက်တော့...

"ဟုတ်ပါတယ် ဦးလေးရဲ့၊ မြန်မာမှ ပုဂံသောင်ဦးသား စစ်စစ်ကြီးပါဗျ"

ဟု ရင်ကော့ဂုဏ်ယူ ဝံ့ကြွားစွာဆို၏။

ကျွန်တော် ထိုသူကိုကြည့်၍ စိတ်ပျက်မိသည်။ ပုဂံသောင်ဦးသား မြန်မာက မဏိစန္ဒာကိုတောင်ဘယ်မြို့သူမှန်း မသိတော့ပါလားဟု တွေးရင်း တိုင်းပြည်၏အနာဂတ်အတွက် ရင်းလေးမိသည်။ ထိုပုဂံသောင်ဦးသားသည် သျှန်ထွဏ်း (မြန်မာစာ) ရေးသော အရိန္ဒမာ အသိဆုံးပါ သီချင်းကိုတောင်မှ နားထောင်ဖူးမည့်ပုံမပေါ်ပေ။

"ရွှေအိမ်သည်ဟာ မင်းတို့ထင်သလို ကုလားမင်းသားနဲ့ ညားတာ မဟုတ်ရပါဘူးကွာ၊ ငယ်ရွယ်နုနယ်၊ စိတ်ကစားတတ်စဉ်မို့ ချစ်ခဲ့မိတာတော့ အမှန်ဖြစ်မယ်၊ ဒါပေမဲ့ အချိန်တန် အရွယ်ရောက်တော့ နန်းကျဘုရင် စောလူးမင်းရဲ့သားတော် စောယွမ်းမင်းသားလေးနဲ့ လက်ဆက်ခဲ့တယ်၊ ရွှေအိမ်သည် ဇာတ်လမ်းကို ငါရွှေးတာက အကြောင်းမဲ့မဟုတ်ဘူး၊ မင်းတို့ငါတို့နေတဲ့ မူဆယ်မြို့ဆိုတာ နယ်စပ်မြို့ဖြစ်တယ်၊ နယ်စပ်ရောက်နေကြတဲ့ ငါတို့တိုင်းပြည်က သမီးပျိုလေးတွေဟာ ဟိုဘက်ကမ်းက တရုတ်ကလေးတွေနဲ့ လူငယ်တို့ဘာဝ ချစ်ကောင်းချစ်ကြ၊ ကြိုက်ကြမယ်"

"––––"

"သူတို့ချစ်တာကို မချစ်ရလို့ အမိန့်ထုတ်လို့လည်း ရမှာမဟုတ်ဘူး၊ ဒီတော့ ရွှေအိမ်သည် မင်းသမီးလေးလို မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ တိုင်းတစ်ပါးသားတို့ရဲ့ အချစ်ကို ဥပေက္ခာပြုပြီး ကိုယ့်ရဲ့ပြည်တွင်းက အမျိုးသားများနဲ့သာ လက်ထပ်ကြပါလို့ ဒီဇာတ်လမ်းလေးနဲ့ တိုက်တွန်းရတာပေါ့"

"ကောင်းပြီလေ၊ ဒါဆို ကျွန်တော့်ဆရာတွေကို ပြောပြလိုက်ပါ့မယ်"

ထိုသို့ဆိုကာ ပြန်သွားတော့သည်။

+++

အောက်တိုဘာလလယ်လောက်တွင် အပျိုကြီးမခိုင် ကျွန်တော်တို့စာကြည့်တိုက်သို့ရောက်လာသည်။

"ဦးလေး....ဆွေမျိုးပေါက်ဖော်ပွဲမှာ ကျွန်မတို့ဘက်က ပထမနဲ့ ဒုတိယဆုရခဲ့တယ်၊ တရုတ်ပြည်က တတိယဆုပဲရသွားတယ်၊ ဒုတိယဆုက ရွှေအိမ်သည်လေ၊ ဆုတွေရလို့ ဂုဏ်ပြုပွဲလုပ်ကြတယ်၊ ဦးလေးဘာလို့ ဆုပေးပွဲမတက်တာလဲ"

မခိုင်ပြောမှ ရွှေအိမ်သည်ကို သတိရမိတော့သည်။ ရွှေအိမ်သည် စာရွက်ယူ၍ သွားသောသူလည်း ထိုအချိန်မှစ၍ ကျွန်တော့်ထံသို့ လုံးဝ ပြန်မလာတော့ပေ။ ထို့ကြောင့် ကျွန်တော်တို့ဘက်က ဆုရ/မရကိုလည်း လုံးဝ မသိခဲ့ပေ။


ဂုဏ်ပြုပွဲပြုလုပ်ရာတွင် ကျွန်တော် မပါခြင်းမှာလည်း ထိုသူက သူ့အထက်လူကြီးများအား ကျွန်တော်ရေးပေးလိုက်ကြောင်း ပြောချင်မှ ပြောပေလိမ့်မည်။ ထိုဂုဏ်ပြုပွဲသို့ ကျွန်တော် မတက်ရောက်ရ၍လည်း ဝမ်းနည်းခြင်းမရှိသလို ထိုရွှေအိမ်သည်အကြောင်း ရေးမိ၍လည်း ကျွန်တော် နောင်တ မရမိပေ။ ရွှေအိမ်သည်ကို ကျွန်တော် ရွေးချယ်ရခြင်းမှာ ထိုသူ့အတွက် မဟုတ်၊ ကျွန်တော်ချစ်သော ကျွန်တော့်နိုင်ငံတော်အတွက်သာဖြစ်သည်။ ထို့ကြောင့် အပျိုကြီး မခိုင်အား အောက်ပါအတိုင်း ပြောလိုက်ရတော့သည်–

"မခိုင်..ငါရေးတာက ဂုဏ်ပြုတာခံချင်လို့မဟုတ်ဘူး၊ သမိုင်းမှန်မရောက်ဘဲ တစ်ဖက်နိုင်ငံ ဆွေမျိုးပေါက်ဖော်တွေရဲ့အလယ်မှာ ငါ့နိုင်ငံမျက်နှာငယ်မှာစိုးလို့ ရေးပေးလိုက်ရတာပါ မခိုင်ရယ်...."

မောင်ယဉ်မွန်(မောင်နေခြည်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

"ဒီကောင်လေးသန်းစိုး မဆိုးဘူးဟ၊ မိမွေဖမွေ မရှိပေမယ့် စီးပွားရှာတတ်တယ်၊ ခု တော်တော်တောင်ဖြစ်နေပြီ"

"ဟုတ်တယ် ခုဆို ကုန်တင်သမ္ဗန်ကြီးတစ်စင်းတောင် ထောင်နိုင်သွားပြီလေ"

"ဟုတ်တယ်နော်၊ ဒီသမ္ဗန်ကြီးနဲ့ ထင်းပဲတင်တင်၊ ဓနိပဲပို့ပို့ ရတာပေါ့"

"လူမှာ ဇရှိတယ်ဆိုတာ ဒါကိုပြောတာလေ"

နာနတ်တောင်ရွာတွင် သန်းစိုး၏ လုပ်ရည်ကိုင်ရည်နှင့် ပတ်သက်၍ လူတော်တော်များများက မုဒိတာပွားပြီး ချီးမွမ်းခန်းဖွင့်နေကြသည်။ သန်းစိုးမှာ အမေအိုကို လုပ်ကျွေးသမှုပြုရင်း တစ်ရွာတည်းသူ တင်တင်နှင့် အိမ်ထောင်ပြုလိုက်သည်။ တင်တင်မှာလည်း အဖေ၊ အမေတွေ ကွယ်လွန်သွားပြီ။ သူမ အဒေါ်အိမ်မှာ ကပ်ရပ်နေထိုင်ရသော ဘဝဖြစ်သည်။

ခု သန်းစိုးနှင့် အိမ်ထောင်ကျတော့ ယောကျ်ား၏ လုပ်ရည်ကိုင်ရည်ကြောင့် အိမ်တစ်ဆောင်၊ မီးတစ်ပြောင်နှင့် တင့်တင့်တယ်တယ်ဖြစ်လာခဲ့ပေပြီ။ ဘဝရပ်တည်ရေး အဆင်ပြေလျှင် မိသားစုဘဝ သာယာချမ်းမြေ့သည်မှာ ဓမ္မတာပဲလေ။

\+ + +

"သန်းစိုးတစ်ယောက်ကတော့ကွာ ဒီကောင့်အိမ်ထောင်သက် (၁၀)နှစ်အတွင်းမှာ စီးပွားရေးအောင်မြင်တာလည်း ပြောမနေနဲ့၊ ခုတော့ကွာ....."

"ခု ဘယ်လိုဖြစ်လို့လဲ"

"ဒီကောင်အစိုးရဇက်သဘော်ကြီးငှားပြီး တစ်နယ်လုံးက ကျွဲတွေဝယ်တင်တာလေ"

"ဟုတ်တယ်၊ ဒီကောင် အဲဒီအကုသိုလ်အလုပ်ကို လုပ်မိတာ အရမ်းမှားတာပဲကွ၊ ကျွဲဆိုတာ တို့မြန်မာနိုင်ငံမှာ လူတွေအသက်ရှင်ရပ်တည်နိုင်ရေးအတွက် နေပူမိုးရွာမရှောင် လုပ်ပေးနေတဲ့ ထမင်းရှင်တွေလေ"

"ဟုတ်တယ်နော်"

"အဲဒီကျေးဇူးတရားကိုမှ မထောက် တို့ကျေးဇူးရှင်တွေကို သားသတ်ရုံသွင်းရဲတာ အံ့သြစရာပဲကွာ၊ ဒီအလုပ်နဲ့ ဘယ်လိုလုပ်စီးပွားရှာလို့ အောင်မြင်မှာလဲကွာ၊ အကုသိုလ်လိုက်ပြီး ငါးပါးမှောက်အောင် ရှုံးကုန်တာလေ"

"နောက်ပြီး ဒီကောင်က မြို့တွေ အရောက်များလာတော့ အပါးဝလာပြီလေ"

"ဘယ်လိုအပါးဝလာတာလဲကွ"

"ဘယ်လိုရမလဲ၊ ဒီကောင်က ပိုက်ဆံလေး နည်းနည်းပါးပါး လက်ဖျားထိလာတော့ မိန်းမရှုပ်တတ်လာပြီလေကွာ"

"ဟုတ်လား"

"ဟုတ်တာပေါ့ကွာ၊ မနှစ်ကလည်း ပေါက်တောမြို့နယ်ဘက် ငရုတ်သီးခြောက်သွားဝယ်ရင်း သူ့ကိုယ်သူ လူပျိုဆိုပြီး အပျိုကောင်မလေးတစ်ယောက်ကို အရကြံပြီးယူခဲ့တာလေ"

"ဟာ...ဒီကောင် အကြံပက်စက်လှချည်လား"

"နောက်ဆုံးတော့ သူ့အမေ အသည်းအသန်ဖြစ်နေလို့ ခဏပြန်မယ်ဆိုပြီး ပြန်လာခဲ့တာတဲ့၊ အဲဒီကောင်မလေးမှာ ကိုယ်ဝန်တောင်ကျန်ခဲ့တာတဲ့ကွာ"

"တို့ရွာမြောက်ပိုင်းက မခင်လှနဲ့လည်း သူ့ယောကျ်ား ဖိုးထွားဆုံးသွားတာ သိပ်တောင်မကြာဘူး၊ ဒီကောင်နဲ့စခန်းသွားနေကြတာတဲ့"

"သူ့လှေမှာ ပဲ့ကိုင်လိုက်နေတဲ့ လူရွှေကပြောတယ်၊ စစ်တွေမြို့ရောက်ရင်လည်း အဲဒီလိုနေရာတွေပဲ လိုက်ရှာနေတာတဲ့"

"မင်းတို့ သတိထားမိကြလား၊ ဒီကောင့်ကို ရွာက တော်ရုံလူတွေက အဖက်မလုပ်ကြတော့ဘူး"

"ဟုတ်ပ"

ရွာသားတိုင်းပါးစပ်ဖျားတွင်

www.burmeseclassic.com

www.burmeseclassic.com


သန်းစိုး၏ စာရိတ္တ ခြိုးခြံမှုကို ပြောမဆုံး ပေါင်တော သုံးထောင် ဖြစ်နေကြ၏။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ နေရာရှိလို့လား။

+ + +

"ကိုစိုးရယ် မပြောမဖြစ်လို့ ပြောရဦးမယ်"

"ဘာများပြောစရာရှိလို့လဲ တင်တင်ရာ"

"ရှိတာပေါ့ ကိုစိုးရယ်၊ တင်တင်ဟာ ကိုစိုးကိုအရမ်းချစ်လို့ ဒီစကားကို ပြောမထွက်တာပါ၊ ကိုစိုး ဘာလုပ်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာ တင်တင် အကုန်သိတယ်"

သန်းစိုးမှာ ဇနီးသည်တင်တင်၏ ပြောစကားကို နားထောင်ရင်း ရှာပြင်ကွင်းစပ်သို့ ငေးမောကြည့်နေ၏။

"ကိုယ်က ဘာတွေလုပ်နေလို့လဲကွာ"

"ဘာတွေလုပ်နေလို့လဲ ဟုတ်လား၊ မေးရက်ပလေတယ် ကိုစိုးရယ်၊ ကိုစိုးဟာ ရောက်တဲ့နေရာတိုင်းမှာ မယားမြှောင်ထားတာလေ၊ ကိုယ့်ရွာမှာလည်း မခင်လှနဲ့ တစ်ယောက်နဲ့တစ်ယောက် မမြင်ရမနေနိုင် ဖြစ်နေကြတာပဲမဟုတ်လား"

"တော်ပါတော့ကွာ၊ လူတွေက အာရုံရတိုင်း လျှောက်ပြောနေကြတာပါ"

"အာရုံရတိုင်း လျှောက်ပြောနေကြတာမဟုတ်ဘူး၊ တင်တင်အသေအချာသိတယ်၊ ကိုစိုးဟာ တင်တင့်ရဲ့လင်ယောကျ်ားပါ၊ ကိုယ့်ယောကျ်ားရဲ့စိတ်ဓာတ်ကို တင်တင်ကောင်းကောင်းသိတာပေါ့ရှင်"

"----"

"တင်တင် ကိုစိုးကိုမခွဲနိုင်ဘူး၊ ကိုစိုးနဲ့ခွဲရမှာ တင်တင်အရမ်းကြောက်တယ်၊ ကိုစိုးကို အရမ်းချစ်တယ်၊ ကလေးတွေကလည်း သုံးယောက်တောင်ရှိနေကြပြီလေ"

"----"

"ကိုစိုး အဲဒီလို ဖောက်ပြန်နေလို့ စီးပွားရေးလည်း ရစရာမရှိအောင်ပျက်စီးသွားပြီ၊ ဘယ်လိုလုပ်ကြမလဲ ဟင်"

"ကိုစိုး ကြံတတ်ဖန်တတ်ပါတယ် တင်တင်ရယ်၊ မပူပါနဲ့"

"ကိုစိုးရယ် စီးပွားရှာတာ အိမ်ထောင်ရေးအပေါ်မှာ သစ္စာရှိဖို့လိုတယ်နော်၊ သူတစ်ပါးသားမယားကို ယောင်လို့တောင် မကြည့်သင့်ဘူးတဲ့"

"ကိုစိုး သိပါတယ်"

"သိပါတယ်သာ ပြောနေတာ၊ ကိုစိုးဟာ ကာမပိုင်လင်ရှိတဲ့ မိန်းမကိုလည်းရရင်ကြံတာပဲမဟုတ်လား"

"မဟုတ်တာမပြောနဲ့လေ တင်တင်"

"ဘယ်ကနေမဟုတ်ရမှာလဲ၊ တင်ထွန်းမိန်းမ မြခင်ကြည်နဲ့ ကိုစိုးနဲ့ တိတ်တိတ်ပုန်းညားနေကြတာ လူတွေ ပြောကုန်ကြပြီ၊ ဟိုမိန်းမကလည်း ကိုယ်လုံးကိုယ်ပေါက်ကောင်းကောင်းဆိုတော့ ကိုစိုးစွဲနေပြီမဟုတ်လား"

"ဟာကွာ .. မပြောနဲ့တော့နော်"

"တင်တင်က မပြောဘဲကျိတ်ခံနေလို့ရတယ်၊ တင်ထွန်းက ခပ်ကြမ်းကြမ်းသမားဆိုတော့ ကိုစိုးကို သတ်ပစ်မှာ စိုးရိမ်ရတယ်လေ"

သန်းစိုး နှုတ်ဆိတ်သွား၏။

"ဟိုနေ့က ရေခပ်သွားကြရင်း မြခင်ကြည်က အေးအေးကို ပြောတယ်တဲ့၊ သန်းစိုးကို မိန်းမတွေ ကြိုက်မှာပေါ့၊ အရမ်းစွဲလမ်းဖို့ကောင်းတာကိုးလို့ သူ့ပါးစပ်က လွတ်ခနဲ ထွက်သွားတယ်တဲ့၊ အေးအေး တင်တင့်ကို လာပြောပြတယ်လေ"

"ဟာ.....တော်ပါတော့ကွာ၊ ငါ နားငြီးလာပြီ"

သန်းစိုးမှာ ပြောနေရင်း တင်တင့်အနီးမှ ထသွားလိုက်သည်။

တင်တင်မှာဘယ်ဇနီးမယားမှ ခွင့်မလွှတ်နိုင်သောကိစ္စကို မသိချင်ယောင်ဆောင်ပြီး လင့်အပေါ် အစွဲအလမ်းကြီးစွာဖြင့် ကြိတ်မှိတ်ခံစားနေရသည်။ တင်တင့်ဘဝမှာ အိမ်ထောင်သည် ငယ်ချစ်လင်ကြောင့် ကျိတ်ငိုခဲ့ရသော မျက်ရည်များက ဆီးကာတားထားလျှင် ချောင်းဖြစ်လောက်ပေပြီ။

လင်ချစ်၊ မယားချစ်၊ သမုဒယတဏှာချစ်က အချစ်ကြီးလေ ပူလောင်လေပါပဲလား။ ခုလည်း တင်တင့်မျက်ဝန်းအိမ်ထဲမှာ မျက်ရည်များက ရစ်ဝိုင်းလို့။

+ + +

www.burmeseclassic.com



ရခိုင်ရိုးမတောင်တန်းကြီးက ကမ်းရိုးတန်းရှည်ရှည်လျားလျားကြီးအား အရိပ်အာဝါသပေးပြီး စီးမိုးကြည့်နေ၏။ တောင်တန်းကြီးကို မှီပြီး ရပ်တည်နေကြသော ရခိုင်တိုင်းရင်းသား၊ ချင်းတိုင်းရင်းသားများမှာ ဒေသထွက်ကုန်များဖြင့် ဘဝဝမ်းမီးကို ငြိမ်းသတ်ကြ၏။

သန်းစိုးမှာ မြို့ပြများနှင့် ဆက်သွယ်ပြီး စီးပွားရှာနိုင်သောအဆင့်သို့ ထိ မမီနိုင်တော့သည့် အခြေအနေတွင် ရခိုင်ရိုးမတောင်ခြေဘက်သို့ ခြေဆန့်လာခဲ့၏။ ရိုးမတောထွက် သစ်ဝါးများကို ပင်လယ်ကမ်းစပ် ရွာများဘက်သို့ သယ်ယူရောင်းချရန် ရည်ရွယ်ရင်းဖြစ်ပေသည်။



ခု သန်းစိုး ရောက်နေသော ရွာမှာ မဝှမ်း မည်သော ချင်းတိုင်းရင်းသား ရွာလေးပင်ဖြစ်ပေသည်။ ရွာသားများမှာ ရိုးရာနတ်ကို ကိုးကွယ်ကြ၏။ သစ်ခုတ်၊ ဝါးခုတ်၊ နီးဖျာရက်၊ နီးတောင်းရက်အလုပ်များဖြင့် အသက်မွေးကြ၏။

အိမ်တိုင်းလိုလိုတော့ ဝက်မွေးကြသည်။ သို့သော် စီးပွားဖြစ်ကား မဟုတ်ပေ။ ဟင်းစားသက်သက် မွေးကြခြင်းသာဖြစ်သည်။

ချင်းဝက်မှာ လုံးလုံးကျစ်ကျစ်ကလေးဖြစ်သည်။ ခြေထောက်တိုပြီး နားရွက်သေး၏။ အကြီးနှေးပြီး အဆီ မကြီးပေ။ ချင်းဝက်သားကား ဟင်း စားအလွန်ကောင်းသည်။

နောက်တစ်ခု ထူးခြားသည်မှာ အိမ်တိုင်းလိုလို လုံးတီးဆန်ဖြင့် ခေါင်ရည်တည်ကြသည်။ ခေါင်ရည်မှာ တောင်ပေါ်သားတို့၏ ရိုးရာယစ်ရွှေရည်ပင်ဖြစ်သည်။ ချင်းလူမျိုးများမှာ အရွယ်ရောက်သူတိုင်း ယောကျ်ား/ မိန်းမမရွေး ခေါင်ရည်သောက်ကြ၏။

ခေါင်ရည်ကို စဥ့်အိုးဖြင့်တည်ရ၏။ အရွယ်အစားအလိုက် တန်ဖိုးအနိမ့်အမြင့်ရှိသည်။ အမူးဓာတ်ရရှိစေရန်အတွက် တီပင်မှရသော သစ်ခေါက်တဆေးကို ထည့်ရသည်။ သတ်မှတ်ရက်ပြည့်လျှင် ခေါင်ရည်သောက်ရသည်။ ရက်လွန်အိုးများမှာ အရသာပို၍ကောင်းသည်။ ရက်လွန်ပြီး လောက်ကောင်များ ကျနေသောအိုးက ပိုကောင်းသည်ဟု ပြောစမှတ်ပြုကြသည်။

ခေါင်သောက်လျှင် ယောကျ်ား မိန်းမ မရွေး ခေါင်အိုးကိုဝိုင်းပြီး ပလူတံစွပ်၍ သောက်ရသည်။ သို့သော် မည်သူမျှ ခေါင်အိုးကို လက်ထောက်၍ သောက်ခွင့်မပြုပေ။ နတ်မလို၊ နတ်မကြိုက်ဟု ပြောကြ၏။

သန်းစိုးမှာ မဝှမ်းရွာသို့ နေ့လယ်ခန့်တွင်ရောက်သည်။ ငတူးကို မိတ်ဖွဲ့ပြီး ငတူးအိမ်မှာပဲ တည်းခိုလိုက်၏။ ညနေပိုင်းလောက်တွင် အိမ်ရှင်ငတူးက ဧည့်ခံပြီး ခေါင်ရည်ဝိုင်းဖွဲ့ကြလေသည်။ ငတူးတို့လင်မယား၊ အိမ်နီးချင်းတစ်ယောက်နှင့် သန်းစိုးပါဆိုလျှင် လေးယောက်ဝိုင်းဖြစ်သွားသည်။

ခေါင်ရည်သောက်ခြင်းမှာတစ်ယောက်ချင်း ပလူတံဖြင့်ဖြည်းဖြည်းချင်းစုပ်ယူပြီး ဖိမ်ခံသောက်ရသော အလုပ်ပင်ဖြစ်သည်။ မူးလာလျှင်လည်း အရက်လို ပြင်းပြင်းမမူးပေ။ တဖြည်းဖြည်း၊ တငွေ့ငွေ့သာမူးသည်။ အငြိမ်မူးဟု ဆိုရမည်ဖြစ်ပေသည်။

သူတို့လေးယောက်ဝိုင်းတွင် သန်းစိုးနှင့် အိမ်ရှင် မဖြူက မျက်နှာချင်းဆိုင်ဖြစ်ပေသည်။ မဖြူ ခေါင်ရည်စုပ်လှည့်ရောက်တိုင်းခေါင်းကိုရှေ့တိုးပြီး ပလူတံကိုစုပ်ရရာ အတွင်းခံမဲ့သော ရင်သားဖြူဖြူထွားထွားကြီးမှာ လည်ပင်းကျယ်သင်တိုင်းကြားတွင် အထင်းသား ပေါ်နေပေ၏။

သန်းစိုးအတွက် ဝါသနာနှင့်

www.burmeseclassic.com



အကိုက်ဖြစ်ကာ အကြိုက်တွေ့နေ၏။ သောက်ရင်းနှင့် ခေါင်ရည်အိုးကကုန်သွားရာ သန်းစိုး ဘဝင်မကျဖြစ်သွား၏။

"ကျွန်တော် မဝသေးဘူးဗျာ၊ ခေါင်ရည်စုပ်ချင်သေးတယ်၊ ယောက်ဖတို့ ခေါင်တစ်လုံးထပ်ရှာပေးကြဦးလေ"

"----"

"ရှော့.....ယောက်ဖ၊ ကြက်ပါ တစ်ကောင်ရှာယူခဲ့ကြ"

သန်းစိုးက ကျပ်ငါးထောင်တန်တစ်ရွက်ကို ဖျတ်ခနဲ ထုတ်ပေးလိုက်၏။

"ယောက်ဖရေ ကြက်ပါရှာရမှာ ဆိုတော့ နည်းနည်းကြာမှာနော"

"ကြာပလေ့စေ၊ ရတယ်.....ယောက်ဖ၊ ရတယ်"

ချင်းတိုင်းရင်းသားများမှာ ရခိုင် တိုင်းရင်းသားများကိုခေါ်လျှင် ယောက်ဖဟု ခေါ်လေ့ရှိပြီး သူတို့ကိုပြန်ခေါ်လျှင် ယောက်ဖဟူ၍သာ ခေါ်ရသည်။ ချင်းရွာများ၏ဓလေ့မှာ ခေါင်ရည်သောက်ကြလျှင် ပထမအိုးကို အိမ်ရှင်ကဧည့်ခံရပြီး နောက်ဆက်သောက်လျှင် ဧည့်သည်က ကျခံရသော သဘောရှိပေသည်။

အိမ်ရှင် မဖြူမှာ နာမည်နှင့် လိုက်ဖက်အောင် အသားအရေ ဖြူဖွေးနေ၏။ ရိုးရာသင်တိုင်းကို ဝတ်ရုံထားမှုကြောင့် ခန္ဓာဗေဒအချိုးကျမှုကို မမြင်ရသော်လည်း တင်းရင်းဖြူဖွေးနေသော လက်မောင်းအိုးကြီးနှင့် မျက်နှာပြင်ပါးမို့မို့လေးများက



မိန်းမလှ တစ်ဦးဖြစ်ကြောင်းကို လှစ်ပြနေသကဲ့သို့ ရှိချေ၏။ မဖြူမှာ ပြောလိုက်၊ ရယ်လိုက်နှင့် သန်းစိုးကို ဧည့်ခံစကားပြောနေ၏။ ကျားရှေ့မှောက်ရောက်နေသော သားကောင်မလေးဖြစ်နေသည်ကိုတော့ မသိရှာပေ။

"မဖြူက အရမ်းချောတာပဲ"

"ခစ်...ခစ်...ခစ်...ခစ်...ခစ်"

မိန်းမသားတို့ သည်းခြေကြိုက်စကားဖြင့် စလိုက်ရာ မဖြူ ဘဝင်တွေ့သွားပြီး တခစ်ခစ်ရယ်လိုက်၏။

"မဖြူရေ"

"ဝေး"

"အားလည်းနာပါတယ်၊ ကျွန်တော် ခေါင်းအရမ်းကိုက်နေလို့ ခဏနှိပ်ပေးပါလားဟင်"

"ရတယ်လေ၊ ကိုတူး ခေါင်းကိုက်ရင်လည်း ဒီလိုပဲ နှိပ်ပေးရတယ်လေ"

ရိုးသားသော တောင်ပေါ်တိုင်းရင်းသူမို့ အရိုးခံစကားကိုပဲပြောလိုက်သည်။ သန်းစိုးက ပြုံးပြုံးကလေးကြည့်ပြီး မိမိကုပ်ကို ပုတ်ပြလိုက်၏။ မဖြူချက်ချင်းသဘောပေါက်သွား၏။ သန်းစိုးအနားသို့တိုးပြီး ကုပ်ကို တဆတ်ဆတ် နှိပ်ပေးလိုက်၏။

"မဖြူနဲ့ကိုတူး ချစ်လို့ညားကြတာလား"

"ချစ်လို့ပေါ့၊ ငယ်ရည်းစားတွေလေ"

သန်းစိုးမှာ မဖြူစကားကို နားထောင်ပြီး ပြုံးနေ၏။

"မဖြူ ကိုတူးထက်ပိုပြီးချစ်ဖို့ စွဲလမ်းဖို့ကောင်းတဲ့လူနဲ့တွေ့ရင် ချစ်မှာလားဟင်"

သန်းစိုးမှာ မဖြူကို ချင်းတိုင်းရင်းသူ ရိုးရိုးအအ အရိုင်းသက်

www.burmeseclassic.com

www.burmeseclassic.com



သက်ထင်ပြီး မက်လုံးပေးကာ တစ်ဆင့်တက်လိုက်ခြင်းပင်ဖြစ်သည်။

"ဘာလို့ချစ်ရမှာလဲ၊ ကျွန်မမှာ ယောကျ်ားရှိတယ်၊ ကျွန်မယောကျ်ားအပြင် ဘယ်ယောကျ်ားကိုမှ မချစ်နိုင်ဘူး"

မဖြူမျက်နှာပြင် ဝိုင်းဝိုင်းစက်စက်လေးသည် မာန်ရှိန်တက်ပြီး ကျားသစ်မလေးအသွင်သို့ ချက်ချင်းကူးပြောင်းခဲ့လေပြီ။

"ကိုယ်မင်းကို အရမ်းချစ်တယ်ကွယ်"

သန်းစိုးမှာအကြံသမား၊ သိုက်သမားပီပီ အကွက်ဝင်လာခဲ့ပြီမို့ မဖြူကို ဖက်လှဲချလိုက်သည်။ မဖြူကို အဲဒီလိုကြမ်းလို့ ရရောလား။ ယောကျ်ားနှင့်အတူ တောဝင်၊ တောင်တက်၊ လှေအတူဆွဲ၊ သစ်အတူခွဲလာခဲ့သော သတ္တိခဲမလေးလေ။ မဖြူ မောင်းအားသွင်းကာ သန်းစိုးကို ကိုယ်ပေါ်ကတွန်းချလိုက်သည်။

မဖြူမှာ သန်းစိုးကိုယ်ပေါ်သို့ ရောက်သွားခဲ့ပေပြီ။ သန်းစိုးမှာ ပက်လက်အနေအထားဖြင့် မဖြူအောက်သို့ ရောက်နေ၏။ မဖြူက တင်ပါးဆုံ ပုပုဝိုင်းဝိုင်းကြီးဖြင့် သန်းစိုး၏ဗိုက်ကို အားရှိပါးရှိဖိထိုင်ထား၏။ သန်းစိုး၏ လက်ဖျံရိုးနှစ်ချောင်းကို ခြေသလုံး တုတ်တုတ်ကြီးဖြင့် တစ်ဖက်တစ်ချောင်းစီ ဖိနင်းထားသည်။ သန်းစိုးကား ထိပ်ကလေးတစ်ကောင်ကို ပက်လက်လှန်ထားသလို ယက်ကန်ယက်ကန် ဖြစ်နေပေပြီ။

အိမ်ရှင်ကို ဧည့်သည်စော်ကားလေခြင်းဟူသော မခံချင်စိတ်သည် မဖြူ၏ရင်၌ ချက်ချင်းဖြစ်တည်သွားလေ၏။ သည်လောက်ထိ လူစိတ်မရှိတဲ့ မိစ္ဆာကောင်၊ တဏှာရူး သေပေတော့။

မဖြူကား သန်းစိုး၏လည်မျိုကို နာနာညှစ်လိုက်လေပြီ။ သန်းစိုးမှာ တပူးပူးတဝါးဝါးအော်ရင်း ငြိမ်သက် သွားခဲ့လေပြီ။

အပွဲပွဲနွှဲလာခဲ့သော တဏှာသားကောင် သန်းစိုး။ အိမ်ထောင်ရေးအပေါ်တွင် တကယ်သစ္စာရှိသော ချင်းတိုင်းရင်းသူမိန်းမကောင်း မဖြူ၏ သစ္စာတရားခွင် စီရင်မှုအောက်တွင် ဘဝကို လက်မြှောက်အရှုံးပေးသွားရလေပြီကော။

\+ + +

ပွင့်လင်းရာသီ၏ မနက်ခင်းရာသီသဘာဝသည် သာယာလွန်းနေ၏။ သို့သော် မဝမ်းရွာလေး၏ ရွာပြင်ကွင်းစပ်တွင် စန့်စန့်ကြီးသေနေသော လူသေအလောင်းကောင် တစ်ကောင်ကြောင့် အလှဖျက်သင်္ကေတတစ်ခုလို ဖြစ်နေ၏။

မြင်နေတွေ့နေရသော ရုပ်ဝတ္ထု အတ္တဘောကြီးမှာ ကိုတူးနှင့် မဖြူတို့၏ အိမ်တွင်တည်းသော ဧည့်သည်ဟု သိကြ၏။ ကိုတူးတို့ကို ခေါင်အိုးဝယ်ခိုင်းလိုက်ပြီး ဧည့်သည်ပါ နောက်ကလိုက်ပါသွားသည်ဟု မဖြူကပြော၏။ ခေါင်ရည်လည်း အလွန်မူးနေကြောင်း ပြော၏။ ကိုတူးကလည်း သူတို့ အိမ်ပြန်ရောက်တော့ ဧည့်သည်ကို မတွေ့ရတော့ဘဲ မဖြူတစ်ယောက်သာတွေ့ကြောင်း ပြော၏။ သည်လိုဆိုလျှင် ကိုတူးနှင့်မဖြူတို့အိမ်တွင် သေခြင်းမဟုတ်၊ လမ်းပေါ်တွင် တစ်စုံတစ်ခုသောအကြောင်းကြောင့်သာ သေဆုံးခြင်းဖြစ်သည်ဟု ကောက်ချက်ချကြ၏။ တစ်ရွာလုံး တစ်သံတည်းထွက်ကြ၏။

နေ့လယ်လောက်တွင် သန်းစိုးတို့ရွာမှ ဆွေမျိုးများရောက်လာကြ၏။ သူတို့က ဘာဖြစ်တယ်၊ ညာဖြစ်တယ်နှင့် ပူညံပူညံပြောကြ၏။ နောက်ဆုံးတော့ တစ်ရွာနဲ့ တစ်ယောက်ပဲလေ။ ဇာတ်လမ်းက ဟိုလိုလို သည်လိုလိုနှင့် အဆုံးသတ်သွား၏။

အဟိတ်တိရစ္ဆာန်စိတ်အပြည့်ရှိသော မိစ္ဆာကောင်၏အလောင်းကို မဝမ်းရွာမှ အချုတွင်တော့ မဖြူက ဆိပ်ကမ်း အုန်းပင်အနီးမှ ရပ်ကြည့်နေလိုက်၏။ မိန်းမကောင်းမလေး မဖြူ၏နှုတ်ဖျားမှ တိုးတိုးလေးထွက်နေသော အသံကတော့.....

"နင်တို့အကောင် လူစိတ်မရှိလို့ တိရစ္ဆာန်သေ သေရတာ၊ မှတ်ကြပလား"

မဖြူကား ကျေနပ်ပြုံးပြုံးကာ ရွာဘက်သို့ ပြန်လှည့်လာခဲ့ပေတော့သည်။

လူလူချင်း မေတ္တာစိတ်ထားနိုင်ကြပါစေ


ကျွန်းစဉ်မြေ[illegible]

www.burmeseclassic.com



# ဒေါင်ရဲကျော် (မှုခင်း)

## ကျိန်စေချင် ကျိန်ပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းတစ်ခု၏နယ်မြေအတွင်း ဖြစ်ပွားတိုင်တန်းလာသည့် မှုခင်းကိစ္စများ ပေါ်ပေါက်လာသည်နှင့် ဦးစွာပထမ ရဲအရေးပိုင်/ မပိုင်မှုကို စခန်းမှူး (သို့မဟုတ်) ခေတ္တစခန်းမှူးနှင့်အတူ ဂါတ်စာရေးတို့မှစိစစ်ကြရပါသည်။ ရဲအရေးပိုင်မှုဆိုပါလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ တစ်ခုခုဖြင့် တိုင်ချက်ရေးဖွင့်ခဲ့ပြီး ရဲအရေးမပိုင်မှုဖြစ်ပါက ပုံစံ(က)၊ (ခ) စာရွက်တွင် တရားလို၏ တိုင်ချက်ရေးသားပြီး တရားလိုအား တရားရုံးသို့ လျှောက်ထားစေရပါမည်။

သို့သော်လည်း များသောအားဖြင့် ကျေးလက်ရဲစခန်းသို့ ရောက်ရှိလာတတ်သည့် အချို့မှုခင်းကိစ္စများ၌ တရားလိုနှင့် အတူပါလာသည့် ကျေးရွာတာဝန်ရှိလူကြီးများက "ဆရာရယ် ဒီအမှုက တိုင်ထားရုံပါ၊ အမှုမဖွင့်ပါနဲ့ဦး၊ ရဲစခန်းမှာသာ ပြေလည်အောင် ညှိနှိုင်းပေးပါဗျာ" ဟု ပြောဆိုတိုင်တန်းလာလေ့ ရှိသည်များနှင့်လည်း ကြုံဆုံခဲ့ရဘူးသည်။

ခက်နေသည်က သူတို့ဆန္ဒအတိုင်း ညှိနှိုင်းဖြေရှင်းခြင်းဆိုသော အမှုကို မြန်မာနိုင်ငံရဲလက်စွဲနှင့် စည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ တင်းကျပ်စွာ တားမြစ်ထားသည် ဖြစ်၍ ဖြေရှင်းမပေးနိုင်ခဲ့သည့် ကိစ္စများအတွက် ပြည်သူတို့ဘက်မှ ဒါလေးများ မညှိနှိုင်းပေးရကောင်းလားဟု ပြစ်တင်ငြိုငြင်မှု ပြုခံရခြင်းမျိုးလည်း ကြုံဖူးရပါသည်။

တွေ့ထိဆက်ဆံရပေါင်းများလာတော့ ပြဿနာကြီးငယ် မဖြစ်နိုင်သည့် မိသားစုချင်းအမွေကိစ္စ၊ လင်မယားရန်ဖြစ်သောကိစ္စ စသည့် အသေးအမွှား မှုခင်းကိစ္စလေးများတို့ကို ပြည်သူလူထုနှင့် ရေရှည်ဆက်ဆံရေးကိုရှေးရှုပြီး မျက်စိစုံမှိတ်၍ ညှိနှိုင်းပေးခဲ့ရသော ဖြစ်စဉ်များလည်း ရှိခဲ့ဖူးလေသည်။ ဒါက ကျွန်ုပ်ကိုယ်တိုင် ရဲတပ်ဖွဲ့တွင် မှုခင်းဂါတ်စာရေးအဖြစ် ဖြတ်သန်းခဲ့သော နှစ်ပေါင်း (၂၀)ကျော် ကာလအတွင်းမှ အတွေ့အကြုံအချို့ကို ပြောပြခဲ့တာပါ။

ရဲတပ်ဖွဲ့မှ အငြိမ်းစားယူခဲ့ပြီး နောက်ပိုင်း ကျွန်ုပ်အငြိမ်းစားယူခဲ့သည့် သနပ်ပင်မြို့နယ်၊ ရစ်ကန်လေးရဲစခန်းအနီးနားမှာ အခြေချနေထိုင်ခဲ့သည့် အမှားတစ်ခုကြောင့် အငြိမ်းစားဘဝ၏ခံစားမှုတို့ကို ပြည့်ဝစွာ ခံစားခွင့်မရနိုင်တော့ဘဲ ကျွန်ုပ်ဘဝမှာ မငြိမ်းနိုင်ခဲ့တော့ပါ။ ကျေးရွာအသီးသီးမှ မှုခင်းကိစ္စဖြစ်သည်နှင့် ရဲစခန်းသို့ အရင်ဆုံး မသွားကြတော့ဘဲ ကျွန်ုပ်ထံရောက်လာကြ၍ ဖြစ်သည်။

ရောက်လာသမျှ အမှုသည်တွေက အကြံဉာဏ်တောင်းတဲ့လူရှိသကဲ့သို့ အမှု၏ အတိမ်အနက် စုံစမ်းမေးမြန်းသူများရှိသလို သက်ဆိုင်ရာ တာဝန်ရှိစခန်းမှူး၊ အမှုစစ်တို့ထံ မိတ်ဆက်ပေးရန်အပူကပ်လာကြသူများဖြစ်သည်။

ဒီအတိုင်းဆိုပါကကျွန်ုပ်အပေါ် အမှုပွဲစားလုပ်နေသည်ဟု အထင်အမြင် လွဲမှားခံရမည်စိုးရိမ်သဖြင့် သက်ဆိုင်ရာစခန်းဆီသို့ သွားရောက်တိုင်တန်းကြပါဆိုသည့် အကြောင်းတောင်းပန်စကားပြောပြီး လမ်းလွှဲပေးခဲ့ရလေသည်။ သို့ကြောင့်လည်း အငြိမ်းစားယူပြီးသော ရဲတပ်ဖွဲ့ဝင်များ ရဲစခန်းအနီး မနေသင့်ကြောင်းပြောတော့ စခန်းမှူးများမှ တဟားဟားရယ်မောကြရင်း ကျွန်တော်တို့လည်း သင်ခန်းစာရတာပေါ့ဗျာဟု နောက်ပြောင်ပြောဆိုကြတော့သည်။ ဒီလိုနှင့်ပင် ကျေးရွာအသီးသီးက အမှုသည်မိတ်ဆွေများနှင့် ကျွန်ုပ် ခပ်စိမ်းစိမ်းလေးနေနိုင်ခဲ့ပေသည်။

+++

သနပ်ပင်မြို့နယ် အရှေ့ခြမ်းမှ ဉာဏ်ကျွန်းကျေးရွာဆိုသည်မှာ အိမ်ခြေ ငါးရာကျော်ခန့်ရှိပြီး လယ်ယာလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုသူအများစုဖြစ်ပြီး ရစ်ကန်လေးရဲစခန်းနှင့် သုံးမိုင်ကွာခန့်တွင်ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ လယ်

www.burmeseclassic.com

www.burmeseclassic.com

သမားအများစုမှာ ဥဘဲများ မွေးမြူလေ့ရှိသည့်အလျောက် မကြာခဏဆိုသကဲ့သို့ ဘဲပျောက်မှု၊ ဘဲအုပ်ရောမှုပြဿနာ ကြုံတွေ့တတ်ပြီး ကျေးရွာလူကြီးများ ဆုံးဖြတ်၍ပြီးတာရှိသကဲ့သို့ ရဲစခန်းနှင့် တရားရုံးရောက်ခဲ့ရသည့် ဘဲပြဿနာပေါင်းမှာလည်း မနည်းလှတော့ချေ။

ကျွန်ုပ်အဖို့ အငြိမ်းစားလစာက အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်အတွက် ဝမ်းဗိုက်ပြဿနာ လုံလောက်မှုမပေးနိုင်တာကြောင့်မှုခင်းသတင်းလေးများ၊ ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုလေးများရေး၍ မလောက်မငရသည့် စာမူခလေးအပြင် ပွင့်လင်းရာသီတွင် ကင်မရာအဟောင်းအညံ့လေး လည်မှာဆွဲပြီး အလှူမင်္ဂလာပွဲရှိရာ ရွာတကာစုံစမ်း၍ခြေဆန့်ခဲ့နေရသူဖြစ်သည့်အလျောက်မှုခင်းကိစ္စများအပေါ် ခပ်စိမ်းစိမ်းနေနိုင်သော်လည်း ကျေးရွာအသီးသီးနှင့်တော့ဖြင့် စိမ်းနေ၍မရနိုင်ဖြစ်ခဲ့သည်။ အထူးသဖြင့် အလှူအတန်း၊ မင်္ဂလာဆောင် ပေါ်များသော ဥဏ်ကျွန်းရွာသို့ အဝင်အထွက် များခဲ့ရသည်။

နွေဦးရဲ့နေ့တစ်နေ့မှာ ဥဏ်ကျွန်းကျေးရွာ အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးထွန်းလှနှင့်အတူ အသက် (၄၀)ခန့် အမျိုးသမီးတစ်ယောက် ကျွန်ုပ်နေထိုင်ရာ ရဲစခန်းအနီးအိမ်သို့ အလည်ရောက်လာကြသည်။ ရိုးရိုးသားသား အလည်လာခြင်း မဟုတ်ပါဘဲ အမှုကိစ္စတစ်ခုကို သယ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သူ့ထံမှကြားရသည့်စကားကြောင့် သိရ၏။

"ဆရာကြီးကို အားတော့နာတယ်ဗျာ၊ ဒါကကျွန်တော့်တူမမငွေးပါ၊ သူ့ဘဲအုပ်ထဲက ဘဲ (၃၀)ကို ငွေးဝင်းဘဲနဲ့ ရောပါသွားတာ ပြန်မပေးလို့"

ဦးထွန်းလှ၏ ပြောစကားကြောင့် ဘဲအုပ်ရောသော ပြဿနာမှန်း ကျွန်ုပ်သိလိုက်ပြီဖြစ်၍ သူ့စကားမဆက်မီပြန်ပြောခဲ့လိုက်သည်။

"ဒါဆိုလဲ ခင်ဗျားတို့ အုပ်ချုပ်ရေးက ဆုံးဖြတ်ပေးလိုက်ပေါ့"

"မရဘူးဆရာကြီးရေ၊ နှစ်ဖက်တင်းနေကြတယ်"

ခက်ချေပြီကော ကျွန်ုပ်အဖို့ ရဲစခန်းသို့ ညွှန်ပြရုံမှလွဲ၍ ဆောင်ရွက်စရာ မရှိတော့ပြီ မဟုတ်လား။

"လွယ်ပါတယ်ဗျာ ကိုယ့်ဘက်က သက်သေ အထောက်အထား ရှိနေရင် ရဲစခန်းမှာ အမှုတိုင်လိုက်ပါလား"

"ဟာ....ဆရာကြီးက လုပ်ချလိုက်ပြန်ပြီ၊ တခြားကိစ္စတွေ မကူညီချင်နေဗျာ၊ ဒါက ကျုပ်တူမအရင်းကိစ္စမို့ ဖြေရှင်းပေးပါဦး"

ဦးထွန်းလှဆိုတာက နှစ်ခါပြန် အုပ်ချုပ်ရေးမှူး၊ ပထမလေးနှစ်တုန်းက အုပ်ချုပ်ရေးမှူး၊ အခုတစ်ခါအတွင်းရေးမှူး၊ ကျွန်ုပ်အငြိမ်းစားမယူမီကာလကတည်းက အင်မတန်ရင်းနှီးပြီး ရဲတပ်ဖွဲ့အပေါ် စေတနာထား ကူညီနေခဲ့သူမို့ ပစ်ပစ်ခါခါကြီး ငြင်းဖို့က ခက်လှပါဘိ။

"ဒီလိုလုပ်ပါလားဗျာ၊ ကျုပ်အိမ်မှာ ညှိနှိုင်းတာက တရားမဝင်ဘူး၊ ခင်ဗျားရွာမှာပဲညှိကြမယ်၊ ခင်ဗျားလုပ်ပိုင်ခွင့်အတိုင်း ဆောင်ရွက်ပါ၊ ကျုပ်က ဘေးနားက လိုတာ ကူညီမယ်နော်"

နောက်ဆုံးတော့ ဦးထွန်းလှမှာ ကျွန်ုပ်စကား အတည်ပြု ကျေနပ်သွားခဲ့ကာ တရားလို၊ တရားခံ နှစ်ဖက်စလုံးအား သူ့အိမ်တွင်ချိန်းထားမည်ဖြစ်ပြီး ကျွန်ုပ်အား သူ့အိမ်သို့ မပျက်မကွက် လာရောက်အကူအညီပေးရန် ချိန်းဆိုပြီး ရက်သတ်မှတ်ပေးခဲ့ကာ ပြန်သွားတော့သည်။

+++

ကျွန်ုပ် ဦးထွန်းလှနေအိမ်အောက်ထပ် ယာယီအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်သွားတော့ မငွေးအပါအဝင် ယောကျ်ား၊ မိန်းမ ခုနစ်ယောက်ခန့် ရောက်နေကြပြီးဦးထွန်းလှက မိတ်ဆက်စကားဆိုသည်။

"သူက ဘဲပိုင်ရှင် မငွေး၊ သူက ဘဲမောင်းသွားတယ်လို့ စွပ်စွဲခံရတဲ့ ငွေးဝင်းပါ ဆရာကြီး"

"ကဲ...ပြဿနာဖြစ်စဉ်လေးကို ပထမဆုံး မငွေးက ရှင်းပါဦး"

"ကျွန်မမှာဘဲ(၅၀၀)ရှိပါတယ် ဆရာကြီး၊ ကျွန်မဘဲတွေ သူ့အုပ်ထဲ ရောသွားလို့ ပြန်တောင်းတာ မရဘူး၊ အားလုံး အကောင်(၃၀)ပါ"

"ဒါနဲ့ဘဲအုပ်ချင်းပြကြည့်သေးလား"

ကျွန်ုပ်မှာ ဘဲမွေးဖူးသူ ဖြစ်တာကြောင့် သိလိုသည်ကို မေးဖြစ်

သည်။ ဘဲများ၏သဘာဝမှာအုပ်မှားဝင်သွားလျှင် ချက်ချင်းဘဲအုပ်နှစ်ခုရှင်ဆိုင်ပေးလိုက်ပါက ရောပါသွားသည့်ဘဲမှာ သူ့နဂိုဘဲအုပ်ထဲသို့ ပြေးဝင်လာလေ့ရှိကြသဖြင့် ရိုးသားပွင့်လင်းသည့် ဘဲပိုင်ရှင်အချင်းချင်းဆိုပါမူ ဤသို့ ရှင်းလင်းဆုံးဖြတ်ကြသည်မှာ အရပ်ဓလေ့တစ်ခု ဖြစ်ပါသည်။

"ဘဲအုပ်ပြုလို့ မရတော့ဘူးလေ၊ ကျွန်မဘဲတွေက သူ့ဘဲအုပ်ထဲမှာ တစ်ည အိပ်ပြီးသွားပြီ၊ ဒါပေမယ့် ကျွန်မမှတ်ထားတဲ့ ဘဲနှစ်ကောင် သူ့အုပ်ထဲမှာရှိနေတယ် ဆရာကြီး"

မဌေးပြောသလို ညအိပ်ရောပြီးရင်တော့ ဘဲတွေရဲ့အကျင့်ကပြန်ပြီး ထွက်လေ့မရှိတော့ဘဲ တစ်ဖက်ဘဲအုပ်ကို ခင်သွားသောဓလေ့ရှိမှန်း ကျွန်ုပ်နားလည် သဘောပေါက်ထားသည်မို့ သူမပြောစကားအပေါ် ထပ်မေးစရာမရှိတော့သဖြင့် ဌေးဝင်းဆိုသူထံ မေးဖြစ်ခဲ့သည်။

"သူ့မှတ်ဘဲတွေမင်းဘဲအုပ်ထဲ တွေ့တယ်ဆိုရင်လည်း မင်းက ဘဲတွေစစ်ပြီး ပိုတဲ့ဘဲ ပြန်ပေးလိုက်ပါလားကွာ"

"ကျွန်တော်မှာ ဘဲ (၆၀၀) ရှိတာ အားလုံးသိပါတယ်၊ (၁၀) ကောင်သေသွားတာ တနီးချင်းတွေ အသိပါ၊ အခု ကျွန်တော်စစ်တော့ (၅၉၀) အတိပဲ ကျန်ပါတယ်၊ ဆရာကြီးတို့ စစ်လဲရပါတယ်၊ ကျွန်တော့် ဘဲ (၅၉၀)ထက်ပိုရင် အကုန်သာ ဖမ်းသွားပါ"



ဌေးဝင်းထံမှအဖြေစကားကြားတော့ ကျွန်ုပ် မသိမသာလေး ပြုံးလိုက်မိပါတယ်။ ကျွန်ုပ် ဘဲမွေးခဲ့စဉ်တုန်းက ဒီပြဿနာမျိုးသုံးလေးကြိမ် ကြုံတွေ့ဖူးခဲ့တယ်။ ကျွန်ုပ်ဘဲတွေ သူများအုပ်ထဲ ဘဲကျောင်းရင်း ရောသွားတာ မျက်မြင်တွေ့တာနော်။ ဒါပေမဲ့ သွားပြောတော့ သူ့မှာ ဘဲဘယ်ရွေ့ဘယ်မျှရှိကြောင်း ပြောပြီး ကျွန်ုပ်ကို စစ်ဆေးပါလို့ပြောတယ်။ စစ်ကြည့်တော့ ကွက်တိဖြစ်နေတယ်ဗျာ၊ ရောပါသွားမှန်း သိသိကြီးနှင့် အရှုံးပေးခဲ့ရခြင်းပါ။ ကျွန်ုပ်မှ မကျွမ်းကျင်တာကိုး။ နောက်ပိုင်းတွင် ကျွန်ုပ်၏ ဘဲဦးစီးအလုပ်သမား ဦးမိုးကြိုးဆိုသူ ပြောပြ၍ ပညာရရှိပါသည်။ ဘဲမွေးသူများမှာ သူတို့၏ ဘဲရှိရင်းစွဲအမှန်ထက် အမြဲတမ်း ပိုပြောတတ်သည်တဲ့။ ဒါမှ ဘဲအုပ်ရောနှောသည့် ပြဿနာပေါ်တိုင်း အနိုင်ရမှာဆိုပဲ။ ကျွန်ုပ်မှာ အကျယ်အကျယ် မငြိမ်းဖွယ် မဖြစ်လိုတာကြောင့် အလျှော့ပေးခဲ့ပြီး ကိုယ့်တရားကိုယ်စီရင်ခဲ့သဖြင့် မှန်လျက် အရှုံးခံခဲ့ရပေါင်း များလာကာ ဘဲမွေးခြင်းအမှုကို ရပ်တန့်ခဲ့ရသည်မို့ ယခု ဌေးဝင်းထံမှ ကြားရသည့် စကားက ကျွန်ုပ်အဖို့ ရယ်စရာ ဟာသတစ်ပုဒ် နားဆင်နေရသကဲ့သို့ ရှိနေတော့သည်။

ဤအမှုတွင် ဘဲပျောက်သူ မဌေးက ဘဲရောသွားတာ မျက်မြင်သက်သေ ရှိသကဲ့သို့ မှတ်ဘဲနှစ်ကောင်ကလည်း ရှိတယ်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

စွပ်စွဲခံရသူ ဒွေးဝင်းကလည်း သူ့ဘဲ အပိုမရှိကြောင်း ကွက်တိ သက်သေပြနေ၏။ ဥပဒေအတိုင်း တရားလိုဖြစ်သူ မဒွေးအား ရဲစခန်းမှာ သက်သေပြ အမှုဖွင့်တိုင်တန်းရုံသာ ရှိတော့သည် မဟုတ်ပါလား။ သို့သော်လည်း မိတ်ဆွေကြီး အတွင်းရေးမှူး ဦးထွန်းလှရဲ့ လိုလားတောင့်တချက်အတွက် ဘယ်လိုများလုပ်ရပါ့ဟု ကျွန်ုပ် စဉ်းစားခန်းဝင်ရင်း အတွေးတစ်ခု ပေါက်လာသဖြင့် နှစ်ဦးစလုံးအား ခေါ်လုန့် ပြောဆိုလိုက်သည်။

"နင်တို့နှစ်ယောက်စလုံး တရားရုံးကိုရောက်သွားတာနဲ့ကျမ်းကိုင်ပြီး အစစ်ခံရမှာ မကြောက်ဘူးလား"

"ကျွန်မ ကျမ်းကိုင်ရဲတယ်၊ မမှန်ရင် ကျမ်းစူးမှာပဲ"

"ကျွန်တော်လည်းကိုင်ရဲတယ် ဆရာကြီး"

သတ္တိတွေ ကောင်းနေလိုက်ကြတာ။ သူတို့နှစ်ဦးမှာ တစ်ဦးဦးကတော့ မှားနေမှာ သေချာ၏။ နင်တို့ ကျမ်းစူးခံရမှာ မကြောက်ကြဘူးလားဟု မေးမြန်းခဲ့သောအခါ မဒွေးက သူကျမ်းရွက်ပြီး ဘဲတွေ သူ့အုပ်ထဲမရောပါဘူးလို့ ထွက်ရဲရင် ကျွန်မ ဘယ်ကိုမှ မတိုင်တော့ဘူး၊ ကျေနပ်တယ်ဟု ဆိုလာသလို ဒွေးဝင်းက အားကျမခံ ကျွန်တော် သူ့ဘဲတွေမယူထားဘူးဆိုတာ ကျမ်းရွက်ပြီး ကျိန်ပြမယ်၊ တစ်ခုတော့ ရှိပါတယ်၊ သူကျမ်းရွက်ရင်တော့ သူ့ဘဲတွေ တကယ်အမှန်မပျောက်ဘဲနဲ့ ပျောက်တယ်ပြောရင် ကျမ်းစူးပါစေလို့ ထည့်ပြောခိုင်းပေးပါဟု တောဒကတက်လာသည်။



အတွင်းရေးမှူး ဦးထွန်းလှထံ ကျွန်ုပ်လှမ်းကြည့်တော့ ကျွန်ုပ်၏ ပြောစကားများအား နှစ်ဖြိုက် သဘောကျစွာပြုံး၍ ထောက်ခံ နေကြောင်း တွေ့ရ၍ ဆက်ပြော ဖြစ်ခဲ့သည်။

"ကဲ...အားလုံး သေသေချာချာ နားထောင်ကြ၊ ကျမ်းထုပ်ကဒီမှာမရှိဘူး၊မြို့တက်ပြီးတရားရုံးကဘုရားတွေဆီမှာ ငှားရမှာဆိုတော့ လာမယ့် စနေနေ့ ရုံးပိတ်ရက်နေ့ ၁၂)နာရီမှာ ဒီအိမ်ကိုပြန်လာခဲ့ကြ"

နှစ်ဖက်လုံး ပါလာသူများကပါ ကျေနပ် သဘောကျသွားကြပြီး နောက် ကျွန်ုပ်တို့အား နှုတ်ဆက်ပြီး အလျှိုအလျှို ထပြန်သွားကြသည်။ ထိုနေ့က ကျေးရှူးတင်စကားအထပ်ထပ် ပြောနေသူမှာတော့ကျွန်ုပ်မိတ်ဆွေ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းလှဖြစ်ပါတော့သည်။

+ + +

ကျွန်ုပ် စနေနေ့(၁၁)နာရီကျော်ခန့် ဥာဏ်ကျွန်းကျေးရွာ၊ ဦးထွန်းလှ နေအိမ်ရောက်တော့ အိမ်အောက်ထပ်တွင် အမှုသည်နှစ်ဦးအပါအဝင် နှစ်ဖက်ပရိသတ်များနှင့် စိတ်ဝင်စားသူ ဆယ်ယောက်ခန့် ရောက်နှင့်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်က စားပွဲနောက်မှ ကုလားထိုင်တွင်ထိုင် လိုက်ပြီး လွယ်အိတ်ထဲမှ အသင့်ယူ

www.burmeseclassic.com

www.burmeseclassic.com



လာသော ကျမ်းထုပ်အနီရောင်အား စားပွဲပေါ်တွင် တွေ့ရသည့် ကြေးကွမ်းအစ်ကို ကလပ်သဘောထားပြီး ကွမ်းအစ်ပေါ် အခန့်သား တင်ထားလိုက်စဉ် လူအုပ်များ၏ အကြည့်က ကွမ်းအစ်ပေါ်ရှိ အနီရောင်ကျမ်းထုပ်အား စူးစိုက်ကြည့်နေခဲ့ကြသည်။

"ခုအချိန်မှစပြီး ကျမ်းကိုင်ထွက်ဆိုကြရမှာဖြစ်၍ ပထမဆုံး မဌေးက ကျမ်းကိုင်ပြီးလိုက်ဆိုပါ"

ကျွန်ုပ်က ကျမ်းထုပ်အားမ,ယူ၍ မဌေးအား လှမ်းပေးခဲ့ပြီး မတ်တတ်ရပ်လျက် လက်နှစ်ဖက်ဖြင့် ကိုင်ထားစေခဲ့ကာ သူတို့အရပ်စကားအတိုင်း ကျမ်းရွက်ထားရခြင်း မဟုတ်ဘဲ ကိုင်စေခြင်းဖြစ်ပြီး မဌေးက ကျွန်ုပ်တိုင်ပေးသည့်အတိုင်း ဘဲပျောက်ဆုံးခြင်းမရှိဘဲ ပျောက်ပါသည်ဟုလည်းကောင်း၊ ဌေးဝင်းဘဲအုပ်အတွင်း ရောပါသွားသည်ဟုလည်းကောင်း လိမ်ညာပြောဆိုခဲ့ပါက ကျမ်းစာပါအတိုင်း ကျမ်းစူးပါစေဟု လိုက်ဆိုခဲ့သည်။

တစ်ဖန် စွပ်စွဲခံရသောဌေးဝင်းကလည်း ကျွန်တော်သည်မဌေးထံမှ ဘဲများလက်ခံထားခဲ့ပါက ကျမ်းစာပါအတိုင်း ကျမ်းစူးပါစေဟူ၍ ကျမ်းထုပ်အား လက်နှစ်ဖက်နှင့်ရှိသေစွာ ကိုင်ထားပြီး ကျွန်ုပ်ဆိုသည့်အတိုင်း လိုက်ဆိုပါတော့သည်။

"ကျေနပ်တယ်၊ အမှုမတိုင်တော့ပါဘူး၊ အတွင်းရေးမှူးနဲ့ ဆရာကြီးတို့ကို ကျေးဇူးတင်ပါတယ်ရှင်"

ဘဲပျောက်သူ မဌေးမှ ကျေနပ်ကြောင်း အားရပါးရ ပြောဆိုခဲ့ကာ ဦးထွန်းလှထံတွင် ဘဲပျောက်မှုမတိုင်ကြားလိုကြောင်း လက်မှတ်ရေးထိုးသွား၏။ ဤသို့နှင့်ပင် ကျွန်ုပ်၏ ဘဲပျောက်မှု တရားစီရင်ထုံးကြီး အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီးနောက် ဦးထွန်းလှမှာ ကျွန်ုပ်ထံမှ ကျမ်းထုပ်အစွမ်းကြောင့် သူခေါင်းခဲရသည့် ပြဿနာတစ်ခု ရှင်းလေပြီမို့ ကျွန်ုပ်အား ထိုနေ့ညစာ သူ့အိမ်မှာ ညှော်ခံလိုက်ပါတော့သည်။

+ + +

ဘဲတရားစီရင်ပြီးနှစ်လခန့်ကြာသောအခါ ဘဲပိုင်ရှင် မဌေးမှာ ဆိုင်းမဆင့်ဗုံမဆင့် ဘဲဥ (၅၀)ခန့်နှင့် အလည်ရောက်လာလေသည်။

"ဆရာကြီးရေ..ကျမ်းကတော့ လက်တွေ့စူးသွားပြီရှင့်၊ ဌေးဝင်းအခု ဆေးရုံပေါ်ရောက်နေပြီလေ"

ထို့နောက် မဌေးထံမှ သိရသည်မှာ ဌေးဝင်းအား သူ့ဘဲတဲအနီးတွင် ပိုးထိသွားသောကြောင့် ယခုဆေးရုံတက်နေရသည်ဟူသော သတင်းဖြစ်သည်။ မဌေးမှ ကျွန်ုပ်အပေါ် တရားမျှတစွာ ဆောင်ရွက်ပေးသည်မို့ ကျေးဇူးတင်ကြောင်းနှင့် ဌေးဝင်းမှာ မမှန်မကန် သူမ၏ဘဲများ လိမ်ညာယူခဲ့၍ ကျမ်းစူးခံရကြောင်း စကားစုံစွာပြောပြီးကျေနပ်သော ပီတိမျက်နှာဖြင့် ကျွန်ုပ်အား နှုတ်ဆက်ပြီး ပြန်သွားခဲ့သည်။

ကျွန်ုပ်နှင့် မဌေးတို့ အပြန်အလှန်ပြောဆိုနေသော စကားများအား အနီးတွင် နားဆင်နေသည့် ဇနီးသည် ဒေါ်သစ်က သူသိချင်နေသော အကြောင်းအရာတစ်ခုကို မေးခွန်းထုတ်လာပါသည်။

"အစ်ကိုကြီး..ဟိုတစ်လောဆီတုန်းက ပျဉ်ပြားနှစ်ချပ်ဖြတ်ပြီးတော့ ကျွန်မကို ပိတ်အနီစနဲ့ အုပ်ပြီးချုပ်ခိုင်းခဲ့တယ်နော်၊ အဲဒါ ကျမ်းထုပ်တဲ့လား"

"အေး..ဟုတ်တယ် မင်းပြောတဲ့ ပျဉ်ပြားနှစ်ချပ်ကို ပိတ်စအနီနဲ့ ချုပ်ခိုင်းခဲ့ပြီး ကျမ်းထုပ်အတုနဲ့ ငါ တရားစီရင်လိုက်တာဟေ့"

ကျွန်ုပ်ထံမှ အဖြေစကား ကြားရချိန်တွင် ဇနီးဖြစ်သူ ဒေါ်သစ်မှာ အားရပါးရ အသံထွက်၍ ရယ်မောနေပါတော့သည်။ အကယ်၍များ မဌေးနှင့်ဌေးဝင်းတို့နှစ်ယောက်သည် ကျမ်းထုပ်အကြောင်း သိရှိသွားခဲ့ကြပါလျှင်....

အောင်ရဲကျော် (မှုခင်း)

www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်း၊ ဆေးရုံ၊ ဆေးမျိုးစုံနှင့် ကုသလို့ မပျောက်လျှင်
"ကုံလုံ"ဆေးခန်းသို့ ကြွခဲ့ပါ၊ အပြောမဟုတ် လက်တွေ့ပြမည်။

# ကုံလုံတိုင်းရင်းဆေးကုခန်း

**ဦးနှောက်နှင့် အာရုံကြောရောဂါများနှင့် နာတာရှည်ရောဂါအထူးကု**

အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အဆစ်လွဲ၊ အဆစ်ရောင်၊ နားအူ၊ နားလေထွက်၊ ပါးရောင်၊ ပါးရွဲ့ရောဂါကြောင့် မျက်လုံးစောင်း၊ မျက်လုံးပြူးထွက်၊ မျက်ခွံတွဲကျ၊ ခါးနာ၊ ခါးကိုက်၊ အကြောညပ်၊ လက်မောင်းကိုက်၊ ပေါင်ကိုက်၊ တင်ပါးဆုံကြောညပ်၊ ခြေသလုံးဘေးကြောထုံကျဥ်ကိုက်၊ လက်၊ ခြေ၊ ကွေးဆန့် မြှောက်မရ၊ ဒူးရောင်၊ ဒူးကိုက်၊ အကြောထိုး၊ အကြောတက်၊ သွေးကြောပိတ်၊ အပေါ်တစ်ပိုင်း ချွေးထွက်လွန်၊ ခြေဖနောင့်နာ၊ ခြေဖနောင့်အတက်ထွက်၊ နှလုံးရောဂါအမျိုးမျိုး၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်နှင့် ဆီးရောဂါအမျိုးမျိုး၊ အစာအိမ်ရောဂါအမျိုးမျိုး၊ လေဆန်နာ၊ တင်းတိပ် စသည့်ရောဂါမျိုးစုံ ချက်ချင်းသက်သာ အမြစ်ပြတ်ပျောက်ကင်းစေရမည်။

လေးဘက်နာ၊ လေငန်း၊ မသန်မစွမ်းနှင့် နာတာရှည်ရောဂါများ၊ လည်ပင်းရိုး၊ ကျောရိုး၊ ကျီးပေါင်းတက်၊ အသည်း၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်–ဝပ်–လွန် အဖြူဆင်းရောဂါများ အမြစ်ပြတ်ပျောက်ကင်းရန်. . . . .

ကုံလုံဆရာကြီး (တဆ–၀၁၂၀၄)က သိပ္ပံ–ဝိဇ္ဇာတိုင်းရင်းဆေးပညာစုံလင်စွာဖြင့် ကုသပေးသည်။

**အချိန်မနှောင်းမီ အမြန်လာတွေ့ပါ။**

**ဆေးခန်းဖွင့်ချိန် နံနက် [၁၁း၀၀]နာရီမှ ညနေ [၇း၀၀]နာရီထိ**

တိုက်အမှတ်–၁၆၊ စက်မှုရိပ်သာ၊ ၁၂ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်–အင်းစိန်လမ်းမကြီး
(ဘာတာကားမှတ်တိုင်ဆင်း၍ ဝင်းသူဇာအရောင်းဆိုင်ဘေးက လမ်းမှ ဝင်ခဲ့ပါ)။
ဖုန်း ၇၃၀၁၀၃၆၆

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## ယာဉ်မောင်းနှင်နေစဉ် ဝါယာရှော့ခ်ဖြစ်ပြီး မီးလောင်

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်အတွင်း ညအချိန် ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွားခဲ့၍ ရဲစခန်းမှ အမှုဖွင့်အရေးယူလိုက်ရကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၃-၉-၂၀၁၃ ရက်နေ့၊ ည ၁၀ နာရီ ၁၂ မိနစ်အချိန်ခန့်က ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အလက (၃)ကျောင်းဘေး၊ မလက်ဖောင်းပေါ်တွင် ယာဉ်မောင်း ဦးစိန်မြင့်(၄၇ နှစ်)၊တောင်ဥက္ကလာပနေသူမောင်းနှင်သည့် ၄င/---ပရိဘောက်အဖြူရောင်ယာဉ်မှာ ဘက်ထရီမိန်းကြိုးနှင့် ဘက်ထရီငုတ်တိုင်တို့ ထိမိရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်ဆို၏။

မီးလောင်မှုအား အနီးပတ်ဝန်းကျင်မှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း ဗဟန်းမြို့မရဲစခန်းမှ ဒုရဲအုပ် ဝင်းမင်းထွန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးသိရှိခဲ့ရသည်ဆို၏။

မီးလောင်မှုကြောင့် တန်ဖိုးကျပ် (၇)သိန်းခန့် ဆုံးရှုံးသွားခဲ့သည်ဆို၏။ ဒုရဲအုပ် ဝင်းမင်းထွန်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဗဟန်းမြို့မရဲစခန်းမှ (ပ) ၃၆၅/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုရေးဖွင့်၍ အမှုစစ်၊ တရားလိုမှ ပြစ်မှုကျူးလွန်သူအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

## စက်လှေပေါ်မှာ ကြိုးဆွဲချသေဆုံးသွားခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာဆိပ်ကမ်းရှိစက်လှေတစ်စီးပေါ်တွင်အမျိုးသားတစ်ဦး အိပ်ခန်းအတွင်း လည်ပင်းကို နိုင်လွန်ကြိုးဖြင့်ရစ်ပတ်ကာ သေဆုံးနေကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၂-၉-၂၀၁၃ ရက်နေ့၊ နံနက် ၉ နာရီအချိန်ခန့်က ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာဆိပ်ကမ်းရှိ ရွှေဇင်ယော်ဟိန်း ငါးလုပ်ငန်းကုမ္ပဏီပိုင် စိုးမြတ်အောင်အမှတ်(၉)ငါးဖမ်းစက်လှေ၏ အပေါ်ဆုံးထပ်အိပ်ခန်းအတွင်း အမျိုးသားတစ်ဦး နိုင်လွန်ကြိုး လည်ပင်းပတ်၍ သေဆုံးနေကြောင်း သတင်းအရ ကြည့်မြင်တိုင်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဗလင်းမှ သက်သေများနှင့်အတူသွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သေဆုံးသူမှာ မောင်ထက်ထက်အောင် (၂၄ နှစ်)၊ လှေသား၊ ပေါ်ပေါ်ကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။ ၎င်းသည် ၁၁-၉-၂၀၁၃ ရက်နေ့ညတွင် စက်လှေ၏ အပေါ်ဆုံးထပ်ရှိ ၎င်းနေထိုင်သည့် အခန်းအတွင်း အိပ်နေခဲ့ကြောင်း၊ ထိုသို့အိပ်နေရာမှ အရှည် (၈)ပေခန့်၊ လုံးပတ် (၁)စင်တီမီတာခန့်ရှိ အစိမ်းရောင်နိုင်လွန်ကြိုးဖြင့် လည်ပင်းကို ရစ်ပတ်ကာ ကြိုးစကို ယာလက်ဖြင့် ဆွဲညှစ်၍ သေဆုံးနေကြောင်း တွေ့ရှိရသည်။ လည်ပင်းတွင်လည်း ကြိုးပွန်းဒဏ်ရာမှအပ အခြားပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိခဲ့ဟုဆို၏။

အလောင်းအား ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ခဲ့ရာ ပီအာရ် ၀၁၂ ဖြင့် လက်ခံထားပြီး ဆိပ်ကမ်းမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၃၈/၂၀၁၃ ဖြင့် အမှုရေးဖွင့်၍ အမှုစစ်၊ စခန်းမှူး ဒုရဲမှူး ဗလင်းမှ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# အဝင်အထွက်ပေါက် ကားပိတ်ရပ်လို့ အိမ်ရှင်က တိုင်ကြားအမှုဖွင့်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်အတွင်း နေအိမ်ရှေ့ ခြံတံခါးပေါက်ဝတွင် ကားအားပိတ်၍ နေအိမ်အတွင်း ဝင်ထွက်မရအောင် ရပ်ထားခဲ့မှုအား အိမ်ရှင်မှ မကျေနပ်၍ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့မှုတစ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၁-၉-၂၀၁၃ ရက်နေ့ နံနက် ၉ နာရီအချိန်ခန့်ကဦးအောင်ထူး (၅၈ နှစ်)၊ အင်ဂျင်နီယာ (ငြိမ်း)၊ မြေနီကုန်း တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေသူသည် ၎င်း၏နေအိမ်ရှေ့ ခြံတံခါးပေါက်ဝတွင် ၈ည/----ယာဉ်မှ ပိတ်ဆို့ရပ်ထားသဖြင့် ပိုင်ရှင်အား စုံစမ်းခဲ့ရာ ကြေပြားအရောင်းဆိုင်ပိုင်ရှင် ဒေါ်သင်းသင်း၊ ပြည်လမ်းနေသူဖြစ်ကြောင်း သိရှိခဲ့ရ၍ ထိုနေ့နံနက် ၁၀ နာရီအချိန်တွင် ဖယ်ပေးရန်ပြောဆိုခဲ့သဖြင့် ကားအား လာရောက်ဖယ်ရှားပေးခဲ့သည်ဆို၏။

၁၂-၉-၂၀၁၃ ရက်နေ့နံနက် ၁၀ နာရီအချိန်တွင် ၎င်းကားမှာ ထပ်မံ၍ ပိတ်ဆို့ရပ်ထားသဖြင့် ပြောဆိုဖယ်ရှားခိုင်းခဲ့သော်လည်း ဖယ်ရှားပေးခြင်းမရှိဘဲ ၁၁ နာရီခွဲအချိန်ရောက်မှ ဖယ်ရှားပေးခဲ့သည်ဆို၏။

ဦးအောင်ထူးမှ မကျေနပ်၍ ဒေါ်သင်းသင်းကို အရေးယူပေးပါရန် တိုင်ကြားခဲ့သဖြင့် စမ်းချောင်းမြို့မရဲစခန်းမှ (ပ) ၂၉၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၄၁ ဖြင့် အမှုရေးဖွင့်၍ အမှုစစ်၊ ဒုရဲအုပ် ဇော်ဇော်မှ ပြစ်မှုကျူးလွန်သူအား စစ်ဆေးလျက်ရှိကြောင်းသိရသည်။

# အမြင်မတော်ဟုပြောကာ တည်းခိုခန်းထဲခေါ်သွားပြီး အဓမ္မပြုကျင့်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်အတွင်း မိဘအုပ်ထိန်းမှုမကင်းသေးသည့် မိန်းကလေးတစ်ဦးအား ဖြားယောင်းသွေးဆောင်၍ သားမယားအဖြစ်ပြုကျင့်ခဲ့မှုတစ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၈-၉-၂၀၁၃ ရက်နေ့က ဒေါ်---(၄၅ နှစ်)၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့နယ်နေသူသည်နေအိမ်တွင်အတူနေ သမီးဖြစ်သူ မ---အား လစဉ်ပုံမှန်စစ်ဆေးမှုအား သွားရောက်စစ်ဆေးခံရန်ခေါ်စဉ် မ---က မသွားလိုကြောင်း ငြင်းဆန်ခဲ့သည်ဆို၏။

ဒေါ်---က သမီးဖြစ်သူအား အကျိုးအကြောင်းမေးမြန်းရာ ၂၉-၈-၂၀၁၃ ရက်နေ့ မွန်းတည့် ၁၂ နာရီခွဲအချိန်ခန့်က သန်လျင်မြို့တွင်းသို့ ခေတ်ပုံရိုက်ရန် တစ်ဦးတည်းသွားရောက်စဉ် တစ်ရွာတည်းနေ ခင်မင်ရင်းနှီးသူ ဒေါက်တာ ထွန်းထွန်းနိုင် (၃၀ နှစ်)၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့နယ်နေသူနှင့် သန်လျင်မြို့နယ်၊ ပဲခူးစုရပ်၊ ဖို့မြေလမ်းရှိ အအေးဆိုင်တစ်ဆိုင်တွင် တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ဒေါက်တာ ထွန်းထွန်းနိုင်က အခြားသူများမြင်လျှင် မသင့်တော်ကြောင်း ပြောဆိုကာမြို့ဟောင်းအလယ်ရပ်ရှိ ---မိုတယ်၏ အခန်းတစ်ခန်းသို့ ခေါ်ဆောင်ကာ နွားနို့တစ်ခွက်မှာယူပြီး တိုက်ခဲ့ကြောင်း၊ ၎င်းနွားနို့သောက်ပြီး အိပ်ပျော်သွားရာ ပြန်နိုးလာစဉ် အဝတ်အစားများ ဖရိဖရဲဖြစ်နေသဖြင့် အိပ်ခန်းအတွင်းရှိ ဒေါက်တာထွန်းထွန်းနိုင်အား မေးမြန်းရာ ချစ်၍ကျူးလွန်မိခြင်းဖြစ်ကြောင်းနှင့် လူကြီးများအား ပြန်မပြောရန် ပြောဆိုပြီး နေအိမ်သို့ပြန်ခိုင်းခဲ့ကြောင်း ပြောပြသိရှိခဲ့ရသည်ဆို၏။

မိခင်ဖြစ်သူ ဒေါ်---က ဒေါက်တာထွန်းထွန်းနိုင်အား အရေးယူပေးပါရန် တိုင်ကြားသဖြင့် သန်လျင်မြို့မရဲစခန်းမှ (ပ)၈၄၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၆၃/၃၇၆ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် စခန်းမှူး ဒုရဲမှူး တင်လှက ပြစ်မှုကျူးလွန်သူအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပထွေးဖြစ်သူက ရွှေ၊ ငွေ (၃၇)သိန်းကျော်ဖိုး ခိုးယူသွားမှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်း နေအိမ်အတွင်းရှိ ရွှေထည်ပစ္စည်းများနှင့်ငွေစက္ကူရောရာ ကာလတန်ဖိုး ကျပ် (၃၇)သိန်းကျော်အား ပထွေးတော်စပ်ခဲ့ဖူးသူမှ ခိုးယူထွက်ပြေးသွားခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၂-၉-၂၀၁၃ ရက်နေ့၊ နံနက် ၆ နာရီအချိန် သက်နောင်ဖြိုး (၂၆ နှစ်)၊ လှိုင်သာယာမြို့နယ်နေသူသည် မြို့တွင်းမှ နေအိမ်သို့ပြန်ရောက်စဉ် မိခင်ဖြစ်သူ ဒေါ်အေးအေးသန်းမှ သေတ္တာအတွင်းရှိ သက်နောင်ဖြိုးပိုင် ငွေကျပ် သိန်း (၃၀)တန် အလေးချိန် (၁၂) ပဲရှိ Lလွှန်းဝါ ရွှေဆွဲကြိုးတစ်ကုံး၊ အလေးချိန် (၁) ပဲကျော် ရွှေဆွဲပြားတစ်ခုတို့အား လွန်ခဲ့သော ခုနစ်လခန့်က မိခင်နှင့်ကွဲကွာနေသည့် ပထွေးတော်စပ်သော ရွှေထူးခေါ် ရွှေပြည့်မှ ခိုးယူသွားကြောင်း ပြောပြသိရှိခဲ့ရသည်ဆို၏။

အဆိုပါဖြစ်ရပ်အားသက်နောင်ဖြိုးက တရားလိုပြုလုပ်တိုင်ကြားသဖြင့် လှိုင်သာယာမြို့မရဲစခန်းမှ (ပ) ၁၀၄၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် ဒုရဲအုပ် အောင်နိုင်ဦးက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

## ရင်းနှီးသူက ဓားနဲ့ထောက်ပြီး ကျပ်သိန်း (၂၀)တန် ရွှေဆွဲကြိုး ခိုးယူသွားမှု

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်အတွင်း ယခင်က သိကျွမ်းရင်းနှီးခဲ့သူက နေအိမ်အတွင်း ရောက်ရှိလာခဲ့ပြီး (၆) လက်မခန့်ရှိ စတီးလ်ဓားဦးချွန်ဖြင့် ထောက်၍ အလေးချိန် (၃)ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး [တန်ဖိုးကျပ် သိန်း (၂၀) ]အားယူဆောင်ထွက်ပြေးသွားခဲ့မှုဖြစ်ပွားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၃-၉-၂၀၁၃ ရက်နေ့၊ နေ့လယ် ၁ နာရီအချိန်ခန့်တွင် ဒေါ်မိမိခိုင် (၄၇ နှစ်)၊ မြောက်ဥက္ကလာပမြို့နယ်နေသူသည်နေအိမ်၌ရှိနေစဉ် ယခင်က သိကျွမ်းရင်းနှီးသူ မောင်မောင်မြင့် (၄၂ နှစ်)၊ မြောက်ဥက္ကလာပမြို့နယ်နေသူ ရောက်ရှိလာပြီး ဒေါ်မိမိခိုင်အား ဘာခိုင်းစရာရှိလဲဟု မေးခဲ့၍ ၎င်းမှ ဝေဘာဂီ (၅)ရပ်ကွက်၊ မင်္ဂလာလမ်းရှိ မြေကွက်အား ရှင်းလင်းပေးရန်ပြောဆိုလိုက်ပို့ပေးခဲ့ပြီး နေအိမ်သို့ ပြန်လာခဲ့သည်ဆို၏။

နေအိမ်ပြန်ရောက်ပြီး ဆယ်မိနစ်ခန့်အကြာတွင် မောင်မောင်မြင့် ထပ်မံရောက်ရှိလာခဲ့ပြီး ရေသောက်ရန် ရေဘူးပေးရန်နှင့် မြက်ရှင်းလင်းမှုအား လိုက်ကြည့်ရန်ပြောဆိုသဖြင့် လိုက်လံကြည့်ရှုစဉ် မောင်မောင်မြင့်က (၆)လက်မခန့်ရှိ စတီးလ်ဓားဦးချွန်ဖြင့်ထောက်၍ ဒေါ်မိမိခိုင် ဝတ်ဆင်ထားသော အလေးချိန် (၃)ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးအား ဖြုတ်ပေးရန်ပြောသဖြင့် ဖြုတ်ပေးခဲ့ရသည်ဆို၏။ မောင်မောင်မြင့်မှာ ဆွဲကြိုးအားယူဆောင်ပြီးနောက် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်အား ဒေါ်မိမိခိုင်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဝေဘာဂီမြို့မရဲစခန်းမှ (ပ)၂၅၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၄ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် ဒုရဲအုပ် ဇော်လင်းထွန်းက ပြစ်မှုကျူးလွန်သူအား လိုက်လံဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# တွဲရေယာဉ် ခါးကျိုးသည်အထိ ဖြစ်ရတဲ့ဖြစ်စဉ်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ ဆူးလေအမှတ်(၄) ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော သင်္ဘောပေါ်မှ ဘိလပ်မြေအိတ်များအား ကုန်တင်တွဲရေယာဉ်ပေါ်သို့တင်ရာမှ တွဲရေယာဉ်မှာ ခါးကျိုးပြီး ရေများဝင်လာသဖြင့် နစ်မြုပ်သွားရာ ကာလတန်ဖိုး ကျပ်သိန်း (၁၅၀၀)ခန့် ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၂-၉-၂၀၁၃ ရက်နေ့၊ ညနေ ၅ နာရီအချိန်ခန့်ကဆိပ်ကမ်းမြို့နယ်၊ ဆူးလေ အမှတ်(၄) ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော ဗီယက်နမ်နိုင်ငံပိုင် သင်္ဘောပေါ်မှ ဘိလပ်မြေအိတ်များအား ဦးဝင်းကြည် (၆၀ နှစ်)၊ ရေယာဉ်မှူးမောင်းနှင်သော လင်းသီမောင် ဆွဲရေယာဉ်ဖြင့်တွဲထားသည့် အလျားပေ (၁၄၀)၊ အနံ ပေ (၃၀)၊ ရေစူး (၇)ပေရှိ ကုန်တင်တွဲရေယာဉ် (သံ ၀၂၆)ပေါ်သို့ တင်ရာမှ ဘိလပ်မြေအိတ် (၁၀၀၀၀) ခန့် တင်ပြီးချိန်တွင် တွဲရေယာဉ်မှာ ခါးကျိုးကာ ရေများဝင်လာခဲ့သည်ဆို၏။

ထိုအချိန်၌ သင်္ဘောကြီးများ ရေလမ်းကြောင်းလွတ်ရာသို့ မောင်းနှင်ထွက်ခွာစဉ် ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်ရှေ့၊ ပေ (၁၅၀)ခန့်အကွာ၊ ရန်ကုန်မြစ်ရေပြင်တွင် နစ်မြုပ်သွားခဲ့သည်။ထိုနစ်မြုပ်မှုကြောင့် ကုန်ပစ္စည်းတန်ဖိုး ကျပ်သိန်း(၅၀၀)၊ တွဲရေယာဉ်တန်ဖိုး ကျပ်သိန်း (၁၀၀၀)၊ စုစုပေါင်း ကျပ်သိန်း (၁၅၀၀)ခန့် ဆုံးရှုံးသွားခဲ့သည်ဆို၏။

ဦးဝင်းကြည်အား အရေးယူပေးပါရန် ဒုရဲအုပ် အောင်ကိုမင်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဆိပ်ကမ်းမြို့မရဲစခန်းမှ (ပ)၂၄၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၀ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ်/တရားလိုမှ ပြစ်မှုကျူးလွန်သူအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

# သွပ်ပြားပေါ်မှာ ဝရိန်ဆော်နေစဉ် ဓာတ်လိုက်သေဆုံးမှု

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်အတွင်း သံပန်းတပ်ဆင်ရန်အတွက် သွပ်ပြားအမိုးပေါ်သို့ ဖိနပ်မပါဘဲတက်၍ ဝရိန်ဆော်နေစဉ် ဝရိန်ကြိုးနှင့် သွပ်ပြားအစွန်းတို့ထိမိပြီး ဝရိန်ဆော်သူဓာတ်လိုက်သေဆုံး၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၂-၉-၂၀၁၃ ရက်နေ့၊ ညနေ ၃ နာရီ ၂၀ မိနစ်အချိန်ခန့်က ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ် (၇)ရှိ SSC ဆေးရုံမြေညီထပ်၊ နောက်ဖေးတိုးချဲ့ဆောင်တွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ ဗဟန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မြင့်လွင်သန်းက သက်သေများနှင့်အတူသွားရောက်စစ်ဆေးခဲ့သည်ဆို၏။

ထိုသို့သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တင်မျိုးအောင် (၃၁ နှစ်)၊ သံပန်းလုပ်သား၊ ချောင်းသာ (၂)လမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။ ၎င်းသည် SSC ဆေးရုံမြေညီထပ်၊ နောက်ဘက်တိုးချဲ့ဆောင်တွင် သံပန်းတပ်ဆင်ရန်အတွက် အဆောင်၏သွပ်ပြားအမိုးပေါ်သို့ ဖိနပ်မပါဘဲတက်ကာ ဝရိန်ဆော်နေစဉ် ဝရိန်ကြိုးနှင့် သွပ်ပြားအစွန်းတို့ ထိမိပြီး ဓာတ်လိုက်ကာ အချင်းဖြစ်နေရာ၌ပင် ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရဘဲ သေဆုံးသွားခဲ့သည်ဆို၏။ အလောင်းအား ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ရာ ပီအာရ် ၀၀၂ ဖြင့်လက်ခံထားခဲ့သည်။

ဗဟန်းမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၁၄/၂၀၁၃ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် စခန်းမှူး ဒုရဲမှူးမြင့်လွင်သန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း

## ဆေးကုသမှုခံယူရန် ဝန်ချီစက်ဖြင့် မ,ခဲ့ရသည့်လူငယ်

ဆော်ဒီအာရေဗျနိုင်ငံတွင် ကိုယ်အလေးချိန် ၁၃၄၅ ပေါင်ရှိသည့် ခါလက်မိုဆင်အမည်ရှိ လူငယ်တစ်ဦးသည် ရီယက်မြို့ရှိ King fahd ဆေးရုံသို့ သွားရောက်ကုသမှုခံယူရန်အတွက် ၎င်းအား ဝန်ချီစက်ဖြင့်မ,၍ လေယာဉ်ဖြင့်သယ်ဆောင်ရန် ဆော်ဒီဘုရင်က အမိန့်ထုတ်ခဲ့ရသည်။

မိုဆင်သည်အဝလွန်ရောဂါကို ခံစားရကာ နှစ်နှစ်ကျော် အိပ်ရာထဲတွင်သာ နေထိုင်ခဲ့ရသည်။ ဆေးရုံတွင်လိုအပ်သည့် ဆေးဝါးကုသမှုပြုလုပ်ပေးရန် ဆော်ဒီဘုရင်က ယခုနှစ်အစောပိုင်းကတည်းကအမိန့်ထုတ်ခဲ့သော်လည်း ၎င်းအားနေအိမ်မှ ဆေးရုံသို့ ပြောင်းရွှေ့ရန် အခက်အခဲရှိသောကြောင့် ယခုကဲ့သို့ အချိန်ကြာမြင့်သွားခဲ့ရသည်။

၎င်းအား နေအိမ်အတွင်းမှ မ,ထုတ်နိုင်ရန်အတွက်ကြက်ခြေနီအဖွဲ့ အစည်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ၎င်းအား ဝန်ချီစက်ဖြင့် သယ်ဆောင်ကာ ၎င်းနေထိုင်ရာ ဂျီဇန်မြို့



အနီးရှိ လေဆိပ်သို့ ပို့ဆောင်ပြီးနောက် လေယာဉ်ဖြင့် King fahd ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

Ref: International News
21.8.2013

## မိုတယ်အခန်းတစ်ခုအတွင်းမှ စပါးအုံးမြွေ အကောင် ၄၀ ရဲတပ်ဖွဲ့မှတွေ့ရှိခဲ့မှု

ကနေဒါနိုင်ငံ၊ ဘရတ်ဖို့ဒ်မြို့ရှိ မိုတယ်အခန်းတစ်ခုအတွင်း၌ စပါးအုံးမြွေ အကောင် ၄၀ ကို သိမ်းဆည်းခဲ့ကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမြွေများကိုလယ်သမားလင်မယားနှစ်ဦးက ပလတ်စတစ်သေတ္တာများအတွင်းထည့်သွင်း၍ မိုတယ်အတွင်းသို့ယူဆောင်လာခဲ့ခြင်းဖြစ်ပြီး မိုတယ်မန်နေဂျာ၏ သတင်းပေးချက်အရ ရဲတပ်ဖွဲ့ဝင်များကဝင်



ရောက်ရှာဖွေစဉ် အဆိုပါလင်မယားနှစ်ဦးမှာ ထွက်ပြေးသွားကြောင်း သိရသည်။

လွန်ခဲ့သည့် ဆယ်ရက်ခန့်က ကနေဒါနိုင်ငံ၊ New Brunswick ပြည်နယ်ရှိ တိရစ္ဆာန်အရောင်းဆိုင်အပေါ်ထပ်တွင် အိပ်ပျော်နေသောအသက်လေးနှစ်နှင့် ခြောက်နှစ်အရွယ် ညီအစ်ကိုနှစ်ဦးမှာလှောင်အိမ်အတွင်းမှ လွတ်လာသည့် ပေါင် ၁၀၀ အလေးချိန်ရှိ စပါးအုံးမြွေတစ်ကောင်၏ သတ်ဖြတ်မှုကြောင့် သေဆုံးသွားခဲ့ရသည်။


Ref: International News
18.8.2013

www.burmeseclassic.com

www.burmeseclassic.com



## ဘတ်စ်ကားတစ်စီးပေါ်၌ ဓားပြတိုက်မှုကြောင့် သုံးဦးသေ၊ ၁၂ ဦး ဒဏ်ရာရ



တရုတ်နိုင်ငံအလယ်ပိုင်း၊ ယူနန်ပြည်နယ်၊ အန်ယန်မြို့တွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီးကိုဓားပြတိုက်မှု ဖြစ်ပွားရာ ခရီးသည်သုံးဦးသေဆုံးခဲ့ရပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။

လက်နက်ကိုင်အမျိုးသားတစ်ဦးသည် ဘတ်စ်ကားအတွင်း ဓားပြတိုက်ရန် ကြိုးပမ်းရာမှ ၎င်းနှင့်အခြားခရီးသည်များအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုနှင့် ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဘတ်စ်ကားပေါ်တွင် လိုက်ပါလာသူ ၃၃ ဦးအနက် ၁၅ ဦးမှာ တိုက်ခိုက်ခံခဲ့ရကြောင်း အန်ယန်မြို့ပြည်သူ့ရေးရာလုံခြုံရေးအဖွဲ့၏ ပြောပြချက်အရ သိရသည်။

အဆိုပါဘတ်စ်ကားသည်အန်ယန်မြို့မှ ပေကျော့မြို့သို့ သွားမည့်ကားဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များသည် ဓားပြအား လိုက်လံဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

Ref: International News
21-8-13

## အသက် (၁၂)နှစ်အရွယ် ကလေးတစ်ဦး ဦးနှောက်ပျက်စီးစေနိုင်သောပိုး ကူးစက်ခံရ

အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ မိုင်ယာမီမြို့တွင် အသက် ၁၂ နှစ်အရွယ် ယောကျာ်းလေးတစ်ဦးသည် ဖြစ်ခေါ်င့်ဖြစ်ခဲ ဦးနှောက်ပျက်စီးစေသည့် ပိုးတစ်မျိုးကူးစက်ခံရကြောင်း သိရသည်။



အဆိုပါယောကျာ်းလေးမှာ သူ၏သူငယ်ချင်းများနှင့်အတူ ရေပက်ကစားနေစဉ် ထိုပိုးသည် နှာခေါင်းမှတစ်ဆင့် ဦးနှောက်အတွင်းသို့ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ထိုပိုးသည် ရေကန်၊ ရေအိုင်၊ မြေကြီးနှင့် စိုစွတ်သောနေရာများတွင် နေထိုင်ကျက်စားပြီး ၎င်းပိုးကူးစက်ခံရသူသည်ဦးနှောက်တစ်သျှူးများ တဖြည်းဖြည်းပျက်စီးတတ်သောကြောင့် အသက်ဆုံးရှုံးနိုင်မှု ၉၈ ရာခိုင်နှုန်းရှိပြီး ဆေးဝါးဖြင့် ကုသနိုင်သော်လည်း အောင်မြင်မှုနည်းပါးကြောင်း သိရသည်။

Ref: International News
18-8-13

## ကိုယ်အလေးချိန် ကီလိုဂရမ် ၂၀၀ ရှိ အမျိုးသမီး အိပ်ပျော်နေစဉ် သေဆုံးခဲ့မှု



စင်ကာပူနိုင်ငံမှ ကိုယ်အလေးချိန် ၂၀၀ ကီလိုဂရမ်ရှိ "ဟောင်ဂူဟွာ"အမည်ရှိ အမျိုးသမီးတစ်ဦးသည် အခြားသူတစ်ဦးက ၎င်းအားပြုစားသည်ဟုထင်မှတ်ကာ ရေမန်းတစ်ခွက်ကိုသောက်ပြီးနောက် ဝမ်းဗိုက်ဖောရောင်ကာ သေဆုံးခဲ့ကြောင်း သိရသည်။

ဟောင်ဂူဟွာ မကွယ်လွန်မီ တစ်ရက်က သူမအိမ်ထဲသို့ တစ်စုံတစ်ယောက် ဖောက်ထွင်းဝင်ရောက်လာသည်ဟု ယူဆခဲ့ပြီး သူမအား ပြုစားသွားသည်ဟု ထင်မှတ်ကာ ရေမန်းကို အငမ်းမရ သောက်သုံး၍ အိပ်ပျော်သွားပြီး နောက်နေ့နံနက် ၁၁ နာရီအချိန် သူမအား ခင်ပွန်းဖြစ်သူကနှိုးခဲ့ရာ ဝမ်းဗိုက်မှာ ဖောရောင်နေပြီး လက်များမှာ အေးစက်၍ တောင့်တင်းလာကြောင်း၊ ဆေးရုံသို့ပို့ဆောင်ခဲ့သော်လည်း ဝမ်းသွားခြင်းမရှိဘဲ နောက်ဆုံးတွင် သေဆုံးခဲ့ကြောင်း သိရသည်။

Ref: Inetrnational News
19-8-2013

ဆောင်းဟေမန်

www.burmeseclassic.com

www.burmeseclassic.com





## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရန်ဖက်ပြိုင်ဖက် အတိုက်အခိုက် အနှောင့်အယှက်များတတ်တယ်။ ဘာပဲလုပ်လုပ် သတိထားလုပ်၊ ကြမ္မာဆိုးထဲရောက်နေတယ်။ ကိုယ်ကကောင်းပေမယ့် မကောင်းထင်တဲ့ကိန်းဖြစ်သည်။ သစ်သီးစုံ၊ ရာသီကုန်၊ စားသောက်ဆိုင်၊ အထည်အလိပ်၊ အလှကုန် ကံကောင်းတတ်ပါသည်။ ကျန်းမာရေးကောင်းမည်။

**အချစ်ရေး။ ။** အချစ်သောကဝေဒနာ ဖြေစရာမရှိ၊ သောကမအေးဖြစ်တတ်တယ်။

**ထီထိုးရန်။ ။** (က) ၅-၄၊ (ခ) ၇-၉၊ (ဂ) ၆-၃။

**ယတြာ။ ။** မွေးနံထောင့်မှာ ဖန်ခွက်ထဲ ကန်စွန်းညွန့် ကိုးညွန့်ကို ရေသက်စေ့နဲ့လှူပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလထဲမှာ ဝန်ထမ်းဖြစ်ပါက ရာထူး၊နေရာ၊ဌာန ရွှေ့ပြောင်းရတတ်သည်။ နိုင်ငံခြားခရီး၊ အုပ်စုနှင့် စေလွှတ်ခြင်းခံရတတ်သည်။ တောင်စူးစူးသို့ ခရီးမသွားသင့်ပါ။ ဘေးရန်ရှိသည်။ ရတနာရောင်းဝယ်၊ ထီရောင်းဝယ် ကံကောင်းမည်။ ထီပေါက်ကိန်းမြင်သည်။ ထီများများထိုးပေးပါ။

**အချစ်ရေး။ ။** ပျို့ရွယ်သူဖြစ်ပါက ဇရာအိုနှင့်ငြိတတ်သည်၊ သတိရှိပါ။

**ထီထိုးရန်။ ။** (ဃ) ၅-၁၊ (င) ၆-၆၊ (စ) ၈-၈။

**ယတြာ။ ။** အိမ်ဘုရားမှာ ထီးနီ၊ ထီးဖြူ ငါးလက်စီ လှူဒါန်းပေးပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလထဲမှာ စီးပွားရေး၊ လူမှုရေး၊ ပဋိပက္ခ ကြုံတွေ့တတ်သည်။ သတိထားပါ။ အသွားအလာ၊ အနေအထိုင်၊ အပြောအဆို ဆင်ခြင်လိုက်ပါ လူမုန်းများတတ်သည်။ ဝန်ထမ်းထက် ကိုယ်ပိုင်လွတ်လပ်သောလုပ်ငန်းများဖြစ်ပါက အကျိုးပေးမည်။ ပညာရှိ သတိဖြစ်ခဲ့ဆိုသလို အတွေးအခေါ် တစ်ချက်မှား၍ ဘဝအတွက် အခက်အခဲ အနှောင့်အယှက် အမှုအခင်းထိဖြစ်တတ်သည်။ သတိအထူးရှိပါလေ။

**အချစ်ရေး။ ။** လက်ရှိချစ်သူပဲကောင်းသည်။ ချစ်သူအသစ်ရှောင်ပါ။

**ထီထိုးရန်။ ။** (စ) ၇-၇၊ (ဆ) ၉-၇၊ (ဇ) ၇-၁။

**ယတြာ။ ။** မွေးနံထောင့်မှာ ဆွမ်းပေါ် ပျားရည်ဆမ်းပြီး ကပ်လှူပါ။

www.burmeseclassic.com

## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း စီးပွားရေးလုပ်ငန်း လွဲချော်နေသည်။ ဘာပဲလုပ်လုပ် သည်းခံစိတ်ထားပါ။ ဒေါသရှေ့ထားမှုတတ်သည်။ စစ်ဘက်၊ ရဲဘက် အကောက်ခွန် ဝန်ထမ်းဖြစ်ပါက အမှုအခင်း၊ တရားတပေါင်ပေါ်တတ်သည်။ သတိထားပါ။ ကျန်းမာရေးကောင်း၊ လူမှုရေးညံ့ပြီး ပညာရေးကောင်းပါသည်။ အိမ်ထောင်ရေးသာယာမှုမရှိ ဖြစ်နေတတ်သည်။

**အချစ်ရေး။** ။ ငယ်ရွယ်သူဖြစ်လျှင် အချစ်ကိုဦးစားမပေးသင့် ပညာရေးကောင်းမည်။

**ထီထိုးရန်။** ။ (ဓ) ၃-၅၊ (ဈ) ၃-၉၊ (ည) ၃-၁။

**ယတြာ။** ။ အိမ်ဘုရားမှာ ရွက်လှ၊သပြေ၊စံပယ်ပန်း ကိုးညွန့်စီ လှူဒါန်းပေးပါ။

BURMESE CLASSIC .com

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ခရီးသွားလာခြင်းကြောင့် လာဘ်ငွေများစွာဝင်မည်။ အတိုက်အခိုက်၊ ရန်ဘက်တို့ကို အောင်မြင်သောအခါဖြစ်သည်။ အတူနေ အတွင်းလူတို့ကြောင့် စိတ်သောက ဗျာပါရဖြစ်တတ်ပါသည်။ ငယ်ရွယ်သူများ အိမ်ထောင်ရေးကံ အထူးကောင်းတတ်ပါသည်။ ဘာပဲလုပ်လုပ် ရတနာသုံးပါး၊ အနန္တငါးပါး မမေ့သင့်ပါ။

**အချစ်ရေး။** ။ အချစ်နှင့်ပတ်သက်၍ စိတ်ဒုက္ခတွေ့တတ်သည်။ သတိရှိပါ။

**ထီထိုးရန်။** ။ (တ) ၆-၄၊ (ထ) ၆-၉၊ (ဒ) ၆-၁။

**ယတြာ။** ။ မွေးနံထောင့်မှာ နှင်းဆီနီနီရဲရဲ ငါးပွင့် လှူဒါန်းပေးပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဆောင်ရွက်လုပ်ကိုင်ထားသော စီးပွားရေးများအားလုံး အောင်မြင်မှုရမည်။ တိုက်၊ ကား၊ ခြံ၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက် ထိန်ထိန်တောက် ရရှိနိုင်မည်။ မိခင်၊ ဖခင် ကျန်းမာရေး သတိထားပေးပါ။ ရတနာလုပ်ငန်း၊ ပိုးထည်ကြွေထည်၊ အထည် အလိပ်လုပ်ငန်းတို့ ကံကောင်းတတ်ပါသည်။ ဇော်မလွဲ အမှန်ပဲ မှတ်ထားလိုက်ပါ။

**အချစ်ရေး။** ။ နှလုံးသားအလိုလိုက် မိုက်မိသည့် မိန်းမသားဖြစ်တတ်၍ သတိရှိပါ။

**ထီထိုးရန်။** ။ (ပ) ၄-၈၊ (ဖ) ၄-၅၊ (ဗ) ၄-၉။

**ယတြာ။** ။ အိမ်ဘုရားမှာ မာလကာသီး၊ ပန်းသီး၊ ရဲယိုသီး ငါးလုံးစီ ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ




ယခုလအတွင်း ခရီးထွက်ရခြင်း၊ အလှူပေးရခြင်း၊ စီးပွားရေးကံကောင်းခြင်း ကြုံတွေ့တတ်သည်။ စီးပွားရေးကောင်းပြီး လူမှုရေးညံ့မည်။ သတိပြုပါ။ အိမ်ထောင်ရေးပြဿနာတက်တတ်သည်။ ယုံမှားသံသယကိစ္စ ဖြစ်နိုင်သည်။ ပုန်းရည်ကြီး၊ ပဲအမျိုးမျိုး၊ ငရုတ်၊ ကြက်သွန် လက်လီလက်ကားရောင်းဝယ်ပါက ဓနကံ တိုးတက်ကြီးပွားနိုင်ပါသည်။ ကံကောင်းသောလဟု မှတ်ပါ။

**အချစ်ရေး။ ။** မိဘဆွေမျိုးတို့ကြောင့် ချစ်သူနှစ်ဦး စိတ်ဝမ်းကွဲ အထင်လွဲတတ်သည်။

**ထီထိုးရန်။ ။** (က) ၇-၄၊ (ဃ) ၇-၆၊ (င) ၇-၉။

**ယတြာ။ ။** မွေးနံ့ထောင့်မှာ ကောက်ညှင်းပေါင်း၊မုန့်စိမ်းပေါင်း လှူဒါန်းပါ။

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလထဲတွင် ဆောက်လုပ်ရေးလုပ်ငန်း ကားစက်၊ ဝပ်ရှော့၊ လျှပ်စစ်လုပ်ငန်းရှင်တို့ အထူးကံကောင်းနေမည်။ ရွှေ၊ ငွေ၊ ကြေး ရောင်းဝယ်သူများ သတိထားပါ။ အရှုံးပေါ်တတ်သည်။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်မှု အမှားအယွင်း ဖြစ်တတ်သည်။ ငွေကြေးကြောင့် တရားစွဲဆိုခြင်း ခံရတတ်သည်။ ငွေစာရင်းအင်းကို လူတိုင်းမယုံရန် သတိထားပါ။ အိမ် ထောင်ရေးကောင်းမည်။

**အချစ်ရေး။ ။** အချစ်အတွက် အပြစ်မြင်တတ်သည်။ စိတ်ကို ထိန်းသိမ်းထားပါ။

**ထီထိုးရန်။ ။** (ဏ) ၈-၁၊ (ဠ) ၈-၆၊ (သ) ၈-၉။

**ယတြာ။ ။** အိမ်ဘုရားမှာ မုန့်လုံးရေပေါ် သက်စေ့ ကပ်လှူပေးပါ။

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဘာကိုမှအလိုမကျ သောကဗျာပါရ ကြုံတတ်သောကာလဟု မှတ်ပါ။ လုပ်ငန်းများ မပြီးပြတ်တတ်ပါ။ နာရီ၊ လက်စွပ်၊ ငွေများ ပျောက်ဆုံးတတ်သည်။ အိမ်၊ ခြံ၊ မြေ အသစ်ဝယ်ယူရတတ်သည်။ အိမ်သို့ လူလိမ်လူကောက် လာမည်။ ဆွေမျိုးဝမ်းကွဲထဲကဖြစ်မည်။ သတိထားပါလေ။ အိမ်ထောင်ရေးကောင်းပြီး လူမှုရေးညံ့ကာ ကျန်းမာရေးကောင်းမည်။

**အချစ်ရေး။ ။** အချစ်ဦးမို့ ရှူးမတတ် ချစ်တတ်သည်။ ချစ်သံသယစိတ် ဖျောက်လိုက်ပါ။

**ထီထိုးရန်။ ။** (ဓ) ၅-၄၊ (ဈ) ၅-၉၊ (ည) ၅-၁။


**ယတြာ။ ။** မွေးနံ့ထောင့်မှာ ဒံပေါက်ကပ်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း သူငယ်ချင်းအပေါင်းအသင်းများယွင်းမှုကြောင့် အမှုအခင်း ဖြစ်တတ်၏။ အသွားအလာဆင်ခြင်ပါ။ ညဘက် အပြင်မထွက်သင့်ပါ။ ခင်မင်ရင်းနှီးသော မိန်းကလေးတစ်ဦး၏ ညွှတ်ကွင်းမိတတ်သည်။ ဂုဏ်သိက္ခာကျပြီး အရှက်တကွဲ ဖြစ်ကိန်းမြင်သည်။ စီးပွားရေးသင့်ပါသည်။ လူမှုရေးလုံးဝမကောင်းပါ။ အိမ်ထောင်ရေး အထူးကောင်းမည်။

**အချစ်ရေး။** ။ အချိန်မဆွဲသင့်ပါ။ ချစ်သူကို မြန်မြန်လက်ထပ်ပါ။ ကျန်ရစ်ဖြစ်တတ်သည်။

**ထီထိုးရန်။** ။ (ဃ) ၂-၆၊ (ဇ) ၂-၉၊ (ဈ) ၄-၂။

**ယတြာ။** ။ ကုံကော်ညွှန့် ငါးညွှန့်၊ ဒန်းကြီးညွှန့် လေးညွှန့် အိမ်ဘုရားတွင် ကပ်လှူပါ။

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ




ယခုလအတွင်း ငွေလာဘ် သိန်းသန်း ဝင်နိုင်သည်။ ဝင်သောငွေမြဲရန် သုံးဖြုန်း ပျော်ပါးမှု၊ ဖဲ၊ အရက်၊ မိန်းမ ရှောင်ပါ။ အကြီးအကဲ၏ အထင်လွဲခြင်း ခံရတတ်သည်။ ဆန်၊ ဆီ၊ ဆေး၊ စပါးတို့ ဈေးကောင်းမည်။ လေ့သမ္ဗန်၊ စက်လှေ၊ ရေကြောင်းခရီး ကံကောင်းတတ်ပါသည်။ နိုင်ငံခြားခရီးဝေးကံကောင်းတတ်ပါသည်။ကျိန်းသေသွားရမည်။

**အချစ်ရေး။** ။ မလိမ့်တပတ်အချစ်နဲ့တွေ့မည်။ မယုံသင့်ပါ။ ရှောင်ပါ။

**ထီထိုးရန်။** ။ (တ) ၃-၇၊ (ဒ) ၃-၉၊ (ဓ) ၃-၅။

**ယတြာ။** ။ မွေးနံ့ထောင့်မှာ တံခွန်ကုက္ကား မုလေးပွား ခုနစ်ခုစီလှူပါ။

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း လုပ်ငန်းခွင်၌ ထိခိုက်ဒဏ်ရာရတတ်သည်။ သတိထားပါ။ ဘဝရေးရင်လေးစရာမရှိပါ။ သံသယဖြင့် ယုံမှားပြီး စွပ်စွဲမှုတို့ကိုရှောင်ပါ။ စိတ်ကို တည်ကြည်စွာထားပါ။ သက်သတ်လွတ်စားပေးပါ။ မေတ္တာသုတ်၊ မင်္ဂလာသုတ်တို့ကို ရွတ်ဖတ်ပေးပါ။ ဘေးရန်ကင်းသွားလိမ့်မည်။ ပညာရေး ဆက်လက်ကြိုးစားပါ။ ဂုဏ်ထူးဘွဲ့ထူးရတတ်ပါသည်။

**အချစ်ရေး။** ။ လုံးဝ မစဉ်းစားသင့်ပါ။ ပညာရေးဦးစားပေးပါလေ။

**ထီထိုးရန်။** ။ (က) ၆-၃၊ (ဃ) ၆-၉၊ (င) ၆-၁။

**ယတြာ။** ။ အိမ်ဘုရားမှာ ဩဇာသီး၊ သရက်သီး ငါးလုံးစီ လှူဒါန်းပါ။

စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ
သစ္စာမေတ္တာ ဆရာထွန်းလင်းကျော်
နက္ခတ် ဗေဒင်၊ လက္ခဏာပညာရှင်